ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၏

# ဝိနည်းဓိုရ်သင်တန်း ပို့ချချက်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ ခရစ် ၁၉၈၁။

၂၁၈၉၇

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၏

# ဝိနည်းဓိုရ် သင်တန်း ပို့ချချက်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂၊ ခရစ် ၁၉၈၀။

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် တွင်
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၂၂၈) က ပုံနှိပ်ထုတ်ဝေသည်။

## ဝိနည်းဓိုရ်သင်တန်း ပို့ချချက်များ

# နိဒါန်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဝိနည်းဓိုရ်သင်တန်းကို ၁၃၄၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃-ရက်(၂-၂-၈၁)တနင်္လာနေ့မှ ၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် (၁၄-၂-၈၁)စနေနေ့အထိ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်၌ ဖွင့်လှစ် ပို့ချခဲ့ပါသည်။ ပို့ချသည့် ဘာသာရပ်များနှင့် သင်တန်းပြဆရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

### (၁) ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

ဆရာတော် ဦးတေဇောဘာသာဘိဝံသ၊ စေတိယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ ဒီဃဘာဏက၊ဒီဃနိကာယကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊

### (၂) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အစိပ္ပါယ်ရှင်းလင်းချက်

ဆရာတော်ဦးဝဏ္ဏသိရီ၊ အဂ္ဂမဟာအကျော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးဆောင်၊

### (၃) သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း

ဆရာတော် ဦးဝိလာသာဘိဝံသ၊ သက္ကျသီဟနှင့် အစိုးရဓမ္မာစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊

(၄) ဥပဒေ၏သဘောအဓိပ္ပါယ်

ဦးကျော်မြင့်၊ ဥပဒေရေးရာဌာနမှူး၊ နိုင်ငံတော်ကောင်စီရုံး၊

(၅) သက်သေခံဥပဒေနှင့် တရားရုံး အတွေ့အကြုံများ

ဦးတင်လှိုင်(ဗဟိုတရားရုံး ရှေ့နေကြီး) ဥပဒေပညာရှင်၊ နိုင်ငံတော်ကောင်စီရုံး၊

တက်ရောက်သင်ကြားတော်မူကြသည့် သင်တန်းသားဆရာတော်များမှာ မြန်မာနိုင်ငံအတွင်း ပြည်နယ်/တိုင်း အခြေခံဒေသအလိုက်နှင့် ဂိုဏ်းအလိုက် အချိုးကျရွေးချယ်စေလွှတ်ခြင်း ခံရသည့် ဆရာတော်များဖြစ်ပြီး စုစုပေါင်း အရေအတွက်မှာ အောက် ဖော်ပြပါအတိုင်း ( ၁၁၀) ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | ရွှေကျင်ဂိုဏ်းမှ | ဂ-ပါး |
| (ခ) | မဟာဒွါရဂိုဏ်းမှ | ၃-ပါး |
| (ဂ) | မူလဒွါရဂိုဏ်းမှ | ၂-ပါး |
| (ဃ) | အနောက်ချောင်းဒွါရဂိုဏ်းမှ | ၁-ပါး |
| (င) | ဝေဠုဝန်နိကာယဂိုဏ်းမှ | ၃-ပါး |
| (စ) | မဟာရင်ဂိုဏ်းမှ | ၁-ပါး |
| (ဆ) | ဂဏဝိမုတ်ကူးတို့ဂိုဏ်းမှ | ၁-ပါး |
| (ဇ) | စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းမှ | ၁-ပါး |
| (ဈ) | သုဓမ္မာဂိုဏ်းမှ | ၉၀-ပါး |
| | ပေါင်း– | ၁၁၀-ပါး |

သင်တန်း၏ရည်ရွယ်ချက်မှာ (၁) သံဃာတော်များအတွင်း ပြေငြိမ်းမှုမရသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို ဝိနည်းတရားတော်နှင့်အညီ မှန်မှန်ကန်ကန်နှင့် စနစ်တကျဖြေရှင်း ဆုံးဖြတ်နိုင်စေရန်နှင့် (၂)ဂိုဏ်းအသီးသီး၏ ညီညွတ်မှုနှင့် စည်းလုံးမှုကို အထောက်အကူပြု၍ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။

ဤဝိနည်းဓိုရ်သင်တန်းသည် ဆရာဖြစ်သင်တန်းသဖွယ်ဖြစ်၍ ဤသင်တန်းသို့ တက်ရောက် သင်ယူတော်မူကြသည့် ဝိနည်းဓိုရ် သင်တန်းသားဆရာတော်များသည် မိမိတို့၏ အခြေခံဒေသများ၌ သင်တန်းပြဆရာများအဖြစ် ဆင့်ပွားသင်တန်းများကို ပြန်လည်ပို့ချပေးသောအခါ လျင်မြန်စွာနှင့် လွယ်ကူထိရောက်စွာ ပို့ချပေးနိုင်ရေးအတွက် ဤဝိနည်းဓိုရ်သင်တန်း ပို့ချချက်များကို သာသနာရေး ဦးစီးဌာနက စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချီခြင်းဖြစ်ပါကြောင်း။

## နိုင်ငံတော် မဟာနာယကအဖွဲ့ ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ

## အခမ်းအနားတွင် မိန့်ကြားတော်မူသော

## ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလ(အဂ္ဂမဟာပဏ္ဍိတ)

## ၏

# ဩဝါဒကထာ

ယနေ့ ၁၃၄၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃-ရက် (၂-၂-၈၁) တနင်းလာနေ့ ဖြစ်ပါတယ်။ ဒီကနေ့ကစပြီးတော့ ဝိနည်းဓိုရ်သင်တန်းကို ဖွင့်လှစ်ပို့ချမှာ ဖြစ်ပါတယ်။ ဝိနည်းဓိုရ်သင်တန်းဆိုပေမဲ့ ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို ပို့ချစဉ်အတိုင်း ပို့ချမည့် မဟုတ်ပါ။ ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို မပို့ချဘူးလည်း မဟုတ်ပါ။ ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာများကို လိုအပ်သလို ကြားညှပ်ပြီး ပို့ချသင်ကြားသွားမှာ ဖြစ်ပါတယ်။

အမိကကိစ္စကတော့ လွန်ခဲ့တဲ့နှစ် နယုန်လအတွင်းက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး လုပ်ခဲ့ကြပါတယ်၊ ဒါကို အသိ ဖြစ်ပါတယ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဆုံးဖြတ်ချက်ချခဲ့တဲ့ အချက်များကိုလည်း သိပြီးဖြစ်ပါတယ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဟာ (၃၃)ပါး စုံညီ ဒုတိယအကြိမ် အစည်းအဝေး တတိယနေ့တွင် ဝိနည်းဓိုရ်သင်တန်းကို ဖွင့်လှစ်ဖို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အရ ဤဝိနည်းဓိုရ်သင်တန်းကို ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဆုံးဖြတ်ချက် ချခဲ့တဲ့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၌ ကျမ်းဂန်ပိုင်းနှင့် လုပ်ထုံးလုပ်နည်း အပိုင်းဟူ၍ (၂)ပိုင်း ပါရှိခဲ့ပါတယ်။ ကျမ်းဂန်ပိုင်းနဲ့ ပတ်သက်ပြီးတော့ အထူး ပြောစရာ မရှိပါဘူး။ ဘယ်သိက္ခာပုဒ်ကို ကျူးလွန်လျှင် ဘယ်အာပတ်သင့်တယ်၊ ဘယ်အဓိကရုဏ်းကို ဘယ်သမထနှင့် ငြိမ်းစေရမယ် စတဲ့ အချက်များဟာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ အထင်အရှား ပါရှိနေပြီဖြစ်သဖြင့် ဝိနည်းမိုရ်သင်တန်းသား ဆရာတော်များ ကျေညက်စွာ သိပြီး ဖြစ်ပါတယ်၊ အထူး အဓိကထားပြီး သင်ကြားပေးဖို့ မလိုအပ်ပါဘူးလို့ ထင်ပါတယ်။

လုပ်ထုံးလုပ်နည်းပိုင်းနဲ့ ပတ်သက်လာလျှင်တော့ မရှင်းလင်းတဲ့အချက်တွေ များစွာ ရှိပါလိမ့်မယ်။ ဒီအပိုင်းကို အဓိကထားပြီး သင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ ကျမ်းဂန်ဆိုင်ရာ အဆိုအမိန့်များကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ဥပဒေများနှင့် အံဝင်ဂွင်ကျ ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အကယ်၍ ကျမ်းဂန်ဆိုင်ရာ အဆိုအမိန့်များကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ဥပဒေများနှင့် အံဝင်ဂွင်ကျဖြစ်အောင် ဆောင်ရွက်မပေးခဲ့လို့ရှိရင် အားလုံး မကျေနပ်စရာ ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့် ကျမ်းဂန်လာ သဘောများကို စည်းမျဉ်းဥပဒေသဘောများနှင့်အညီ ဆောင်ရွက်တဲ့သဘော ဖြစ်ပါတယ်။

သို့မှသာ စမ်းတဝါးဝါးနဲ့ လုပ်ရတဲ့သဘော မရှိတော့ပဲ ကြည်ကြည်လင်လင်နဲ့ ဆောင်ရွက်ရတဲ့သဘော သက်ဝင်လာနိုင်မှာ ဖြစ်ပါတယ်။ စမ်းတဝါးဝါးနဲ့လုပ်နေရင် အကျိုးထူး မထင်ပဲ မကျေမနပ်ဖြစ်ရုံ ပင်ပန်းရုံသာ ဖြစ်လာပါလိမ့်မယ်။

ဒါ့ကြောင့် ကျမ်းဂန်လာ သဘောတရားပိုင်းကို အဓိက မထားပဲ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများအပိုင်းကိုသာ အဓိကထားပြီး သင်တန်းပြ ဆရာတော်များ၊ ဥပဒေပညာရှင်များက ပို့ချသင်ကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတဝန်းလုံး သံဃဝိနိစ္ဆယကိစ္စ

များ ဆောင်ရွက်ရာ၌ အားလုံးတပြေးညီ တပုံစံတည်း ဖြစ်လာအောင် ရည်ရွယ်ပြီး ဒီသင်တန်းကို ပို့ချခြင်းဖြစ်လေတော့ သင်တန်းသား ဆရာတော်များအားလုံး စိတ်ဝင်စားစွာဖြင့် နာယူသင်ကြားကြဖို့ တိုက်တွန်းလိုပါတယ်။နာယူသင်ကြားကြတဲ့အခါမှာလဲ သမဂ္ဂသမောဓာနဖြစ်အောင် နာယူသင်ကြားဖို့လဲ တိုက်တွန်းလိုပါတယ်။ အဲဒီလို ကျမ်းဂန်လာသဘော တရားများကို စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့် အံဝင်ဂွင်ကျဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် နာယူသင်ကြားခြင်း သည်ပင်လျှင် ဝိနည်းတရားတော်ကို အရှည် တည်တံ့အောင် ဆောင်ရွက်ခြင်း မည်ပါတယ်။ သို့ဖြစ်၍ အောက်ပါ ဂါထာတပုဒ်ဖြင့် နိဂုံးချုပ်ပါမယ်။

ဝိနယော သာသနဿာယု၊ ဘူတော စိရံ ပတိဋ္ဌတံ။
ပါလေန္တု သာသနံ သန္တာ၊ သမဂ္ဂါ သက္ကျပုတ္တိယာ။

သာသနဿ၊ဗုဒ္ဓမြတ်စွာ ရှေးဝါထိန်ညီး သာသနာတော်မြတ်ကြီး၏။ အာယုဘူတော၊ မစောင့်ရှောက်ငြား သူပျက်ပြားက ဘုရားသာသနာ သေချာအတည် ပျက်တော့မည်ကြောင့် လဇ္ဇီစုံမက် အသက်သဖွယ် ဖြစ်၍ဖြစ်သော။ ဝိနယော၊ အာဏာဒေသနာ ယထာပရာဓ ဝိနယပိဋကတ် တရားမြတ်သည်။ စိရံ ၊ မြင့်ရှည်စွာလှ ခါသမယပတ်လုံး။ ပတိဋ္ဌတံ၊ သာသနာကြီး မပျက်စီးအောင် မေရုတောင်သို့ ဂုဏ်ရောင်တောက်ကြွား လဇ္ဇီများ၌ မားမားခံ့ခံ့ တည်တံ့ပါစေသတည်း။ သက္ကျပုတ္တိယာ၊ သာကီဝင်မင်းသား ဘုရားသားတော် အမော်အစစ် ဇောနိဖြစ်တော်မူကြကုန်သော။သန္တာ သမဂ္ဂါ၊ လဇ္ဇီသူမွန် သီလဝန်အပေါင်း အရှင်ကောင်းတို့သည်။ သာသနံ၊ မဟာသမုဒ် ရေအစုတ်နှယ် အံ့ရှစ်ဖွယ်နှင့် ပြည့်ကြွယ်ခိုင်ဖြိုး သာသနာတော်မြတ်ကြီးကို။ ပါလေန္တု၊ ကျက်သရေဆောင် ဇက်နေရောင်သို့ ပြောင်တဝင်းဝင်း လင်းကြီးလင်းအောင် စိတ်ရင်းကောင်းစွာ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

**ဝိနည်းဓိုရ် (၁)—ပ-မ-သ-စ**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ
အခမ်းအနားတွင်

**ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန**

**ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်**

**၏**

# လျှောက်ထားလွှာ

---

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘုရားများနှင့် ဂိနည်းဓိုရ် သင်တန်းသား ဆရာတော်ဘုရားများကို ဦးခိုက်၍ လျှောက်ထားပါသည် ဘုရား—

ယနေ့ ဝိနည်းဓိုရ်သင်တန်းကို ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်လျက် ရှိပါတယ်ဘုရား၊ ရှေးယခင် ဝိနိစ္ဆယရုံးတွေရှိစဉ်က ဝိနိစ္ဆယကိစ္စများကို ဝိနည်းဓိုရ်များဖြင့် ဆောင်ရွက်ခဲ့ဘူးပါတယ်ဘုရား၊ ဒါပေမဲ့ ယနေ့လို ဝိနည်းဓိုရ်သင်တန်းဖွင့်လှစ်ပြီး ဆောင်ရွက်ခြင်းမျိုး မရှိခဲ့ဘူးသည့် အတွက် ယနေ့ ဝိနည်းဓိုရ်သင်တန်းဟာ ပထမဆုံးသင်တန်း ဖြစ်ပါတယ်ဘုရား။

ရှေးယခင် ဝိနိစ္ဆယမှုခင်းများနှင့် ပတ်သက်ပြီး အတွေ့အကြုံ များကို လျှောက်ထားရပါလျှင် ရှည်လည်းရှည် ရှုပ်လည်းရှုပ်ကြောင်း တွေ့ရှိရပါ တယ်ဘုရား၊ ဆုံးဖြတ်ချက်များ ချမှတ်တဲ့အခါမှာ ကောက်ချက်နှင့် ဆုံး ဖြတ်ချက်တမျိုးစီ ဖြစ်နေတတ်ကြောင်းလည်း တွေ့ရှိရပါတယ်ဘုရား။

တပည့်တော်များ ဝိနည်းမမှက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သံဃာ့ဝန်ဆောင်(၆၆)ပါး က ရေးဆွဲပြီး သံဃာတော်များအလယ် ချပြကြသောအခါ သံဃာတော်

များက စိုးရိမ်တဲ့အကြံပေးစာ များစွာကို ရရှိခဲ့ပါတယ်ဘုရား၊ ဝိနိစ္ဆယ ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် မလုပ်တတ်ရင် ဘဏ္ဍာစားထိုက် ကြောင်း ဖော်ပြအကြံပေးခဲ့ကြပါသည်ဘုရား၊ သံဃာ့ဝန်ဆောင်(၆၆)ပါး အစည်းအဝေးမှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်စွာ ဆွေးနွေး ခဲ့ကြပါတယ်ဘုရား။

တပည့်တော်များ ဝိနိစ္ဆယအမှုဟောင်း ဆုံးဖြတ်ချက်များကို ပြန်လည် လေ့လာကြည့်တဲ့အခါမှာ ဘဏ္ဍာစားထိုက်အောင် ဆုံးဖြတ်ထားတာများ ကိုလဲ တွေ့ရပါတယ်ဘုရား။ မသက်ဆိုင်တာတွေ ထည့်သွင်းဆုံးဖြတ် ထားပါတယ်၊ မသက်ဆိုင်တာတွေကို ထည့်သွင်းဆုံးဖြတ်ထားတဲ့အတွက် တဖက်သား နစ်နာစေရင် ဘဏ္ဍာစားထိုက်နိုင်တဲ့သဘောမျိုး ဖြစ်ပါတယ် ဘုရား၊ အမှန်ကတော့ တရားရုံးဆိုကာ အမှားအမှန်ဆုံးဖြတ်ရုံ လျှောက် ထားတာကို လေ့လာသုံးသပ်ပြီး ဝိနည်းဒေသနာတော်အရ ဆုံးဖြတ်ရုံသာ ဖြစ်ပါတယ်ဘုရား၊ အခုတော့ စောဒကပုဂ္ဂိုလ်က ထည့်သွင်းမလျှောက် ထားလဲ ဆုံးဖြတ်တဲ့ဆရာတော်က ထည့်သွင်းဆုံးဖြတ်ထားတာကို တွေ့ရှိ ရပါတယ်ဘုရား၊ ဒီတော့ တဖက်သားပုဂ္ဂိုလ် နစ်နာစရာရှိရင် များစွာ နစ်နာပါတယ်ဘုရား၊ ပစ္စည်းရေးရာနှင့်ပက်သက်လျှင် ဘဏ္ဍာစားထိုက် လောက်အောင် နစ်နာတတ်ကြောင်း တွေ့ရှိရပါတယ်ဘုရား၊ ဒါ့ကြောင့် ဘဏ္ဍာစားထိုက်သည့် ဆုံးဖြတ်ချက်မျိုးကို သံဃဝိနိစ္ဆယအဖွဲ့အနေနဲ့ မချမှတ်မိစေရန် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က ဝိနည်းဓိုရ် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်ဘုရား။

ဝိနိစ္ဆယချမှတ်တဲ့အခါမှာ ဝိနည်းတရားတော်နဲ့လဲ ညီရမယ်၊ လုပ်ထုံး လုပ်နည်းများ၊ ဥပဒေများနဲ့လဲ ညီရမယ်၊ အဲဒီလို ကျမ်းဂန်နဲ့ရော လုပ်ထုံး လုပ်နည်းနှင့် ဥပဒေများနှင့်ပါ အချင်းချင်း ညီညွတ်အောင် ချမှတ်နိုင်မှ တပြည်လုံး အတိုင်းအတာအရ ဝိနိစ္ဆယအဖွဲ့များ ညီညွတ်မှာ ဖြစ်ပါတယ် ဘုရား။

ဒါ့ကြောင့် တပည့်တော်တို့ ယခု သင်တန်းပို့ချတဲ့ ဘာသာရပ်များကို ကျေကျေလည်လည်နဲ့ ကြည်ကြည်လင်လင်ဖြစ်အောင် လေ့လာသင်ယူ ဆွေးနွေးပြီးမှ ပြန်ကြားကြရန် ဖြစ်ပါတယ်ဘုရား၊ ပစ္စည်းလေးပါး အခက် အခဲကို ငဲ့ကွက်ပြီး ကြည်ကြည်လင်လင်နဲ့ ကျေကျေညက်ညက် မရှိပဲနဲ့ ပြန်မကြားကြပါရန် တပည့်တော် လျှောက်ထားပါတယ်ဘုရား။ ယခုကြွလာ တဲ့ သင်တန်းဆရာတော်များက ထပ်ဆင့်သင်တန်းပြ ဆရာများအနေနဲ့ မိမိတို့အခြေခံဒေသများ၌ ပြည်လည်ပို့ချရမည် ဖြစ်ပါတယ်ဘုရား၊ ပို့ချသူ ကိုယ်တိုင်က မကြည်မလင် မကျေမညက် ဖြစ်နေခဲ့ပါလျှင် ဤ လက်ဆင့်ခံ ဝိနည်းဓိုရ် ဆရာတော်များအနေနဲ့ သံဃဝိနိစ္ဆယ ကိစ္စများကို ဝိနည်းတရား တော်နှင့်အညီ မှန်မှန်ကန်ကန်နဲ့ စနစ်တကျဖြစ်ရေးအတွက် ဆောင်ရွက်ရန် များစွာ အခက်အခဲ တွေ့နိုင်ပါတယ်ဘုရား။

ရေးယခင် ဝိနိစ္ဆယဥပဒေအရ ဝိနိစ္ဆယအဖွဲ့များက တရားစီရင်ဆုံးဖြတ် တဲ့အခါ ကြန့်ကြာမှုများ များစွာရှိကြောင်း တွေ့ရှိရပါတယ်ဘုရား၊ ဘုန်းကြီးရုံးကစစ် နောက်ဆုံးတရားလွှတ်တော်ချုပ်အထိ အယူခံတက်၊ ဒီတော့ အမှုတခု(၅)နှစ်(၆)နှစ်လောက် ကြာသည်အထိ ဖြစ်ခဲ့ဘူးပါတယ် ဘုရား၊ အခု တပည့်တော်တို့ ဝိနည်းဓိုရ်များပါဝင်တဲ့ သံဃဝိနိစ္ဆယအဖွဲ့က မစစ်ဆေး မဆုံးဖြတ်မီ ပြေငြိမ်းခြင်း သုံးဆင့်ရှိပါတယ်ဘုရား၊ ယခုလို (၃)ဆင့်ရှိရတာကလည်း ပုထုဇဉ်တို့သဘာဝ ဒေါသ လွှမ်းမိုးပြီး အမှုဖြစ်ရ မှာ ဖြစ်သည့်အတွက် ယင်းဒေါသကို ပြေငြိမ်းသွားအောင် တဖြည်းဖြည်း အချိန်ယူ ပြေငြိမ်းခြင်း ဖြစ်ပါတယ်ဘုရား။ ဥပမာ ကျေးရွာ/ရပ်ကွက် အုပ်စု၌ ဒေါသလွှမ်းမိုးပြီး ပြေငြိမ်းမှုမရလျှင် မြို့နယ်၌ ပြေငြိမ်းစေရန်၊ တဖန် မြို့နယ်အဆင့်မှာ မပြေငြိမ်းနိုင်သေးလျှင် ပြည်နယ်/တိုင်း အဆင့်၌ ပြေငြိမ်းသွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်ဘုရား။ ပြည်နယ်/တိုင်း အဆင့်မှ မပြေငြိမ်းနိုင်ခဲ့လျှင် မြို့နယ်ပြန်ချပြီး သံဃဝိနိစ္ဆယ အဖွဲ့ဖြင့် စီစစ်ဆုံးဖြတ်ရန် ဖြစ်ပါတယ်ဘုရား။ မကျေနပ်လျှင် ပြည်နယ်/ တိုင်း အဆင့်သို့ အယူခံတက်၊ နောက် ပြန်စစ်၊ ဒီ ၂-ဆင့်သာ ရှိပါတယ် ဘုရား၊ သံဃဝိနိစ္ဆယအဖွဲ့ အနေနဲ့ မြို့နယ်နှင့် ပြည်နယ်/တိုင်း အဆင့်

၂-ခုသာ ရှိသည့်အတွက် ဝိနည်းဓိုရ်ဆရာတော်များသည် မြို့နယ်ဝိနည်းဓိုရ်လဲ ဖြစ်နိုင်ကြပါတယ်၊ ပြည်နယ်/တိုင်း ဝိနည်းဓိုရ်လည်း ဖြစ်နိုင်ကြပါတယ်ဘုရား၊ ရှေးယခင်ကလို သံဃာ့ရုံးအထက်မှာ လူ့ရုံးမရှိတော့ပဲ သံဃာ့ရုံးအထက်မှာ သံဃာ့ရုံးပင် ရှိပါတော့တယ်ဘုရား။

ယခု တပည့်တော်တို့ ဝိနိစ္ဆယ ဖွဲ့စည်းဆုံးဖြတ်တဲ့စနစ်ကို(၅)နှစ်အတွင်း လေ့ကျင့်တဲ့ သဘောအနေနဲ့ အမှန်ဆုံးရောက်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်ဘုရား၊ (၅) နှစ်အတွင်းမှာ တွေ့ကြုံရမဲ့ အခက်အခဲများကို လေ့လာသုံးသပ်ပြီး လာမည့်ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးမှာ တင်ပြီး ပြင်ဆင်ရမှာ ဖြစ်ပါတယ်ဘုရား။

ယခု ဝိနိစ္ဆယဥပဒေနှင့် လုပ်ထုံးလုပ်နည်းတွင် အဆင့်နည်းသည့်အတွက် ဆုံးဖြတ်ချက်မမှန်လျှင် ပြင်ဆင်နိုင်ဘို့ မရှိတော့ပါဘုရား။ ဒါကြောင့် တပည့်တော်တို့ ဝိနည်းဓိုရ်ဆရာတော်များအနေနဲ့ ဝိနည်းနဲ့ညီအောင် အလေးထားပြီး ဆုံးဖြတ်ရမှာဖြစ်တဲ့အပြင် သတ်မှတ်ထားတဲ့စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနဲ့လဲ ညီညွတ်ရမှာဖြစ်တဲ့အတွက် သဘောပေါက်အောင် ကြိုးစားပြီး လေ့လာကြပါရန် ဆွေးနွေးကြပါရန်၊ လက်ဆင့်ကမ်းကြပါရန် လျှောက်ထားပါတယ်ဘုရား။

ယခု ဝိနည်းဓိုရ်ဆရာတော်များသည် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၌လည်း ပါဝင် အယူခံအဆင့်ဖြစ်တဲ့ ပြည်နယ်/တိုင်း အဆင့်၌လည်း ပါဝင်ရမှာ ဖြစ်သည့်အတွက် မူလ ရုံးသဘောကိုလည်း နားလည်ရန် လိုအပ်ပါတယ်၊ အယူခံရုံးသဘောကိုလည်း နားလည်ရန် လိုအပ်ပါတယ်ဘုရား။

ယခု တပည့်တော်တို့ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်အခါ မြို့နယ် သံဃနာယကနှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များကသာ ဖွဲ့ပေးနိုင်ပါသည်ဘုရား၊ ဒီအချက်ဟာ ရှေးယခင် ဝိနိစ္ဆယအက်ဥပဒေအရ ဆောင်ရွက်ချက်နဲ့ ခြားနားတဲ့အချက် ဖြစ်ပါကယ်ဘုရား။

တခါ ဒီ နာယကဆရာတော်တွေ ဘယ်အရ ဖြစ်ပေါ်လာသလဲမေးရင် သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်ဘုရား၊ ဒီတော့ ဥပဒေနဲ့ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများဟာ အချင်းချင်း ငြင်းဆက်သဖွယ် ဖြစ်နေသည့်သဘော ရှိပါသည်ဘုရား ဒါကြောင့် စည်းမျဉ်းနဲ့ လုပ်ထုံးလုပ်နည်းများ ခိုင်မာသည်ထက် ခိုင်မာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော်က ဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ ဝေါဟာရများကို လိုအပ်သလို ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်ဘုရား။

ဝိနည်းဓမ္မကံ အဓိကရုဏ်းကို ဆုံးဖြတ်သည့်အခါမှာ ဝိနည်းသက်သက်အရ ဆုံးဖြတ်ခြင်းလဲ ရှိပါတယ်ဘုရား၊ ဥပဒေအရ ဆုံးဖြတ်ခြင်းလဲ ရှိပါတယ်ဘုရား၊ ဝိနည်းသဘောအရ ဆုံးဖြတ်တဲ့အခါ ပစ္စည်းတခုကို မည်သူပိုင်ထိုက်သည်ဟူ၍ ဆုံးဖြတ်ရန်သာ ဖြစ်ပါတယ်ဘုရား၊ ကျန်တဲ့အပိုင်းက ဥပဒေအရ အာဏာစက်ဖြင့် ဆောင်ရွက်ရမဲ့အပိုင်း ဖြစ်ပါတယ်ဘုရား၊ လက်ဝယ်ရောက်စေမှု၊ ထွက်ခွါစေမှု စသည်ကိစ္စရပ်များဟာ ဥပဒေအရ လူပုဂ္ဂိုလ်များက ဆောင်ရွက်ရမဲ့သဘော ဖြစ်ပါတယ်ဘုရား၊ ကျေညက်ဖို့ အရေးကြီးပါတယ်၊ ဒါကြောင့် လိုအပ်လျှင် ဝိနည်းဓိုရ်သင်တန်းရက်ကို တိုးမြှင့်ရန် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ဘုရား။ မရှင်းမလင်း မကျေမညက်ပဲနဲ့တော့ ပြန်ကြသွားခြင်းမျိုး မဖြစ်စေပဲ ကျေညက် ရှင်းလင်းအောင် သင်ယူကြပြီးမှ၊ မေးမြန်းကြပြီးမှ၊ ဆွေးနွေးကြပြီးမှ ပြန်ကြကြပါရန် လျှောက်ထားပါသည်ဘုရား။

သာသနာတော်အတွင်း ဖြစ်ပေါ်ခဲ့သည့် ဝိနည်းဓမ္မကံ အမှုတွေကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် ဆုံးဖြတ်နိုင်ရေးအတွက် ယခုကြွတော်မူလာကြတဲ့ ဝိနည်းဓိုရ်သင်တန်းသား ဆရာတော်များက ဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်လင့်ယင်း နိဂုံးချုပ်ပါတယ်ဘုရား။

# မာတိကာ


၁။ ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု။

၂။ သံဃဝိနိစ္ဆယ ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း ရှင်းလင်းချက်။

၄။ ပြစ်မှုနှင့် တရားမမှု ဥပဒေရေးရာ။

၅။ သင်တန်းသားများ အမေးနှင့် အဖြေများ။

၆။ ဝိဝါဒါဓိကရုဏ်းမှု စစ်ဆေးပုံ နမူနာ။

ဝိနည်းဓိုရ်သင်တန်း ပို့ချချက်များ

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃-ရက်
(၂-၂-၈၁) (တနင်္လာ)

## ဝိနည်းဓိုရ်သင်တန်း အမှတ်(၁)

## ဝိနည်းဓိုရ်ဂုဏ်အင်္ဂါများ

**ဝိနည်းဓိုရ်ပုဂ္ဂိုလ်**

ဝိနယံ ဓာရေတီတိ ဝိနယဓရော။

သိက္ခန ဝါစန မနသိကာရ ဝိနိစ္ဆယန တဒနုလောမ ကရဏာဒိနာ ဝိနယ ပရိယတ္တိံ ကုသလော ဘိက္ခု။ ဝိနယာလင်္ကာရ ဋီ(ဒု-၄၂၇)။

ဝိနယံ ပါဠိတော စ, တဒတ္ထတော စ ဓာရေတီတိ ဝိနယဓရော။
ပါစိတျာဒိယောဇနာ(၃၉၈)။

ဝိနယဓရပဉ္စမေနာတိ ထေ္တ ဥပဇ္ဈာယပဉ္စမေနာတိ အတ္ထံ ပဋိက္ခိပန္တော အနုဿာဝနာစရိယ ပဉ္စမေနာတိ။
ပါစိတျာဒိယောဇနာ(၃၄၂)။

ဝိနယဓရေနာတိ အနုဝိဇ္ဇကေန။ ပါစိတျာဒိယောဇနာ(၆၁၁)။

အနုဝိဇ္ဇကောတိ စ ဝိနယဓရော။ ၎င်း (၁၂၁)။

အနုဝိဇ္ဇကသဒ္ဒေါ ဝိနယဓရ ပရိယာယောတိ အာဟ ဝိနယဓရောတိ။
ပါစိတျာဒိယောဇနာ(၆၀၁)။

ဝိနယဓရော ဟိ ယသ္မာ စောဒကစုဒိတကာနံ ဝစနံ အနုမိနိတွာ ဝတ္ထုအာပတ္တာဒိဝသေန ဝိဒတိ၊ တသ္မာ အနုဝိဇ္ဇကောတိ ဝုစ္စတိ။
ပါစိတျာဒိယောဇနာ(၆၀၁)။

သော ဟိ စောဒကစုဒိတကာနံ မတံ အနုမိနေတွာ ဝိဒတိ ဇာနာတီတိ အနုဝိဇ္ဇကော။ ပါစိတျာဒိယောဇနာ(၁၂၁)။

**ဝိနယဓရလက္ခဏာ(၃)ပါး**

**တီဏိ** ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ၊ ကတမာနိ **တီဏိ**။

(၁) သုတ္တဉ္စဿ သွာဂတံ ဟောတိ သုပ္ပဝတ္တိ သုဝိနိစ္ဆိတံ သုတ္တတော အနုဗျဉ္ဇနတောတိ ဣဒမေကံ လက္ခဏံ။

(၂) ဝိနယေ ခေါ ပန ဌိတော ဟောတိ အသံဟီရောတိ ဣဒံ ဒုတိယံ။

(၃) အာစရိယ ပရမ္ပရာ ခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ သုမနသိကတာ သူပဓာရိတာတိ ဣဒံ တတိယံ။
(ပါရာဇိကဋ္ဌ-ပ-၁၉၉)ဝိနယသင်္ဂဟဋ္ဌ(၃၂၃)။

(၁) အလုံးစုံသော ဝိနည်းပိဋကတ်တော်သည် ကောင်းစွာ နှုတ်၌ လာခြင်း၊ ဝါစုဂ္ဂတ၏အစွမ်းအားဖြင့် ဆိုနိုင်ခြင်း၊ ပါဠိအဋ္ဌကထာ အားဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း တည်းဟူသော ပထမ လက္ခဏာ(၁)ပါး။

(၂) ဝိနည်းအရာ၌ လဇ္ဇီပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တည်ခြင်း၊ ပါဠိတော်၌ ၎င်း အဋ္ဌကထာ၌၎င်း မေးမြန်းလာခဲ့သည်ရှိသော် တွန့်တို ဆုတ်နစ်မှုမရှိခြင်းတည်းဟူသော ဒုတိယလက္ခဏာ(၁)ပါး။

(၃) ဆရာအဆက်ဆက်မှ ကောင်းစွာ သင်ယူအပ်ခြင်း၊ ကောင်းစွာ နှလုံးသွင်းခြင်း၊ ကောင်းစွာ ဆောင်ခြင်းတည်း ဟူသော တတိယလက္ခဏာ(၁)ပါး။

ဤ သုံးပါးတို့သည် ဝိနယဓရလက္ခဏာ သုံးပါးတို့ ဖြစ်ပါသည်။

ထို့ပြင် ပရိဝါပါဠိတော်၌ ဟောတော်မူအပ်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ။

ပထမ ပဉ္စက

(၁) မိမိဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်စွမ်း ရှိခြင်း။

(၂) သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်စွမ်း ရှိခြင်း။

(၃) မိမိဆိုအပ်သော စကားအပိုင်းအခြားကို ယူဆခြင်း။

(၄) သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို ယူဆခြင်း။

(၅) တရားနှင့်လျော်သောအားဖြင့် စုဒိတက၏ ဝန်ခံမှုဖြင့် ဆုံးဖြတ်မှုကို ပြုခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

ဒုတိယ ပဉ္စက

(၁) အာပတ်ကို သိခြင်း။

(၂) အာပတ်သင့်ခြင်း၏ မူလအကြောင်းဖြစ်သော ကာယ၊ ဝါစာ နှစ်ပါးကို သိခြင်း။

(၃) အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ခြောက်ပါးကို သိခြင်း။

(၄) အာပတ်ချုပ်ခြင်း ဒေသနာ၊ ဝုဋ္ဌာနကို သိခြင်း။

(၅) အာပတ်ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ဖြစ်သော သမထ (၇)ပါးကို သိခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

တတိယ ပဉ္စက

(၁) အဓိကရုဏ်းလေးပါးကို သိခြင်း။

(၂) အဓိကရုဏ်း၏ မူလ(၃၃)ပါးကို သိခြင်း။

(၃) အဓိကရုဏ်း၏ ဖြစ်ကြောင်း သမုဋ္ဌာန်(၃၃)ပါးကို သိခြင်း။

(၄) အဓိကရုဏ်း၏ ချုပ်ခြင်း ဓမ္မ+ဝိနယ+သတ္ထုသာသနကို သိခြင်း။

(၅) အဓိကရုဏ်း၏ချုပ်ကြောင်းအကျင့်ဖြစ်သော သမထ(၇)ပါးကို သိခြင်း။

ဤ ငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အင်္ဂါများ ဖြစ်ကြသည်။

စတုတ္ထ ပဉ္စက

(၁) ဝတ္တုကို သိခြင်း။

(၂) နိဒါန်းကို သိခြင်း။

(၃) မူလပညတ်ကို သိခြင်း။

(၄) အနုပညတ်ကို သိခြင်း။

(၅) ဆိုအပ်သော စကားအစဉ်၊ အဆုံးအဖြတ် အစဉ်တို့၏ အစွမ်းအားဖြင့် မေထုန်စသော ဝီတိက္ကမဝတ္ထုကို သိခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ ဖြစ်သည်။

ပဉ္စမ ပဉ္စက

(၁) ဉတ်ကို သိခြင်း။

(၂) ဉတ္တိကိစ္စကို (ဝါ) ဉတ္တိကံကို သိခြင်း။

(၃) ရှေးဦးစွာ ဆိုအပ်သော စကား၌ လိမ္မာခြင်း။

(၄) နောက်ထပ် ဆိုအပ်သော စကား၌ လိမ္မာခြင်း။
(၅) အခါကာလကို သိခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများဖြစ်သည်။

**ဆဋ္ဌမ ပဥ္စက**

(၁) အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း။
(၂) ပေါ့သော လဟုကအာပတ် လေးသော ဂရုကအာပတ်ကို ခွဲခြား၍ သိခြင်း။
(၃) အကြွင်းရှိသော သံဃာဒိသိသ်စသော အာပတ် (၆)ပါးနှင့် အကြွင်းမရှိသော ပါရာဇိကအာပတ်ကို သိခြင်း။
(၄) ပါရာဇိက သံဃာဒိသိသ်တည်းဟူသော ရုန့်ရင်းသော ဒုဋ္ဌုလ္လ အာပတ်၊ ထုလ္လစ္စည်းစသည့် အာပတ်ငါးပုံတည်း ဟူသော မရုန့်ရင်းသော အဒုဋ္ဌုလ္လအာပတ်ကို သိခြင်း။
(၅) ဆရာအဆက်အဆက်မှလာသော ဝါဒကို ကောင်းစွာ သင်ယူ နှုတ်လုံးသွင်း ဆောင်ထားခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများဖြစ်သည်။

**သတ္တမ ပဥ္စက**

(၁) ဤ သတ္တမပဥ္စကလာ ပ-ဒု-တ-စ အင်္ဂါတို့သည် ဆဋ္ဌမအင်္ဂါ များအတိုင်းပင် ဖြစ်သည်။
(၅) ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရခြင်း။ ကောင်းစွာ ဝေဖန်နိုင်ခြင်း၊ ကောင်းစွာ ရွတ်ဆိုနိုင်ခြင်း။

ပါဠိတော် အဋ္ဌကထာအားဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများဖြစ်သည်။

**အဋ္ဌမ ပဉ္စက**

ဤအဋ္ဌမ ပဉ္စကလာ ပ-ဒု-တ-စ အင်္ဂါများသည် ဆဋ္ဌမ-ပဉ္စက လာ အင်္ဂါများအတိုင်းပင် ဖြစ်၏။

(၅) အဓိကရုဏ်းကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။

ဤငါးပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ ဖြစ်သည်။
ပရိဝါ၊ ပါ (၂၃၁၊၂၃၃။ ဋ္ဌ(၁၇၆-၁၇၇)။

## ဝိနယဓရ သတ္တက ဂုဏ်အင်္ဂါများ

**ပထမ သတ္တက**

(၁) အာပတ်ကို သိခြင်း။

(၂) အာပတ် မဟုတ်သည်ကို သိခြင်း။

(၃) ပေါ့သော အာပတ်ကို သိခြင်း။

(၄) လေးသော အာပတ်ကို သိခြင်း။

(၅) သီလရှိခြင်း၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍ ကာယိကအာစာရ ဝါစသိကအာစာရ ကာယိကဝါစသိက အာစာရ၊ ဥပနိဿယဂေါစရ အာရက္ခဂေါစရ ဥပနိဗန္ဓ ဂေါစရနှင့် ပြည့်စုံသည်ဖြစ်၍ နေခြင်း၊ အဏုမြူပမာဏရှိကုန် သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်ခြင်း။

(၆) အလွန်စင်ကြယ်သော ဥပစာရဈာန်စိတ်၌ ဖြစ်ကုန်သော မျက်မှောက်သောကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေရခြင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရခြင်း၊ မဆင်းရဲ သဖြင့်ရခြင်း၊ မငြိုမငြင်သဖြင့်ရခြင်း။

(၇) အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမှကင်းသော ရာဂမှလွတ်သော အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိ၊ အဝိဇ္ဇာမှ လွတ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ပညာကို မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် မိမိကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေခြင်း။

ဤတရားခုနစ်ပါးတို့သည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများ ဖြစ်ပေသည်။

**ဒုတိယ သတ္တက**

(၁) အာပတ်ကို သိခြင်း၊

(၂) အာပတ်မဟုတ်သည်ကို သိခြင်း၊

(၃) ပေါ့သောအာပတ်ကို သိခြင်း၊

(၄) လေးသောအာပတ်ကို သိခြင်း၊

(၅) များသော အကြားအမြင်ရှိခြင်း၊

အကြားအမြင်ကို ဆောင်ခြင်၊
အကြားအမြင်ကို ဆည်းပူးခြင်း၊
အစ, အလယ်, အဆုံး, ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသော တရား၊ အနက်သဒ္ဒါနှင့် ပြည့်စုံသည်ဖြစ်၍ အလုံးစုံပြည့်စုံစင်ကြယ်သော မြတ်သောအကျင့်ဟု ဆိုအပ်သောတရားတို့၌ များသောအကြားအမြင်ရှိခြင်း၊ ဆောင်ထားခြင်း၊ နှုတ်ဖြင့် လေ့လာခြင်း၊ စိတ်ဖြင့် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်း၊ ဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိခြင်း၊

(၆) ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရခြင်း၊

(၇) အာသဝက္ခယဉာဏ်နှင့်ပြည့်စုံခြင်း။

ဤ တရားခုနစ်ပါးတို့သည်လည်း ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ပင်တည်း။

**တတိယ သတ္တက**

(၁) အာပတ်ကို သိခြင်း၊

(၂) အာပတ်မဟုတ်သည်ကို သိခြင်း၊

(၃) ပေါ့သော လဟုက အာပတ်ကို သိခြင်း၊

(၄) လေးသော ဂရုက အာပတ်ကို သိခြင်း၊

(၅) ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရခြင်း စသည်၊

(၆) ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရခြင်း၊

(၇) အာသဝက္ခယဉာဏ်နှင့် ပြည့်စုံခြင်း။

ဤတရားခုနစ်ပါးတို့သည်လည်း ဝိနည်းခိုရပုဂ္ဂိုလ်၏ဂုဏ်အင်္ဂါတို့ပင် တည်း။

**စတုတ္ထ သတ္တက**

(၁) အာပတ်ကို သိခြင်း၊

(၂) အာပတ်မဟုတ်သည်ကို သိခြင်း၊

(၃) ပေါ့သော လဟုက အာပတ်ကို သိခြင်း၊

(၄) လေးသော ဂရုက အာပတ်ကို သိခြင်း၊

(၅) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့်ပြည့်စုံခြင်း၊

(၆) ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံခြင်း၊

(၇) အာသဝက္ခယဉာဏ်နှင့် ပြည့်စုံခြင်း၊

ဤတရားခုနစ်ပါးတို့သည်လည်း ဝိနည်းခိုရပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ပင် တည်း။

ဝိနယဓရ သောဘန ဂုဏ်အင်္ဂါ သတ္တက လေးမျိုးမှာလည်း အထက်၌ဆိုခဲ့ပြီး လေးမျိုးနှင့် တူကုန်၏။

ပရိဝါ+ပါ (၂၄၀+၂၄၁)
ဂုဏ်+ဌ (၁၇၉)

**ဝိနယဓရ-ဒသက ဂုဏ်အင်္ဂါများ**

**ပထမ—ဒသက**

(၁) မိမိဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်စွမ်းရှိခြင်း၊

(၂) သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို ယူဆနိုင်စွမ်းရှိခြင်း၊

(၃) မိမိဆိုအပ်သော စကားအပိုင်းအခြားကို ယူဆခြင်း၊

(၄) သူတပါးဆိုအပ်သော စကားအပိုင်းအခြားကို ယူဆခြင်း၊

(၅) တရားနှင့်လျော်သောအားဖြင့် စုဒိတကာ၏ဝန်ခံမှုဖြင့် ဆုံးဖြတ်မှုကို ပြုခြင်း၊

(၆) အာပတ်ကို သိခြင်း၊

(၇) အာပတ်သင့်ခြင်း၏ မူလအကြောင်း ဖြစ်သော ကာယ,ဝါစာ နှစ်ပါးကို သိခြင်း၊

(၈) အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် ၆-ပါးကို သိခြင်း၊

(၉) အာပတ်ချုပ်ခြင်း ဒေသနာ,ဝုဋ္ဌာနကို သိခြင်း၊

(၁၀) အာပတ်ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ဖြစ်သော သမထ ၇-ပါးကို သိခြင်း။

ဤတရားဆယ်ပါးတို့သည် ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများဖြစ်ပေသည်။

ဒုတိယ—ဒသက

(၁) အဓိကရုဏ်း လေးပါးကို သိခြင်း၊

(၂) အဓိကရုဏ်း၏မူလ ၃၃-ပါးကို သိခြင်း၊

(၃) အဓိကရုဏ်း၏ ဖြစ်ကြောင်း သမုဋ္ဌာန် ၃၃-ပါးကို သိခြင်း၊

(၄) အဓိကရုဏ်း ချုပ်ခြင်း ဓမ္မ+ဝိနယ+သတ္ထုသာသနကို သိခြင်း၊

(၅) အဓိကရုဏ်း၏ ချုပ်ကြောင်းအကျင့်ဖြစ်သော သမထ ၇-ပါးကို သိခြင်း၊

(၆) ဝတ္ထုကို သိခြင်း၊

(၇) နိဒါန်းကို သိခြင်း၊

(၈) မူလပညတ်ကို သိခြင်း၊

(၉) အနုပညတ်ကို သိခြင်း၊

(၁၀) ဆိုအပ်သော စကားအစဉ်၊ အဆုံးအဖြတ်အစဉ်တို့၏အစွမ်းအားဖြင့် မေထုန်စသော ဝီတိက္ကမဝတ္ထုကို သိခြင်း။

ဤတရားဆယ်ပါးတို့သည်လည်း ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါများပေတည်း။

တတိယ—ဒသက

(၁) ဥတ်ကိုသိခြင်း

(၂) ဥတ္တိကိစ္စ-ဝါ-ဥတ္တိကံကို သိခြင်း၊

(၃) ရှေးဦးစွာ ဆိုအပ်သော စကား၌ လိမ္မာခြင်း၊

(၄) နောက်ထပ် ဆိုအပ်သော စကား၌ လိမ္မာခြင်း၊

(၅) အခါကာလကို သိခြင်း၊

(၆) အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊

(၇) ပေါ့သော လဟုကအာပတ်၊ လေးသော ဂရုကအာပတ်ကို သိခြင်း၊

(၈) အကြွင်းရှိသော သံဃာဒိသိသ်စသော အာပတ်-၆-ပါးနှင့် အကြွင်းမရှိသော ပါရာဇိက အာပတ်ကို သိခြင်း၊

(၉) ပါရာဇိက– သံဃာဒိသိသ်တည်းဟူသော ရုန့်ရင်းသော ဒုဋ္ဌုလ္လ အာပတ်၊ ထုလ္လစ္စည်း စသည့် အာပတ် ငါးပုံတည်းဟူသော မရုန့် ရင်းသော အဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊

(၁၀) ဆရာအဆက်ဆက်မှ လာသော ဝါဒကို ကောင်းစွာ သင်ယူ+ နှုတ်လုံးသွင်း+ဆောင်ထားခြင်း။

ဤတရား ဆယ်ပါးတို့သည်လည်း ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ ပင်တည်း။

**စတုတ္ထ–ဒသက**

(၁) အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊

(၂) ပေါ့သော လဟုကအာပတ်၊ လေးသော ဂရုက အာပတ်ကို သိခြင်း၊

(၃) အကြွင်းရှိသော သံဃာဒိသိသ် စသော အာပတ် ၆-ပါးနှင့် အကြွင်းမရှိသော ပါရာဇိကအာပတ်ကို သိခြင်း၊

(၄) ပါရာဇိက–သံဃာဒိသိသ်တည်းဟူသော ရုန့်ရင်းသော ဒုဋ္ဌုလ္လ အာပတ် ထုလ္လစ္စည်းစသည့်အာပတ်ငါးပုံ တည်းဟူသော မရုန့် ရင်းသော အဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊

(၅) ပါတိမောက်နှစ်ပါးတို့ကို အကျယ်အားဖြင့် နှုတ်တက်ရခြင်း စသည်၊

၃၆၄၅

(၆) အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊

(၇) ပေါ့သော လဟုကအာပတ်ကို သိခြင်း၊ လေးသော ဂရုကအာပတ်ကို သိခြင်း၊

(၈) အကြွင်းရှိသော သံဃာဒိသိသ် စသော အာပတ် ၆-ပါးနှင့် အကြွင်းမရှိသော ပါရာဇိကအာပတ်ကို သိခြင်း၊

(၉) ရုန့်ရင်းသော ဒုဋ္ဌုလ္လအာပတ် — မရုန့်ရင်းသော အဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊

(၁၀) အဓိကရုဏ်းကို ဆုံးဖြတ်ရာ၌ လိမ္မာခြင်း။

ဤတရားဆယ်ပါးတို့သည်လည်း ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့ပင်တည်း။ ပရိဝါ+ပါ (၂၄၆+၂၄၇)

**အမှာစကားရပ်။** ။ဤ ပဥ္စက- သတ္တက- ဒသက-အင်္ဂါတို့နှင့် ပြည့်စုံရမည့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့တွင် သတ္တကအင်္ဂါနှင့် ပြည့်စုံသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်မျိုးမှာ ယခုခေတ်၌ ထင်ရှားမရှိ၊သိဘို့ရာ ရနိုင်ဘို့ရာ အရေးမှာ အလွန်ပင်ခဲယဉ်းလှပေသည်။

ထို့ကြောင့် ယခုခေတ်၌ ပဥ္စက,ဒသကအင်္ဂါတို့နှင့် ပြည့်စုံသော ဝိနည်းဓိုရ်များကိုသာ အလိုရှိအပ်ပေသည်။

ထို ဝိနည်းဓိုရ်များသည်လည်း ဗာလ, ပဏ္ဍိတဝိနည်းဓိုရ်အားဖြင့် နှစ်မျိုး နှစ်စား ရှိသော်လည်း အချိန်ကာလကို ထောက်ထား၍ ဤ၌ ပဏ္ဍိတဝိနယဓရပုဂ္ဂိုလ်၏ လက္ခဏာကိုသာ ဖော်ပြထားပါသည်။

ဗာလဝိနယဓရပုဂ္ဂိုလ်၏ လက္ခဏာကို ပဏ္ဍိတဝိနယဓရ ပုဂ္ဂိုလ်၏ လက္ခဏာနှင့် ဆန့်ကျင်ဘက်အပြန်အားဖြင့် ယူဆနိုင်လောက်ပါပြီ။

## ဝိနည်းကျမ်းဂန် ကျမ်းကျင်မှု

**ဒုတိယ ပဥ္စကဍ္ဍ လာသော**

အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် (၆)ပါးကို–

ပရိဝါပါဠိတော် (၁၆၅)၊ ကင်္ခါ+ဋ္ဌ (၁၁၀) တို့၌ရှုရင်း၊

**တတိယ ပဥ္စကဍ္ဍ လာသော**

(၁) အဓိကရဏ မူလ (၃၃)ပါးနှင့်

(၂) အဓိကရဏ သမုဒယ (၃၃)ပါး–သရုပ်တို့ကို–

ပရိဝါ+ဋ္ဌ (၁၇၆) ၌ရှုရင်း

**ဆဋ္ဌမ ပဥ္စကဍ္ဍ လာသော**

လဟုက စသော အာပတ်တို့ကို–

ပရိဝါ+ဋ္ဌ(၁၅၇)၌ရှုရင်း ရှုတော်မူကြပါကုန်။

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခု၊ ပြာသိုလပြည့်ကျော် (၁၄)ရက်၊
(၃-၂-၈၁) အင်္ဂါနေ့။

## အမှတ် ( ၂) ဝိနည်းဓိုရ်ကျင့်ဝတ်များ

**သန္နိပါတ-ဝတ် (၅) ပါး**

အမိကရဏ်းကို ဆုံးဖြတ်ရန် စည်းဝေးသော စစ်မြေပြင်အရပ်နှင့်တူသည့် သံဃာ၏ စည်းဝေးရာအရပ်သို့ သက်ဝင်သော စုံစမ်းစစ်ဆေးမေးမြန်းမည့် သင်္ဂါမာဝစရ-အနုဝိဇ္ဇကဲ့ ဝိနည်းဓိုရ် နာယကဆရာတော်သည် သံဃာသို့ ချဉ်းကပ်သည်ရှိသော်—

(၁) နှိမ့်ချသောစိတ် မြူကိုဆောင်တတ်သော ခြေသုတ်ကြိုးငန်းနှင့်တူသော စိတ်ရှိသည်ဖြစ်၍ ချဉ်းကပ်ရမည်၊

(၂) နေရာထိုင်ရာ၌ လိမ္မာရမည်၊

(၃) ထေရ်ကြီးရဟန်းတို့ကို မတိုးဝှေ့၊ မထိခိုက်၊ သီတင်းငယ်ရဟန်းတို့ကို နေရာမတားမြစ် မကန့်ကွက်ပဲ မိမိအား သင့်လျော်သောနေရာ၌သာ နေရမည်၊

(၄) မင်္ဂိုလ်နိဗ္ဗာန် ကန့်လန့်ခံ၍ ဗီဆန်နှောင့်ယှက် ကန့်ကွက်တားမြစ်တတ်သော အမျိုးမျိုး အစားစား အကျိုးမများသော တိရစ္ဆာနကထာ စကားများကို မပြော ဆိုရ၊

(၅) သံဃာစည်းဝေးရာအရပ်၌*မိမိကိုယ်တိုင်သော်လည်း အကပ္ပိယ, ကပ္ပိယနိဿိတ တရားစကား၊

သမထအကျင့် ဝိပဿနာအကျင့်ကို မှီသောတရားစကား၊ ဌာနဝတ္တ, နိဿယဇ္ဇဝတ္တ, နိဿိတ စသော တရားစကားကို ပြော ဟော ရမည်၊

* တပါးသော ပုဂ္ဂိုလ်ကိုသော်လည်း တရားဟောရန် တိုက်တွန်းရမည်၊

* မြတ်သော ကမ္မဋ္ဌာန မနသိကာရ၏ အစွမ်းအားဖြင့် စကားမပြော တုဏှိဘာဝနေခြင်းကိုသော်လည်း မထီမဲ့မြင်မပြုအပ်၊ ဤငါးပါးသော ကျင့်ဝတ်တရားတို့ကို နှလုံးသွင်း၍ ချဉ်းကပ်ရမည်။

ဤငါးပါးကား သံဃာ၏ စည်းဝေးရာအရပ်၌ လိုက်နာရမည့် ကျင့်ဝတ် ဖြစ်ပါသည်။

## ပရိဝါပါဠိ (၂၇၇)

ဝိနည်းမိုရ်များ တင်မြှောက်ပြီး အမှုစစ်ရန် စည်းဝေးသောအခါ ယင်း ဝိနည်းမိုရ်အများမှ ဗျတ္တ ပဋိဗလဖြစ်သော ဆရာတော်တပါးကို အနု-ဝိဇ္ဇက=မေး စိစစ်မည့် ပုဂ္ဂိုလ်အဖြစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

**ဝိနည်းမိုရ် အနုဝိဇ္ဇက နာယကဆရာတော်များ၊ လိုက်နာရန် ကျင့်ဝတ်များ**

(၁) အနုဝိဇ္ဇက ဝိနည်းမိုရ်ကျင့်ဝတ် ၆၄-ပါး၊

(၂) စောဒကကျင့်ဝတ် ၅-ပါး၊

(၃) စုဒိတကကျင့်ဝတ် ၂-ပါး၊

အနုဝိဇ္ဇကကျင့်ဝတ်သည် အကျဉ်းအားဖြင့် (၃) ပါး၊ အကျယ်အား ဖြင့် (၆၄) ပါး ရှိသည်။

ထိုတွင် ရှောင်ကြဉ်ရန် (၁၂) ပါးနှင့် လိုက်နာရန် (၅၂) ပါး ဖြစ်သည်၊ ထိုတွင်—

**ရှောင်ကြဉ်ရန် (၁၂) ပါးသော ကျင့်ဝတ်များ**

| | |
|---|---|
| (၁) န ဥပဇ္ဈာယော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ ဥပဇ္ဈာယ်ကို မမေးရခြင်း၊ |
| (၂) န အာစရိယော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ ဆရာကို မမေးရခြင်း၊ |
| (၃) န သဒ္ဓိဝိဟာရိကော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ သဒ္ဓိဝိဟာရိက တပည့်ကို မမေးရခြင်း၊ |
| (၄) န အန္တေဝါသိကော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ အန္တေဝါသိက တပည့်ကို မမေးရခြင်း၊ |
| (၅) န သမာနုပဇ္ဈာယကော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ ဥပဇ္ဈာယ်တူ တပည့်ကို မမေးရခြင်း၊ |
| (၆) န သမာနာစရိယကော ပုစ္ဆိတဗ္ဗော | = စောဒက စုဒိတကတို့၏ ဆရာတူတပည့်ကို မမေးရခြင်း၊ |
| (၇) န ဇာတိ ပုစ္ဆိတဗ္ဗာ | = စောဒက စုဒိတကတို့၏ ဇာတ်ကို မမေးရခြင်း၊ |
| (၈) န နာမံ ပုစ္ဆိတဗ္ဗံ | = စောဒက စုဒိတကတို့၏ အမည်ကို မမေးရခြင်း၊ |
| (၉) န ဂေါတ္တံ ပုစ္ဆိတဗ္ဗံ | = စောဒက စုဒိတကတို့၏ အနွယ်ကို မမေးရခြင်း၊ |

(၁၀) န အာဂမော ပုစ္ဆိတဗ္ဗော =စောဒက စုဒိတကတို့၏ အာဂုံပါဠိကို မမေးရခြင်း၊

(၁၁) န ကုလပဒေသော ပုစ္ဆိတဗ္ဗော =စောဒက စုဒိတကတို့၏ အမျိုးကို မမေးရခြင်း၊

(၁၂) န ဇာတိဘူမိ ပုစ္ဆိတဗ္ဗာ =စောဒက စုဒိတကတို့၏ ဖွားရာအရပ်ကို မမေးရခြင်း၊

* ဇာတ်ဆိုသည်မှာ ခတ္တိယ ဗြာဟ္မဏစသော အမျိုး (၄) ပါးကို ဆိုလိုသည်။

* အမျိုးဆိုသည်မှာ ကာသိမင်းမျိုး ကောသလမင်းမျိုးစသည်ကို ဆိုလိုသည်။

**မှတ်ချက်။** ။ဤ (၁၂) ရပ်သော မေးခွန်းကို မေးခဲ့သော် ချစ်ခြင်းသော်လည်း ဖြစ်ရာ၏၊ သို့မဟုတ် မုန်းခြင်းသော်လည်း ဖြစ်ရာ၏၊ ချစ်ခြင်း မုန်းခြင်း ဖြစ်ခဲ့သော် ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိသို့ လိုက်ခဲ့ရာသောကြောင့် (၁၂) ရပ်သော မေးခွန်းများကို မမေးရဟု ဆိုလို၏။

ပရိဝါပါဠိ (၂၇၇)။

**အနုဝိဇ္ဇက ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ လိုက်နာရန် ကျင့်ဝတ်တရား (၅၂)ပါး**

(၁) ပုဂ္ဂိုလ်ကို အလေးမပြုပဲ သံဃာကိုသာ အလေးပြုရမည်၊

(၂) အာမိသကို အလေးမပြုပဲ သူတော်ကောင်းတို့၏ တရားကိုသာ အလေးပြုရမည်၊

(၃) ပရိသတ် အလိုအကြိုက်သို့ မလိုက်ပဲ မိမိအလိုအကြိုက်သို့သာ လိုက်ရမည်၊

(၄) မသင့်လျော်သောအခါ၌ မမေးမြန်းပဲ သင့်လျော်သောအခါ၌သာ မေးမြန်းရမည်၊

(၅) မဟုတ်မမှန်သော စကားဖြင့် မမေးမြန်းပဲ ဟုတ်မှန်သော စကားဖြင့်သာ မေးမြန်းရမည်၊

(၆) ကြမ်းတမ်းသော စကားဖြင့် မမေးမြန်းပဲ နူးညံ့သိမ်မွေ့သော စကားဖြင့်သာ မေးမြန်းရမည်၊

(၇) အကျိုးနှင့် မစပ်သောစကားဖြင့် မမေးမြန်းပဲ အကျိုးနှင့် စပ်သော စကားဖြင့်သာ မေးမြန်းရမည်၊

(၈) ဒေါသစိတ်ဖြင့် မမေးမြန်းပဲ မေတ္တာစိတ်ဖြင့် မေးမြန်းရမည်၊

(၉) နား၏ အနီး၌ကပ်၍ မမေးမြန်းရ၊

(၁၀) ကောက်ကျစ်သော အမှုကို မရှု မငဲ့ရ၊

(၁၁) မျက်စပစ်၍ မပြရ၊

(၁၂) မျက်မှောင်ကြုတ်၍ မပြရ၊

(၁၃) ဦးခေါင်းညိတ်၍ မပြရ၊

(၁၄) လက်၏ ဖောက်ပြန်ခြင်းကို မပြုရ၊

(၁၅) ဆက်ဆုပ်ကို မပြရ၊

(၁၆) နေရာ၌ ထိမ္မာရမည်၊

(၁၇) ထိုင်ခြင်း၌ ထိမ္မာရမည်၊

(၁၈) လေးတောင် ပမာဏရှိသော ထမ်းပိုးတပြန်မျှကိုသာ ကြည့်ရှုရမည်၊

(၁၉) အနက် အဆုံးအဖြတ်ကိုသာ နှိုင်းချိန်စုံစမ်း၍ နေရမည်၊

(၂၀) မိမိနေရာ၌သာ ထိုင်ရမည်၊

(၂၁) နေရာအရပ်မှ ထမသွားရ၊

(၂၂) အဆုံးအဖြတ်ကို မယုတ်လျော့စေရ၊

(၂၃) အာပတ်ကို ပြသောအားဖြင့် လမ်းလွဲလမ်းမှားကို မမှီဝဲရ၊

(၂၄) လက်ရုံးကို မြှောက်၍ မပြောဆိုရ၊

(၂၅) အဆောတလျင် မပြောဆိုရ၊

(၂၆) ကြမ်းကြမ်းတမ်းတမ်း မပြောဆိုရ၊

(၂၇) မကောင်းသဖြင့် ဆိုအပ်သောစကားများကို သည်းခံရမည်၊

(၂၈) အစီးအပွားကို လိုလားသည်ဖြစ်၍ မေတ္တာစိတ်ကို ဖြစ်စေရမည်၊

(၂၉) အစီးအပွားကို ရှာမှီးသည်ဖြစ်၍ ကရုဏာစိတ်ကို ဖြစ်စေရမည်၊

(၃၀) အပိုင်းအခြားရှိသော စကားကို ပြောဆိုသည်ဖြစ်၍ အကျိုးမဲ့ အနက်မဲ့ စကားကို မပြောဆိုရ၊

(၃၁) မကောင်းသောစကားကို မပြောဆိုပဲ ရန်နှင့်မစပ်သော စကားကိုသာ ပြောဆိုရမည်၊

(၃၂) ဤအမှုကို ဆုံးဖြတ်နိုင်အံ့လော၊ မဆုံးဖြတ်နိုင်အံ့လောဟု မိမိကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၃) ဤ လဇ္ဇီပရိသတ်ကို သိစေနိုင်လိမ့်မည်လော၊ မသိစေနိုင်လိမ့်မည်လောဟု တပါးသော ပရိသတ်ပုဂ္ဂိုလ်ကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၄) ဓမ္မစောဒကလော၊ အဓမ္မစောဒကလော ဟု စောဒကကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၅) ဓမ္မစုဒိတကလော၊ အဓမ္မစုဒိတကလော ဟု စုဒိတကကို နှိုင်းချိန်စုံစမ်းရမည်။

(၃၆) အဓမ္မစောဒကာ၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၇) အဓမ္မစုဒိတက၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၈) ဓမ္မစောဒကာ၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊

(၃၉) ဓမ္မစုဒိတက၏ အတိုင်းအရှည်ကို နှိုင်းချိန်စုံစမ်းရမည်၊

(၄၀) စောဒက- စုဒိတကတို့ အစစ်ခံ ထွက်ဆိုအပ်သော စကားအချက် အလက်တို့ကို မယုတ်လျော့စေပဲ နံပါတ်စဉ်ထိုး၍ ရေးမှတ်ထား ရမည်၊

(၄၁) စောဒက စုဒိတကတို့ အစစ်မခံအပ် မထွက်ဆိုအပ်သောစကား အချက်အလက် ဝတ္ထုများကို ထင်စွာမပြုရ၊

(၄၂) ထွက်ဆို အစစ်ခံသောအားဖြင့် ဆိုက်ရောက်လာသော ပုဒ် ဗျည်းအက္ခရာစကား အစဉ်တို့ကို ကောင်းစွာ နှိုင်းချိန်စုံစမ်း ပြီး၍ ဝန်ခံချက် ပဋိညာဏ်အတိုင်း ဆုံးဖြတ်ရမည်၊

(၄၃) တွေဝေသည်ဖြစ်၍ နုံ့နှေးသော စောဒက၊ စုဒိတကကို ရွှင် လန်းအောင် လှုံ့ဆော်ပေးရမည်။

(၄၄) ကြောက်ရွံ့သော စောဒက၊ စုဒိတကကို သက်သာခွင့်ရစေ ရမည်၊

(၄၅) ကြမ်းတမ်းသော စောဒက၊စုဒိတကကိုတားမြစ်ကန့်ကွက်ရမည်၊

(၄၆) မစင်ကြယ်သော အာပတ်ကို ထင်စွာပြုရမည်၊

(၄၇) ဖြောင့်မတ်သော ပုဂ္ဂိုလ်ကို နူးညံ့ပျော့ပျောင်းသောစကားဖြင့် ခေါ် ဝေါ်ပြောဆိုရမည်၊

(၄၈) ဆန္ဒာဂတိသို့ မလိုက်ရ၊

(၄၉) ဒေါသာဂတိသို့ မလိုက်ရ၊

(၅၀) မောဟာဂတိသို့ မလိုက်ရ၊

(၅၁) ဘယာဂတိသို့ မလိုက်ရ၊

(၅၂) ပုဂ္ဂိုလ်ကို အလေးမပြုပဲ ဓမ္မကိုသာ အလေးပြုသည်ဖြစ်၍ ဓမ္မပုဂ္ဂလတို့၌ လျစ်လျူရှုရမည်။

ဤကား လိုက်နာရန် ကျင့်ဝတ် (၅၂)ပါး တည်း။

ဤဆိုအပ်ခဲ့ပြီးသော ကျင့်ဝတ်တရား (၆၂)ပါး တို့ကို လိုက်နာကျင့်သုံးသော အနုဝိဇ္ဇကပုဂ္ဂိုလ်သည် မြတ်စွာဘုရား သာသနာတော်ကို ပြုစုစောင့်ရှောက်သော ပုဂ္ဂိုလ်မည်၏၊ ပညာရှိ သီတင်းသုံးဖော်တို့သည် ချစ်ခင်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်သော ပုဂ္ဂိုလ်လည်း မည်ပါပေ၏။

ပရိဝါပါဠိ(၂၀၇၊ ၂၀၈)

အမှာ။ ။(၁) သန္နိပါတဝတ်ငါးပါး၊

(၂) ဝိနည်းဓိုရ်ကျင့်ဝတ်(၅၂)ပါးတို့၏ အဖွင့်များကို ပရိဝါ-ဋ္ဌ-(၂၀၅ မှ ၂၀၇)ထိ ရှုတော်မူကြပါဘုရား။

ဒ၁၀၈၇

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်၊
(၅၊၂၊၈၁) ကြာသပတေးနေ့။

**တရားသူကြီးတို့ ပြည့်စုံရမည့် အင်္ဂါများ**

**ပထမ-ပဉ္စက**

(၁) အာပတ်ကို သိခြင်း၊

(၂) အာပတ်သင့်ခြင်း၏ မူလအကြောင်းဖြစ်သော ကာယ ဝါစာ နှစ်ပါးကို သိခြင်း၊

(၃) အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် ၆-ပါးကို သိခြင်း၊

(၄) အာပတ်ချုပ်ခြင်း ဒေသနာ, ဝုဋ္ဌာနကို သိခြင်း၊

(၅) အာပတ်ချုပ်ခြင်းသို့ရောက်ကြောင်းအကျင့်ဖြစ်သော သမထ (၇)ပါးကို သိခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**ဒုတိယ-ပဉ္စက**

(၁) အဓိကရုဏ်းလေးပါးကို သိခြင်း၊

(၂) အဓိကရုဏ်းမူလ (၃၃)ပါးကို သိခြင်း၊

(၃) အဓိကရုဏ်းဖြစ်ကြောင်း သမုဋ္ဌာန် (၃၃)ပါးကို သိခြင်း၊

(၄) အဓိကရုဏ်းချုပ်ခြင်း ဓမ္မ+ဝိနယ သတ္ထုသာသနကို သိခြင်း၊

(၅) အဓိကရုဏ်းချုပ်ကြောင်း အကျင့်ဖြစ်သော သမထ (၇)ပါးကို သိခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**တတိယ-ပဥ္စက**

(၁) အနိုင့်အထက် နှိပ်စက်၍ မပြောဆိုတတ်သူ ဖြစ်ခြင်း၊

(၂) အခွင့်ပေးမှုကို ပြုစေ၍ ဆိုတတ်သူဖြစ်ခြင်း၊

(၃) ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်းအာပတ်ဖြင့် စောဒနာစေတတ်သူဖြစ်ခြင်း၊

(၄) ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း ဆုံးဖြတ်တတ်သူဖြစ်ခြင်း၊

(၅) မိမိအယူအဆအတိုင်း ဆိုတတ်သူဖြစ်ခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**စတုတ္ထ-ပဥ္စက**

(၁) အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊

(၂) ပေါ့သော လဟုက, လေးသော ဂရုက အာပတ်ကို ခွဲခြားသိခြင်း၊

(၃) အကြွင်းရှိသော သံဃာဒိသိသ် တည်းဟူသော အာပတ် (၆) ပါးနှင့် အကြွင်းမရှိသော ပါရာဇိက အာပတ်ကို သိခြင်း၊

(၄) ရှုန့်ရင်းသော ဒုဋ္ဌုလ္လ အာပတ်-မရှုန့်ရင်းသော အဒုဋ္ဌုလ္လ အာပတ်ကို သိခြင်း၊

(၅) ဒေသနာဂါမိ စသည်ဖြင့် ကုစားကောင်းသော အာပတ်၊ မကုစားကောင်းသော အာပတ်ကို သိခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**ပဥ္စမ-ပဥ္စက**

(၁) တဇ္ဇနီယ စသော (၇)ပါးသော ကံကို သိခြင်း၊

(၂) ကံပြုခြင်းကို သိခြင်း၊

(၃) ကံ၏ ဝတ္တကို သိခြင်း၊

(၄) ကံ၏ ကျင့်ဝတ်ကို သိခြင်း၊

(၅) ကံ၏ ငြိမ်းခြင်းကို သိခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**ဆဋ္ဌမ-ပဥ္စက**

(၁) (၁၈)ပါး၊ (၄၃)ပါး အပြားရှိသော ဝတ္တကို သိခြင်း၊

(၂) နိဒါန်းကို သိခြင်း။

(၃) မူလပညတ်, အနုပညတ်, အနုပ္ပန္နပညတ် ၃-ပါးကို သိခြင်း၊

(၄) မျက်မှောက်ပြုအပ်သော ပုဒ်ကို သိခြင်း၊

(၅) ရှေ့နောက် စကားအစပ်ကို သိခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် အင်္ဂါများ ဖြစ်ပါသည်။

**သတ္တမ-ပဉ္စက**

(၁) ချစ်သဖြင့် (ဆန္ဒ)အဂတိသို့ မလိုက်ခြင်း၊

(၂) မုန်းသဖြင့် (ဒေါသ)အဂတိသို့ မလိုက်ခြင်း၊

(၃) တွေဝေသဖြင့် (မောဟ)အဂတိသို့ မလိုက်ခြင်း၊

(၄) ကြောက်သဖြင့် (ဘယ)အဂတိသို့ မလိုက်ခြင်း၊

(၅) မကောင်းမှုမှ ရှက်တတ်သူဖြစ်ခြင်း၊

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**အဋ္ဌမ-ပဉ္စက**

ဤ အဋ္ဌမ ပဉ္စကၡ ပ+ဒု+တ+စ+အင်္ဂါများသည် သတ္တမ ပဉ္စကနှင့် တူ၏။

(၅) ဝိနည်းပါဠိ အဋ္ဌကထာတို့၌ လိမ္မာခြင်း။

ဤ ငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**နဝမ-ပဉ္စက**

(၁) နိဒ္ဒိဋ္ဌဥတ်, ကမ္မပါဒဥတ်ကို သိခြင်း၊

(၂) ဥတ်ဖြင့် နဝဋ္ဌာန၊ ဒုဋ္ဌာနတို့၌ ပြုခြင်းကို သိခြင်း၊

(၃) ဥတ်နှင့်တကွ (၂)ကြိမ်၊ (၃)ကြိမ်သော ကမ္မဝါစာကိုသိခြင်း၊

(၄) ဥတ်ဖြင့် ငြိမ်းကြောင်း သမထ (၄)ပါးကို သိခြင်း၊

(၅) ဥတ်ဖြင့် ငြိမ်းစေအပ်သော အဓိကရုဏ်းကို သိခြင်း၊

ဤ ငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**ဒသမ-ပဥ္စက**

(၁) ဉဘတော ဝိဘင်းကိုသိခြင်း၊

(၂) သုတ္တာနုလောမ မဟာပဒေသ ၄-ပါးကို သိခြင်း၊

(၃) ဝိနည်း ခန္ဓက ပရိဝါကို သိခြင်း၊

(၄) ဝိနယာနုလောမ မဟာပဒေသ ၄-ပါးကို သိခြင်း၊

(၅) အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာခြင်း။

ဤ ငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

**ကောဒသမ-ပဥ္စက**

(၁) သုတ် အဘိဓမ္မာကို သိခြင်း၊

(၂) ဓမ္မာနုလောမ-သုတ္တန္တိက မဟာပဒေသ (၄)ပါးကို သိခြင်း၊

(၃) ဝိနည်း ခန္ဓကပရိဝါကို သိခြင်း၊

(၄) ဝိနယာနုလောမ မဟာပဒေသ (၄)ပါးကို သိခြင်း၊

(၅) ရှေ့နောက်နှစ်ရပ် ဆိုအပ်သောစကား၌ လိမ္မာခြင်း။

ဤငါးပါးတို့သည် တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများ ဖြစ်ပါသည်။

ပရိဝါပါဠိ (၃၂၁-မှ ၃၂၄)

**အမှာစကား။** ။ပထမ ပဥ္စက၌ လာသော—

(၁) အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် (၆) ပါးကို—

ပရိဝါ+ပါဠိတော် (၁၆၅)

ကင်္ခါ+ဋ္ဌ (၁၁၀)တို့၌ရင်း၊

**ဒုတိယ ပဉ္စကဥ္စ လာသော**

(၁) အဓိကရုဏ်း မူလ (၃၃)ပါး သရုပ်ကို–
ပရိဝါ+ဌ+(၁၇၆)၌ရှင်း၊

(၂) အဓိကရုဏ်း ဖြစ်ကြောင်း သမုဋ္ဌာန် (၃၃) ပါးသရုပ်ကို—
ပရိဝါ+ဌ+(၁၇၆)၌ရှင်း၊

**စတုတ္ထ ပဉ္စကဥ္စ လာသော**

လဟုက-အစရှိသော အာပတ်များကို—
ပရိဝါ+ဌ+(၁၅၇)၌ရှင်း၊

**ပဉ္စမ ပဉ္စကဥ္စလာသော**

(၁) တဇ္ဇနီယ စသော-ကံ (၇) ပါးကိုရှင်း၊

(၂) ကံ ပြုခြင်းကိုရှင်း၊

(၃) ကံ၏ ဝတ္တကိုရှင်း၊

စူဠဝဂ္ဂ+ပါ ကမ္မက္ခန္ဓက၌ရှင်း၊

(၄) ကံ၏ ကျင့်ဝတ် (၁၈)ပါးကို–

စူဠဝဂ္ဂ+ပါ (၁၀)စသည်၌ရှင်း၊

(၅) ကံ၏ငြိမ်းခြင်း (၁၈)ပါးကို—
စူဠဝဂ္ဂ+ပါ(၁၁)စသည်၌ရှင်း၊

**ဆဋ္ဌမ-ပဉ္စကဥ္စလာသော**

(၁၈)ပါး (၄၃)ပါး အပြားရှိသော ဝတ္တသရုပ်ကို—
စူဠဝဂ္ဂ+ပါ(၅၂)(၅၃) (၆၃)တို့၌ရှင်း၊

**နဝမ—ပဉ္စကဥ္စ လာသော**

(၁) နိဒ္ဒိဋ္ဌဥ တ်-ကမ္မပါဒဥ တ်ကို—
ပရိဝါ+ဌ(၂၁၇)၌ရှင်း၊

(၂) ဥတ်ဖြင့် ပြုအပ်သော နဝဋ္ဌာန-ဒုဋ္ဌာနတို့ကို—

ပရိဝါ+ပါ- (၃၀၄)

ဝုင်း+ဋ္ဌ+ (၁၅၇)

ဝိနယသင်္ဂဟ+ဋ္ဌ (၃၉၄)(၄၀၇)

သာရတ္ထဒီပီကာ+တ (၄၀၀)တို့၌ရှုင်း၊

(၃) ဥတ်ဖြင့် ငြိမ်းအေးကြောင်း သမထ (၄)ပါးကို—

ပရိဝါ-ဋ္ဌ (၂၁၀ )၌ရှုင်း၊

(၄) ဥတ်ဖြင့် ငြိမ်းအေးစေအပ်သော အဓိကရုဏ်းကို—

(နည်းယူသောအားဖြင့်) ပရိဝါ+ပါ+(၂၆၇) (၂၆၀)(၂၆၉)

စသည်တို့၌ရှုင်း၊ရှုတော်မူကြပါဘုရား။

## ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း (၂) ရက်၊
(၆-၂၈၁) သောကြာနေ့။

**ဝိနည်းမိုရ်ပုဂ္ဂိုလ်က မေး စိစစ်ပုံ**

ဝိနည်းမိုရ်ကမေး= ငါ့ရှင် စောဒက သင်သည် ဤရဟန်းကိုစောဒနာ၏၊
အဘယ်အပြစ်ကြောင့် စောဒနာသနည်း၊
သီလပျက်စီးခြင်းကြောင့် စောဒနာသလော၊
အကျင့်ပျက်စီးခြင်းကြောင့် စောဒနာသလော၊
အယူပျက်စီးခြင်းကြောင့် စောဒနာသလော။

စောဒက ဖြေ = သီလပျက်စီးခြင်းကြောင့် စောဒနာပါ၏၊
(သို့) အကျင့်ပျက်စီးခြင်းကြောင့် စောဒနာပါ၏၊
(သို့) အယူပျက်စီးခြင်းကြောင့် စောဒနာပါ၏။

ဝိနည်းမိုရ်ကမေး= ငါ့ရှင် စောဒက
သီလပျက်စီးခြင်းကို သိပါသလော၊
အကျင့်ပျက်စီးခြင်းကို သိပါသလော၊
အယူပျက်စီးခြင်းကို သိပါသလော။

စောဒကဖြေ = ငါ့ရှင် ဝိနည်းမိုရ်
သီလပျက်စီးခြင်းကို သိပါ၏၊
အကျင့်ပျက်စီးခြင်းကို သိပါ၏၊
အယူပျက်စီးခြင်းကို သိပါ၏။

ဝိနည်းဓိုရ်ကမေး = ငါ့ရှင် စောဒက

သီလပျက်စီးခြင်းသည် အဘယ်ပါနည်း၊

အကျင့်ပျက်စီးခြင်းကား အဘယ်ပါနည်း၊

အယူပျက်စီးခြင်းကား အဘယ်ပါနည်း။

စောဒကဖြေ = ငါ့ရှင် ဝိနည်းဓိုရ်

ပါရာဇိကလေးပါးနှင့် သံဃာဒိသိသ်(၁၃)ပါးတို့သည် သီလဝိပတ္တိ မည်ပါသည်၊

ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်-ဒုဗ္ဘာသိ၊ အာပတ်တို့သည် အာစာရဝိပတ္တိ မည်ပါသည်၊

နိယတမိစ္ဆာဒိဋ္ဌိအယူနှင့် သဿတ-ဥစ္ဆေဒ ဟူသော အဖို့ကို ယူစေတတ်သော အန္တဂ္ဂါဟိက အယူများသည် ဒိဋ္ဌိဝိပတ္တိ မည်ပါသည်။

ဝိနည်းဓိုရ်ကမေး = ငါ့ရှင် စောဒက သင်သည် ဤရဟန်းကို စောဒနာ၏၊ မြင်ခြင်းဖြင့် စောဒနာသလော၊

ကြားခြင်းဖြင့် စောဒနာသလော၊

ရွံ့ရှာခြင်းဖြင့် စောဒနာသလော။

စောဒကဖြေ = မြင်ခြင်းဖြင့် စောဒနာပါ၏၊

(သို့) ကြားခြင်းဖြင့် စောဒနာပါ၏၊

(သို့) ရွံ့ရှာခြင်းဖြင့် စောဒနာပါ၏။

ဝိနည်းမိုရ်ကမေး= ငါ့ရှင်စောဒက မြင်ခြင်းဖြင့် စောဒနာခဲ့၏၊
သင်သည် အဘယ်ကို မြင်သနည်း၊
အဘယ်သို့လျှင် မြင်သနည်း၊
အဘယ်အခါ၌ မြင်သနည်း၊
အဘယ်အရပ်၌ မြင်သနည်း၊
ပါရာဇိက အာပတ်သို့ ရောက်သည်ကို မြင်သလော၊
သံဃာဒိသိသ်အာပတ်သို့ရောက်သည်ကို မြင်သလော။

ထုလ္လစ္စည်းအာပတ်သို့၊ ပါစိတ်အာပတ်သို့၊ ပါဋိဒေသနီအာပတ်သို့၊ ဒုက္ကဋ်အာပတ်သို့၊ ဒုဗ္ဘာသီအာပတ်သို့ ရောက်သည်ကို မြင်သလော၊ သင်စောဒကသည် အဘယ်အရပ်၌ နေသနည်း။

**စုဒိတက** = စုဒိတကရဟန်းသည် အဘယ်အရပ်၌ နေသနည်း၊
သင်စောဒကသည် ဘာကိုပြုလုပ်နေသနည်း၊
စုဒိတကရဟန်းသည် ဘာကိုပြုလုပ်နေသနည်း။

စောဒကရဟန်းက ဝိနည်းမိုရ်ပုဂ္ဂိုလ်အား တပည့်တော်မြင်ခြင်းဖြင့် စောဒနာသည် မဟုတ်ပါ၊ ကြားခြင်းဖြင့် စောဒနာပါ၏-ဟု ဆိုငြားအံ့၊ ထိုအခါ ဝိနည်းမိုရ်ပုဂ္ဂိုလ်က—

ဝိနည်းမိုရ်မေး = ငါ့ရှင် စောဒက သင်သည် ဤရဟန်းကို ကြားခြင်းဖြင့် စောဒနာ၏၊
သင်သည် အဘယ်ကို ကြားပါသနည်း၊
အဘယ်သို့လျှင် ကြားပါသနည်း၊
အဘယ်အခါ၌ ကြားပါသနည်း၊
အဘယ်အရပ်၌ ကြားပါသနည်း၊
ပါရာဇိကသို့ ရောက်သည်ဟု ကြားပါသလော (ပ)
ဒုဗ္ဘာသီအာပတ်သို့ ရောက်သည်ဟု ကြားပါသလော။

**ဝိနည်းဓိုရ်ပုဂ္ဂိုလ်က မေးစိစစ်ပုံ**

ရဟန်းယောကျ်ား ထံမှ ကြားပါသလော၊

ရဟန်းမ ထံမှ ကြားပါသလော၊

သိက္ခမာန်မ ထံမှ ကြားပါသလော၊

သာမဏေယောကျ်ား ထံမှ ကြားပါသလော၊

သာမဏေရီ ထံမှ ကြားပါသလော၊

ဥပါသကာယောကျ်ား ထံမှ ကြားပါသလော၊

ဥပါသိကာမ ထံမှ ကြားပါသလော၊

မင်း ထံမှ ကြားပါသလော၊

မင်း၏ အမတ်ကြီး ထံမှ ကြားပါသလော၊

တိတ္ထိတို့ ထံမှ ကြားပါသလော၊

တိတ္ထိ တပည့်တို့ ထံမှ ကြားပါသလော။

စောဒကရဟန်းသည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်အား အရှင်ဘုရား တပည့်တော်သည် ကြားခြင်းဖြင့် စောဒနာသည် မဟုတ်ပါ၊ ရှုရှာသဖြင့် စောဒနာပါ၏ ဟု ဆိုငြားအံ့–ထိုအခါ ဝိနည်းဓိုရ်ပုဂ္ဂိုလ်က–

ဝိနည်းဓိုရ်ကမေး – ငါ့ရှင် စောဒက

သင်သည် ဤရဟန်းကို ရှုရှာခြင်းဖြင့် စောဒနာ၏၊

သင်သည် -- အဘယ်ကို ရှုရှာသနည်း၊

အဘယ်သို့လျှင် ရှုရှာသနည်း၊

အဘယ်အခါ၌ ရှုရှာသနည်း၊

ပါရာဇိကသို့ ရောက်သည်ဟု ရှုရှာသလော (ပ)

ဒုဋ္ဌာသီ အာပတ်သို့ ရောက်သည်ဟု ရှိရှာသလော၊
ရဟန်းယောကျ်ား ထံမှ ရှိရှာသလော၊
ရဟန်းမိန်းမ ထံမှ ရှိရှာသလော၊
သိက္ခမာန်မ ထံမှ ရှိရှာသလော၊
သာမဏေယောကျ်ား ထံမှ ရှိရှာသလော၊
သာမဏေရီ ထံမှ ရှိရှာသလော၊
ဥပါသကာယောကျ်ား ထံမှ ရှိရှာသလော၊
ဥပါသိကာမ ထံမှ ရှိရှာသလော၊
မင်း ထံမှ ရှိရှာသလော၊
မင်းအမတ်ကြီးတို့ ထံမှ ရှိရှာသလော၊
တိတ္ထိတပည့်တို့ ထံမှ ရှိရှာသလော။

ထို့နောက် စုဒိတကပုဂ္ဂိုလ်ကို ဆက်လက်မေးပါ၊ အကယ်၍ စုဒိတက ပုဂ္ဂိုလ်က ဝန်မခံအံ့။ စောဒကပုဂ္ဂိုလ်၏ စွပ်စွဲချက်အတိုင်း မှန် မမှန်ကို သိရခြင်းငှါ မေးသင့် မေးထိုက်သော သက်သေများနှင့်တကွ စုဒိတက ပုဂ္ဂိုလ်ကို အကြိမ်ကြိမ် အဖန်ဖန် မေးမြန်းပါ။

မှန် မမှန်ကို သိခြင်းငှါ–

(၁) အရပ်ရပ်သော သက်သေထွက်ချက်၊

(၂) စုဒိတက ထွက်ဆိုချက်၊

(၃) စောဒက၏ စွပ်စွဲချက်တို့ကို နှိုးနှော-တိုက်ဆိုင်လျက် ရှေ့နောက် ညီ-မညီကို ချိန်ဆ၍ ဆုံးဖြတ်ချက် ချရမည်။

ပရိဝါပါဠိ(၂၇၁၊၂၇၂)(၂၉၇-၉)။
ပရိဝါပါ-ဌ(၂၁၆-မှ-၂၁၇)။

**လဇ္ဇီပုဂ္ဂိုလ်အား ချီးမြှောက်ရခြင်း**

အနုဝိဇ္ဇကဝိနည်းဓိုရ်ဆရာတော်သည် သံဃာ့ဘောင်သို့ သက်ရောက်လာသော အဓိကရုဏ်းမှုခင်းကို စစ်ဆေးသောအခါ စောဒကပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ဖြစ်ပါသော်လည်း ဝိနည်းအရာ၌ မကျွမ်းကျင် မလိမ္မာသော ဗာလ အဗျတ္တပုဂ္ဂိုလ်ဖြစ်နေခဲ့ပါလျှင် ထို လဇ္ဇီ စောဒကပုဂ္ဂိုလ်အား အနုဝိဇ္ဇကဝိနည်းဓိုရ်ပုဂ္ဂိုလ်က စောဒနာပုံ စောဒနာနည်း၊ ဖြေပုံ ဖြေနည်းများကို သင်ကြားပေးရမည်။

ထိုသို့ သင်ကြားပေးခဲ့လျှင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်အား အဂတိလေးပါး လိုက်စားရာ မရောက်ပြီလော ဟူမူ—

ဣဒံ ပန အဂတိဂမနံ န ဟောတိ၊

ဓမ္မာနုဂ္ဂဟော နာမ ဧသော—

ဟူသည်နှင့်အညီ အဂတိတရား လေးပါးသို့ လိုက်စားရာ မရောက်ရုံသာမက ဝိနယသာသနာကိုပင် ချီးမြှောက်ရာ ရောက်ပါသေးသည်။

မှန်ပါ၏ အလဇ္ဇီပုဂ္ဂိုလ်ကို နှိပ်ကွပ်ခြင်း၊ လဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်း အကျိုးငှါ မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူခဲ့ခြင်းကြောင့် လဇ္ဇီပုဂ္ဂိုလ်အား ချီးမြှောက်ခြင်းသည် အဂတိတရား လေးပါးသို့ လိုက်စားရာ မရောက်ရုံသာမက ဝိနည်းသာသနာတော်ကိုပင် ချီးမြှောက်ရာ ရောက်ခြင်း ဖြစ်ပါသည်။

ထိုသို့ချီးမြှောက်ခဲ့လျှင် လဇ္ဇီစောဒကပုဂ္ဂိုလ်သည် အနုဝိဇ္ဇကဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ နည်းပေးမှုကို ရသည့်အတွက် မြင်အပ်သော အမှု၌ မြင်အပ်တိုင်းသော အစဉ်အားဖြင့်ရင်း၊ ကြားအပ်သောအမှု၌ ကြားအပ်တိုင်းသော အစဉ်အားဖြင့်ရင်း ထောက်တည်ရာရသည်ဖြစ်၍ လျှောက်ထားပြောဆိုလတ္တံ့ ဖြစ်သောကြောင့် လဇ္ဇီစောဒကပုဂ္ဂိုလ်အား တရားသဖြင့် **ချီးမြှောက်ထိုက်ပေသည်။**

**ပါရာဇိက-ဋ္ဌ-ဒု-(၁၇၆)။**

**အမှာစကား။** ။လဇ္ဇီပုပုဂ္ဂိုလ်အား ချီးမြှောက်ရပုံကို–

ပါရာဇိက-ဋ္ဌ-ဒု-(၁၇၆)
ဝိနယသင်္ဂဟ-ဋ္ဌ- -(၃၁၁)
ဝိနယာလင်္ကာရ-ဋီ-ဒု-(၁၆၇)တို့၌ ရှုတော်မူကြပါဘုရား။

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခုနှစ် တပို့တွဲလဆန်း(၃)ရက်၊

၇-၂-၈၁ (စနေနေ့)။

**အဓိကရုဏ်းကိုငြိမ်းစေမည့်**

**ပုဂ္ဂိုလ်တို့ပြည့်စုံရမည့်အင်္ဂါများ**

**ပထမ – ပဥ္စက**

(၁) အာပတ်ကို သိခြင်း။

(၂) အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန် (၆) ပါးကို သိခြင်း။

(၃) အာပတ်သင့်ကြောင်း ကာယပယောဂ-ဝစီပယောဂနှစ်ပါးကို သိခြင်း။

(၄) အာပတ်ငြိမ်းခြင်းကို သိခြင်း။

(၅) အာပတ်ကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။

ဤငါးပါးတို့သည် အဓိကရုဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် အင်္ဂါများ ဖြစ်ပါသည်။

**ဒုတိယ–ပဥ္စက**

(၁) အဓိကရုဏ်း (လေးပါးကို)သိခြင်း။

(၂) အဓိကရုဏ်းဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း။

(၃) အဓိကရုဏ်း၏ ပယောဂကို သိခြင်း။

(၄) အဓိကရဏ်း၏ ငြိမ်းခြင်းကို သိခြင်း။

(၅) အဓိကရဏ်းကို (ငြိမ်းအောင်)ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။

ဤငါးပါးတို့သည်လည်း အဓိကရဏ်းကို ငြိမ်းစေမည့်ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် အင်္ဂါများပင်တည်း။

**တတိယ-ပဥ္စက**

(၁) ဆန္ဒာဂတိသို့ မလိုက်ခြင်း။

(၂) ဒေါသာဂတိသို့ မလိုက်ခြင်း။

(၃) မောဟာဂတိသို့ မလိုက်ခြင်း။

(၄) ဘယာဂတိသို့ မလိုက်ခြင်း။

(၅) မကောင်းမှုမှ ရှက်တတ်ခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါများပင်တည်း။

**စတုက္က-ပဥ္စက**

ဤစတုက္က ပဥ္စက၌ ပ-ဒု-တ-စ-အင်္ဂါတို့သည် တတိယပဥ္စကနှင့်တူတော့သည်သာ။

(၅) များသော အကြားအမြင်ရှိသောသူ ဖြစ်ခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့ပင်တည်း။

**ပဥ္စမ-ပဥ္စက**

(၁) တဆယ့်ရှစ်ပါး - လေးဆယ့်သုံးပါး အပြားရှိသော ဝတ္တကို သိခြင်း။

(၂) နိဒါန်းကို သိခြင်း။

(၃) မူလပညတ်-အနုပညတ်-အနုပ္ပန္နပညတ်-သုံးပါးကို သိခြင်း။

(၄) မျက်မှောက်ပြုအပ်သော ပုဒ်ကို သိခြင်း။

(၅) ရှေ့စကား-နောက်စကား အစပ်ကို သိခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရုဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့ပေတည်း။

**ဆဋ္ဌမ-ပဥ္စက**

(၁) ဆန္ဒာဂတိသို့ မလိုက်ခြင်း။

(၂) ဒေါသာဂတိသို့ မလိုက်ခြင်း။

(၃) မောဟာဂတိသို့ မလိုက်ခြင်း။

(၄) ဘယာဂတိသို့ မလိုက်ခြင်း။

(၅) ဝိနည်း ပါဠိ အဋ္ဌကထာတို့၌ လိမ္မာခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရုဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့်ဂုဏ်အင်္ဂါတို့ပင်တည်း။

**သတ္တမ-ပဥ္စက**

(၁) ဤသတ္တမ ပဥ္စက၌လည်း ပ-ဒု တ-စ အင်္ဂါလေးပါးတို့သည် ဆဋ္ဌမပဥ္စကနှင့် တူတော့သည်။

(၅) သံဃာကိုသာ အလေးပြု၍ ပုဂ္ဂိုလ်ကို အလေးဂရုမပြုခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရုဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံစေရမည့်-ဂုဏ်အင်္ဂါတို့ပင် ဖြစ်ပေသည်။

**အဋ္ဌမ-ပဥ္စက**

ဤ အဋ္ဌမ-ပဥ္စကၥ်လည်း ပ-ဒု-တ-စ အင်္ဂါတို့သည် ဆဋ္ဌမ-ပဥ္စကနှင့် တူတော့သည်သာ။

(၅) သူတော်ကောင်းတရားကိုသာ အလေးဂရုပြုသည်ဖြစ်၍ အာမိ-သကို အလေးဂရုမပြုခြင်း။

ဤငါးပါးသော တရားတို့သည်လည်း အဓိကရဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရည့် ဂုဏ်အင်္ဂါတို့ပင် ဖြစ်ပေသည်။

ပရိဝါ၊ ပါ။ ၃၄၆-မှ-၃၄၉ ထိ။

**စတုဗ္ဗိဓ – ဝိနယ**

(၁) သုတ္တ=ဝိနည်းပိဋက အားလုံး၌ လာသော ပါဠိတော်များ။

(၂) သုတ္တာနုလောမ=မဟာပဒေသလေးပါး။

(၃) အာစရိယဝါဒ =သံဂါယနာတင် ရဟန္တာ အရှင်မြတ်တို့ ထားအပ်သော ပါဠိမုတ္တက ဝိနိစ္ဆယများနှင့် အဋ္ဌကထာများ။

(၄) အတ္တနောမတိ =သုတ္တ သုတ္တာနုလောမ အာစရိယဝါဒတို့ကို လွှတ်၍ မှန်းဆသောအားဖြင့် မိမိဉာဏ်အားလျော်စွာ နည်းယူသောအားဖြင့် ဉာဏ်အား ထင်သည့်အလျောက် ဆိုအပ်သော အယူအဆများ။

**တနည်း။** ။သုတ္တန် အဘိဓမ္မာ ဝိနည်း အဋ္ဌကထာတို့၌ လာသော အလုံးစုံသောထေရဝါဒ။

ဤကား လေးပါးအပြားရှိသော ဝိနည်းတည်း။

ပါရာဇိက+ဋ္ဌ-ပ-၁၉၅။
ဝိနယသင်္ဂဟ+ဋ္ဌ ၃၁၉။

မဟာပဒေသလေးပါး

(၁) ဤဝတ္ထု ဤအမှုမျိုးသည် ရဟန်းတော်တို့အား မအပ်ဟူ၍ မြတ်စွာဘုရားသခင်က မပယ်အပ် မတားမြစ်အပ်ပါသော်လည်း ထိုဝတ္ထု ထိုအမှုများသည် မအပ်သောဝတ္ထု အမှုမျိုးနှင့်လျော်၍ အပ်သော ဝတ္ထု အပ်သော အမှုမျိုးကို တားမြစ်ရာ ရောက်ခဲ့လျှင် ထိုဝတ္ထု ထိုအမှုမျိုးသည် ရဟန်းတို့အား မအပ်သော ဝတ္ထု မအပ်သော အမှုမျိုးဟု မှတ်ယူရခြင်း။

(၂) ဤဝတ္ထု ဤအမှုမျိုးသည် ရဟန်းတော်တို့အား မအပ်ဟူ၍ မြတ်စွာဘုရားသခင်က မပယ်အပ်–မတားမြစ် အပ်ပါသော်လည်း ထိုဝတ္ထု ထိုအမှုမျိုးသည် အပ်သောဝတ္ထု အမှုမျိုးနှင့် လျော်၍ မအပ်သောဝတ္ထု အမှုမျိုးကို တားမြစ်ရာရောက်ခဲ့သော် ထိုဝတ္ထု ထိုအမှုမျိုးသည် ရဟန်းတို့အား အပ်သော ဝတ္ထု အပ်သောအမှုမျိုးဟု မှတ်ယူရခြင်း။

(၃) ဤဝတ္ထု ဤအမှုမျိုးသည် ရဟန်းတော်တို့အား အပ်စပ်၏ ဟူ၍ မြတ်စွာဘုရားသခင်က ခွင့်မပြုအပ်ပါသော်လည်း ထိုဝတ္ထု ထိုအမှုမျိုးသည် မအပ်သော ဝတ္ထု၊ အမှုများနှင့် လျော်၍ အပ်သောဝတ္ထု အမှုမျိုးကို တားမြစ်ရာရောက်ခဲ့လျှင် ထိုဝတ္ထု ထို အမှုမျိုးသည် ရဟန်းတို့အား မအပ်သော ဝတ္ထု မအပ်သော အမှုမျိုးဟု မှတ်ယူရခြင်း။

(၄) ဤဝတ္ထု ဤအမှုမျိုးသည် ရဟန်းတော်တို့အား အပ်စပ်ပါပေ၏ ဟူ၍ မြတ်စွာဘုရားသခင်က ခွင့်မပြုပါသော်လည်း ထိုဝတ္ထု ထိုအမှုမျိုးသည် အပ်စပ်သော ဝတ္ထု အပ်စပ်သောအမှုမျိုးနှင့် လျော်ညီ၍ မအပ်စပ်သော ဝတ္ထု၊ မအပ်စပ်သောအမှုမျိုးအား တားမြစ် ပိတ်ပင်ရာ ရောက်ခဲ့လျှင် ထိုဝတ္ထု ထိုအမှုမျိုးသည် ရဟန်းတော်တို့အား အပ်သောဝတ္ထု အပ်သောအမှုဟု မှတ်ယူရခြင်း။

ဤကား မဟာပဒေသလေးပါးတည်း။

ဝိနည်းအဆုံးအဖြတ်၌ လိမ္မာကျမ်းကျင်လိုသော ပုဂ္ဂိုလ်သည်၊ ဤဝိနယလေးဖြာ မဟာပဒေသ လေးရပ်တို့ကိုလည်း သပ်သပ်ရပ်ရပ် နှစ်စပ်အောင် သိထားရပေမည်။

| | | | |
|---|---|---|---|
| ဝိနယ မဟာဝဂ္ဂ+ပါ | | ၃၄၀ | |
| ။ | + ဋ္ဌ | ၃၀၄ | |
| ဝိနယသင်္ဂဟ+ | ဋ္ဌ | ၃၁၉ | |
| ပါရာဇိက | + ဋ္ဌ+ပ | ၁၉၅ | **စသည်** |

**ဩလောကေတဗ္ဗ-ဆဋ္ဌာန**

(၁) ဝတ္ထုံ ဩလောကေတဗ္ဗံ – ဝတ္ထုကိုကြည့်ရှုရမည်။

(၂) မာတိကာ ဩလောကေတဗ္ဗာ=မာတိကာကို ကြည့်ရှုရမည်။

(၃) ပဒဘာဇနီယံ ဩလောကေတဗ္ဗံ=ပဒဘာဇနီကို ကြည့်ရှုရမည်။

(၄) တိကပရိစ္ဆေဒေါ ဩလောကေတဗ္ဗော = တိကပရိစ္ဆေဒကို ကြည့်ရှုရမည်။

(၅) အန္တရာပတ္တိ ဩလောကေတဗ္ဗာ=အန္တရာပတ်ကို ကြည့်ရှုရမည်။

(၆) အနာပတ္တိ ဩလောကေတဗ္ဗာ=အာပတ်မသင့်ခြင်းကို ကြည့်ရှုရမည်။

| | |
|---|---|
| ပါရာဇိက+ဋ္ဌ+ပ | ၂၀၀ |
| ဝိနယသင်္ဂဟ+ဋ္ဌ | ၃၂၄ |

**ဆုံးဖြတ်ရာဝယ် နှိုင်းချိန်ဖွယ်**

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဂ္ဃံ ပရိဘောဂ ပဉ္စမံ။

တုလယိတွာ ပဉ္စဋ္ဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော။

ဒုတိယပါရာဇိကအတွက် နှိုင်းချိန်ဖွယ်ငါးပါး

(၁) ဝတ္ထု =ခိုးအပ်သောဘဏ္ဍာ(ပစ္စည်းဥစ္စာ)

(၂) ကာလ =ခိုးရာအချိန်ကာလ။

(၃) ဒေသ =ပစ္စည်းခိုးယူရာအရပ်ဒေသ

(၄) အဂ္ဃ =ခိုးအပ်သောပစ္စည်း၏တန်ဘိုး

(၅) ပရိဘောဂ=ခိုးအပ်သောပစ္စည်း၏ သုံးဆောင်မှု–
မသုံးဆောင်မှု။

ဤကား ဒုတိယပါရာဇိကအတွက် **စဉ်းစားနှိုင်းချိန်ဖွယ်ရာ ငါးပါးတည်း။**

ပါရာဇိက-ဋ္ဌ+ပ ၂၆၄
ဝိနယသင်္ဂဟ+ဋ္ဌ ၃၁၃

အမှာ။ ။အဓိကရုဏ်းကို ငြိမ်းစေမည့် ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါပြ စကားတို့တွင်။

**ပထမ-ပဥ္စကသည်**

(၁) ဝိနည်းဓိုရ် ဂုဏ်အင်္ဂါပြ-ဒုတိယ-ပဥ္စကနှင့် လည်းကောင်း

(၂) တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါပြ ပထမ-ပဥ္စကနှင့် လည်းကောင်း တူလေသည်။

**ဒုတိယ-ပဥ္စကသည်**

(၁) ဝိနည်းဓိုရ် ဂုဏ်အင်္ဂါပြ တတိယ-ပဥ္စကနှင့်လည်းကောင်း

(၂) တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါပြ ဒုတိယ-ပဥ္စကနှင့် လည်းကောင်း တူချေသည်။

**ပဥ္စမ-ပဥ္စကသည်**

တရားသူကြီးတို့ ပြည့်စုံရမည့် ဂုဏ်အင်္ဂါပြ ဆဋ္ဌ-ပဥ္စကနှင့်တူသည်။

**စတုတ္ထ-ဝိနယကထာအကျယ်ကို**

ပါရာဇိက-ဋ္ဌ+ပ (၁၉၅)
ဝိနယသင်္ဂဟ+ဋ္ဌ (၃၁၉)တို့၌ရှုင်း

**ဩလောကေတဗ္ဗ-ဆဋ္ဌာနအကျယ်ကို**

ပါရာဇိက-ဋ္ဌ+ပ (၂၀၀)
ဝိနယသင်္ဂဟ+ဋ္ဌ (၃၂၅)တို့၌ရှုင်း

ဆုံးဖြတ်ရာဝယ် နိုင်းချိန်ဖွယ်အကျယ်ကို

ပါရာဇိက-ဋ္ဌ+ပ (၂၆၅-၆-၇)
ဝိနယသင်္ဂဟ+ဋ္ဌ (၃၁၃)တို့၌ရှုင်း

ရှုတော်မူကြပါကုန်ဘုရား။

## ဝိနည်းကျမ်းဂန် ကျမ်းကျင်မှု

၁၃၄၂-ခုနှစ် တပို့တွဲလဆန်း (၅) ရက်၊
(၉-၂-၈၁) တနင်္လာနေ့။

**ဆုံးဖြတ်ရာဝယ် သိထားဖွယ်**

**ဆုံးဖြတ်ရာတွင် မဆောလျင်နှင့်—**

လေးပါးအပြားရှိသော ဝိနည်း၌ လိမ္မာသော ဝိနည်းဓိုရ်လက္ခဏာ သုံးပါးနှင့် ပြည့်စုံသည့် အနုဝိဇ္ဇက ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော ခြောက်ဌာနတို့ကို ကြည့်ရှုစိစစ်ခါ ဆုံးဖြတ်လျှင် အဓိကရဏ်းကို ငြိမ်းအေးစေနိုင်ပေလိမ့်မည်။

ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အဆုံးအဖြတ်သည် တပါးသော ပုဂ္ဂိုလ်တို့ မတားမြစ် မပိတ်ပင်နိုင်သော အဆုံးအဖြတ် ဖြစ်ပေမည်၊

သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်တိုင် သီတင်းသုံးတော်မူ၍ ဆုံးဖြတ်အပ်သော အဆုံးအဖြတ်နှင့်တူသည့် အဆုံးအဖြတ်မျိုး ဖြစ်ပေလိမ့်မည်၊

(အရှင်ဥပါလိ၏ ဘာရုကစ္ဆကဝတ္ထု အဆုံးအဖြတ်များကဲ့သို့)

ထို ဝိနည်းဓိုရ်ပုဂ္ဂိုလ်မျိုးထံသို့ သိက္ခာပုဒ်ကို လွန်ကျူးမိသောရဟန်း တပါးပါးက လာရောက်ချဉ်းကပ်ခါ မိမိ၏ သံသယကုက္ကုစ္စကို မေးလာခဲ့အံ့။

လာရောက် လျှောက်ထားသောရဟန်း၏ စကားကို ကောင်းစွာ မှတ်သားပြီး—

(၁) တကယ်လို့– အာပတ် မသင့်ဘူးဆိုလျှင် အာပတ်မသင့်–ဟု ပြောဆိုရမည်။

(၂) တကယ်လို့–အာပတ်သင့်နေပြီ ဆိုလျှင် အာပတ်သင့်သည်လို့ ပြောဆိုရမည်။

(၃) သင့်သည့်အာပတ်က – ဒေသနာဂါမ် အာပတ်ဖြစ်ခဲ့လျှင် ဒေသနာဂါမ်အာပတ်လို့ ပြောရမည်။

(၄) သင့်တဲ့အာပတ်က—ဝုဋ္ဌာနဂါမ်အာပတ်ဖြစ်နေလျှင် ဝုဋ္ဌာနဂါမ် အာပတ်လို့ ပြောရပါမည်။

(၅) တကယ်လို့များ ပါရာဇိကအာပတ် အရိပ်အရောင် ထင်လာပြီဆိုပါတော့၊ ပါရာဇိက – ကျနေပြီလို့ မြန်မြန်ဆန်ဆန် မပြောလိုက်ပါလင့်။

## မပြောရမည့် အကြောင်းကား

ပါရာဇိကလေးပါးတို့တွင်–မေထုန ဝိတိက္ကမသိက္ခာပုဒ်နှင့် ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်နှစ်ပါးကား ရှုန့်ရင်း၏ ကြမ်းတမ်း၏ သိလွယ်ပါ၏၊ အဒိန္နာဒါန သိက္ခာပုဒ်နှင့် မနုဿဝိဂ္ဂဟသိက္ခာပုဒ်နှစ်ပါးတို့မှာ သိမ်မွေ့နူးညံ့ကြပါကုန်၏။

သိမ်မွေ့နူးညံ့စွာဖြင့်ပင် အာပတ်သင့်ခြင်းသို့ ရောက်နိုင်ပါကုန်၏၊

သိမ်မွေ့နူးညံ့စွာဖြင့်ပင် အာပတ်မှ လွတ်နိုင်ကြပါကုန်၏၊

ထိုသို့ သိမ်မွေ့နူးညံ့လှသည့်အတွက်–ဆောဆောလျင်လျင် အာပတ်သင့်ပြီ–ပါရာဇိကသို့ ရောက်ပြီ–ပါရာဇိကကျပြီ–လို့ မပြောပါနှင့်ဟု မိန့်ဆိုခြင်း ဖြစ်ပေသည်—

(၁) ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဆရာတော်သည် တကယ်လို့များ သက်တော်ထင်ရှား ရှိနေသေးသည် ဆိုပါတော့။

ဝိနည်းဓိုရ်ပုဂ္ဂိုလ်က တပည့်တော်များ၏ ဆရာတော်သည် ဘယ်အရပ်မှာ ရှိလေရဲ့၊ တပည့်တော်များ ဆရာတော်ထံသို့ သွားရောက်ခါ မေးမြန်းလျှောက်ထားပါလေဦး–ဟု ပြောကြား စေလွှတ်ရပါမည်။

ထို ကုက္ကုစ္စကရဟန်းက – ဝိနည်းဓိုရ်၏ ဆရာတော်ထံ– သွားရောက်မေးမြန်း လျှောက်ထားပြီး–နောက်ဘပ်တဖန် ပြန်လာခါ...,

အရှင်ဘုရား....အရှင်ဘုရားတို့၏ ဆရာတော်က – သုတ်အားဖြင့်ရင်း ဝိနည်းအားဖြင့်ရင်း–ကြည့်ရှု စစ်ဆေးခါ–**ကုစားကောင်းသည် ကုစားလို့ ရနိုင်ပါသေးသည်**ဟု....

အမိန့်ရှိကြောင်း လျှောက်ထားခဲ့သော်——

ငါ့ရှင်–ကောင်းပါပြီ။ တပည့်တော်တို့ဆရာ အမိန့်ရှိတိုင်း**သာ** ပြုလုပ် ဆောင်ရွက်ပါတော့–ဟု ပြောဆိုရပါမည်။

(၂) ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဆရာတော်သည် တကယ်လို့များ သက်တော်ထင်ရှား–မရှိတော့ဘူး– ဆိုကြပါစို့။

ထိုဆရာတော်၏အထံမှာ ဝိနည်းဓိုရ်ပုဂ္ဂိုလ်နှင့် (အတူတကွ)ဝိနည်း သင်ယူဖက်–ဆရာတူတပည့် ရှိနေခဲ့လျှင်....“တပည့်တော်များနှင့် အတူ တကွ–ဝိနည်းသင်ယူဖက် ဂဏပါမောက္ခ ဆရာတော်ဟာ ဘယ်အရပ်မှာ ရှိလေရဲ့။ ထိုဆရာတော်ထံသို့ သွားရောက်ခါ မေးမြန်းစုံစမ်းပါလေဦး”.... ဟု–ပြောဆိုရပါမည်။

ထိုဝိနည်း သင်ယူဖက် ဂဏပါမောက္ခ ဆရာတော်ကလည်း **ကုစား ကောင်းသေးသည် ကုစားလို့ ရနိုင်သေးသည်**ဟု–ဆုံးဖြတ်လိုက်ခဲ့လျှင်–

ငါ့ရှင်–ကောင်းပါပြီ–တပည့်တော်တို့ ဝိနည်းသင်ဖက် ဂဏပါမောက္ခ ဆရာတော် အမိန့်ရှိတိုင်းသာ–လိုက်နာပြုလုပ်ပါလေ....ဟု ပြောဆိုရ ပါမည်။

(၃) ဝိနည်းဓိုရ်ပုဂ္ဂိုလ်နှင့် ဝိနည်းသင်ယူဖက် ဆရာတူတပည့်လည်း မရှိဘူး ဆိုကြပါစို့—

သို့သော်–ဝိနည်းဓိုရ်ပုဂ္ဂိုလ်–တပည့်ထဲမှ–ဝိနည်းအရာ လိမ္မာတတ်သိ ပညာရှိတပည့်များ–ရှိခဲ့သော်....ကုက္ကုစ္စက ရဟန်းကို——

“ဤမည်သော ရဟန်းငယ်ထံသို့ သွားရောက်ခါ မေးမြန်းပါလေဦး” ဟု–ပြောဆိုပြီး တပည့်ရဟန်းငယ်ထံ စေလွှတ်ရပါမည်။

တပည့် ဝိနည်းတတ် ရဟန်းငယ်ကလည်း **"ကုစားကောင်းသော အာပတ်, ကုစားနိုင်သေးသောအာပတ်"**ဟု အဆုံးအဖြတ်ပေးခဲ့သော်-

"ငါ့ရှင် ကောင်းပါပြီ၊ ထိုရဟန်းငယ် ပြောဆိုတိုင်းသာ ပြုလုပ်ဆောင်ရွက်ပါလေတော့"ဟု ပြောဆိုရပါမည်။

(၁) ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဆရာတော်၊

(၂) ။ ဝိနည်းသင်ဖက် ဆရာတူရဟန်း၊

(၃) ။ တပည့်ရဟန်း—

အားလုံးတို့မှာ ပါရာဇိက အရိပ်အရောင်သာ ထင်နေကြပါပြီ ဆိုကြပါစို့ -ယင်းသို့ ထင်နေပါသော်လည်း ပါရာဇိကအာပတ်သို့ ရောက်ချေပြီ၊ ပါရာဇိကရဟန်း ဖြစ်ချေပြီဟု မပြောလိုက်ပါနှင့်ဦး။

ဘာကြောင့်။ ။ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ=မြတ်စွာဘုရားသခင်တို့ ပွင့်ထွန်းရာ ကာလ ဆိုတာ အလွန်တရာ ရနိုင်ခဲသည်။

တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ စ။

ရှင်အဖြစ်, ရဟန်းအဖြစ်က ထိုထက်အလွန် ရနိုင်ခဲသည်၏ အဖြစ်ကြောင့် ဆောဆောလျင်လျင် မပြောပါလေနှင့်ဟု မှာထားခြင်းဖြစ်ပေသည်။

ထိုပါရာဇိကအာပတ် အရိပ်အရောင် ထင်နေသော ရဟန်းကို—

ငါ့ရှင်....သင်သည် (၁) ဝိဝေကအရပ်ကို တံမြက်လှည်း

(၂) နေ့သန့်ခြင်းကို–နေကာ

(၃) မိမိသီလများကို သုတ်သင်လျက်

(၄) ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပါလေဟူ၍ ပြောဆိုစေလွှတ်ရမည်။

ထိုရဟန်း၏သီလ မပျက်စီးခဲ့လျှင်....

(၁) ကမ္မဋ္ဌာန်းအရိပ်အရောင် ထင်လိမ့်မည်၊ စပ်လိမ့်မည်၊

(၂) တေဘူမက သင်္ခါရတရားတို့သည် ထိုရဟန်း၏ ဉာဏ်၌ ထင်ထင်ရှားရှား ဖြစ်ပေါ်လာကုန်လိမ့်မည်။

(၃) ဥပစာရသမာဓိ, အပ္ပနာသမာဓိသို့ ရောက်သည့်အလား စိတ်၏ တည်ကြည်မှု ဖြစ်ပေလိမ့်မည်။

(၄) တနေ့ကုန်သော်လည်း ကုန်မှန်းမသိ ဖြစ်ပေလိမ့်မည်၊ တနေ့ လွန်မြောက် ကုန်ခြင်းသို့ ရောက်လေသော် (မိမိ) ဝိနည်းဓိုရ်ထံသို့ ခစားလာသော ကုက္ကုစ္စက ရဟန်းကို—

ငါ့ရှင် ငါ့ရှင်ရဲ့ စိတ်ဖြစ်ပုံက ဘယ်လိုနေသလဲ၊

ငါ့ရှင်ရဲ့စိတ်မှာ ဘယ်လိုဖြစ်နေသလဲ ဟု မေးမြန်းသောအခါ သူ (ကုက္ကုစ္စကရဟန်း)၏ စိတ်ဖြစ်ပုံ (စိတ်တည်ကြည်ပုံ) ကို လျှောက်ထားသော ကုက္ကုစ္စက ရဟန်းကို—

ငါ့ရှင် .... ရဟန်းဘဝဆိုတာ စိတ်စင်ကြယ်ခြင်းအကျိုးငှါ ဖြစ်ပေသည်၊ မဒမ့မလျော့ပဲ ရဟန်းတရားကိုသာ အားထုတ်ခြင်း ပြုပါလေ ဟု ပြောဆိုရမည်။

(ဤကား သီလမပျက်သေးသော ရဟန်းအတွက် ပြုဖွယ်တည်း)

**သီလပျက်စီးသော ရဟန်းဖြစ်ခဲ့လျှင်—**

ထိုရဟန်း၏ စိတ်သည် ကမ္မဋ္ဌာန်းနှင့် မဆက်စပ်၊ ကမ္မဋ္ဌာန်း၏ အရိပ်အရောင်မထင်၊ နှင်တံဖြင့် ထိုးခံရသကဲ့သို့ စိတ်သည် တုန်လှုပ်ခြင်းဖြစ်၏၊ နှလုံးမသာယာမှု မီးလောင်ခံရ၏၊ လွန်စွာပူသော ကျောက်ဖြာပေါ်၌ နေရသကဲ့သို့ ခဏချင်းဖြင့် ထ၏။ (ကြာကြာမနေနိုင်ဟု ဆိုလိုသည်)

ထိုသို့ဖြစ်သော ကုက္ကုစ္စကရဟန်းမျိုးကို သူ၏စိတ်ဖြင့်ပုံ မေးမြန်း၍ လျှောက်ထားသည့် အခါဝယ်–

ငါ့ရှင် .... (၁) လောကမှာ မကောင်းမှု ပြုလုပ်သူအတွက် ဆိပ်ရာ ကွယ်ရာ ထောင့်ရာ အနေပ်မရှိဘူး၊

(၂) မကောင်းမှု ပြုလုပ်တဲ့သူဟာ ကိုယ်ပြုလုပ်တဲ့ မကောင်းမှုကို သူတပါးတို့ထက် လက်ဦးဆုံး ကိုယ်က အလျင် သိကြသည်၊

(၃) ထိုနောက် အစောင့်အရှောက် နတ်များက သိကြသည်၊

(၄) ထိုနောက် သူတပါးစိတ်ကို သိလေ့ရှိကုန်သော နတ်တို့ သိကြသည်၊

(၅) ထိုနောက် ရဟန်းပုဏ္ဏားတို့က သိကြသည်၊

(၆) တခြားတပါးသော နတ်တွေလဲ သိကြပေသည်။

ဒါကြောင့် ယခုအခါမှာ ငါ့ရှင်သည်သာ ငါ့ရှင်ရဲ့ချမ်းသာကို ရှာပါလေတော့ဟု ပြောဆိုလွှတ်ရပါမည်။

(ဤကား သီလပျက်သောရဟန်းအား ပြောဆိုရမည့်စကားတည်း။)
ပါရာဇိက–ဋ္ဌ–ပ၊၂၀၁၊၂၀၂။
ဝိနယသင်္ဂဟ–ဋ္ဌ–၃၂၅–၆။

**ပုဂ္ဂိုလ်အလိုက် ဆုံးဖြတ်ထိုက်**

ပုဂ္ဂိုလ်အနေအားဖြင့် စောဒနာပုံမှာ—

(၁) အလဇ္ဇီ ပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်အား စောဒနာခြင်းတမျိုး၊

(၂) လဇ္ဇီ ပုဂ္ဂိုလ်က အလဇ္ဇီပုဂ္ဂိုလ်အား စောဒနာခြင်းတမျိုး၊

(၃) အလဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်အား စောဒနာခြင်း တမျိုး၊

(၄) လဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်အား စောဒနာခြင်းတမျိုး အားဖြင့် လေးမျိုး လေးစား ရှိပေသည်။

(က) ထိုလေးမျိုး လေးစားတို့တွင် **အလဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်အား စောဒနာသော** အဓိကရုဏ်းမျိုး၌ စောဒက အလဇ္ဇီပုဂ္ဂိုလ်သည် ဝိနည်းအရာ၌ မလိမ္မာသော ဗာလ အဗျတ္တပုဂ္ဂိုလ်မျိုး ဖြစ်နေပါသော်လည်း ထိုအလဇ္ဇီ ပုဂ္ဂိုလ်မျိုးအား ဝိနည်းမိုရ်ပုဂ္ဂိုလ်က စောဒနာပုံ စောဒနာနည်းကို ဘယ်သောအခါမှ မပေးသင့် မပေးထိုက်။

(မှန်ပါ၏–အလဇ္ဇီ ပုဂ္ဂိုလ်သည် ဗဟုသုတ ရှိပါသော်လဲ လာဘ်ကို အလေးထားသည်၏အဖြစ်ဖြင့် ပါဠိတော်အစဉ်ကို ချိုးယွင်း ဖောက်ပြန်စေလျက် တရားမဟုတ်-ဝိနည်းမဟုတ်- မြတ်စွာဘုရား အဆုံးအမ မဟုတ်သည်ကို ထင်စွာပြ၍ သာသနာတော်၌ ကြီးမားလှစွာသော ဘေးရန်ကို ပြုတတ်ပေ၏။ သံဃာကွဲပြားခြင်းကိုရင်း၊ သံဃာ ကွဲအက်ကြောင်းကိုရင်း ဖြစ်စေတတ်ပါ၏။)

ပါရာဇိက ဠ-ပ-၁၉၉။
ဝိနယသင်္ဂဟ-ဠ ၃၂၃။

ထို့ကြောင့် အလဇ္ဇီအား နည်းလမ်းပေးမှု ဘယ်သော အခါမှ မပြုမိစေရာ။

နည်းလမ်း မပေးရသော်လည်း ထိုအလဇ္ဇီဗာလ စောဒကကို

ကိမှိ နံ စောဒေသိ=အဘယ်အကြောင်း (အပြစ်)ကြောင့်—

ထိုပုဂ္ဂိုလ်ကို စောဒနာသလဲဟု မေးရမည်။

စောဒကအလဇ္ဇီဗာလ က=ကိမ်ိဒံ ဘန္တေ ကိမှိ နံ နာမ၊

အရှင်ဘုရား–ဒီ ကိမှိ နံ နာမ-ဆိုဒါ ဘာလဲလို့ ကေန္တ ပြန်မေးလိမ့်မည်၊

ထိုသို့ မေးသောအခါ ဝိနည်းမိုရ်ပုဂ္ဂိုလ်က—

"သင်ဟာ-ကိမ္ပိ နံ- ဆိုဒါလောက်သော်မှ မသိ၊
သင့်လို-မလိမ္မာ မိုက်မဲစွာသော ပုဂ္ဂိုလ်မျိုးသည် သူတပါးကို စောဒနာခြင်းငှါ မသင့်-မလျော်-မလျောက်ပတ်" -

ဟု-ပြောဆိုပြီး စောဒနာခွင့်မပေးပဲ လွှတ်လိုက်ရမည်။

တကယ်လို့များ ထိုအလဇ္ဇီစောဒကပုဂ္ဂိုလ်က ဝိနည်းအရာ လိမ္မာလှစွာသော ဗျတ္တ-ပဏ္ဍိတပုဂ္ဂိုလ် ဖြစ်နေသည့်အတွက် မြင်ခြင်းဖြင့်ရင်း၊ ကြားခြင်းဖြင့်ရင်း၊ ပြည့်စုံစွာ ပြောဆိုခြင်းငှါ စွမ်းနိုင်ခဲ့သော် ထိုပုဂ္ဂိုလ်အား စောဒနာခွင့်ပေးပြီး လဇ္ဇီ စုဒိတက ပုဂ္ဂိုလ်၏ ပဋိညာဏ်ဝန်ခံမှုဖြင့်သာ အမှုကို ဆုံးဖြတ်ခြင်း ပြုရမည်။

ဤကား – အလဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်ကို စောဒနာရာ၌ ဆုံးဖြတ်ရပုံတည်း။

ပါရာဇိက+ဌ+ဒု-(၁၇၅)။
ဝိနယဂ်ဟ+ဋ္ဌ-(၃၁၁)။

(၁) လဇ္ဇီပုဂ္ဂိုလ်က အလဇ္ဇီပုဂ္ဂိုလ်အား စောဒနာမှုပြုရာ၌

လဇ္ဇီ စောဒက ပုဂ္ဂိုလ်သည် နောက်၌ ဆိုခဲ့ပြီးသည့် အတိုင်း ဝိနည်းအရာ မကျွမ်းကျင် မလိမ္မာသော ဗာလ အဗျတ္တပုဂ္ဂိုလ်မျိုး ဖြစ်နေခဲ့သော် ဝိနည်းမိုရ်ပုဂ္ဂိုလ်က စောဒနာပုံ စောဒနာနည်း ဖြေဆိုပုံ ဖြေဆိုနည်းများကို သင်ကြားပေးရမည်။

ဘာကြောင့် သင်ကြား ပေးရသနည်း (လဇ္ဇီပုဂ္ဂိုလ်သည် ဝိနည်း၌ ကုက္ကုစ္စရှိသည်ဖြစ်၍ သိက္ခာသုံးပါးကို အလိုရှိလျက် အသက်ဟူသော အကြောင်းကြောင့်သော်လည်း ပါဠိတော်ကို မချွတ်ယွင်းစေပဲ တရားဟုတ်သည်ကိုသာ ဝိနည်းဟုတ်သည်ကို သာလျှင် ပြတတ်ပေ၏။ မြတ်စွာဘုရား သာသနာတော်ကို အလေးထားလျက် တည်တံ့အောင် ပြုတတ်ပေ၏။ ထိုကြောင့်

ပင် ရှေး မဟာထေရ်ကြီးတို့သည် "အနာဂတေ လဇ္ဇီ ရက္ခိဿ-တိ-ဟူသော စကားကို သုံးကြိမ်တိတိ မြွက်ကြားတော်မူဘိကုန်သည်။

ဤသို့လျှင် လဇ္ဇီပုဂ္ဂိုလ်သည် ဝိနည်းကို မစွန့်လွှတ် ဝိနည်းမှ မရှောင် မလွှဲ မဖဲ မကြဉ်မူ၍ လဇ္ဇီအဖြစ်ဖြင့် ဝိနည်းသာသနာတော်၌ တည်တတ်သောကြောင့် လဇ္ဇီပုဂ္ဂိုလ်အား နည်းပေးလမ်းပြ ပြုပေးသင့်ပါသည်။)

ပါရာဇိက-ဋ္ဌ-ပ-၁၉၉။

လဇ္ဇီစောဒကပုဂ္ဂိုလ်သည် ဝိနည်းဓိုရ်၏ နည်းနာ နယပေးမှုကြောင့်ရင်း၊ ပင်ကိုယ်မူလကပင် ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ပညာရှိဖြစ်၍ရင်း၊ ထောက်ရာ တည်ရာ မှီခိုရာ ရရှိသည်ဖြစ်၍ ပြောဆိုပင် ပြောဆိုပါသော်လည်း

အလဇ္ဇီ စုဒိတက ပုဂ္ဂိုလ်က—

တေမ္ပိ နတ္ထိ=သင်စောဒက ပြောဆိုသော အလုပ်ကိစ္စမျိုး ငါ့မှာမရှိ၊

တေမ္ပိ နတ္ထိ=သင်စောဒက စွပ်စွဲသော အမှုမျိုး ငါ့မှာမရှိ ဟူ၍—

ဗူးတလုံးဆောင်ခါ ဝန်ခံမှု ပဋိညာဉ်မပေးသော အမှုမျိုးဖြစ်နေခဲ့လျှင် စုဒိတက၏ဝန်ခံမှု ပဋိညာဉ်ဖြင့်သာ ဆုံးဖြတ်ရမည်။

လဇ္ဇီပုဂ္ဂိုလ်က စောဒနာအပ်သော အလဇ္ဇီစုဒိတကပုဂ္ဂိုလ်သည် ခိုင်လုံသော သက်သေ အထောက်အထား မြောက်မြားစွာ ရှိနေသည်ဖြစ်ပါလျက် ဝန်ခံမှု ပဋိညာဉ် မပေးပဲ နေခဲ့သော်—

ထို အလဇ္ဇီ စုဒိတကပုဂ္ဂိုလ်မျိုးကို
**နေဝ သုဒ္ဓ န အသုဒ္ဓ- ပုဂ္ဂိုလ်ဟူ၍သာ**
ပြောဆိုဆုံးဖြတ်ရပါမည်။

ထို အလဇ္ဇီ စုဒိတက ပုဂ္ဂိုလ်မျိုးကား

အသက်ရှင်နေပါသော်လည်း သေနေသောပုဂ္ဂိုလ်၊ အပြင်ဘက်က စိမ်းနေပါသော်လည်း အတွင်းက ပုတ်နေသော သစ်သီးနှင့်တူသော ပုဂ္ဂိုလ်မျိုး - ဟူ၍သာ ဆိုစရာရှိပါတော့သည်။

ပါရာဇိက+ဋ+ဒု- (၁၇၆)။
ဝိနယသင်္ဂဟ+ဋ (၃၁၂)။

(ဂ) အလဇ္ဇီပုဂ္ဂိုလ်က အလဇ္ဇီပုဂ္ဂိုလ်ကို စောဒနာမှုပြုရာဝယ်—

ဝိနည်းမိုရ်ပုဂ္ဂိုလ်က စောဒကပုဂ္ဂိုလ်ကို....

"ငါ့ရှင်-သင်ရဲ့စောဒနာစကားဖြင့် ဒီ စုဒိတကပုဂ္ဂိုလ်ဟာ ဘယ်စကားမျိုးကိုပြောဆိုခြင်းငှါ တတ်နိုင်ပါ့မလဲ" ဟူ၍ရင်း -

စုဒိတကပုဂ္ဂိုလ်ကိုလဲ ထိုနည်းတူစွာသာလျှင်

"ငါ့ရှင် စုဒိတက–သင်ရဲ့ ချေပစကားမျိုးဖြင့် ဒီစောဒကပုဂ္ဂိုလ်ဟာ ဘယ်စကားမျိုးကို ပြောဆိုခြင်းငှါ တတ်နိုင်ပါ့မလဲ"....ဟူ၍ရင်း ပြောဆိုပြီး "ငါ့ရှင်တို့ - သင်စောဒက - စုဒိတကတို့သည် ကေသမ္ဗောဂ ပရိဘောဂ - ရှိကြကုန်သည်ဖြစ်၍ အသက်မွေးကြ အသက်ရှင်ကြပါကုန် လေလော့" ဟု ပြောဆိုခါ လွှတ်လိုက်ရပါမည်။

သီလတည်းဟူသော အကျိုးငှါ ထိုအလဇ္ဇီ စောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ်တို့အား အဆုံးအဖြတ် မပေးထိုက်ပေ။

သို့သော်-သပိတ်-သင်္ကန်း-ပရိက္ခရာ အစရှိသည်တို့ အကျိုးအတွက်မူ သင့်လျော် လျောက်ပတ်သော သက်သေကို ရရှိခဲ့ပါသော် (ထိုသပိတ် သင်္ကန်း ပရိက္ခရာ အစရှိသည်တို့အတွက်)အဆုံးအဖြတ်ပေးသင့် ပေးထိုက်ပါသေးသည်။

**(ဃ) လဇ္ဇီပုဂ္ဂိုလ်က လဇ္ဇီပုဂ္ဂိုလ်အား စောဒနာမှုပြုရာ၌**

ထိုလဇ္ဇီ စောဒကပုဂ္ဂိုလ် လဇ္ဇီ စုဒိတကပုဂ္ဂိုလ်တို့အား တစုံတခုသော အမှုကိစ္စ၌ ဖြစ်သော ငြင်းခုံမှုသည် နည်းနည်းပါးပါးဖြစ်ခဲ့သော် စောဒက စုဒိတကပုဂ္ဂိုလ်ချင်း သိအောင်ပြုပြီး

"ငါ့ရှင်တို့ ဒီလို မလုပ်ကြပါနဲ့"ဟု ပြောဆိုခါ အပြစ်ကို ဒေသနာ ကြားခိုင်းပြီး လွှတ်လိုက်ရပါမည်။

(စုဒိတကပုဂ္ဂိုလ် လျင်မြန်စွာ ချီယွင်းဖောက်ပြန်ပြီး မိမိအသင်း အပင်းကို စောင့်ရှောက်လိုသည့်အတွက် ပဋိညာဏ်ဝန်ခံမှုမပြုရာ၌ အဆုံး အဖြတ်မပေးရပုံကို အဋ္ဌကထာ၌ ဆက်ရှုပါလေ)။

ပါရာဇိက-ဋ္ဌ-ဒု ၁၇၆-၁၇၇။
ဝိနယသင်္ဂဟ-ဋ္ဌ-၃၁၁-၃၁၂။

ပါဠိ* အဋ္ဌကထာဉ္စ၊ သာရမိပ္ပါယမသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။
ပါရာဇိက+ဋ္ဌ+ပ (၃၄၆)။

ဤမျှတိုင် အနုဝိဇ္ဇက ဝိနည်းဓိုရ်နှင့် ပတ်သက်၍ မှတ်ဖွယ်ရာရာ ပြီးဆုံးပါသတည်း။

**မှတ်သားချက်။**

(၁) ဝိနည်းဓိုရ်လက္ခဏာသုံးပါး အဖွင့်ကို-
သာရတ္ထ+ဒု+(၄၉)
ဝိနယာလင်္ကာရ+ဒု (၁၉၃)တို့၌ရှင်း၊

(၂) ပါရာဇိကအာပတ်ဟု လျင်မြန်စွာ မဆုံးဖြတ်ရပုံ အဖွင့်

(၃) သီလသုမ်သင်ပုံ

ဒွတ္တိံ သာကာရ-နှလုံးသွင်းပုံတို့ကို—

သာရတ္ထ+ဒု-(၅၀)
ဝိနယာလင်္ကာရ+ဒု (၁၉၄-၅)တို့၌ရှင်း၊

(၄) စေတနာ လေးမျိုး အဖွင့်ကို—

သာရတ္ထ+ဒု (၃၅၁)
ဝိနယာလင်္ကာရ+ဒု (၁၆၆-၇-၈) တို့၌ရှင်း

ကြည့်ရှုတော်မူကြပါဘုရား။

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခု၊ တပို့တွဲလဆန်း(၆)ရက်
(၁၀-၂-၈၁)အင်္ဂါနေ့။

**စောဒကပုဂ္ဂိုလ်**

စောဒေတီတိ စောဒကော = ပါစိတျာဒိယောဇနာ ၅၆၆။

စောဒေတီတိ စောဒကော = အပရာမ ပကာသကော။
ဝိနယာလင်္ကာရဋီ-ဒု ၁၆၄။

စောဒေတိ ပရဿ ဒေါသံ အာရောပေတီတိ စောဒကော။
ပါစိတျာဒိ-ယောဇနာ ၁၂၁။

စောဒကော နာမ ယော ဝတ္ထုနာ ဝါ အာပတ္တိယာ ဝါ ပရံ စောဒေတိ။
ပရိဝါ-ဋ္ဌ ၁၅၀။

**စောဒက၏ ပမာဏ**

စောဒကဿ ပမာဏန္တိ ဓမ္မောတိ ဝါ အဓမ္မောတိ ဝါ ဗာလောတိ ဝါ ပဏ္ဍိတောတိ ဝါ စောဒကဿ ပမာဏံ–ဟူသည်နှင့်အညီ—

**စောဒကပုဂ္ဂိုလ်သည်**

(၁) ဓမ္မစောဒကပုဂ္ဂိုလ်၊
(၂) အဓမ္မစောဒကပုဂ္ဂိုလ်၊
(၃) ဗာလစောဒကပုဂ္ဂိုလ်၊
(၄) ပဏ္ဍိတစောဒကပုဂ္ဂိုလ်-အားဖြင့် လေးမျိုးလေးစားရှိပေသည်။

ဤလေးမျိုးလေးစားသည်ပင် စောဒကပုဂ္ဂိုလ်၏ ပမာဏတည်း။
(ဤလေးမျိုးကို နှိုင်းချိန်စဉ်းစားရမည်ဟု ဆိုလိုသည်။)
ပါစိတျာဒိ-ယောဇနာ(၆၀၃)။

**စောဒကပုဂ္ဂိုလ်နှစ်မျိုး**

**အစမ္မစောဒကပုဂ္ဂိုလ်**

(၁) သံဃာ့အလယ် စသော မလျောက်ပတ်သောအခါ စောဒနာခြင်း၊

(၂) မဟုတ်မမှန်သောအားဖြင့် စောဒနာခြင်း၊

(၃) ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် စောဒနာခြင်း၊

(၄) အကျိုးစီးပွားနှင့် မစပ်သောအားဖြင့် စောဒနာခြင်း၊

(၅) ဒေါသစိတ် ရှိသည်ဖြစ်၍ စောဒနာခြင်း၊

(၆) မေတ္တာစိတ် မရှိသည်ဖြစ်၍ စောဒနာခြင်း။

ဤလက္ခဏာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို အစမ္မစောဒကပုဂ္ဂိုလ်ဟု ဆိုအပ်၏။

**ဓမ္မစောဒကပုဂ္ဂိုလ်**

(၁) အခွင့်တောင်းသဖြင့် လျောက်ပတ်သောအခါ၌ စောဒနာခြင်း၊

(၂) ဟုတ်မှန်သောအားဖြင့် စောဒနာခြင်း၊

(၃) နူးညံ့သိမ်မွေ့သောအားဖြင့် စောဒနာခြင်း၊

(၄) အကျိုးစီးပွားနှင့်စပ်သောအားဖြင့် စောဒနာခြင်း၊

(၅) မေတ္တာနှင့်ယှဉ်သောစိတ် ရှိသည်ဖြစ်၍ စောဒနာခြင်း၊

(၆) ဒေါသနှင့်မယှဉ်သောစိတ် ရှိသည်ဖြစ်၍ စောဒနာခြင်း။

ဤလက္ခဏာ ၆-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဓမ္မစောဒကပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ပရိဝါပါဠိ (၂၀၀)

**ဗာလစေဒကပုဂ္ဂိုလ်**

(၁) ရှေ့ဆိုအပ်သောစကား၊ နောက်ဆိုအပ်သောစကားကို မသိခြင်း၊

(၂) ရှေ့ဆိုအပ်သောစကား၊ နောက်ဆိုအပ်သောစကား၌ မလိမ္မာခြင်း၊

(၃) ကထာနုသန္ဓေ၊ ဝိနိစ္ဆယာနုသန္ဓေ စကားကို မသိခြင်း၊

(၄) ကထာနုသန္ဓေစကား၊ ဝိနိစ္ဆယာနုသန္ဓေစကား၌ မလိမ္မာခြင်း။

ဤလက္ခဏာ ၄-ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဗာလစေဒကဟု ဆိုအပ်၏။

**ပဏ္ဍိတစေဒကပုဂ္ဂိုလ်**

(၁) ရှေ့ဆိုအပ်သောစကား၊ နောက်ဆိုအပ်သောစကာကို သိခြင်း၊

(၂) ရှေ့ဆိုအပ်သောစကား၊ နောက်ဆိုအပ်သောစကား၌ လိမ္မာခြင်း၊

(၄) ကထာနုသန္ဓေစကား၊ ဝိနိစ္ဆယာနုသန္ဓေစကားကို သိခြင်း၊

(၄) ကထာနုသန္ဓေစကား၊ ဝိနိစ္ဆယာနုသန္ဓေစကား၌ လိမ္မာခြင်း။

ဤလက္ခဏာ ၄-ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ပဏ္ဍိတစေဒကဟု ဆိုအပ်၏။

**စေဒကရဟန်းတို့ မိမိသန္တာန်၌ ဆင်ခြင်အပ်သောတရား**

(၁) ငါသည် စင်ကြယ်သော ကိုယ်အကျင့်ရှိသူဖြစ်သလော-ဟု ဆင်ခြင်ခြင်း၊

(၂) သန့်ရှင်းစင်ကြယ်သော အပေါက်မရှိသော လိုရာသို့ဆွဲငင်ခြင်းငှါ စွမ်းနိုင်သော ကိုယ်အကျင့်နှင့် ပြည့်စုံသူဖြစ်၏လော-ဟု ဆင်ခြင်ခြင်း၊

(၃) ငါ့အား ဤကာယသမာစာရတရားရှိသလော-ဟု ဆင်ခြင်ခြင်း၊

(၄) ငါ့အား ဤကာယသမာစာရတရား မရှိသလော-ဟု ဆင်ခြင်ခြင်း၊

(၅) ငါ့အား ဤတရားတို့နှင့် မပြည့်စုံခဲ့သော် ငါ့ရှင်သည် ကိုယ်ကျင့်တရားကို ကျင့်ပါဦး-ဟု သူတပါးတို့က ကဲ့ရဲ့ပြောဆိုတတ်သူတို့ ရှိကုန်၏-ဟု ဆင်ခြင်ခြင်း။

ဤတရားငါးပါးကား စောဒကရဟန်းတို့ မိမိသန္တာန်၌ ဆင်ခြင်အပ်သော တရားငါးပါး ဖြစ်ပါသည်။

ကျန်သော ပဉ္စကလေးပါးတို့ကို ပါဠိတော်၌ ကြည့်ရှုနိုင်ပါသည်။

ပရိဝါပါဠိ (၃၂၈)
အင်္ဂုတ္တရပါဠိ (တ) (၃၁၈)

**စောဒကရဟန်းတို့ မိမိသန္တာန်၌ နှလုံးသွင်းအပ်သောတရား**

(၁) စုဒိတကပုဂ္ဂိုလ်အပေါ်၌ သနားသဖြင့် နှလုံးသွင်းခြင်း၊

(၂) စုဒိတကပုဂ္ဂိုလ်၏ အစီးအပွားကို ရှာသည့်အဖြစ်၌ နှလုံးသွင်းခြင်း၊

(၃) စုဒိတကပုဂ္ဂိုလ်၏ အစီးအပွားနှင့် ယှဉ်သည်အဖြစ်၌ နှလုံးသွင်းခြင်း၊

(၄) စုဒိတကပုဂ္ဂိုလ်အား အာပတ်မှ ထစေလိုသည်အဖြစ်၌ နှလုံးသွင်းခြင်း၊

(၅) စုဒိတကပုဂ္ဂိုလ်အား ဝိနည်းကို ရှေ့ရှုစေလိုသည်အဖြစ်၌ နှလုံးသွင်းခြင်း၊

ဤတရားငါးပါးကား စောဒကရဟန်းတို့ မိမိသန္တာန်၌ နှလုံးသွင်းအပ်သော တရားငါးပါး ဖြစ်ပါသည်။

စူဠဝဂ္ဂပါဠိ (၄၃၉)
ပရိဝါပါဠိ (၃၃၀)

**စောဒနာလိုက ခွင့်တောင်းကြ**

နှ ဘိက္ခဝေ (ပ) အာပတ္တိ ဒုက္ကဋဿ-ဟူသော ပါဠိတော်အရ စောဒနာခွင့် မပြုသောရဟန်းကို အာပတ်ဖြင့် စောဒနာခဲ့လျှင် ဒုက္ကဋ် အာပတ်သင့်ခြင်းကြောင့် အာပတ်ဖြင့် စောဒနာလိုသော ရဟန်းသည် စောဒနာခွင့်ကို တောင်းရမည်။

**စောဒနာခွင့် တောင်းပုံ**

"ကရောတု အာယသ္မာ ဩကာသံ အဟံ တံ ဝတ္တုကာမော၊ တပည့်တော်သည် အရှင်ဘုရားကို အာပတ်ဖြင့် စောဒနာလိုပါ၏ အရှင်ဘုရား၊ (တပည့်တော်အား) အာပတ်ဖြင့် စောဒနာခွင့် ပြုတော်မူပါ"ဟု အခွင့်တောင်းရမည်။

**ပုဂ္ဂိုလ်ကြည့်ခါ စောဒနာ**

စောဒနာခွင့် ပေးပါသော်လည်း ရန်ငြိုးဖွဲ့ခြင်းစသော အကြောင်းကြောင့်"အနုဇာနာမိ ဘိက္ခဝေ ကတေပိ ဩကာသေ ပုဂ္ဂလံ တုလယိတွာ အာပတ္တိယာ စောဒေတုံ"အရ ပုဂ္ဂိုလ်ကို နှိုင်းချိန်ခါ စောဒနာရမည်။

**အပြစ်ကင်းက ခွင့်မရ**

စောဒနာခွင့်တောင်းရမည်ဟု ဆိုသော်လည်း ပုဂ္ဂိုလ်မြင်တိုင်း မတောင်းရ၊ သီလစင်ကြယ်ကုန်သော အာပတ်မရှိကြကုန်သည့် ရဟန်းတော်တို့အား ဝတ္ထုမဟုတ်ရာ အကြောင်းမဟုတ်ရာ၌ စောဒနာလိုသဖြင့် စောဒနာခွင့် တောင်းခဲ့လျှင်—

န ဘိက္ခဝေ သုဒ္ဓါနံ (လ) အာပတ္တိဒုက္ကဋဿ-အရ ဒုက္ကဋ်အာပတ်သင့်လေတော့သည်။

ထို့ကြောင့် အာပတ်ဖြင့် ခေါဒနာခွင့်ကို ပုဂ္ဂိုလ်ကို နှိုင်းချိန်ကာ တောင်းရမည်။

မဟာဝဂ္ဂ+ပါ ၁၅၄
ရင်း+ ၅ ၃၄၀
ဝိနယသင်္ဂဟ+၅ ၄၅၉-၄၆၀

**စောဒနာခွင့် ပေးသင့်-မပေးသင့်သောပုဂ္ဂိုလ်**

**စောဒနာခွင့် မပေးသင့်သောပုဂ္ဂိုလ်**

(၁) **အရှက်လည်းမရှိခြင်း၊**

(၂) မသိ မလိမ္မာ မိုက်မဲလည်း မိုက်မဲခြင်း၊

(၃) ပကတတ်ရဟန်းလည်း မဟုတ်ခြင်း၊ ဝါ၊ ပကတိသောသီလလည်းမရှိခြင်း၊

(၄) သာသနာတော်မှ ရွှေလျောစေလိုသည် ဖြစ်၍လည်း ပြောဆိုခြင်း၊

(၅) အာပတ်မှ ထစေလိုသည်ဖြစ်၍လည်း မပြောဆိုခြင်း၊

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို စောဒနာခွင့်တောင်းသော်လည်း မပေးသင့်။

**စောဒနာခွင့် ပေးသင့်သောပုဂ္ဂိုလ်**

(၁) မကောင်းမှုမှ ရှက်လည်း ရှက်တတ်ခြင်း၊

(၂) အသိ အလိမ္မာ ဉာဏ်ပညာလည်းရှိခြင်း၊

(၃) ပကတိသော သီလလည်းရှိခြင်း၊

(၄) အာပတ်မှ ထစေလိုသည် ဖြစ်၍လည်း ဆိုတတ်ခြင်း၊

(၅) သာသနာတော်မှ ရွေ့လျောစေလိုသည် ဖြစ်၍လည်း မဆိုတတ်ခြင်း၊

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မျိုးကို စောဒနာခွင့် တောင်းခံသော် ပေးရမည်။

ပရိဝါ+ပါ ၃၂၆+၃၂၇
ရင်း+ဋ္ဌ ၂၁၉

(၁) ဓမ္မစောဒက- ဗာလ စောဒကနှင့် သက်ဆိုင်ရာ အဖွင့်ကို—
စူဠဝဂ္ဂ+ဋ္ဌ (၂၀၁)၌ရင်း၊

(၂) စောဒနာရာ၌ အလိုဆန္ဒအမျိုးမျိုးကို—
ဝိနယသင်္ဂဟ+ဋ္ဌ (၄၅၉)(၄၆၀)
ဝိနယာလင်္ကာရ+ဋီ-ဒု (၃၉၃)၌ရင်း၊

(၃) စောဒနာခွင့် တောင်းမှုကို–
မဟာဝဂ္ဂ+ဋ္ဌ (၃၄၀)
ဝိနယသင်္ဂဟ+ဋ္ဌ (၄၆၀)တို့၌ရင်း၊

ကြည့်ရှုတော်မူကြပါကုန်ဘုရား။

# ဝိနည်းကျမ်းဝင် ကျွမ်းကျင်မှု

၁၃၄၂-ခု၊ တပို့တွဲလဆန်း(၇)ရက်၊

(၁၁-၂-၈၁)ဗုဒ္ဓဟူးနေ့။

စောဒကပုဂ္ဂိုလ်ကျင့်ဝတ်

(၁) သံဃာ မဏ္ဍ စသော မသင့်တော် မလျောက်ပတ်သောအခါမျိုး၌ မဆိုမူ၍ အခွင့်တောင်းသောအားဖြင့် သင့်တော်လျောက်ပတ်သောအခါမျိုး၌သာ ပြောဆိုရခြင်း။

(၂) မဟုတ်မမှန်သော အကြောင်းဖြင့် မဆိုမူ၍ ဟုတ်မှန်သော အကြောင်းဖြင့်သာ ပြောဆိုရခြင်း။

(၃) ကြမ်းတမ်းခက်ထန်သော စကားဖြင့် မဆိုမူ၍ သိမ်မွေ့နူးညံ့သော စကားဖြင့်သာ ပြောဆိုရခြင်း။

(၄) အကျိုးစီးပွားနှင့်မစပ်သော(ဝါ)အကျိုးမဲ့ကို ဖြစ်စေတတ်သော (ဝါ)အကြောင်းမရှိသော စကားဖြင့် မဆိုမူ၍ အကျိုးစီးပွားနှင့် စပ်သော(ဝါ)မွန်မြတ်ဂုဏ်ထူး အကျိုးကျေးဇူးကို ဖြစ်စေတတ်သော (ဝါ)အကြောင်းကို မှီသော စကားဖြင့်သာ ပြောဆိုရခြင်း။

(၅) ဒေါသနှင့်ယှဉ်သော စိတ်ရှိသောအားဖြင့် မဆိုမူ၍ မေတ္တာနှင့် ယှဉ်သော စိတ်ရှိသောအားဖြင့်သာ ပြောဆိုရခြင်း။

ဤ တရားငါးပါးတို့သည် စောဒကပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်တရားတို့ ပါတည်း။

စူဠဝဂ္ဂပါဠိ (၄၃၇)
ပရိဝါရပါဠိ (၂၈၃) (၃၃၀)
ပါရာဇိက+ဋ္ဌ-ဒု (၁၇၇)
ဝိနယာသင်္ဂဟ+ဋ္ဌ(၃၂၇)

**စေတနာဘေဒ**

**စေတနာ နှစ်မျိုး(ဒုက)**

(၁) ကာယေန ဝါ စေတေတိ = ကိုယ်ဖြင့် စေတနာခြင်း။
(၂) ဝါစာယ ဝါ စေတေတိ = နှုတ်ဖြင့် စေတနာခြင်း။

**ဤကား ဒုက စေတနာတည်း။**

ပရိဝါ+ပါ• (၂၁၄)(၂၈၃)
ပါရာဇိက+ဋ္ဌ-ဒု(၁၇၃)

**စေတနာသုံးမျိုး (တိက)**

(၁) ဒိဋ္ဌ စေတနာ = မြင်ခြင်းဖြင့် စေတနာခြင်း၊
(၂) သုတ စေတနာ = ကြားခြင်းဖြင့် စေတနာခြင်း၊
(၃) မုတ စေတနာ = ရှိုရှာခြင်းဖြင့် စေတနာခြင်း။

**ဤကား တိက စေတနာတည်း။**

ပရိဝါ+ပါ (၂၁၀)
ပါရာဇိ+ဋ္ဌ-ဒု (၁၇၃)
ဝိနယသင်္ဂဟ+ဋ္ဌ (၃၀၉)

**စေတနာလေးမျိုး (စတုက္က)**

(၁) သီလ ဝိပတ္တိ စေတနာ =သီလဝိပ္ပတ္တိဖြင့် စေတနာခြင်း၊
(၂) အာစာရဝိပတ္တိ စေတနာ =အာစာရဝိပ္ပတ္တိဖြင့် စေတနာခြင်း၊
(၃) ဒိဋ္ဌိဝိပတ္တိ စေတနာ =ဒိဋ္ဌိဝိပတ္တိဖြင့် စေတနာခြင်း၊
(၄) အာဇီဝဝိပတ္တိ စေတနာ =အာဇီဝဝိပတ္တိဖြင့် စေတနာခြင်း။

**ဤကား စတုက္က စေတနာတည်း။**

ပရိဝါ+ပါ (၂၂၅)
ပါရာဇိက+ဋ္ဌ-ဒု (၁၇၃)
ဝိနယသင်္ဂဟ+ဋ္ဌ (၃၀၉)

**တနည်း စတုက္က စောဒနာလေးမျိုး**

(၁) ဝတ္ထု သန္ဒဿန စောဒနာ =ဝတ္ထုကိုပြ၍ စောဒနာခြင်း၊

(၂) အာပတ္တိသန္ဒဿန စောဒနာ =အာပတ်ကိုပြ၍ စောဒနာခြင်း၊

(၃) သံဝါသ ပဋိက္ခေပ စောဒနာ =သံဝါသကို ပယ်သော အားဖြင့် စောဒနာခြင်း၊

(၄) သာမိစိပဋိက္ခေပ စောဒနာ =အရိုအသေပြုခြင်းစသည်ကို ပယ်သောအားဖြင့် စောဒနာခြင်း။

ဤကား စတုက္က စောဒနာ တမျိုးတည်း။

ပရိဝါ-ပါ (၂၂၈)။

ပါရာဇိက-ဋ္ဌ-ဒု (၁၇၄)။

ဝိနယသင်္ဂဟ-ဋ္ဌ (၃၁၀)။

ကင်္ခါ-ဋ္ဌ (၁၃၇)။

ထိုလေးမျိုးသော စောဒနာတို့တွင်——

**(၁) ဝတ္ထုသန္ဒဿန စောဒနာခြင်းမျိုးဟူသည်**

သင်သည် မေထုန်အကျင့်ကို မှီဝဲပြီ၊

သင်သည် ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူပြီ၊

သင်သည် လူဇာတ်ရှိသောသူကို သတ်ပြီ၊

သင်သည် မိမိ၌ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ငါ့၌ ဥတ္တရိမနုဿ ဓမ္မရှိ၏ဟု မဟုတ်မမှန် ပြောဆိုပြီဟု–

ပြောဆိုစွပ်စွဲ စောဒနာခြင်းမျိုးတည်း။

**(၂) အာပတ္တိသန္ဒဿန စောဒနာခြင်းမျိုးဟူသည်**

သင်သည် မေထုန ဓမ္မ ပါရာဇိကသို့ ရောက်ပြီ၊

သင်သည် အဒိန္နာဒါနပါရာဇိကသို့ ရောက်ပြီ−

စသောအားဖြင့် အာပတ်အမည်ကို ထုတ်ဖော်ပြောဆို၍ စောဒနာခြင်းမျိုးတည်း။

**(၃) သံဝါသ ပဋိက္ခေပ စောဒနာခြင်းမျိုးဟူသည်**

ငါ့ရှင်နှင့်အတူတကွ ဥပုသ်ပြုခြင်းသည်လည်းကောင်း၊

ပဝါရဏာပြုခြင်း သည်လည်းကောင်း၊ သံဃကံကို ပြုခြင်းသည်လည်းကောင်း၊

ငါ့အား မရှိ-ဟု ပေါင်းဖော်ခြင်းကို ပယ်သောအားဖြင့် စောဒနာခြင်းမျိုးတည်း။

**မှတ်ချက်။** ။ဤသံဝါသ ပဋိက္ခေပစောဒနာ၌ = ငါ့ရှင်နှင့် အတူတကွ ဥပုသ်မပြုနိုင်၊ ပဝါရဏာမပြုနိုင်၊ သံဃကံ မပြုနိုင်ဟု ပြောဆိုကာမျှလောက်ဖြင့် အာပတ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ မရောက်ပါသေး၊

သင်သည် ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ပြီ—အစရှိသော စကားတို့နှင့် စပ်သောအားဖြင့် စွပ်စွဲပြောဆိုမှသာ အာပတ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်ပေသည်။

**သာမိစိပဋိက္ခေပ စောဒနာခြင်းမျိုး−ဟူသည်**

ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ယပ်လေခပ်ခြင်း အစရှိသောအမှုတို့ကို မပြုမလုပ် ပယ်သောအားဖြင့် စောဒနာခြင်းမျိုးတည်း။

ထိုသာမိစိ ပဋိက္ခေပစောဒနာမျိုးကို ထေရ်စဉ်,ဝါစဉ်အတိုင်း ရှိခိုးခြင်းစသည်ကို ပြုသောရဟန်း၏ တပါးသောရဟန်းအား ရှိခိုးခြင်းစသည်ကို မပြုလုပ်မူ၍ ကြွင်းသောရဟန်းတို့အား ပြုလုပ်ရာအခါမျိုး၌ သိရပေသည်။

**မှတ်ချက်။** ။ဤမျှလောက် ရှိခိုးခြင်း စသည်ကို မပြုလုပ်ကာမျှဖြင့် စောဒနာခြင်းကား ဖြစ်ပေပြီ၊အာပတ်၏ အထွတ်အထိပ်သို့ကား မရောက်သေး၊

ငါ့အား အဘယ့်ကြောင့် ရှိခိုးခြင်းစသော အမှုကို မပြုသနည်းဟု မေးသောအခါ—

သင်သည် ရဟန်းမဟုတ်၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်တော့ပြီ အစရှိသောစကားတို့နှင့် စပ်သောအားဖြင့် စွပ်စွဲပြောဆိုမှသာ အာပတ်၏ အထွတ်အထိပ်သို့ ရောက်တော့သည်။

**စောဒနာမြောက်ခြင်း မမြောက်ခြင်း**

စောဒကပုဂ္ဂိုလ်က စောဒနာရာဝယ် တမန်ကို စေလွှတ်၍ငြင်း၊ စာရေးပြီး စာရွက်-စာလွှာကို ပေးပို့စေ၍ငြင်း၊ သတင်းစကားကို ပြောကြားစေ၍ငြင်း၊ စောဒနာသော စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်းမျိုးသည် စောဒနာခြင်း၏ အထွတ်အထိပ်သို့ မရောက်ပါ၊ ဝါ-စောဒနာခြင်း မမည်၊ ဝါ-စောဒနာမမြောက်။

စောဒနာလိုသော ပုဂ္ဂိုလ်၏ အနီးအနား၌ တည်၍သာလျှင် လက်ဆုပ်ကို ပြသဖြင့်ငြင်း၊ နှုတ်မှ မြွက်ကြားပြောဆိုသော အားဖြင့်ငြင်း၊ စောဒနာသော စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်းမျိုးသည်သာ စောဒနာခြင်း၏ အထွတ်အထိပ်သို့ ရောက်ပေသည်။ ဝါ-စောဒနာခြင်း မည်ပေသည်၊ ဝါ-စောဒနာမြောက်ပေသည်။

**မှန်ပါသည်**— လက်ဆုပ်ကို ပြသဖြင့် သိက္ခာ ချခြင်းသည်သာ ဝါ-သိက္ခာချရာ၌ လက်ဆုပ်ကို ပြသဖြင့် သိက္ခာချခြင်းသည်သာလျှင် သိက္ခာချခြင်း၏ အထွတ်အထိပ်သို့ မရောက်၊ ဝါ-သိက္ခာချသည် မမည်။

ဤစောဒနာ၌ လက်ဆုပ်ကို ပြသဖြင့် စောဒနာခြင်းသည်၎င်း၊ ဥတ္တရိမနုဿဓမ္မကို လက်ဆုပ်ပြသဖြင့် ပြောကြားခြင်းသည်၎င်း၊ စောဒနာခြင်း ပြောကြားခြင်း၏ အထွတ်အထိပ်သို့ ရောက်တော့သည်။

**အများနေရာစောဒနာ**

ရဟန်းနှစ်ပါး တနေရာတည်းနေရာ၌ မိမိစောဒနာလိုသော ရဟန်းတပါးကို ရည်ရွယ်ပိုင်းခြား အမှတ်ထားခါ စောဒနာရာဝယ် ရည်ရွယ်ပိုင်းခြား သတ်မှတ်ထားသော ရဟန်းသိမှသာ စောဒနာခြင်း၏ အထွတ်အထိပ်သို့ ရောက်ပေသည်၊ စောဒနာမြောက်ပေသည်။

ရည်ရွယ်ပိုင်းခြား အမှတ်မထားသော ရဟန်းက စောဒနာမှန်း သိသော်လည်း စောဒနာခြင်း၏ အထွတ်အထိပ်သို့ မရောက်ပေ၊ ဝါ-စောဒနာခြင်း မမြောက်လေ။

ရဟန်းနှစ်ပါးလုံးကို စောဒနာမည်ဟု ရည်ရွယ်မှတ်သားခါ စောဒနာရာ၌မူ ရဟန်းတပါးသာ သိသည်ဖြစ်စေ၊ ရဟန်းနှစ်ပါးလုံး သိသည်ဖြစ်စေ၊ စောဒနာမှုမြောက်တော့သည်သာ။

မှတ်ချက်။ ။ရဟန်းနှစ်ပါးထက် များစွာသော ရဟန်းတို့ အတူတကွ နေရာ၌ စောဒနာခြင်းသည်လည်း ဤနည်းအတူသာ။

ထိုသို့ စောဒနာရာဝယ် စောဒကပုဂ္ဂိုလ်၏ စောဒနာသော ခဏ၌သာ-ဝါ၊ စောဒနာလျှင် စောဒနာခြင်း (ပြော–ပြောခြင်း ဆိုလိုသည်) စောဒနာမှန်း သိဘို့ရာမှာ အလွန်တရာ ခဲယဉ်းလှပေသည်။

သိသင့် သိထိုက်သော အချိန်မျိုး၌ စဉ်းစားဆင်ခြင်၍ မိမိအား စောဒနာမှန်း သိရှိခဲ့သော် သိသည်ဟူ၍ မှတ်ရမည်သာ။

ကာလရှည်ကြာ နောက်အခါမှ သိပါမူကား စောဒနာခြင်း၏ အထွတ်အထိပ်သို့ မရောက်၊ ဝါ-စောဒနာရာ မမည်။

မှန်ပေ၏— သိက္ခာချခြင်း၊ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း၊ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၊ အတ္တကာမ

ပါရိစရိယ-သိက္ခာပုဒ်၊ ဒုဋ္ဌဒေါသသိက္ခာပုဒ်၊ ဘူတာရောစန သိက္ခာပုဒ်၊ ဤအလုံးစုံသော သိက္ခာပုဒ်တို့သည် ပြောကြားသောခဏ၌ သိရာဝယ် တူမျှသော အပိုင်းအခြား ရှိပါပေကုန်၏။

ပါရာဇိက-ဋ္ဌ-ဒု ၁၇၃။

**စောဒနာခြင်း၏ မူလစသည်**

**စောဒနာခြင်း၏မူလတို့ကား**

(၁) သမူလိက စောဒနာ = အမြစ်အရင်းရှိသော စောဒနာ။

(၂) အမူလိက စောဒနာ = အမြစ်အရင်းမရှိသော စောဒနာ၊ ဤနှစ်ပါးတို့တည်း။

**စောဒနာခြင်း၏ ဝတ္ထုတို့ကား**

(၁) ဒိဋ္ဌ = မြင်ခြင်း၊
(၂) သုတ = ကြားခြင်း၊
(၃) ပရိသင်္ကိတ = ရွံရှာခြင်း၊ ဤသုံးပါးတို့တည်း။

စောဒနာခြင်း၏ ဘူမိတို့ကား စောဒကကျင့်ဝတ်၌ ပြဆိုအပ်ခဲ့ပြီးသော –

ကာလေန ဝက္ခာမိ၊ နော အကာလေန–အစရှိသော တရားငါးပါးတို့တည်း။

**စောဒနာ၏ အစ အလယ် အဆုံး**

စောဒနာခြင်း၏ အစ–အလယ်–အဆုံး သုံးပါးတို့တွင် —

**စောဒနာခြင်း၏ အစကား**

တပည့်တော်သည် အရှင်ဘုရားအား စောဒနာလိုပါ၏၊ အရှင်ဘုရားသည် တပည့်တော်အား စောဒနာခွင့်ပြုပါလော့–ဟု စောဒကပုဂ္ဂိုလ်၏ စုဒိတကပုဂ္ဂိုလ်အား စောဒနာခွင့် တောင်းခြင်းပင်တည်း။

**စောဒနာခြင်း၏ အလယ်ကား**

သံဃာ့ဘောင်သို့ သက်ရောက်လာသော ဝတ္ထုဖြင့် စောဒနာစေ၍ အောက်မေ့စေခါ ဆုံးဖြတ်ခြင်းတည်း။

**စောဒနာခြင်း၏ အဆုံးကား**

အာပတ် သင့်ခြင်း၌လည်းကောင်း၊ အာပတ် မသင့်ခြင်း၌လည်းကောင်း၊ တည်စေသောအားဖြင့် အဓိကရုဏ်းကို ငြိမ်းအေးစေခြင်းတည်း။

ဤသို့ ငြိမ်းစေရာ၌ စောဒကပုဂ္ဂိုလ်၏ ရှေ့စကားသည် ဤမျှအတိုင်း အရှည်ရှိပေ၏။ စောဒကပုဂ္ဂိုလ်၏ နောက်စကားသည် ဤမျှ အတိုင်း အရှည်ရှိပေ၏၊ စုဒိတက၏ ရှေ့စကားသည် ဤမျှ အတိုင်းအရှည်ရှိပေ၏၊ စုဒိတက၏ နောက်စကားသည် ဤမျှအတိုင်း အရှည်ရှိပေ၏ ဟု-သိအောင်ပြုလျက် အနည်းငယ်မျှ မယုတ်လျော့စေမူ၍ ဟုတ်မှန်သော ဝတ္ထုဖြင့် စောဒနာစေလျက် အာပတ်ကို အောက်မေ့စေခါ ဉတ်ဖြင့်၎င်း၊ ကမ္မဝါစာဖြင့်၎င်း အဓိကရုဏ်းကို ငြိမ်းခြင်းပင်တည်း။

ပရိဝါ-ပါ- ၂၀၂။
၎င်း-႑ - ၂၀၃။
ဝိနယသင်္ဂဟ ႑-၃၂၇။

**မှတ်သားချက်——**

(၁) စောဒကပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်တရားငါးပါးအဖွင့်ကို

စူဠဝဂ္ဂ+႑ ၁၅၆။
သာရတ္ထ+ဒု ၃၅၂။
ဝိနယာလင်္ကာရ+ဒု ၂၀၂-တို့၌၎င်း။

(၂) ပထမ-စတုက္က စောဒနာလေးပါးအဖွင့်ကို

ပရိဝါ+ပါ ၁၇၀။
သာရတ္ထ+ဒု ၃၅၀။
ဝိနယာလင်္ကာရ+ဒု ၁၆၃-တို့၌၎င်း။

ဒုတိယ·စတုက္က=လာ သာမီစိပဋိက္ခေပ စောဒနာအဖွင့်ကို

သာရတ္ထ+ဒု ၃၅၀။

ဝိနယာလင်္ကာရ+ဋီ ၁၆၃၊ ၁၆၄-တို့၌ရှင်း။

စောဒနာခွင့်ရသောပုဂ္ဂိုလ်, မရသောပုဂ္ဂိုလ်အဖွင့်ကို

ပါရာဇိက+ဋ္ဌ+ဒု ၁၇၃။

ဝိနယသင်္ဂဟ+ဋ္ဌ ၃၀၉။

သာရတ္ထ+ဋီ+ဒု ၃၄၉။

ဝိနယာလင်္ကာရ+ဋီ+ဒု ၁၆၂-တို့၌ရှင်း။

ရှုတော်မူကြပါကုန်ဘုရား။

# ဝိနည်းကျမ်းဂန် ကျွမ်းကျင်မှု

၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊
(၁၃-၂-၈၁) သောကြာနေ့။

**စုဒိတက ကဏ္ဍ**
**စုဒိတကပုဂ္ဂိုလ်**

စောဒေတဗ္ဗောတိ စုဒိတော၊ စုဒိတော ဧဝ စုဒိတကော၊ အပရာဓဝန္တော ပုဂ္ဂလော။

ဝိနယာလင်္ကာရဋီ-ဒု-(၁၆၄)။

စောဒေတဗ္ဗောတိ စုဒိတော၊ သောယေဝ စုဒိတကော။

ပါစိတျာဒိယောဇနာ (၂၆၆)။

စောဒကေန စောဒေတဗ္ဗော ဒေါသံ အာရောပေတဗ္ဗောတိ စုဒိတော၊ သောယေဝ စုဒိတကော။

ပါစိတျာဒိယောဇနာ(၁၂၁)။

**စုဒိတကကျင့်ဝတ်နှစ်ပါး**

စုဒိတကေန ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ စုဒိတကေန ဒွီသု ဓမ္မေသု ပဋိပဇ္ဇိတဗ္ဗံ၊ သစ္စေ စ အကုပ္ပေ စ။

**စုဒိတကပုဂ္ဂိုလ်သည်**

(၁) မှန်ကန်သော ဝစီသစ္စာ၌ တည်ခြင်း၊

(၂) အမျက်မထွက်ရခြင်း၊

ဤနှစ်ပါးတို့သည် စုဒိတကပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်ဖြစ်ပါသည်။

စူဠဝဂ္ဂပါဠိ (၄၃၉)
ပရိဝါရပါဠိ (၂၀၃)
ပါရာဇိကကဏ္ဍ-ဋ္ဌ-ဒု (၁၇၇)
ဝိနယသင်္ဂဟ-ဋ္ဌ (၃၂၇)
ဝိနယာလင်္ကာရ၊ဋီ၊ဒု (၂၀၃)

စုဒိတကေန ဟိ သစ္စဥ္စ ဝတ္တဗ္ဗံ၊ ကောပေါ စ န ကာတဗ္ဗော၊
နေဝ အတ္တနာ ကုဇ္ဈိတဗ္ဗော၊ န ပရော ဃဋ္ဋေတဗ္ဗော အရ–

စုဒိတကပုဂ္ဂိုလ်သည် မဖောက်မပြန် မှန်ကန်သော စကားကိုလည်း ဆိုရမည်၊

မိမိကလည်း သူတပါးကို အမျက်မထွက်ရ၊ သူတပါးကိုလည်း မထိခိုက်အပ်။

စူဠဝဂ္ဂ၊ဋ္ဌ (၁၂၆)

ယံ ကတံ ဝါ န ကတံ ဝါ၊ တဒေဝ ဝတ္တဗ္ဗံ၊ န စောဒကေ ဝါ
အနုဝိဇ္ဇကေ ဝါ သံဃေ ဝါ ကောပေါ ဥပ္ပါဒေတဗ္ဗော အရ–

ပြုအပ်သော ကာယကံမှု ဝစီကံမှုကို ပြုအပ်ပြီ–ဟုပြောဆိုရမည်။

မပြုအပ်သော ကာယကံမှု ဝစီကံမှုကို မပြုအပ်ဟု ပြောဆိုရမည်။

စောဒကပုဂ္ဂိုလ် အပေါ်၌လည်းကောင်း၊ အနုဝိဇ္ဇကပုဂ္ဂိုလ် အပေါ်၌လည်းကောင်း သံဃာအပေါ်၌ လည်းကောင်း အမျက်ထွက်ခြင်းကို မဖြစ်စေအပ်။

ပရိဝါ၊ဋ္ဌ (၂၀၃)
ဝိနယာလင်္ကာရ၊ဋီ၊ဒု (၂၀၃)

## မတရားသော စောဒနာခံရသော ရဟန်းအား နှလုံးရွှင်ပြခြင်းကို ဖြစ်စေပုံ

(၁) ငါ့ရှင် ငါ့ရှင်ကို မသင့်လျော်သောအချိန်၌ စောဒနာ၏၊ သင့်လျော်သောအခါ၌ မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။

(၂) ငါ့ရှင် ငါ့ရှင်ကို မမှန်သော စကားဖြင့် စောဒနာ၏၊ မှန်သော စကားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။

(၃) ငါ့ရှင် ငါ့ရှင်ကို ကြမ်းတမ်းသော စကားဖြင့် စောဒနာ၏၊ သိမ်မွေ့သော စကားဖြင့် မစောဒနာ၊ ထို့ကြောင့် နှလုံးရွှင်ပြခြင်းငှါ သင့်၏။

(၄) ငါ့ရှင် ငါ့ရှင်ကို အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့် စပ်သော စကားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးရွှင်ပြခြင်းငှါ သင့်၏။

(၅) ငါ့ရှင် ငါ့ရှင်ကို ဒေါသနှင့် ယှဉ်သော စိတ်ဖြင့် စောဒနာ၏၊ မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် မစောဒနာ၊ ထို့ကြောင့် နှလုံးရွှင်ပြခြင်းငှါ သင့်၏ဟု မတရား စောဒနာခံရသော ရဟန်းအား နှလုံးရွှင်ပြခြင်းကို ဖြစ်စေရမည်။

စူဠဝဂ္ဂပါဠိ(၄၃၈)

## တရားသဖြင့် စောဒနာ ခံရသော ရဟန်းအား နှလုံးမသာယာခြင်းကို ဖြစ်စေပုံ

(၁) ငါ့ရှင် ငါ့ရှင်ကို သင့်လျော်သောအခါ၌ စောဒနာ၏၊ မသင့်လျော်သောအချိန်၌ မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးမသာယာခြင်းငှါ သင့်၏။

(၂) ငါ့ရှင် ငါ့ရှင်ကို မှန်သောစကားဖြင့် စောဒနာ၏၊ မမှန်သော စကားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးမသာယာ ခြင်းငှါ သင့်၏၊

(၃) ငါ့ရှင် ငါ့ရှင်ကို သိမ်မွေ့သော စကားဖြင့် စောဒနာ၏၊ ကြမ်း တမ်းသော စကားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးမသာယာခြင်းငှါ သင့်၏။

(၄) ငါ့ရှင် ငါ့ရှင်ကို အကျိုးနှင့်စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးနှင့်မစပ်သောစကားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့် အား နှလုံးမသာယာခြင်းငှါ သင့်၏။

(၅) ငါ့ရှင် ငါ့ရှင်ကို မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် စောဒနာ၏၊ ဒေါသနှင့်ယှဉ်သောစိတ်ဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နှလုံးမသာယာခြင်းငှါ သင့်၏ ဟု တရားသဖြင့် စောဒနာခံရ သော ရဟန်းအား နှလုံးမသာယာခြင်းကို ဖြစ်စေရမည်။

စူဠဝဂ္ဂပါဠိ(၄၃၉)

### စောဒနာခြင်းကို ကောင်းစွာ မခံယူသော ရဟန်း၏အပြစ်ရှစ်ပါး

(၁) အာပတ်ဖြင့် စောဒနာခြင်းခံရသော ရဟန်းသည် ငါပြုအပ် သော အမှု၏ ပြုရာအရပ်ကို မမှတ်မိဟု သတိမရှိသည်၏အဖြစ် ဖြင့် ပြေဆိုခြင်း။

(၂) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် မိုက်မဲလှစွာ မလိမ္မာသော သင့်အား ဝတ္ထုအာပတ်ကို မသိ၊ စောဒနာခြင်း ကို မသိပဲ ပြောဆိုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင် သည် မသိ မလိမ္မာ မိုက်မဲစွာလျက် ငါ့ကို ပြောဆိုအပ်၏ဟု အောက်မေ့ မှတ်ထင်ဘိ၏ ဟူ၍ စောဒကပုဂ္ဂိုလ်ကို သာလျှင် တဖန် အပြစ်တင်ခြင်း။

(၃) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် သင်သည်လည်း ဤမည်သော အာပတ်သို့ရောက်၏၊ သင်သည်သာလျှင် ရှေးဦးစွာ ကုစားခြင်းအမှုကို ပြုပါလော့ဟု စောဒကပုဂ္ဂိုလ်ကို တဖန် အပြစ်တင်ခြင်း။

(၄) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် အကြောင်းတပါးဖြင့် အကြောင်းတပါးကို၊ စကားတခုဖြင့် စကားတခုကို ဖုံးလွှမ်းခြင်း၊ ပြင်ပသို့ စကားကို ပစ်လွှင့်ခြင်း၊ အမျက်ထွက်ခြင်းကိုရင်း၊ ပြစ်မှားသည်၏အဖြစ်ကိုရင်း၊ မနှစ်သက်ခြင်းကိုရင်း ထင်စွာပြုခြင်း။

(၅) အာပတ်ဖြင့် စောဒနာခြင်းခံရသော ရဟန်းသည် သံဃာ့အလယ်၌ လက်ရုံးကို မြှောက်လျက် အလဇ္ဇီစကားကို ပြောဆိုခြင်း။

(၆) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် ငါသည် အာပတ်သို့ မရောက်၊ ငါသည် အာပတ်သို့ မရောက်သည် မဟုတ်ပါ (ဟူသော နှုတ်လုံးသွင်းခြင်းဖြင့်) ဆိတ်ဆိတ်နေသည်ဖြစ်၍ သံဃာကို ညှဉ်းဆဲခြင်း။

(၇) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် သံဃာကိုရင်း၊ စောဒကပုဂ္ဂိုလ်ကိုရင်း မရှိမသေ မထီမဲ့မြင်ပြုလျက် အာပတ်နှင့်တကွ ဖြစ်၍သာလျှင် အလိုရှိသောအရပ်သို့ ဖဲသွားခြင်း။

(၈) အာပတ်ဖြင့် စောဒနာခံရသော ရဟန်းသည် ငါ့ရှင်တို့ သင်တို့သည် အဘယ်အကြောင်းကြောင့် ငါ့အပေါ်၌ အလွန်မြံမြံစွာ အားထုတ်ခြင်းသို့ ရောက်ကုန်သနည်း၊ ငါသည် ယခုအခါ သိက္ခာချ၍ လူထွက်ပေတော့အံ့ဟု ပြောဆိုကာ သိက္ခာချ၍ လူထွက်ပြီးလျှင် အရှင်ဘုရားတို့ သင်တို့သည် ငါလူထွက်

ခြင်းတည်ဟူသော အကြောင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရစ်ကြကုန်လော့ဟု ပြောဆိုခြင်း။

ဤရှစ်ပါးတို့သည် စောဒနာခြင်းကို ကောင်းစွာမခံသော ရဟန်း၏ အပြစ်တို့ပေတည်း။

ဝိဘင်္ဂပါဠိ (၄၀၂)
ရှင်း၊ဋ္ဌ (၄၉၂-၃)

**အမှာ။** ။အဋ္ဌုပ္ပတ္တိရှိသဒေါသ အဖွင့်ကို သမန္တပါသာဒိကာဒိနီ (၄၉၂-၃) တို့၌ ရှုတော်မူကြပါကုန် ဘုရား။

(၁၄-၂-၁၁) စနေ

**ပဉ္စဝိနယဓရအာနိသံသ=ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ ရအပ်သော**
**အကျိုး (၅) ပါး**

ပဉ္စာနိသံသာ ဝိနယဓရေ။

(၁) အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော။

(၂) ကုက္ကုစ္စပကတာနံ ပဋိသရဏံ ဟောတိ။

(၃) ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ။

(၄) ပစ္စတ္ထိကေ သဟ ဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ။

(၅) သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ။

ပရိဝါရ၊ ပါ (၂၃၆)
ပါစိတျာဒိ၊ ဋ္ဌ (၁၄၁)
ဝိနယသင်္ဂဟ၊ ဋ္ဌ (၄၆၄)

**ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ ရအပ်သောအကျိုးတရား (၅) ပါး**

(၁) မိမိ (ဝိနည်းဓိုရ်ပုဂ္ဂိုလ်) ၏ သီလကျေးဇူး လုံခြုံခြင်း၊ သီလကျေးဇူးကို လုံခြုံအောင် စောင့်ရှောက်နိုင်ခြင်း။

(၂) ကုက္ကုစ္စ နှိပ်စက်အပ်ကုန်သော ရဟန်းတို့၏ကိုးကွယ်ရာဖြစ်ခြင်း။

(၃) သံဃာ့အလယ်၌ ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်ခြင်း။

(၄) ဆန့်ကျင်ဘက် ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းမွန်စွာ နှိမ်နင်းခြင်းကို နှိမ်နင်းနိုင်ခြင်း။

(၅) သူတော်ကောင်းတို့၏ တရားတည်ခြင်းငှါ ကျင့်နိုင်ခြင်း။

ဤငါးပါးတို့သည် **ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့** ရအပ်သော အကျိုးတရားတို့ ပေတည်း။

**ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ ရအပ်သော အကျိုးတရား (၆) ပါး**

ကတမေ ဆ အာနိသံသေ လဘတိ။

(၁) တဿာ ဓေယျော ဥပေါသထော။

(၂) တဿာ ဓေယျော ပဝါရဏာ။

(၃) တဿာ ဓေယျံ သံဃကမ္မံ။

(၄) တဿာ ဓေယျော ပဗ္ဗဇ္ဇာ။

(၅) တဿာ ဓေယျော ဥပသမ္ပဒါ။

(၆) နိဿယံ ဒေတိ သာမဏေရံ ဥပဋ္ဌာပေတိ။

ပါစိတျာဒိ၊ဌ (၁၄၄)
ဝိနယသင်္ဂဟ၊ဌ (၄၆၇)

(၁) ဥပုသ်ပြုခြင်းသည် ထိုဝိနည်းဓိုရ်ရဟန်းနှင့် စပ်ယှဉ်ခြင်း။
(၂) ပဝါရဏာပြုခြင်းသည် ။
(၃) သံဃာ့ကံဟူသမျှသည် ။
(၄) ရှင်သာမဏေ အဖြစ်သည် ။

(၅) ရဟန်းပဥ္စင်း အဖြစ်သည် ထိုဝိနည်းဓိုရ် ရဟန်းနှင့်စပ်ယှဉ်ခြင်း။
(၆) နိဿယည်းပေးနိုင်ခြင်း၊ သာမဏေကို လုပ်ကျွေးစေနိုင်ခြင်း။

ဤအကျိုးတရား (၆) ပါးတို့တည်း။

**ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ ရအပ်သော**
**အကျိုး (၅) ပါး, (၆) ပါး, ။ပ။ (၁၁) ပါး**

ဝိနယဓရော ဟိ ပရိယတ္တိမူလကေ ပဉ္စာနိသံသေ ဆာနိသံသေ သတ္တာနိသံသေ အဋ္ဌာနိသံသေ နဝါနိသံသေ ဒသာနိသံသေ ဧကာဒသာနိသံသေ စ လဘတိ။

ပါစိတျာဒိ၊ဌ(၁၄၁)
ဝိနယသင်္ဂဟာ၊ဌ(၄၆၃)

**အကျိုးတရား (၅) ပါး-(၆) ပါး စသည်ယူပုံ**

(၁) ပထမအကျိုး ငါးပါး
(၂) ပထမအကျိုးငါးပါး၌ နောက်အကျိုး (၆) ပါးထဲမှ ပထမအကျိုးတပါးထည့် ပေါင်း (၆) ပါး။
(၃) ပထမအကျိုးငါးပါး၊ နောက် (၆) ပါးထဲမှ ပ–ဒု–ထည့် =(၇)ပါး။
(၄) ။ ။ ပ–ဒု–တ–ထည့်=(၈)ပါး။
(၅) ။ ။ပ–ဒု–တ–စ–ထည့်=(၉)ပါး။
(၆) ။ ။ ပ–ဒု တ–စ–ပဉ္စထည့် =(၁၀)ပါး။
(၇) ။ ။ ပ–ဒု–တ–စ–ပဉ္စ–ဆဌ (၆) ပါးလုံးနှင့်ပေါင်း=(၁၁)ပါး။

ဤကား အကျိုးတရား ငါးပါးစသည်တည်း။

ပါစိတျာဒိ၊ဌ(၁၄၅)
ဝိနယသင်္ဂဟာ၊ဌ(၄၆၇)

**အမှာ။** ။ဧတ္တ ၈ နိဿယဒါနဥ္စ

သာမဏေရုပဋ္ဌာနဥ္စ **ကေမင်္ဂ**-ဟူသော ပါစိတျာဒိ အဋ္ဌကထာ (၁၄၅) အရ အကျိုးတရား (၆) ပါးဆိုရာ၌ နိဿယည်းပေးခြင်းနှင့် သာမဏေတို့ လုပ်ကျွေးစေခြင်းကို အင်္ဂါတပါးသာယူ၍ ဆိုထားခြင်းဖြစ်ပေသည်။

ထိုနှစ်ပါးကို တပါးစီ ခွဲယူခဲ့သော်—
ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့ ရအပ်သော အကျိုးတရား တဆယ့်နှစ်ပါးဟု ဆိုသင့်ပေတော့သည်။

**ထို့ကြောင့်—**

နိဿယဒါနဥ္စ သာမဏေရုပဋ္ဌာနဥ္စ ဝိသုံ ကတွာ ဒွါဒသာနိသံသေ လဘာတီတိပိ သက္ကာ ဝတ္တုံ-ဟု မိန့်အပ်ပြီ။
ပါစိတျာဒိယောဇနာ၊(၁၁၇)

**မှာထားချက်** (၁) ဝိနည်းမိုရ်ပုဂ္ဂိုလ်တို့ ရအပ်သော အကျိုးငါးပါး
(၂) ခြောက်ပါး ခုနစ်ပါးစသော အကျိုးများ အဖွင့်ကို
ပါစိတျာဒိ၌ (၁၄၁-မှ ၁၄၅) ထိ၊
ဝိနယသင်္ဂဟ၌ (၄၆၃-မှ ၄၆၇) ထိ၊
သာရတ္ထဒီပနီ၊ဋီ (၉၀-မှ ၉၂) ထိ၊
ဝိနယာလင်္ကာရ၊ဋီ၊ဒု (၄၂၆-မှ ၄၂၈) ထိ

ကျယ်ဝန်းစွာ ဖွင့်ထားသည်ကို ရှုတော်မူကြပါကုန် ဘုရား။

**တိုက်တွန်းချက်**

မဟာနိသံသမိစ္စေဝံ၊ ကောသလ္လံ ဝိနယေ သဒါ။
ပတ္ထယန္တေနေတ္ထ ကာတဗ္ဗော၊ အဘိယောဂေါ ပုနပ္ပုနံ။
ဝိနယသင်္ဂဟ (၄၆၈)

# ဝိနည်းဓိုရ် သင်တန်း ပို့ချချက်များ

## ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အဓိပ္ပာယ် ရှင်းလင်းချက်

၁၉၄၂-ခုနှစ် ပြာသိုလပြည့်ကျော် ၁၃-ရက်

(၂-၂-၈၁)

ဝိနည်းဓိုရ်များက လက်ခံနိုင်သော မှုခင်းများ

ဝိနည်းဓိုရ်များသည် ဖော်ပြပါ သာသနာရေးဆိုင်ရာ ပစ္စည်းများနှင့် ပတ်သက်၍ ဖြစ်ပွားလာသော မှုခင်းများကို လက်ခံစစ်ဆေး ဆုံးဖြတ်နိုင်သည်။

(၁) သက်ဆိုင်ရာ ဥပဒေနှင့်အညီ အာဏာပိုင်တရပ်ရပ်က သာသနာမြေအဖြစ် သတ်မှတ်ထားသည့် သာသနာမြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်း များစွာက သိသာ ထင်ရှားစွာ အများက လက်ခံထားသည့် သာသနာမြေ။

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ် လှူဒါန်းထားသော သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်-စသော အဆောက်အအုံများ။

(၄) ရဟန်းသံဃာနှင့် အပ်စပ်သည့် ရဟန်းသံဃာအား လှူဒါန်းထားသော အသုံးအဆောင်ပစ္စည်းများ။

(၅) စေတီတော်အားရင်း၊ ကျောင်းအားရင်း၊ ကျောင်းတိုက်အားရင်း နာကမ္မအားရင်း လှူဒါန်းထားသော ရတနာ၊ ရွှေ၊ ငွေ၊ ကြေးနှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများ။

လုပ်ထုံးလုပ်နည်းများ အခန်း (၁) အပိုဒ် (၂) (ဆ-၁+၂+၃+၄+၅) ဥပဒေအခန်း (၁) အပိုဒ် (၂) (ဆ-၁+၂+၃+၄+၅)။

၂၂၇။ ဂရုဘဏ္ဍာနိတိ ဧတ္ထ "ပဉ္စိမာနိ ဘိက္ခဝေ အဝိဿဇ္ဇိယာနိ န ဝိဿဇ္ဇေတဗ္ဗာနိ သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ ဝိဿဇ္ဇိတာနိပိ အဝိဿဇ္ဇိတာနိ ဟောန္တိ၊ ယော ဝိဿဇ္ဇေယျ အာပတ္တိ ထုလ္လစ္စယဿ" တိ အာဒိနာ နယေန ဒဿိတာနိ။

* အာရာမော-အာရာမဝတ္ထု၊
* ဝိဟာရော-ဝိဟာရဝတ္ထု၊
* မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနံ
* လောဟကုမ္ဘီ-လောဟဘာဏကံ-လောဟဝါရကော လောဟကဋာဟံ ဝါသိ-ဖရသု-ကုဌာရီ-ကုဒါလော နိခါဒနံ။
* ဝလ္လိ-ဝေဠု-မုဉ္စ- ပဗ္ဗဇံ တိဏံ-မတ္တိကာ- ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍန္တိ ဣမာနိ ပဉ္စ ဂရုဘဏ္ဍာနိ နာမ။

(ဝိနယသင်္ဂဟ ဠ-၃၀၁)

**ဝိနည်းဓိုရ်များ လက်မခံနိုင်သော မှုခင်းများ**

(၁) လူသတ်မှု၊
(၂) ဒမြတိုက်မှု-လုယက်မှု၊
(၃) တိုင်းပြည်ပုန်ကန်မှု—သူပုန်ထမှု၊
(၄) ရန်သူတို့၏ သူလျှိုလုပ်မှု၊
(၅) ရန်သူတို့၏ ဝါဒဖြန့်မှု၊
(၆) အုပ်ချုပ်ရေးပျက်ပြားအောင် အားထုတ်မှု၊
(၇) စစ်ကို အရေးနိမ့်အောင် အားထုတ်မှု၊
(၈) အမွေရလိုမှု၊

(၉) လယ်ယာကိုင်းကျွန်း စသည်ကို မအပ်သောအလှူခံမှု၊
(၁၀) ဘိန်းစသော သေအရက်အမှု၊
(၁၁) အပေါင်အနှံခံမှု၊
(၁၂) ကူးသန်းရောင်းဝယ်မှု ဟူသော ဝိဝါဒါဓိကရုဏ်းမှုများ၊

ဝိနည်းဓိုရ်များ ပယ်ရမည့် အမှုများ

(၁) အကပ္ပိယ ရွှေ ငွေ စသည်ကို လျှော်ကြေးတောင်းမှု၊
(၂) ဗုဒ္ဓဘာသာ သာသနာတော်နှင့် မစပ်သော ပစ္စည်းတစုံတရာနှင့် စပ်လျဉ်း ဖြစ်ပွားသော အဓိကရုဏ်းမှု၊

သင်ရိုးညွှန်းတမ်း (၁၆)

ခြင်းချက်။

ရာဇဝတ်တရားရုံးက စီရင် ဆုံးဖြတ် ပြီးသော်လည်း သုဒ္ဓ+အသုဒ္ဓ စသည် စိစစ်ရန် လိုအပ်၍ စောဒက ပုဂ္ဂိုလ်က သော်လည်းကောင်း၊ စုဒိတက ပုဂ္ဂိုလ်က သော်လည်းကောင်း တင်ပြစွဲဆိုလာလျှင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း (၂) အပိုဒ် (၃) အရ ဝိနည်းတရားတော်နှင့်အညီ စင်ဆေးဆုံးဖြတ်နိုင်သည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်း သတ်မှတ်ချက်၊ (ကျမ်းညွှန်းများ)

* လုပ်ထုံးလုပ်နည် များ အခန်း (၁) အပိုဒ် (၂) (ခ-၁) ဥ္ဓရင်း၊
* နောက်ဆက်တွဲဇယား (၁) ဥ္ဓရင်း၊
* ဥပဒေအခန်း (၁) အပိုဒ် (ခ-၂) နှင့်နောက်ဆက်တွဲ (ခ) ဥ္ဓရင်း ဖော်ပြထားသော ဝိဝါဒါဓိကရုဏ်း အငြင်းပွားမှု (၁၈) မျိုး၊
* လုပ်ထုံးလုပ်နည်းများ အခန်း (၁) အပိုဒ် (၂) (ခ-၂) ဥ္ဓရင်း၊
* နောက်ဆက်တွဲ ဇယား (၂) ဥ္ဓရင်း၊

* ဥပဒေအခန်း (၁) အပိုဒ် (၂) (ခ-၃) နှင့် နောက်ဆက်တွဲ (ဂ) ၌ ရင်း ဖော်ပြထားသော အနုဝါဒါဓိကရုဏ်း စုပ်စုံမှု (၄)မျိုး။
* လုပ်ထုံးလုပ်နည်းများ အခန်း (၁) အပိုဒ် (၂) (ခ-၂) ၌ရင်း၊
* နောက်ဆက်တွဲ ဇယား (၂) ၌ရင်း- ဖော်ပြထားသော အနုဝါဒါဓိကရုဏ်း အာဇီဝဝိပတ္တိ (၆) မျိုး၊
* လုပ်ထုံးလုပ်နည်းများ အခန်း (၁) အပိုဒ် (၂) (ခ-၃) ၌ရင်း၊
* နောက်ဆက်တွဲ ဇယား(၃) ၌ရင်း၊
* ဥပဒေအခန်း (၁) အပိုဒ် (၂) (ခ-၄) နှင့် နောက်ဆက်တွဲ (ဃ) ၌ ရင်း ဖော်ပြထားသော အာပတ္တာဓိကရုဏ်း အာပတ် (၇) မျိုး၊ လုပ်ထုံးလုပ်နည်းများ အခန်း (၁) အပိုဒ် (၂) (ခ-၄)၌ရင်း၊
* နောက်ဆက်တွဲဇယား (၄) ၌ရင်း၊
* ဥပဒေအခန်း (၁) အပိုဒ် (၂) (ခ-၅) နှင့် နောက်ဆက်တွဲ (င) ၌ ရင်း၊ ဖော်ပြထားသော ကိစ္စာဓိကရုဏ်း သံဃာ့အမှုကိစ္စ (၄)မျိုး၊
* လုပ်ထုံးလုပ်နည်းများအခန်း (၁) အပိုဒ် (၂) (ခ) နှင့် ဥပဒေအခန်း (၁) အပိုဒ် (၂-ခ) ၌ ဖော်ပြထားသော—

(ခ) အဓိကရုဏ်းဆိုသည်မှာ သမထ (၇) ပါးတို့ဖြင့် အေးငြိမ်းစေအပ်သော ဝိဝါဒါဓိကရုဏ်း၊ အနုဝါဒါဓိကရုဏ်း၊ အာပတ္တာဓိကရုဏ်း၊ ကိစ္စာဓိကရုဏ်း (၄) မျိုးကို ဆိုသည်။

## ဝိဝါဒါဓိကရုဏ်း အငြင်းပွားမှု ၁၈-မျိုး

## ပုခင်း သတ်မှတ်ချက်

### နောက်ဆက်တွဲ ဇယား (၁)

အဋ္ဌာရသဟိ ခေါ သာရိပုတ္တ ဝတ္ထူဟိ အဓမ္မဝါဒီ ဇာနိတဗ္ဗော၊ ဣဓ သာရိပုတ္တ ဘိက္ခု—

(၁) အဓမ္မံ ဓမ္မောတိ ဒီပေတိ၊

(၂) ဓမ္မံ အဓမ္မောတိ ဒီပေတိ၊
(၃) အဝိနယံ ဝိနယောတိ ဒီပေတိ၊
(၄) ဝိနယံ အဝိနယောတိ ဒီပေတိ၊
(၅) အဘာသိတံ အလပိတံ တထာဂတေန ဘာသိတံ လပိတံ တထာဂတေနာတိ ဒီပေတိ၊
(၆) ဘာသိတံ လပိတံ တထာဂတေန အဘာသိတံ အလပိတံ တထာဂတေနာတိ ဒီပေတိ၊
(၇) အနာစိဏ္ဏံ တထာဂတေန အာစိဏ္ဏံ တထာဂတေနာတိ ဒီပေတိ၊
(၈) အာစိဏ္ဏံ တထာဂတေန အနာစိဏ္ဏံ တထာဂတေနာတိဒီပေတိ၊
(၉) အပညတ္တံ တထာဂတေန ပညတ္တံ တထာဂတေနာတိ ဒီပေတိ၊
(၁၀) ပညတ္တံ တထာဂတေန အပညတ္တံ တထာဂတေနာတိ ဒီပေတိ၊
(၁၁) အနာပတ္တိံ အာပတ္တီတိ ဒီပေတိ၊
(၁၂) အာပတ္တိံ အနာပတ္တီတိ ဒီပေတိ၊
(၁၃) လဟုကံ အာပတ္တိံ ဂရုကာ အာပတ္တီတိ ဒီပေတိ၊
(၁၄) ဂရုကံ အာပတ္တိံ လဟုကာ အာပတ္တီတိ ဒီပေတိ၊
(၁၅) သာဝသေသံ အာပတ္တိံ အနဝသေသာ အာပတ္တီတိ ဒီပေတိ၊
(၁၆) အနဝသေသံ အာပတ္တိံ သာဝသေသာ အာပတ္တီတိ ဒီပေတိ၊
(၁၇) ဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ၊
(၁၈) အဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေတိ။

ဣမေဟိ ခေါ သာရိပုတ္တ အဋ္ဌာရသဟိ ဝတ္ထူဟိ အဓမ္မဝါဒီ ဇာနိတဗ္ဗော။

ဝိ၊၃၊ ၅၀၁(မဟာဝဂ္ဂ ဝိနယ ပါဠိ)ဝိဋ္ဌ၊၄၊၁၁၃၊ သာရတ္ထ၊ ၃ (၄၂၁) ပရိဝါပါဠိ (၁၆၈) ဝိမတိ၊ ၂၊ (၂၅၇) စူဠဝဂ္ဂပါဠိ (၂၁၁)

# အနုဝါဒါဓိကရုဏ်း ခွဲပုံ ၄-မျိုး

## နောက်ဆက်တွဲဇယား(၂)လုပ်ထုံးလုပ်နည်း(၂-ခ)(၂)

စတဿော ဝိပတ္တိယော သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ အာဇီဝ ဝိပတ္တိ။

ပရိဝါပါဠိ (၂၂၆)

**အနုဝါဒါဓိကရုဏ်း အာဇီဝဝိပတ္တိ ၆–ပါး**

၂၇၈။ အာဇီဝဝိပတ္တိပစ္စယာ ကတိ အာပတ္တိယော အာပဇ္ဇတိ။ အာဇီဝဝိပတ္တိပစ္စယာ ဆ အာပတ္တိယော အာပဇ္ဇတိ။

(၁) အာဇီဝဟေတု အာဇီဝကာရဏာ ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ အာပတ္တိ ပါရာဇိကဿ။

(၂) အာဇီဝဟေတု အာဇီဝကာရဏာ သဉ္စရိတ္တံ သမာပဇ္ဇတိ၊ အာပတ္တိ သံဃာဒိသေသဿ။

(၃) အာဇီဝဟေတု အာဇီဝကာရဏာ "ယော တေ ဝိဟာရေ ဝသတိ သော ဘိက္ခု အရဟာ"တိ ဘဏတိ၊ ပဋိဝိဇာနန္တဿ အာပတ္တိ ထုလ္လစ္စယဿ။

(၄) အာဇီဝဟေတု အာဇီဝကာရဏာ ဘိက္ခု ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိ ပါစိတ္တိယဿ။

(၅) အာဇီဝဟေတု အာဇီဝကာရဏာ ဘိက္ခုနီ ပဏီတဘောဇနာနိ အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိ ပါဋိဒေသနီယဿ။

(၆) အာဇီဝဟေတု အာဇီဝကာရဏာ သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိ ဒုက္ကဋဿ။ အာဇီဝဝိပတ္တိပစ္စယာ ဣမာ ဆ အာပတ္တိယော အာပဇ္ဇတိ။

ပရိဝါပါဠိ (၁၇၈)

**ကိစ္စာဓိကရုဏ်း**

အပလောကနကမ္မံ နာမ သီမဋ္ဌကသံဃံ သောဓေတွာ ဆန္ဒာရဟာနံ ဆန္ဒံ အာဟရိတွာ သမဂ္ဂဿ သံဃဿ အနုမတိယာ တိက္ခတ္တုံ သာဝေတွာ ကတ္တဗ္ဗကမ္မံ။

ဉတ္တိကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ကတ္တဗ္ဗကမ္မံ။

ဉတ္တိဒုတိယကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ ဧကာယ စ အနုဿာဝနာယာတိ ဧဝံ ဉတ္တိဒုတိယာယ အနုဿာဝနာယ ကတ္တဗ္ဗကမ္မံ။

ဉတ္တိစတုတ္ထကမ္မံ နာမ ဝုတ္တနယေနေဝ သမဂ္ဂဿ သံဃဿ အနုမတိယာ ဧကာယ ဉတ္တိယာ တီဟိ စ အနုဿာဝနာဟိတိ ဧဝံ ဉတ္တိစတုတ္ထာဟိ တီဟိ အနုဿာဝနာဟိ ကတ္တဗ္ဗကမ္မံ။

စူဠဝဂ္ဂ ဋ္ဌ (၃၉) ဝိနယသင်္ဂဟ ဋ္ဌ (၃၉၄)

တတ္ထ အပလောကနကမ္မံ အပလောကေတွာဝ ကာတဗ္ဗံ၊ ဉတ္တိကမ္မာဒိဝသေန န ကာတဗ္ဗံ။

ဉတ္တိကမ္မမ္ပိ ဧကံ ဉတ္တိံ ဌပေတွာဝ ကာတဗ္ဗံ၊ အပလောကနကမ္မာဒိဝသေန န ကာတဗ္ဗံ။

ဉတ္တိဒုတိယကမ္မံ ပန အပလောကေတွာ ကတ္တဗ္ဗမ္ပိ အတ္ထိ၊ အကတ္တဗ္ဗမ္ပိ အတ္ထိ။ တတ္ထ သီမာသမ္မုတိ၊ သီမသမူဟနနံ၊ ကထိနဒါနံ၊ ကထိနုဗ္ဘာရော၊ ကုဋိဝတ္ထုဒေသနာ၊ ဝိဟာရဝတ္ထုဒေသနာတိ ဣမာနိ ဆ ကမ္မာနိ ဂရုကာနိ အပလောကေတွာ ကာတုံ န ဝဋ္ဋန္တိ၊ ဉတ္တိဒုတိယကမ္မဝါစံ သာဝေတွာဝ ကာတဗ္ဗာနိ။ အဝသေသာ တေရသ သမ္မုတိယော သေနာသနဂ္ဂါဟက မတကစီဝရဒါနာဒိ သမ္မုတိယောစာတိ ဧဝရူပါနိ လဟုကကမ္မာနိ အပလောကေတွာပိ ကာတုံ ဝဋ္ဋန္တိ၊ ဉတ္တိကမ္မ ဉတ္တိစတုတ္ထကမ္မဝသေန ပန န ကာတဗ္ဗမေဝ။

ဉတ္တိစတုတ္ထကမ္မံ ဉတ္တိဒုတိယော စ ကမ္မဝါစာယော သာဝေတွာဝ ကာတဗ္ဗံ၊ အပလောကနကမ္မာဒိဝသေန န ကာတဗ္ဗန္တိ အယမေတ္ထ သင်္ခေပေါ။

စူဠဝဂ္ဂ ၄ (၃၉+၄၀) ဝိနယသင်္ဂဟ (၃၉၅)

**အဓိကရုဏ်း ၄-ပါး**

စတ္တာရိမာနိ ဘိက္ခဝေ အဓိကရဏာနိ ဝိဝါဒါဓိကရဏံ အနုဝါဒါဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာဓိကရဏံ။

**တတ္ထ ကတမံ ဝိဝါဒါဓိကရဏံ**

ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ဝိဝဒန္တိ

(၁) ဓမ္မောတိ ဝါ အဓမ္မောတိ ဝါ၊
(၂) ဝိနယောတိ ဝါ အဝိနယောတိ ဝါ၊
(၃) ဘာသိတံ လပိတံ တထာဂတေနာတိ ဝါ အဘာသိတံ အလပိတံ တထာဂတေနာတိ ဝါ၊
(၄) အာစိဏ္ဏံ တထာဂတေနာတိ ဝါ အနာစိဏ္ဏံ တထာဂတေနာတိ ဝါ၊
(၅) ပညတ္တံ တထာဂတေနာတိ ဝါ အပညတ္တံ တထာဂတေနာတိ ဝါ၊
(၆) အာပတ္တီတိ ဝါ အနာပတ္တီတိ ဝါ၊
(၇) လဟုကာ အာပတ္တီတိ ဝါ ဂရုကာ အာပတ္တီတိ ဝါ၊
(၈) သာဝသေသာ အာပတ္တီတိ ဝါ အနဝသေသာ အာပတ္တီတိ ဝါ၊
(၉) ဒုဋ္ဌုလ္လာ အာပတ္တီတိ ဝါ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဝါ။

ယံ တတ္ထ ဘဏ္ဍနံ ကလဟော ဝိဂ္ဂဟော ဝိဝါဒေါ နာနာဝါဒေါ အညထာဝါဒေါ ဝိပစ္စတာယ ဝေါဟာရော မေဓဂံ၊ ဣဒံ ဝုစ္စတိ ဝိဝါဒါဓိကရဏံ။

**တတ္ထ ကတမံ အနုဝါဒါဓိကရဏံ၊**

ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ဘိက္ခုံ အနုဝဒန္တိ သီလဝိပတ္တိယာ ဝါ အာစာရဝိပတ္တိယာ ဝါ ဒိဋ္ဌိဝိပတ္တိယာ ဝါ အာဇီဝဝိပတ္တိယာ ဝါ

ယော တတ္ထ အနုဝါဒေါ အနုဝဒနာ အနုလ္လပနာ အနုဘဏနာ အနုသမ္ပဝင်္ကတာ အဗ္ဘုဿဟနတာ အနုဗလပ္ပဒါနံ၊ ဣဒံ ဝုစ္စတိ အနုဝါဒါဓိကရဏံ။

**တတ္ထ ကတမံ အာပတ္တာဓိကရဏံ၊**

ပဉ္စပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ၊ သတ္တပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ၊ ဣဒံ ဝုစ္စတိ အာပတ္တာဓိကရဏံ။

**တတ္ထ ကတမံ ကိစ္စာဓိကရဏံ၊**

ယာ သံဃဿ ကိစ္စယတာ ကရဏီယတာ အပလောကနကမ္မံ, ဉတ္တိကမ္မံ, ဉတ္တိဒုတိယကမ္မံ, ဉတ္တိစတုတ္ထကမ္မံ၊ ဣဒံ ဝုစ္စတိ ကိစ္စာဓိကရဏံ။

စူဠဝဂ္ဂပါဠိ (၂၁၁–၂၁၂)

(၂၉၁) ကမ္မာကမ္မန္တိ ဧတ္ထ ပန ကမ္မာနိ စတ္တာရိ အပလောကနကမ္မံ, ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထကမ္မန္တိ။

ဝိနယသင်္ဂဟ ဋ္ဌ (၃၃၁)

**အဓိကရုဏ်း ၄-ပါး၊**

ဣမေသံ အဓိကရဏာနန္တိ ဝိဝါဒါဓိကရဏံ အနုဝါဒါဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာဓိကရဏန္တိ ဣမေသံ စတုန္နံ။

တတြာယံ ဝိနိစ္ဆယော အဓိကရဏေသု တာဝ "ဓမ္မော" တိဝါ "အဓမ္မော" တိဝါ အဋ္ဌာရသဟိ ဝတ္ထူဟိ ဝိဝဒန္တာနံ ဘိက္ခူနံ ယော ဝိဝါဒေါ၊ ဣဒံ ဝိဝါဒါဓိကရဏံ နာမ။

သီလဝိပတ္တိယာ ဝါ အာစာရ ဒိဋ္ဌိ အာဇီဝဝိပတ္တိယာ ဝါ အနုဝဒန္တာနံ ယော အနုဝါဒေါ ဥပဝဒနာ စေဝ စောဒနာ စ၊ ဣဒံ အနုဝါဒါဓိကရဏံ နာမ။

မာတိကာယ အာဂတာ ပဉ္စ, ဝိဘင်္ဂေ ဒွေတိ သတ္တပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ နာမ။

ယံ သံဃာ အပလောကနာဒီနံ စတုန္နံကမ္မာနံ ကရဏံ၊ ဣဒံ ကိစ္စာဓိကရဏံ နာမ။ ကင်္ခါ ဋ (၂၈၉)

**အဓိကရုဏ်း (၄) ပါးကို သမထ ၇-ပါး ဖြင့်ငြိမ်းစေပုံ၊**

တတ္ထ ဝိဝါဒါဓိကရဏံ ဒွီဟိ **သမထေဟိ** သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ၊ ကင်္ခါဋ (၂၉၀)

အနုဝါဒါဓိကရဏံ စတူဟိ သမထေဟိ သမ္မုခါဝိနယေန စ, သတိဝိနယေန စ, အမူဠ္ဟဝိနယေန စ, တဿပါပိယသိကာယ စ။ ကင်္ခါ ဋ (၂၉၀)

အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။ ကင်္ခါဋ (၂၉၁)

အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မုခါဝိနယေန စ, ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။ ကင်္ခါဋ (၂၉၁)

ကိစ္စာဓိကရဏံ ဧကေန သမထေန သမ္မုခါဝိနယေနေဝ။ ကင်္ခါ ဋ (၂၉၁)

**အဓိကရဏသမထ**

ဣမေ ခေါ ပနာယသ္မန္တော သတ္တ အဓိကရဏသမထာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပသမာယ။

(၁) သမ္မုခါဝိနယော ဒါတဗ္ဗော၊
(၂) သတိဝိနယော ဒါတဗ္ဗော၊
(၃) အမူဠ္ဟဝိနယော ဒါတဗ္ဗော၊
(၄) ပဋိညာယ ကာရေတဗ္ဗံ၊
(၅) ယေဘုယျသိကာ၊
(၆) တဿပါပိယသိကာ၊
(၇) တိဏဝတ္ထာရကောတိ။

သို့ကျဉ်းပါတိမောက်ပါဠိ

သမ္မုခ လေးပါး၊

တတ္ထ စ ကာရကသံဃဿ သံဃသာမဂ္ဂိဝသေန သမ္မုခီဘာဝေါ သံဃသမ္မုခတာ။

သမေတဗ္ဗဿ ဝတ္ထုနော ဘူတတာ ဓမ္မသမ္မုခတာ၊
ယထာ တံ သမေတဗ္ဗံ၊ တထေဝဿ သမနံ ဝိနယသမ္မုခတာ။
ယော စ ဝဒတိ၊ ယေန စ ဝိဝဒတိ၊ တေသံ ဥဘိန္နံ အတ္ထပစ္စတ္ထိကာနံ
သမ္မုခီဘာဝေါ ပုဂ္ဂလသမ္မုခတာ။　ကင်္ခါ ဋ္ဌ (၂၀၉)

သမထ(၇)ပါး၊

(၁) သမ္မုခါဝိနယေနေဝ သမ္မမာနံ ယသ္မိံ ဝိဟာရေ ဥပ္ပန္နံ၊ တသ္မိံယေဝဝါ၊ အညတ္ထ ဝူပသမေတုံ ဂစ္ဆန္တာနံ အန္တရာ မဂ္ဂေဝါ, ယတ္ထ ဂန္တွာ သံဃဿ နိယျာတိတံ၊ တတ္ထ သံဃေန ဝါ-ဝူပသမေတုံ အသက္ကောန္တေ တတ္ထေဝ ဥဗ္ဗာဟိကာယ-သမ္မတ ပုဂ္ဂလေဟိ ဝါ, ဝိနိစ္ဆိတံ သမ္မတိ၊ ဧဝံ သမ္မမာနေ-စ ပန တသ္မိံ ယာ သံဃသမ္မုခတာ ဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာ အယံ သမ္မုခါဝိနယောနာမ။
ကင်္ခါ ဋ္ဌ (၂၀၈)

(၁) သမ္မုခါဝိနည်း သံဃ, ဓမ္မ, ဝိနယ, ပုဂ္ဂလ,တို့၏ မျက်မှောက်၌ ငြိမ်းစေကြောင်း ဝိနည်းတရား။
နောက်ဆက်တွဲဇယား(၅)

(၂) ယဒါ ပန ခီဏာသဝဿ ဘိက္ခုနော အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသိတဿ သတိဝိနယံ ယာစမာနဿ သံဃော ဉတ္တိစတုတ္ထေန ကမ္မေန သတိဝိနယံ ဒေတိ၊ တဒါ သမ္မုခါဝိနယေန စ- သတိဝိနယေန စ ဝူပသန္တံ ဟောတိ၊
ဒိန္နေ ပန သတိဝိနယေ ပုန တသ္မိံ ပုဂ္ဂလေ ကဿစိ အနုဝါဒေါ န ရုဟတိ။　ကင်္ခါ ဋ္ဌ (၂၉၀)

(၂) သတိဝိနည်း—သတိပြည့်စုံ ပြန့်ပြောသော ရဟန္တာအား ပေးအပ်သော ဝိနည်းတရား။　ကင်္ခါ ဋ္ဌ (၂၉၀)

(၃) ယဒါ ဥမ္မတ္တကော ဘိက္ခု ဥမ္မာဒဝသေန ဂတော အသာမဏကေ အဇ္ဈာစာရေ "သရတာယသ္မာ ဧဝရူပိံ အာပတ္တိ"န္တိ ဘိက္ခူဟိ စောဒိယမာနော "ဥမ္မတ္တကေန မေ အာဝုသော ဧတံ ကတံ၊ နာဟံ တံ သရာမီ"တိ ဘဏန္တောပိ ဘိက္ခူဟိ စောဒိယမာနောဝ ပုန အစောဒနတ္ထာယ အမူဠှဝိနယံ ယာစတိ၊ သံဃော စဿ ဉတ္တိစတုတ္ထေန ကမ္မေန အမူဠှဝိနယံ ဒေတိ။ တဒါ သမ္မုခါဝိနယေန စ အမူဠှဝိနယေန စ ဝူပသန္တံ ဟောတိ၊ ဒိန္နေ ပန အမူဠှဝိနယေ ပုန တသ္မိံ ပုဂ္ဂလေ ကဿစိ တပ္ပစ္စယာ အနုဝါဒေါ န ရုဟတိ။ ကင်္ခါ (၂၉၀)

(၃) အမူဠှဝိနည်း—ဂဂ္ဂရဟန်းကဲ့သို့အလွန်တွေဝေ ရူးသွပ်သောရဟန်း အားပေးအပ်သော ဝိနည်းတရား။

နောက်ဆက်တွဲဇယား (၅)

(၄) ယာ ပနေတ္ထ "အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော" တိ စ, "ပဿသီ"တိ, "အာမ ပဿာမီ"တိ စ ပဋိညာတာယ "အာယတိံ သံဝရေယျာသီ"တိ ကရဏံ ပဋိညာတကရဏံ နာမ။

သံဃာဒိသေသေ ပရိဝါသာဒိယာစနာ ပဋိညာ၊ ပရိဝါသာဒီနံ ဒါနံ ပဋိညာတကရဏံ နာမ။ ကင်္ခါ (၂၉၁)

(၄) ပဋိညာတကရဏဝိနည်း—ဝန်ခံသည့်အတိုင်း ပြုအပ်သော ဝိနည်းတရား။

နောက်ဆက်တွဲဇယား (၅)

(၅) သစေ ပနေဝမ္ပိ န သမ္မတိ၊ အထ နံ ဥဗ္ဗာဟိကာယ သမ္မတာ ဘိက္ခူ "န မယံ သက္ကောမ ဝူပသမေတု"န္တိ သံဃဿေဝ နိယျာတေန္တိ၊

တတော သံဃော ပဉ္စင်္ဂသမန္နာဂတံ ဘိက္ခုံ သလာကဂ္ဂါဟပကံ သမ္မန္နိတွာ တေန ဂုဠှကဝိဝဋကသကဏ္ဏဇပ္ပကေသု တီသု သလာကဂ္ဂါဟေသု အညတရဝသေန သလာကံ ဂါဟေတွာ သန္နိပတိတပရိသာယ ဓမ္မဝါဒီနံ ယေဘုယျတာယ ယထာ တေ

ဓမ္မဝါဒိနော ဝဒန္တိ၊ ဧဝံ ဝူပသန္တံ အဓိကရဏံ သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ ဝူပသန္တံ ဟောတိ။

တတ္ထ သမ္မုခါဝိနယော ဝုတ္တနယော ဧဝ၊ ယံ ပန ယေဘုယျသိကာ ကမ္မဿ ကရဏံ၊ အယံ ယေဘုယျသိကာ နာမ။

ကန်ဒါ (၂၉၀)

(၅) ယေဘုယျသိက ဝိနည်း--ဓမ္မဝါဒီပုဂ္ဂိုလ်များရာ စာရေးတံယူစေ၍ ပြုအပ်သော ဝိနည်းတရား။

နောက်ဆက်တွဲဇယား (၅)

(၆) ယဒါ ပန ပါရာဇိကေန ဝါ ပါရာဇိကသာမန္တေန ဝါ စောဒိယမာနဿ အညေနညံ ပဋိစရတော ပါပုဿန္နတာယ ပါပိယဿ ပုဂ္ဂလဿ "သစာယံ အစ္ဆိန္နမူလော ဘဝိဿတိ၊ သမ္မာ ဝတ္တိတွာ ဩသာရဏံ လဘိဿတိ၊ သစေ ဆိန္နမူလော၊ သွာယမဿ နာသနာ ဘဝိဿတီ" တိ မညမာနေန သံဃေန ဉတ္တိစတုတ္ထေန ကမ္မေန တဿပါပိယသိကာ ကမ္မံ ကရောတိ၊ တဒါ သမ္မုခါဝိနယေန စ တဿပါပိယသိကာယ စ ဝူပသန္တံ ဟောတိ။ ကန်ဒါ (၂၉၀)

(၆) တဿပါပိယသိကဝိနည်း = ထိုဝါငြရဟန်းကဲ့သို့ ယုတ်မာသော ရဟန်းအား ပြုအပ်သော ဝိနည်းတရား။

နောက်ဆက်တွဲဇယား (၅)

(၇) ယဒါ ပက္ခဇာတာ ပန ဘဏ္ဍနကာရကာ ဘိက္ခူ ဗဟုံ အဿာမဏကံ အဇ္ဈာစာရံ စရိတွာ ပုန လဇ္ဇိဓမ္မေ ဥပ္ပန္နေ "သစေ မယံ ဣမာဟိ အာပတ္တီဟိ အညမညံ ကာရေဿာမ၊ သိယာပိ တံ အဓိကရဏံ ကက္ခဠတ္တာယ ဝါဠတ္တာယ သံဝတ္တေယျ" တိ အညမညံ အာပတ္တိယာ ကာရာပနေ ဒေါသံ ဒိသွာ ယဒါ-

တိဏဝတ္ထာရကကမ္မံ ကရောန္တိ၊ တဒါ အာပတ္တာဓိကရဏံ သမ္မုခါဝိနယေန စ တိဏဝတ္ထာရကေန စ သမ္မတိ။ ကန်ဒါ (၂၉၁)

(၇) တိဏဝတ္ထာရကဝိနည်း = မစင်ကြယ်သော ဝတ္ထုတို့ကို ဖုံးလွှမ်းကြောင်း မြက်နှင့်တူသော ဝိနည်းတရား။

နောက်ဆက်တွဲဇယား (၅)

ဥဘတော ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ သုဝိနိစ္ဆိတာနိ သုတ္တတော အနုဗျဉ္ဇနသော၊

''အာဒိဝဝိပတ္တိ ဝါ ဒိဋ္ဌိဝိပတ္တိ ဝါ ကာဝိ အာပတ္တိနာမ နတ္ထိ''

အာဇီဝဝိပတ္တိပစ္စယာ ပန ၆ပျော့ ဒုဗ္ဘာသိတံ ဆ အာပတ္တိက္ခန္ဓာ ပညတ္တာ၊ ဒိဋ္ဌိဝိပတ္တိပစ္စယာ ပါစိတ္တိယ ဒုက္ကဋဝသေန ဒွေ အာပတ္တိက္ခန္ဓာ ပညတ္တာ၊ ဣဒမေတ္ထ လက္ခဏံ။ ကင်္ခါ(၁၅၇)

၁၃၄၃-ခုနှစ် ပြာသိုလပြည့်ကျော် ၁၄-ရက်။

၃-၂-၈၅ (အင်္ဂါ နေ့)

လုပ်ထုံးလုပ်နည်း များ အခန်း(၂) အပိုဒ်(၃) (က+ခ+ဂ) ပြေငြိမ်းခြင်း။

**ရပ်ကွက်/ကျေးရွာအုပ်စု-အဆင့်**

(၂၅) ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို စတင် ပြေငြိမ်းစေခြင်းနှင့်ပတ်သက်၍ ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ပြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃)တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ဝိနည်းဓမ္မကံဆိုင်ရာအဓိကရုဏ်း တခုခုဖြစ်ပေါ်ခဲ့သည်ရှိသော် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က မိမိအဖွဲ့သို့သက်ဆိုင်သူများက တင်ပြလာပါက ဝိနည်း ဓမ္မကံနှင့်အညီ အဆိုပါမှုခင်းပြဿနာကို ပြေလည်အေးငြိမ်းရန် ညှိနှိုင်းပေးရန် တာဝန်ရှိပါသည်။

(၁) သံဃနာယကအဖွဲ့ဝင်(အများစု)စုံညီရှေ့မှောက်ဖြစ်ရမည်။

(၂) စောဒက၊ စုဒိတက စုံညီရှေ့မှောက် ဖြစ်ရမည်။

(၃) မြို့နယ်သာသနာရေးမှူး တက်ရောက်ရမည်။

(၄) ရပ်ကွက်/ကျေးရွာအုပ်စုပြည်သူ့ကောင်စီအဖွဲ့ဝင်တဦး တက်ရောက်ရမည်။

(၅) စေ့စပ်ညှိနှိုင်းပေးမှုကို သဘောတူလျှင် သဘောတူကြောင်း နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးစေရမည်။

(၆) စေ့စပ်ညှိနှိုင်းမှုမပြုမီ သံဃနာယက သဘာပတိဆရာတော်က ဩဝါဒ ပေးရမည်။

(၇) နှစ်ဖက်စေ့စပ် ညှိနှိုင်းမှုသာဖြစ်သည်၊ ဆုံးဖြတ်ရန် မဟုတ်ကြောင်း ကြေငြာရမည်။

(ခ) မှုခင်းပြဿနာကို ပြေလည်အေးငြိမ်းရန် ညှိနှိုင်း ပေးသည့်အခါ စောဒကနှင့်စုဒိတကတို့၏ တင်ပြချက် အကျဉ်းချုပ်၊ ပြေလည်အေးငြိမ်းမှုမည်သို့ရရှိကြောင်း၊ သို့မဟုတ် ပြေလည်အေးငြိမ်းမှု မရရှိကြောင်း မှတ်တမ်းတင်ထားရန် လိုပါသည်။

(ဂ) ယင်းသို့မှတ်တမ်းတင်နိုင်ရန် နေ့စဉ်မှတ်တမ်းစာအုပ်တအုပ် ထားရန်လိုပါသည်။

(ဃ) စေ့စပ်ညှိနှိုင်းပေးမှုကြောင့် ပြေငြိမ်းသွားလျှင် မြို့နယ်သံဃနာယကအဖွဲ့သို့ ပြေငြိမ်းကြောင်း အကြောင်းအရာ စုံလင်စွာ ဖော်ပြလျက် အစီရင်ခံစာတင်သွင်းရမည်။

(င) မိမိအဖွဲ့ဖြင့် မှုခင်းပြဿနာ ပြေငြိမ်းမှုမရရှိပါက မြို့နယ်သံဃနာယကအဖွဲ့သို့အချင်းဖြစ် မှုခင်းပြဿနာကိုတင်ပြအစီရင်ခံရမည်။

(စ) သက်ဆိုင်သူက မှုခင်းပြဿနာကိုတင်ပြလာပါက ယင်းတင်ပြချက် လျှောက်လွှာကို သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်၌ ရေးသွင်း ထားရန်ဖြစ်ပါသည်။

ချင်းချက်။ ။ကျေးရွာအုပ်စုဖြစ်ခဲ့သော် မြို့နယ်သာသနာရေးမှူးတက်ရောက်ရန်မလိုပါ။

မှတ်ပုံတင်စာအုပ်၌ရေးသွင်းသားရာ၌

(၁) လျှောက်လွှာအမှတ်စဉ်၊
(၂) စာဒကာ၏ အမည်၊
(၃) စုဒိတက၏-အမည်၊
(၄) ယင်းတို့၏နေရပ်လိပ်စာ၊
(၅) မှုခင်းအကြောင်းအရာအကျဉ်းချုပ်၊
(၆) ပြေလည်အေးငြိမ်းမှု ရသည်၊ သို့မဟုတ် မရသည်။
(၇) ပြေလည်အေးငြိမ်းမှုမရပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ လွှဲပြောင်းစသည်တို့ကို မှတ်ပုံတင်စာအုပ်၌ရေးသွင်းပြီး သံဃနာယကအဖွဲ့ခေါင်းဆောင်ကလက်မှတ် ရေးထိုးရန်လိုပါသည်။ ပြေလည်အေးငြိမ်းမှုမရပါက မရသည့်အမှုတွဲကို သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့သို့ပေးပို့ရပါမည်။

(ဆ) အစီရင်ခံစာ၌ ဟက်ရောက်သော သံဃနာယကအဖွဲ့ဝင်တိုင်းလက်မှတ်ရေးထိုးပြီး သံဃနာယကအဖွဲ့တံဆိပ် ရိုက်နှိပ်ရသည်။

(ဇ) အမှုတွဲပေးပို့သည့်အခါ ပေးပို့ကြောင်းစာဖြင့် ပေးပို့ရပါမည်။

(ဈ) အမှုတွဲကို ပို့စာဖြင့်ပို့ရသော်လည်း အမှုတွဲ လွှဲပြောင်း ပေးပို့ကြောင်း စာအုပ်ငယ်ဖြင့် မှတ်တမ်းတင်၍ပေးပို့ရပါမည်။

(ည) အမှုတွဲကိုသက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ဝင် တဦးဦးကပို့စာ စာအုပ်ငယ်ကိုလက်မှတ်ထိုး၍ လက်ခံယူရပါမည်။

မိတ္တူများကို

(၁) ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ် အမှုဆောင် အဖွဲ့။

(၂) မြို့နယ်သာသနာရေးမှူး။

(၃) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ပေးပို့ရပါမည်။

သံဃနာယကများလက်စွဲ နှာ(၆)အပိုဒ်(၂၅) (က-မှ-ဇ-အထိ)

## ပြေငြိမ်းခြင်း

**မြို့နယ် အဆင့်**

( ၆ဂ ) ဝိနည်းမမှန် အဓိကရဏ်း မှုခင်းများကို စတင်ပြေငြိမ်း စေခြင်းနှင့် ပတ်သက်၍ ဝိနည်းမမှန် အဓိကရဏ်း မှုခင်း များ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အပိုဒ် (၃) တွင် ပြဋ္ဌာန်း ထားပါသည်။ ယင်းနှင့် ပတ် သက်၍ အောက်ပါ အတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် မိမိအဖွဲ့ဖြင့် မှုခင်းပြဿနာကို ပြေငြိမ်းမှု မရသည့်အခါ မြို့နယ် သံဃ- နာယက အဖွဲ့သို့ ပြေငြိမ်း မရသည့် အမှုတွဲကို တင်ပို့ရမည် ဖြစ်ပါသည်။ ယင်းအမှုတွဲကို လက်ခံယူရပါမည်။

( ခ ) ယင်းအမှုတွဲကို မိမိတို့သက်ဆိုင်ရာ မှတ်တမ်း စာအုပ်တွင် ရေးသွင်းရန်လိုပါသည်။

( ဂ ) ယင်းမှတ်ပုံတင် စာအုပ်၌-

( ၁ ) **အမှုတွဲ အမှတ်စဉ်၊**

( ၂ ) **ဓဇာဒက-၏ အမည်၊**

( ၃ ) **စုဒိတက-၏ အမည်၊**

( ၄ ) **ယင်းတို့၏ နေရပ်လိပ်စာ၊**

( ၅ ) မှုခင်းအကြောင်းအရာ အကျဉ်းချုပ် တို့ကို ရေးသွင်းပြီး သံဃနာယကအဖွဲ့ခေါင်းဆောင် ဆ လက်မှတ် ရေးထိုးထားရန် လိုပါသည်။

(ဃ) ပြေလည်အေးငြိမ်းမှုမရသည့် အမှုတွဲကို လက်ခံရရှိသည့် အခါ မိမိအဖွဲ့အနေဖြင့် သက်ဆိုင်ရာ စောဒက စုဒိတက- တို့အား စာအားဖြင့် အကြောင်းကြား၍ ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ခေါ်ယူ၍ မှုခင်းပြဿနာကို ပြေငြိမ်းစေရန် ညှိနှိုင်း ဆောင်ရွက် ပေးရမည်၊

( င ) စေ့စပ်ညှိနှိုင်းသည့်အခါ မြို့နယ် သံဃနာယကအဖွဲ့ဝင် အနည်း ဆုံး ထက်ဝက်စုံညီ ရှေ့မှောက်မှာ ဖြစ်ရပါမည်၊

( စ ) စောဒက စုဒိတကာ စုံညီရှေ့မှောက်မှာဖြစ်ရပါမည်၊

(ဆ )မြို့နယ်သာသနာရေးမှူး တက်ရောက်ရမည်၊

( ဇ ) မြို့နယ် ပြည်သူ့ကောင်စီ အဖွဲ့ဝင်တဦး တက်ရောက်ရမည်၊

(ဈ ) စေ့စပ်ညှိနှိုင်းပေးမှုကို သဘောတူလျှင် သဘောတူကြောင်း နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးစေရမည်၊

(ည ) စေ့စပ်ညှိနှိုင်းမှု မပြေမီ သံဃနာယက သဘာပတိဆရာတော်က ဩဝါဒပေးရမည်၊

( ဋ ) နှစ်ဘက် စေ့စပ်ညှိနှိုင်းမှုသာ ဖြစ်သည်၊ ဆုံးဖြတ်ရန် မဟုတ် ကြောင်း ကြေငြာရမည်၊

( ဌ ) မှုခင်းပြဿနာကို ပြေလည် အေးငြိမ်းရန် ညှိနှိုင်း ပေးသည့် အခါ စောဒကနှင့် စုဒိတကတို့၏ တင်ပြချက် အကျဉ်းချုပ်၊ ပြေလည်အေးငြိမ်းမှု မည်သို့ ရရှိကြောင်း သို့မဟုတ်၊ ပြေလည် ငြိမ်းအေးမှု မရရှိကြောင်း မှတ်တမ်း တင်ထားရန်လိုပါသည်။

( ဍ ) စေ့စပ် ညှိနှိုင်းပေးမှုကြောင့် ပြေငြိမ်းသွားလျှင် ပြည်နယ်/ တိုင်း-သံဃနာယက အဖွဲ့သို့ ပြေငြိမ်းကြောင်း အကြောင်း အရာ အစုံ အလင်ကို ဖော်ပြလျက် – အစီရင်ခံစာ တင်သွင်း ရပါမည်၊

( ဎ ) မိမိအဖွဲ့ဖြင့် ပြေငြိမ်းမှု မရရှိပါက သက်ဆိုင်ရာ ပြည်နယ်/ တိုင်း-သံဃနာယကအဖွဲ့သို့ အချင်းဖြစ် မှုခင်းပြဿနာကို အမှု တွဲနှင့် တကွ မရကြောင်း အစီရင်ခံစာ ရေး၍ ပေးပို့ ရပါမည်၊

(ဏ) အစီရင်ခံစာ၌ တက်ရောက်သော သံဃနာယက အဖွဲ့ဝင်တိုင်း လက်မှတ်ရေးထိုးပြီး မိမိတို့ သံဃနာယကအဖွဲ့တံဆိပ် ရိုက်နှိပ်ရမည်၊

(တ) အမှုတွဲ ပေးပို့သည့် အခါ ပေးပို့ကြောင်း စာဖြင့် ပေးပို့ရပါမည်၊

(ထ) အမှုတွဲကို ပို့သည့်အခါ ပို့စာဖြင့် ပို့ရသော်လည်း အမှုတွဲ လွှဲပြောင်း ပေးပို့ကြောင်း စာအုပ်ငယ်ဖြင့် မှတ်တမ်း တင်၍ ပေးပို့ရပါမည်၊

(ဒ) အမှုတွဲကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့ဝင် တပါးပါးက ပို့စာ စာအုပ်ငယ်ကို လက်မှတ် ထိုး၍ လက်ခံယူရပါမည်၊

(ဓ) အမှုတွဲ ပို့စာတွင် အဆိုပါ အမှုတွဲကို လက်ခံရရှိကြောင်း ပြန်ကြားရန် မေတ္တာရပ်ခံချက်ကိုလည်း ဖော်ပြရပါမည်၊

မိတ္တူများကို

( ၁ ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊
( ၂ ) မြို့နယ် သာသနာရေးမှူး၊
( ၃ ) ပြည်နယ်/တိုင်းသာသနာရေးမှူး၊
( ၄ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊
( ၅ ) ပြည်နယ်/တိုင်းပြည်သူ့ ကောင်စီ အလုပ် အမှုဆောင် အဖွဲ့များသို့ ပေးပို့ရပါမည်၊

* သံဃနာယကများ လက်စွဲ နှာ (၁၄/၁၅) အပိုဒ် (၆၇)။

## ပြေငြိမ်းခြင်း

ပြည်နယ်/တိုင်းအဆင့်

(၁၀၃) ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို စတင်ပြေငြိမ်းခြင်းနှင့် ပတ်သက်၍ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၃) တွင် ပြဋ္ဌာန်းထားပါသည်။ ယင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) မြို့နယ် သံဃနာယက အဖွဲ့သည် မိမိအဖွဲ့ဖြင့် မှုခင်းပြဿနာကို ပြေငြိမ်းမှု မရရှိသည့်အခါ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့သို့ ပြေငြိမ်းရန် ညှိနှိုင်းခရသည့် အမှုတွဲကို တင်ပို့ရမည် ဖြစ်ပါသည်။ ယင်းအမှုတွဲကို လက်ခံရယူရပါမည်။

(ခ) ယင်းအမှုတွဲကို မိမိတို့ သက်ဆိုင်ရာ မှတ်တမ်းစာအုပ်တွင် ရေးသွင်းရန် လိုပါသည်။

(ဂ) ယင်း မှတ်ပုံတင်စာအုပ်၌—(၁) အမှုတွဲအမှတ်စဉ်၊
(၂) စောဒက-၏ အမည်၊
(၃) စုဒိတက-၏ အမည်၊
(၄) ယင်းတို့၏ နေရပ်လိပ်စာ၊
(၅) မှုခင်း အကြောင်းအရာ အကျဉ်းချုပ်တို့ကို ရေးသွင်းပြီး သံဃနာယက အဖွဲ့ ခေါင်းဆောင်က လက်မှတ်ရေးထိုးထားရန် လိုပါသည်။

(ဃ) မြို့နယ် သံဃနာယကအဖွဲ့ဖြင့် ပြေလည်အေးငြိမ်းမှု မရသည့် အမှုတွဲကို လက်ခံရရှိသည့်အခါ မိမိအဖွဲ့အနေဖြင့် သက်ဆိုင်ရာ စောဒက စုဒိတက-တို့အား စာအားဖြင့် အကြောင်းကြား၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ခေါ်ယူ၍ မှုခင်း ပြဿနာကို ပြေငြိမ်းစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(က)

**မြေပြင်မြင်း**




လုပ်ထုံးလုပ်နည်းအပိုဒ် (၃) (က) (ခ) (ဂ)

(၁)

မြေငြိမ်းခြင်း




လုပ်ထုံးလုပ်နည်းအပိုဒ် (၄) (က)

## မြေပြင်မီးခြင်း

**ရပ်ကွက်တခြား**

| သန်လျင်မြို့နယ် | သန်လျင်မြို့နယ် |
|---|---|
| မြို့သစ် အနောက် ရပ်ကွက် | အောင်မင်္ဂလာရပ်ကွက် |
| စောဒက | စုဒိတက |

**ကျေးရွာတခြား**

| သန်လျင်မြို့နယ် | သန်လျင်မြို့နယ် |
|---|---|
| ဉယျာဉ်ကျေးရွာ | လဟာရက်ကျေးရွာ |
| စောဒက | စုဒိတက |

**မြို့နယ်တခြား**

| ရန်ကုန်တိုင်း | ရန်ကုန်တိုင်း |
|---|---|
| လှိုင်မြို့နယ် | ကမာရွတ်မြို့နယ် |
| စောဒက | စုဒိတက |

**ပြည်နယ်တခြား**

| | |
|---|---|
| မွန်ပြည်နယ် | ကရင်ပြည်နယ် |
| စောဒက | စုဒိတက |

**တိုင်းတခြား**

| | |
|---|---|
| ရန်ကုန်တိုင်း | ပဲခူးတိုင်း |
| စောဒက | စုဒိတက |

* အမှုဖြစ် ပစ္စည်းဘဏ္ဍာအများ ရှိရာ၌ သော်လည်းကောင်း၊
* စုဒိတက အများရှိရာ၌သော်လည်းကောင်း–

ပြေလည်အောင်ငြိမ်းပါ၊

(သို့မဟုတ်) တရားစွဲဆိုပါ။

* စောဒကဆက်၌ ပစ္စည်းဘဏ္ဍာရှိ၍ စုဒိတက အများဖြစ်ခဲ့သော စုဒိတက အများရှိရာ၌ ပြေငြိမ်းပါ၊ တရားစွဲပါ။

လုပ်ထုံးလုပ်နည်းအပိုဒ် (၄) (ခ)

(င) စေ့စပ်ညှိနှိုင်းသည့်အခါ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ၁-ပါး၊ အကျိုးဆောင် ၁-ပါး၊ အဖွဲ့ဝင် ၁-ပါး စုစုပေါင်း ၃-ပါးစုံညီ ရှေ့မှောက်မှာ ဖြစ်ရမည်။

(စ) စောဒက စုဒိတက စုံညီရှေ့မှောက်မှာ ဖြစ်ရပါမည်။

(ဆ) ပြည်နယ်/တိုင်း သာသနာရေးမှူး တက်ရောက်ရမည်။

(ဇ) ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့ဝင်တဦး တက်ရောက်ရမည်။

(ဈ) စေ့စပ်ညှိနှိုင်းပေးမှုကို သဘောတူလျှင် သဘောတူကြောင်း လက်မှတ် ရေးထိုးစေရမည်။

(ည) စေ့စပ်ညှိနှိုင်းမှု မပြုမီ သံဃနာယက သဘာပတိ ဆရာတော် က ဩဝါဒ ပေးရမည်။

(ဋ) နှစ်ဘက် စေ့စပ်ညှိနှိုင်းမှုသာ ဖြစ်သည်။ ဆုံးဖြတ်ရန် မဟုတ် ကြောင်း ကြေငြာ ပေးရမည်။

(ဌ) စေ့စပ်ညှိနှိုင်းပေးမှုကြောင့် ပြေငြိမ်းသွားလျှင် နိုင်ငံတော် သံဃနာယက အဖွဲ့သို့ ပြေငြိမ်းကြောင်း အကြောင်းအရာ စုံလင်စွာ ဖော်ပြလျက် အစီရင်ခံစာ တင်သွင်းရမည်။

(ဍ) မှုခင်းပြဿနာကို ပြေလည်အေးငြိမ်းရန် ညှိနှိုင်းပေးသည့် အခါ စောဒက စုဒိတကတို့၏ တင်ပြချက် အကျဉ်းချုပ်၊ ပြေလည်အေးငြိမ်းမှု မည်သို့ရကြောင်း သို့မဟုတ် ပြေလည် အေးငြိမ်းမှု မရရှိကြောင်း မှတ်တမ်းတင်ထားရန်လိုပါသည်။

(ဎ) မိမိအဖွဲ့ဖြင့် ပြေငြိမ်းရန် ညှိနှိုင်းမရရှိပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့သည် အဆိုပါ အမှုကို စစ်ဆေးစီရင် ဆုံးဖြတ်နိုင်ရန်အတွက် မြို့နယ် သံဃနာယက အဖွဲ့သို့ ပြန်လည် လွှဲပြောင်းပေးရမည်။

(ဏ) အစီရင်ခံစာ၌ တက်ရောက်သော သံဃနာယက အဖွဲ့ဝင် တိုင်း လက်မှတ်ရေးထိုးပြီး မိမိတို့ သံဃနာယကအဖွဲ့ တံဆိပ် ရိုက်နှိပ်ရမည်။

(တ) အမှုတွဲ ပေးပို့သည့်အခါ ပေးပို့ကြောင်း ပို့စာဖြင့်ဖြစ်စေ၊ ပို့စာစာအုပ်ဖြင့် ဖြစ်စေ ပေးပို့ရပါမည်။

(ထ) အမှုတွဲ ပို့စာတွင် အဆိုပါ အမှုတွဲကို လက်ခံရရှိကြောင်း ပြန်ကြားရန် မေတ္တာရပ်ခံချက်ကိုလည်း ဖော်ပြရပါမည်။

မိတ္တူများကို

(၁) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊
(၂) မြို့နယ် သံဃနာယကအဖွဲ့၊
(၃) တိုင်း သာသနာရေးမှူး၊
(၄) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊
(၅) ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ များသို့ ပေးပို့ရပါမည်။

* သံဃနာယကများ လက်စွဲ နှာ (၂၂) အပိုဒ် (၁၀၃)။

ဝိနည်းဓမ္မကံ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းချက် ၂၃

၁၃၄၂-ခုနှစ် တပို့တွဲလဆန်း ၁-ရက်
၅-၂-၈၁ (ကြာသပတေးနေ့)

## ပြေငြိမ်းပြီးသော အမှုများ

(၁) နှစ်ဘက်သဘောတူ ဝိနိစ္ဆယဌာနက ဖွဲ့စည်းပေးသော ဝိနည်းဓိုရ် ခုံရုံးဖြင့် စစ်ဆေးပြီး နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်များအထိ အယူခံ ပြီးဆုံးသည့် ဆုံးဖြတ်ချက် ချပြီးသော အမှုများ၊
(အမှုပြီးကြောင်း အမှုတွဲ အပြည့်အစုံ တင်ပြရမည်။)

(၂) ခုံဝိနိစ္ဆယဌာနက အယူခံဆုံးဖြတ်ချက် ချပြီးသောအမှုများ၊
(အမှုပြီးကြောင်း အမှုတွဲ အပြည့်အစုံ တင်ပြရမည်။)

(၃) ဝိနိစ္ဆယဌာနနှင့် ခုံဝိနည်းဓိုရ်တို့က အပြိုင်အဆိုင် ဆုံးဖြတ်ချက် အသီးသီး ချထားသော အမှုများသည် ပြီးပြတ်သော အမှုများ မဟုတ်ပါ။
(ဥပမာ-သရက်တောတိုက်၊ မင်္ဂလာသာစည်ကျောင်းအမှု)

(၄) ယခင် တရားလွှတ်တော်ချုပ်နှင့် ယခု ဗဟိုတရားသူကြီးအဖွဲ့ အထိ အယူခံ ပြီးပြတ်ပြီးသော အမှုများ၊

(၅) ဖော်ပြပါ နည်းလမ်း လေးသွယ်ဖြင့် ပြီးပြတ်ပြီးသော အမှုများ၊

## နည်းလမ်းလေးသွယ်

(က) အချင်းဖြစ်ပွားသော ပုဂ္ဂိုလ် နှစ်ဦးနှစ်ဘက်တို့က မိမိတို့ အချင်းချင်း ညှိနှိုင်းချက်အရ ပြဿနာ ပြေလည်အေးငြိမ်း စေခြင်း၊

(ခ) အငြင်းဖြစ် ပုဂ္ဂိုလ်တာ နှစ်ဦးနှစ်ဘက်ကို သက်ဆိုင်ရာ ဂိုဏ်းတို့၏ ဆရာတော်တို့က ခေါ်ယူဆုံးမသဖြင့် နှစ်ဘက်စလုံးက လက်ခံသောကြောင့် ပြဿနာ ပြေလည်အေးငြိမ်းခြင်း၊

(ဂ) အငြင်းဖြစ်ပွါးရာ ဒေသရှိ သက်ဆိုင်ရာ ဂိုဏ်း သံဃာတော်ကြီးများ၏ ဆုံးမဩဝါဒပေးမှုကြောင့် နှစ်ဘက်စလုံးက လက်ခံသဖြင့် ပြဿနာ ပြေလည်အေးငြိမ်းခြင်း၊

(ဃ) အထက်ပါ နည်းလမ်းများအပြင် အငြင်းဖြစ်ပွါးသော နှစ်ဘက်စလုံးက ညှိနှိုင်းသဘောတူသည့် နည်းလမ်းဖြင့် ပြေလည်အေးငြိမ်းရေးအတွက် ဆုံးဖြတ်ချက်ချပြီး ယင်းဆုံးဖြတ်ချက်အား လက်ခံသဖြင့် ပြဿနာ ပြေလည် အေးငြိမ်းခြင်း၊

* ဘာသာ သာသနာဆိုင်ရာ ထုတ်ပြန်ချက်များ နှာ (၃၇)။

၁။ နံပါတ်

၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ၊

[၁၉၄၉-ခုနှစ်၊ အက်ဥပဒေအမှတ် ၆၅]

၂။ နံပါတ်

၁၃၁၆-ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ၊

[၁၉၅၅-ခုနှစ်၊ အက်ဥပဒေအမှတ် ၂၈]

ဝိနိစ္ဆယ ခုံဥပဒေ၊

* ၁၉၆၅-ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးကောင်စီ၊ ဥပဒေအမှတ် (၁) ဖြင့်

(က) ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ကိုလည်းကောင်း၊

(ခ) ၁၃၁၆-ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေကိုလည်းကောင်း

(ဂ) ၁၃၁၂-ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ ကိုလည်းကောင်း၊

(ဃ) ၁၉၅၂-ခုနှစ်၊ ပါဠိပညာရေးအဖွဲ့ အက်ဥပဒေကိုလည်းကောင်း ရုပ်သိမ်းခဲ့ပါသည်။

နေ့စွဲ ၁၃၂၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်၊
၁၉၆၅-ခုနှစ်၊ ဇန္နဝါရီလ (၁၈) ရက်၊

(ပုံ) ဗိုလ်နေဝင်း
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီ

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ဝန်ကြီးအဖွဲ့ စီမံခန့်ခွဲရေးနှင့် လူမှုရေးကော်မတီ
စီမံခန့်ခွဲရေးဆပ်ကော်မတီ

စာအမှတ် ၁၀၁/၆၇/၇ အဖ
နေ့စွဲ၊ ၁၉၇၅-ခု၊ ဧပြီလ ၂၈-ရက်၊ နေ့စွဲဖြင့်ဝင်း၊
ဦးခင်မောင်တည်၊ ဒုတိယဝန်ကြီး

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

စာအမှတ် ၁၀၁/၆၇/၇ အဖ၊
နေ့စွဲ ၁၉၇၈-ခု၊ ဖေဖော်ဝါရီလ(၁၆)ရက် နေ့စွဲဖြင့်ဝင်း၊
ဦးခင်မောင်တည်၊ ဒုတိယဝန်ကြီး

ဥပဒေများကို ရုပ်သိမ်းပြီးနောက် ဖော်ပြပါ နည်းလမ်းလေးသွယ်ကို သတ်မှတ်ခဲ့ပါသည်။

၁။ အချင်းဖြစ်ပွါးသော ပုဂ္ဂိုလ်နှစ်ဦးနှစ်ဘက်တို့က မိမိတို့အချင်းချင်း ညှိနှိုင်းချက်အရ ပြဿနာပြေလည် အေးငြိမ်းစေခြင်း။

၂။ အချင်းဖြစ်ပုဂ္ဂိုလ် နှစ်ဦးနှစ်ဘက်ကို သက်ဆိုင်ရာ ၎င်းတို့၏ ဆရာတော်တို့က ခေါ်ယူဆုံးမသဖြင့် နှစ်ဘက်စလုံးက လက်ခံသောကြောင့် ပြဿနာပြေလည်အေးငြိမ်းစေခြင်း။

၃။ အချင်းဖြစ်ပွါးရာ ဒေသရှိ သက်ဆိုင်ရာ ဂိုဏ်းသံဃာတော်ကြီးများ၏ ဆုံးမသြဝါဒပေးမှုကြောင့် နှစ်ဘက်စလုံးမှ လက်ခံသဖြင့် ပြဿနာပြေလည်အေးငြိမ်းခြင်း။

၄။ အထက်ပါ နည်းလမ်းများအပြင် အချင်းဖြစ်ပွါးသော နှစ်ဘက်စလုံးက ညှိနှိုင်းသဘောတူသည့် နည်းလမ်းဖြင့် ပြေလည် အေးငြိမ်းရေးအတွက် ဆုံးဖြတ်ကြပြီး ယင်းဆုံးဖြတ်ချက်အား လက်ခံသဖြင့် ပြဿနာပြေလည်အေးငြိမ်းခြင်း။

* တခုပြီးမှ တခု ဆောင်ရွက်ရန်မဟုတ်၊ တခုပြီးမှ တခု ဆောင်ရွက်ရန် မဟုတ်ပါ၊ ကြိုက်နှစ်သက်ရာ နည်းလမ်း တခုထည်းဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

* အထက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် ရည်ညွှန်းစာ(၃)တွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့များတွင် တရားဥပဒေနှင့်အညီ တရားစွဲဆို၍ တရားစီရင်ရေး၏ အဆုံးဖြတ်ကို ရယူဆောင်ရွက်ကြရန် ဖြစ်ပါသည်။

## ၁၃၁၁-ခုနှစ် ဝိနိစ္ဆယဌာန အက်ဥပဒေ

## [၁၉၄၉-ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၅]

ကြားနာစစ်ဆေးရန် အနည်းဆုံး

[၄] (က) မြို့နယ် ဝိနိစ္ဆယဌာန၊ မြို့နယ်ဝိနည်းဓိုရ် ၃-ပါး၊

(ခ) ခရိုင် ဝိနိစ္ဆယဌာန၊ ခရိုင် ဝိနည်းဓိုရ် ၃-ပါး၊

(ဂ) နိုင်ငံတော် ဝိနိစ္ဆယဌာန၊ နိုင်ငံတော် ဝိနည်းဓိုရ် ၃-ပါး၊

**စီရင်ခွင့်အာဏာ နယ်နိမိတ် (၄-၂-က)**

* မြို့နယ် ဝိနိစ္ဆယဌာန တည်ရှိရာ မြို့နယ်အတွင်းသာ— စီရင်ခွင့် အာဏာ၊

* ခရိုင် ဝိနိစ္ဆယဌာန တည်ရှိရာ ခရိုင်အတွင်းသာ— စီရင်ခွင့် အာဏာ၊

* နိုင်ငံတော် ဝိနိစ္ဆယဌာန၏ စီရင်ခွင့် အာဏာသည် ပြည်ထောင်စု မြန်မာနိုင်ငံတဝန်းလုံး။

**အရေအတွက်**

* **မြို့နယ် ဝိနိစ္ဆယဌာန တခုအတွက်** မြို့နယ် ဝိနည်းဓိုရ် ဆရာတော် ၁၀-ပါး၊
  မြို့နယ် ဩဝါဒါစရိယ ဆရာတော် ၀၀-ပါး၊

* **ခရိုင် ဝိနိစ္ဆယဌာန တခုအတွက်**
  ခရိုင်ဝိနိစ္ဆယဌာန မရှိသော မြို့ဖြစ်လျှင်
  မြို့နယ် ဝိနည်းဓိုရ် ဆရာတော်တို့က မြို့နယ်တခုလျှင်
  ခရိုင်ဝိနည်းဓိုရ် ဆရာတော် (၂)ပါးကျစီ၊
  ခရိုင်ဩဝါဒါစရိယ ဆရာတော် (၂) ပါးကျစီ။

ခရိုင်ဝိနိစ္ဆယဌာန ရှိသော မြို့ဖြစ်လျှင်
မြို့နယ်ဝိနည်းဓိုရ် ဆရာတော်တို့က မြို့နယ်တခုလျှင်
ခရိုင်ဝိနည်းဓိုရ် ဆရာတော် (၄) ပါးကျစီ၊
ခရိုင် သြဝါဒါစရိယ ဆရာတော် (၄) ပါးကျစီ။

**ရန်ကုန်မြို့**

မြို့နယ် ဝိနည်းဓိုရ် ဆရာတော်တို့က

၁။ ရန်ကုန် အနောက်ပိုင်း မြို့နယ် — ခရိုင်ဝိနည်းဓိုရ် ဆရာတော် (၄) ပါးကျစီ၊ ခရိုင်သြဝါဒါစရိယ ဆရာတော် (၄) ပါးကျစီ။

၂။ ရန်ကုန် အရှေ့ပိုင်း မြို့နယ် — ၎င်း
၎င်း

၃။ ရန်ကုန် အလယ်ပိုင်း မြို့နယ် — ၎င်း
၎င်း

ရွေးကောက် တင်မြှောက်ရမည်။

**မန္တလေးမြို့**

မြို့နယ် ဝိနည်းဓိုရ် ဆရာတော်တို့က

၁။ တောင်ပြင်မြို့နယ် — ခရိုင် ဝိနည်းဓိုရ် ဆရာတော် (၄)ပါးကျစီ၊ ခရိုင်သြဝါဒါစရိယ ဆရာတော် (၄) ပါးကျစီ။

၂။ အနောက်ပြင် မြို့နယ် — ၎င်း
၎င်း

၃။ အရှေ့ပြင်နှင့် အနောက်ပြင်မြို့နယ် — ၎င်း
၎င်း

ရွေးချယ် တင်မြှောက်ရမည်။

**နိုင်ငံတော် ဝိနိစ္ဆယဌာန အတွက်**

ခရိုင်တခုလျှင် ခရိုင်ဝိနည်းဓိုရ် ဆရာတော်တို့က
နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော် (၁) ပါးကျစီ၊
နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် (၁) ပါးကျစီ။

ရန်ကုန်မြို့ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော် (၉)ပါးကျစီ၊
နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် (၉) ပါး ကျစီ။

မန္တလေးမြို့ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော် (၉) ပါး ကျစီ၊
နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် (၉) ပါး ကျစီ။

**နိုင်ငံတော် အထက်ပိုင်း**

ရွှေကျင်ဂိုဏ်းက–နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်(၁)ပါး၊
နိုင်ငံတော် ဩဝါဒါစရိယဆရာတော်(၁)ပါး
ကို ရွေးကောက်တင်မြှောက်ရမည်။

**နိုင်ငံတော် အောက်ပိုင်း**

ရွှေကျင်ဂိုဏ်းက–နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်(၁)ပါး၊
နိုင်ငံတော်ဩဝါဒါစရိယဆရာတော်(၁)ပါး၊

ဒွါရဂိုဏ်းက–နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်(၁)ပါး၊
နိုင်ငံတော် ဩဝါဒါစရိယဆရာတော်(၁)ပါး၊
ရွေးကောက်တင်မြှောက်ရမည်။

**တာဝန်ခံ ဆရာတော်**

၁။ မြို့နယ်ဝိနိစ္ဆယဌာနတခုအတွက် ၁။ တာဝန်ခံဆရာတော်(၁)ပါး၊
၂။ တွဲဖက်တာဝန်ခံ ဆရာတော်
(၁)ပါး၊

၂။ ခရိုင်ဝိနိစ္ဆယဌာနတခုအတွက် ၁။ တာဝန်ခံဆရာတော်(၁)ပါး၊
၂။ တွဲဖက်တာဝန်ခံ ဆရာတော် (၁)ပါး၊

၃။ နိုင်ငံတော် ဝိနိစ္ဆယဌာနအတွက် ၁။ တာဝန်ခံဆရာတော်(၁)ပါး၊
၂။ တွဲဖက်တာဝန်ခံ ဆရာတော် (၁) ပါး၊

နိုင်ငံတော်ဝိနိစ္ဆယဌာနခွဲအတွက် ရှင်း

**သက်တမ်း** တာဝန်ခံနှင့် တွဲဖက်တာဝန်ခံဆရာတော်တို့၏ သက်တမ်း (၁) နှစ်သာ။

**တားမြစ်ချက်** တာဝန်ခံဆရာတော် (၂) ပါးတို့သည် ဝိနည်းမှုရုံးဝ မပြုလုပ်ရ။

**ကြားနာစစ်ဆေးခွင့်ရသောမှုခင်းများ** [ ] အဓိကရဏ်း (၄) ပါး တို့ကို စစ်ဆေးခွင့်ရှိသည်။

[လက်ခံခြင်း မပြုစေရန် တားမြစ်ပိတ်ပင်ထားသည့် အမှုများမှတပါး—]

**လူ့တရားရုံး**

ဝိနိစ္ဆယဌာနများမှာ စီရင်ခွင့်အာဏာ ရှိသော မှုခင်းကိစ္စတစုံတရာကို မည်သည့် လူ့တရားရုံးကမျှ ကြားနာစစ်ဆေး-စီရင်ဆုံးဖြတ်ရန် အခွင့်အာဏာ မရှိစေရ။

**ဝိနိစ္ဆယဌာန စီရင်ပိုင်ခွင့်**

ဝိနိစ္ဆယဌာန တစုံတခုတွင် စွဲဆိုထားသည့် အဓိကရဏ်းမှု တစုံတရာကို ဝိနိစ္ဆယဌာနက စစ်ဆေးပိုင်ခွင့် ရှိ+မရှိ၊ စောဒက စုဒိတကတို့ အငြင်းပွါးလျှင် ဝိနိစ္ဆယဌာနက စီရင်ပိုင်ခွင့် ရှိ+မရှိ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

**ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုကို စွဲဆိုရမည့်ဌာန**

မြို့နယ် ဝိနိစ္ဆယဌာနဆိုင်ရာ နယ်နိမိတ်အတွင်းမှာ

၁။ စုဒိတက အားလုံးနေထိုင်လျှင် ဖြစ်စေ၊

၂။ စုဒိတက အများစု နေထိုင်လျှင် ဖြစ်စေ၊

၃။ အချင်းဖြစ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းအားလုံးတည်ရှိလျှင် ဖြစ်စေ၊

၄။ ပစ္စည်း အများစု တည်ရှိလျှင် ဖြစ်စေ၊

အချင်းဖြစ် ပစ္စည်းတန်ဖိုး မည်မျှ များစေကာမူ ကြားနာစစ်ဆေးနိုင်ခွင့် မူလအာဏာရှိသည်။

ခြွင်းချက်။ ။မြို့နယ်တခုမှာရှိသည့် စောဒက အရေအတွက်နှင့် အခြား မြို့နယ်တခုမှာ ရှိသည့် စုဒိတက အရေအတွက် အညီအမျှ ဖြစ်နေသော် စောဒက ပုဂ္ဂိုလ်က စုဒိတကတို့ နေထိုင်ရာ ရပ်ကွက်တခုတွင် ရှိသည့် ဝိနိစ္ဆယဌာန၌ တရားစွဲဆိုနိုင်သည်။

**စောဒနာဝင်ခွင့်**

၁။ မြို့နယ် ဝိနိစ္ဆယဌာန ဆုံးဖြတ်ချက်ကို ခရိုင် ဝိနိစ္ဆယဌာနသို့၊

၂။ ခရိုင် ဝိနိစ္ဆယဌာန ဆုံးဖြတ်ချက်ကို နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ အယူခံခွင့် ရှိသည်။ (၁၀/၁၉)

**စောဒနာဝင်ခွင့်မရှိသော မှုခင်းများ**

၁။ အာစာရဝိပတ္တိနှင့် စပ်လျဉ်းသော အဓိကရုဏ်းမှု၊

၂။ လဟုဘဏ် ပစ္စည်းနှင့် စပ်လျဉ်းသော အဓိကရုဏ်းမှု-တို့ကို မြို့နယ် ဝိနိစ္ဆယဌာနက ဆုံးဖြတ်သည့်အခါ စောဒနာ ဝင်ခွင့် မရှိစေရ။

**ပဥ္စမ စေတနာဝင်+ဒုတိယ စေတနာဝင်**

ပဥ္စမစေတနာဝင်သည့် အဓိကရဏ်းမှုတခုနှင့်စပ်လျဉ်း၍ ခရိုင်ဝိနိစ္ဆယ၏ဆုံးဖြတ်ချက်သည်မြို့နယ်ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်နှင့်ထပ်တူဖြစ်နေခဲ့သော် နောက်ထပ် စေတနာဝင်လိုသူက စေတနာဝင် ကာလအတွင်း နိုင်ငံတော် ဝိနိစ္ဆယဌာန၏ အထူးခွင့်ပြုချက်ကို ရရှိမှသာလျှင် ခရိုင်ဝိနိစ္ဆယ၏ ဆုံးဖြတ်ချက်ကို နောက်ထပ် စေတနာဝင်ခွင့် ရှိစေရမည်။

**ဝိနိစ္ဆယဌာန၏ အမိန့်ကို လိုက်နာအောင်**
**နယ်တရားမရုံးက ပြုလုပ်ပေးခြင်း**

ဆိုင်ရာတာဝန်ခံ ဆရာတော်က နယ်ပိုင်တရားမရုံးသို့ အမိန့်ကို လိုက်နာအောင်၊ ဆုံးဖြတ်ချက်ကို လိုက်နာအောင် ပြုလုပ်ပေးရန် အကြောင်းကြားရမည်။ဝိနိစ္ဆယဌာန၏ အမိန့်သည်၊ ဆုံးဖြတ်ချက်သည် တရားမရုံးမှချမှတ်သည့် ဒီဂရီဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

**မပြီးမပြတ် ဖြစ်နေသည့် အမှု**

အဓိကရဏ်းမှု တစုံတရာသည် စီရင်ခွင့် အာဏာ လုံလောက်စွာရှိသည့်တရားမရုံးတွင်ဖြစ်စေ၊ ဝိနိစ္ဆယဌာနတွင်ဖြစ်စေ မပြီးမပြတ် ဖြစ်နေပါက နောက်ထပ် အခြားဝိနိစ္ဆယ ဌာနက စစ်ဆေးစီရင်ခွင့် မရှိစေရ။

**ပြီးပြတ်ပြီးသော အမှု**

အဓိကရဏ်းမှု တစုံတရာသည် စီရင်ခွင့်အာဏာ လုံလောက်စွာရှိသည့် တရားမရုံးကဖြစ်စေ၊ ဝိနိစ္ဆယဌာနကဖြစ်စေ၊ အပြီးသတ် စစ်ဆေးစီရင်ပြီးလျှင် နောက်ထပ် အခြားမည်သည့်ဝိနိစ္ဆယဌာနကမျှ စစ်ဆေးစီရင်ခွင့် မရှိစေရ။

**မှတ်ပုံတင်ခြင်း**

မရွှေပြောင်းနိုင်သော ပစ္စည်းတစုံတရာကို ဝိနည်းတော်နှင့် အညီ လှူဒါန်းလွှဲပြောင်းသည့်အခါ ထိုပစ္စည်းကို လှူဒါန်း လွှဲပြောင်းပေးသူနှင့် လက်ခံသူတို့က စာချုပ်စာတမ်း ချုပ်ဆိုရေးမှတ်ပြီးလျှင် ဆိုင်ရာဝိနိစ္ဆယ

ဌာနတွင် ထိုစာချုပ်စာတမ်းကို မှတ်ပုံတင်နိုင်သည်၊ ဝိနိစ္ဆယဌာနက ကျေနပ်လျှင် စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရမည်။ မိတ္တူကို မှတ်ပုံတင် အရာရှိရုံးသို့ ပေးပို့ရမည်။

မှတ်ပုံတင်သည့် အတွက် ကျသင့်သော တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်သည့် ကျသင့်သော အခကြေးငွေကို မပေးရ။

## ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ

## [၁၉၅၅-ခုနှစ်၊ အက်ဥပဒေ အမှတ်-၂၈]

## ဝိနိစ္ဆယခုံအက်ဥပဒေ။

ဝိနိစ္ဆယခုံ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုကို အနုညာတ စီရင်ဆုံးဖြတ်ရန် လွှဲအပ်ခြင်း ခံရသည့် ဝိနိစ္ဆယခုံ ဖြစ်ပါသည်။

(၁) အမှုသည်များကသဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ၊

(၂) နယ်ပိုင်တရားမရုံးက ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ၊

* ပုဒ်မ (၁၅) တွင် အကျုံးဝင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုတမှုကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန်အလို့ငှါ စောဒကနှင့် စုဒိတက တို့သည် မိမိတို့သဘောတူဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်နိုင်သည်။
* ဝိနိစ္ဆယခုံဖွဲ့စည်းရာတွင် စောဒကနှင့် စုဒိတကတို့သည် မိမိတို့နှစ်ဦးနှစ်ဘက် သဘောတူ ပုဂ္ဂိုလ်တဦးကို ဖြစ်စေ၊ ပုဂ္ဂိုလ်အများကိုဖြစ်စေ ခုံဝိနည်းဓိုရ် အဖြစ် ရွေးချယ် တင်မြှောက်နိုင်သည်။
* ခုံဝိနည်းဓိုရ်အရေအတွက်သည် စုံကိန်းဖြစ်လျှင် ပုဂ္ဂိုလ်တဦးဦးကို ကြားခုံဝိနည်းဓိုရ် အဖြစ် နှစ်ဦးသဘောတူရွေးချယ်တင်မြှောက်နိုင်သည်၊
* ကြားခုံဝိနည်းဓိုရ်အဖြစ် ရွေးချယ်တင်မြှောက်ပေးရန် ခုံဝိနည်းဓိုရ် ဆရာတော်အား ညွှန်ကြားနိုင်သည်။
* ခုံဝိနည်းဓိုရ်များရာ၌ သဘောတူရ အမှုကို ဆုံးဖြတ်နိုင်သည်။
* ခုံဝိနည်းဓိုရ်၏ ဆုံးဖြတ်ချက်သည် သဘောကွဲလွဲပြီး အရေအတွက် ညီတူညီမျှ ဖြစ်နေလျှင် ကြားခုံဝိနည်းဓိုရ်က အမှုကို ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

**ဝိနိစ္ဆယခုဖွဲ့စည်းရန်**

**သဘောမတူလျှင် အဓိကရုဏ်းမှုကို**
**စွဲဆိုရာ တရားရုံး**

* ပုဒ်မ ၁၅-တွင် အကျုံးဝင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုတမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန် (ပုဒ်မ ၃၅ အရ) ဝိနိစ္ဆယခုံကို စောဒက+စုဒိတကတို့ အချင်းချင်း သဘောမတူလျှင် ထိုအဓိကရုဏ်းမှုကို စီရင်ပိုင်ခွင့်ရှိသည့် နယ်ပိုင်တရားမရုံးတွင် စွဲဆိုရမည်။

* စွဲဆိုရာ၌—

  * စုဒိတက အားလုံးနေထိုင်သည့် နေရာတွင် ရှိသော နယ်ပိုင်တရားမရုံး၊

  * စုဒိတက အများစု နေထိုင်သည့် နေရာတွင်တည်ရှိသော နယ်ပိုင်တရားမရုံး၊

  * အချင်းဖြစ် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း အားလုံး တည်ရှိသည့် နေရာတွင်ရှိသော နယ်ပိုင်တရားမရုံး၊

  * အချင်းဖြစ် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံး တည်ရှိရာ အချို့ရှိရာ နေရာတွင်ရှိသော နယ်ပိုင်တရားမရုံးတွင် တရားစွဲဆိုရမည်။

**ခြွင်းချက်။** ။စောဒကနှင့် စုဒိတက ၂-ဦးတို့သည် မိမိတို့အဓိကရုဏ်းမှုခင်းကို သက်ဆိုင်ရာမြို့နယ် ဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ခံယူရန် သဘောတူလျှင် စောဒကသည် သဘောတူကြောင်း စာကိုယူ၍ ထိုမြို့နယ် ဝိနိစ္ဆယဌာနသို့ တင်သွင်း၍ တရားစွဲဆိုနိုင်သည်။

ဝိနိစ္ဆယဌာန-လား၊ ဝိနိစ္ဆယခုံ လား၊

(က) စုဒိတက ပုဂ္ဂိုလ်က မိမိအမိကရုဏ်း မှုခင်းကို ဝိနိစ္ဆယဌာနသို့ လွှဲအပ်ခြင်းကို သဘောတူကြောင်း စာဖြင့် ရေးသားဖော်ပြ၍ စောဒက-ကလည်း လွှဲအပ်ကြောင်းကို သဘောတူ စာဖြင့် ရေးသားဖော်ပြလျှင် နယ်ပိုင် တရားမရုံးက သက်ဆိုင်ရာ မြို့နယ် ဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးပို့ရမည်။

(ခ) စုဒိတက ပုဂ္ဂိုလ်က မိမိအဓိကရုဏ်း မှုခင်းကို ဝိနိစ္ဆယခုံသို့ လွှဲအပ်ခြင်းကို သဘောတူကြောင်း စာဖြင့် ရေးသားဖော်ပြ၍ စောဒက-ကလည်း လွှဲအပ်ကြောင်းကို သဘောတူ စာဖြင့် ရေးသားဖော်ပြလျှင် နယ်ပိုင် တရားမ ရုံးက သက်ဆိုင်ရာ ပုဒ်မ (၃၅)ပါ အရ သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်ရန် ညွှန်ကြားနိုင်သည်။

(ဂ) နှစ်ဘက် အမှုသည်များကသော် လည်းကောင်း၊ တဘက် အမှုသည်များကသော်လည်းကောင်း မိမိတို့အဓိကရုဏ်းမှုကို ဝိနိစ္ဆယဌာနသို့ လွှဲအပ်ခြင်းကို သဘောမတူကြောင်း စာဖြင့် ရေးသားဖော်ပြလျှင်လည်းကောင်း၊

နှစ်ဘက် အမှုသည်များက သဘောတူ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်ခြင်းကို သဘောမတူကြောင်း စာဖြင့် ရေးသားဖော်ပြလျှင် လည်းကောင်း၊

နယ်ပိုင် တရားမရုံးသည် ထိုအမှုကို ပုဒ်မ (၃၈) အရ ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်ရမည်။

## (၂) နယ်ပိုင်တရားမရှိးက ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံ

(၁) စောဒကပုဂ္ဂိုလ်က ခုံဝိနည်းမိုရ်ဆရာတော် ၁- ပါးရွေးပါ။

(၂) စုဒိတက ပုဂ္ဂိုလ်က ခုံဝိနည်းမိုရ်ဆရာတော် ၁-ပါး ရွေးပါ။

(၃) ရွေးချယ် တင်မြှောက်ခံရသည့် ခုံဝိနည်းမိုရ် ဆရာတော် ၂- ပါးက ကြားခုံ ဝိနည်းမိုရ်ဆရာတော် ၁-ပါး ရွေးပါ။

(၄) စောဒကပုဂ္ဂိုလ်က ရွေးချယ်သည့် ခုံဝိနည်းမိုရ်၊ စုဒိတက ပုဂ္ဂိုလ်က ရွေးချယ်သည့် ခုံဝိနည်းမိုရ်၊ ခုံဝိနည်းမိုရ် ၂-ပါးက ရွေးချယ်သည့် ကြားခုံ ဝိနည်းမိုရ် ဆရာတော် တပါးစီကို သတ်မှတ်သည့်နေ့ရက် အချိန်အတွင်း ခုံဝိနည်းမိုရ် ကြားခုံဝိနည်းမိုရ်အဖြစ် ဆောင်ရွက်ရန် သဘောတူကြောင်း စာရေးတင်သွင်းသည့်အခါ နယ်ပိုင်တရားမရှိးက ထိုဆရာတော် ၃-ပါး ပါဝင်သည့် ဝိနိစ္ဆယခုံကို ဖွဲ့စည်းရမည်။

(၅) ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးက သတ်မှတ်သည့် ရက်အတွင်း ခုံဝိနည်းမိုရ်၊ ကြားခုံဝိနည်းမိုရ် တင်သွင်းရန် ပျက်ကွက်လျှင် နယ်ပိုင်တရားမရှိးသည် ခုံဝိနည်းမိုရ်၊ ကြားခုံဝိနည်းမိုရ် ဆရာတော်များ ရွေးချယ်မည့်အကြောင်းကို အမှုသည်နှင့် ခုံဝိနည်းမိုရ်ဆရာတော်များအား စာဖြင့် အကြောင်း ကြားရမည်။ အကြောင်းကြားပြီး သတ်မှတ် နေ့ရက်အတွင်း ခုံဝိနည်းမိုရ် ဆရာတော်တပါးကို ရွေးပါ။ ကြားခုံ ဝိနည်းမိုရ်ဆရာတော် တပါးကို ဝိနည်းမိုရ်ကြွရောက်လျှင် မျက်မှောက်၊ မကြွရောက်လျှင် မျက်ကွယ်မှာ စာရေးတံနည်းအရ ရွေးချယ်ပါ။

ရှင်းလင်းချက်။ ။ဝိနိစ္ဆယခုံဖွဲ့ရာ၌ ဂိုဏ်းတူဖြစ်လျှင် ခုံဝိနည်းမိုရ်ဆရာတော်နှင့် ကြားခုံ ဝိနည်းမိုရ်ဆရာတော် အားလုံးကို ဂိုဏ်းဝင်ထဲမှ ရွေးပါ။

စာဒက၊ စုဒိတက ဂိုဏ်းမတူလျှင် ဆိုင်ရာဂိုဏ်းမှ တဘက် တပါးစီ ရွေးပါ။

ကြားခံ ဆရာတော်တပါးကို ကြားဂိုဏ်းမှဖြစ်စေ ရွေးပါ။ သို့မဟုတ် ခုံဝိနည်းမိုရ်ဆရာတော်များ သဘောတူရာတပါး ရွေးပါ။

**အကြောင်းကြား။** ။ပုဒ်မ (၃၈)အရ ဖွဲ့စည်းသည့် ခုံဝိနိစ္ဆယ အတွက် ရွေးချယ်ခံရသည့် ခုံနှင့် ကြားခံ ဝိနည်းမိုရ်များ ထံ အကြောင်းကြားပါ။

**စစ်ရမည့်အချိန်။** ။အကြောင်းကြားစာရသည့်အခါ လွှဲအပ်သည့် အဓိကရုဏ်းမှု စတင် ကြားနာစစ်ဆေးပါ။

**စစ်ရမည့် နည်းလမ်း။** ။မိမိ သင့်တော်သည် ထင်မြင်သည့် နည်းလမ်း အတိုင်း စစ်ဆေးနိုင်သည်။

**ဝိနိစ္ဆယခုံအာဏာ။** ။(၁) အမှု စစ်ရာသို့ လာရောက်ရန် အမှုသည် များအား အကြောင်းကြားပါ။

(၂) လာရောက်ရန် ပျက်ကွက်လျှင် (၇) ရက် ခွါ၍ ချိန်းဆိုပါ။

(၃) (၇) ရက် ရွှေ့ဆိုင်းကြောင်း အမှုသည် အားလုံးထံ အကြောင်းကြားပါ။

(၄) နောက်ထပ်ချိန်းဆိုသည့်နေ့၌ လာရောက် ရန် ပျက်ကွက်လျှင် အမှုသည် များ၏ မျက်ကွယ်မှာ ကြားနာ စစ်ဆေးစီရင် ဆုံးဖြတ်နိုင်သည်။

**လေးလအတွင်း။** ။မည်သည့်ကာလမှာ ဆုံးဖြတ်ချက် ချရမည်ဟု ညွှန် ကြားချက် မရှိလျှင် ဝိနိစ္ဆယခုံသည် လွှဲအပ်သည့် အဓိကရုဏ်းမှုကို စတင် ကြားနာ စစ်ဆေးသည့် နေ့မှ လေးလအတွင်း အမှုကို ဆုံးဖြတ်ချက်ချရမည်။

**ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ချက်**

(၁) ဆုံးဖြတ်ချက် ချမှတ်မည့် နေ့ရက် အချိန်ကို အမှုသည်များထံ စာဖြင့် အကြောင်းကြားပါ။

(၂) ဆုံးဖြတ်ချက်ချမည့် နေ့ရက် အချိန်၌ နှစ်ဘက်အမှုသည်များ လာသည်ဖြစ်စေ မလာသည်ဖြစ်စေ၊ ဝိနိစ္ဆယခုံသည် ဆုံးဖြတ်ချက် ဖတ်ကြား၍ လက်မှတ်ရေးထိုးပါ။

(၃) ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ချက်သည် အမှုသည်များအပေါ်၊ အကျိုးဆက်ခံသူများအပေါ် အဆုံးသတ် အတည်ဖြစ်စေရမည်။

(၄) ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အမှုသည် တဦးဦးက နယ်ပိုင်တရားမရုံးသို့ တင်သွင်းပါ။

(၅) ဆုံးဖြတ်ချက်ကို စီရင်ပိုင်ခွင့် အာဏာရှိသော တရားမရုံးက တရားမရုံး၏ ဒီဂရီကဲ့သို့ လိုက်နာအောင် ဆောင်ရွက်ပေးရမည်။

(၆) တရားမရုံးက ဒီဂရီကို ဝိနည်းတော်အား မလျော်အောင် ဒဏ်ကို မစီရင်ရ။

(၇) ဝိနိစ္ဆယခုံ၏ ဆုံးဖြတ်ချက်ကို မည်သည့် ဝိနိစ္ဆယဌာန၊ မည်သည့် တရားရုံးတွင်မျှ မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့် မရှိစေရ။

**စီရင်ပိုင်ခွင့်မရှိ။** ။မည်သည့် ဝိနိစ္ဆယဌာနကမျှ ဝိနိစ္ဆယခုံသို့ အပ်သည့် အဓိကရုဏ်းမှုခင်းများကို ကြားနာစစ်ဆေး စီရင်ပိုင်ခွင့် မရှိစေရ။

**လွှဲပြောင်းခွင့်** (၁) မည်သည့် ဝိနိစ္ဆယဌာနတွင်မဆို မပြီးပြတ်သေးသော အဓိကရုဏ်းမှုကို သက်ဆိုင်ရာ စောဒက၊ စုဒိတကတို့က မိမိတို့ သဘောတူဖွဲ့စည်းမည့် ဝိနိစ္ဆယခုံသို့ လွှဲအပ်လိုလျှင် လွှဲအပ်လိုကြောင်း ဝိနိစ္ဆယဌာနသို့ ဆုံးဖြတ်ချက်မချမီ လျှောက်ထားနိုင်သည်။

(၂) ဝိနိစ္ဆယဌာနက ထိုအဓိကရုဏ်းမှုကို အမှုသည်များ လျှောက်ထားသည့်အတိုင်း လွှဲအပ်ရမည်။

## မင်္ဂလာသာစည်ကျောင်း ဝိဝါဒါဓိကရုဏ်းမှုခင်း

လျှောက်လွှာအမှတ်စဉ်(   )

စောဒကအမည်။ ။ဆရာတော် ဦးကေလာသ၊ (စုဒိတက၏အဘိုး)

နေရပ်လိပ်စာ။ ။မင်္ဂလာသာစည်ကျောင်း၊ သရက်တောတိုက်၊ လမ္မတော်မြို့နယ်။

စုဒိတကအမည်။ ။ဦးဉာဏိန္ဒ၊ (စောဒက၏ မြေး)

နေရပ်လိပ်စာ။ ။မင်္ဂလာသာစည်ကျောင်း၊ သရက်တောတိုက်၊ လမ္မတော်မြို့နယ်။

မှုခင်းဖြစ်ပွားရာအကျဉ်းချုပ်။ ။မင်္ဂလာ သာစည်ကျောင်း၊ သရက်တောတိုက်၊ လမ္မတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဝိဝါဒါဓိကရုဏ်း အမှု။

ကျောင်း၏ဘည်ရှိရာသရက်တောတိုက်သည် ၁၂၇၄-ခုနှစ်(၁၉၁၃) ခုနှစ်မှ စတင်၍ စကင်း ဥပဒေနှင့် ဘိုင်လော နည်းဥပဒေအရ (ထရပ် စကီး)ဟု ဆိုအပ်သော ဥက္ကဋ္ဌမဟာထေရ် ဆရာတော်ကြီးများက အစဉ် အဆက်အုပ်ချုပ်လာသော ကျောင်းတိုက်ဖြစ်ပါသည်။ ရာဇဝတ်မှုမှတပါး ဝိနည်းဓမ္မကံမှုများကို စကင်းနှင့် ဘိုင်လော ဥပဒေအရ စီရင်ဆုံးဖြတ်ခဲ့ သည့် အစဉ်အလာရှိပါသည်။

၁၃၁၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁-ရက် (၄-၃-၅၁) နေ့ တွင် မင်္ဂလာသာစည်ကျောင်း ဝိဝါဒါဓိကရုဏ်းမှု စတင်ဖြစ်ပေါ်လာ ပါသည်။

အခြေခံ အကြောင်းများ။ ။ဘုန်းကြီးဦးနန္ဒမာလာအား ရန်ကုန်မြို့၊ ၁၅-လမ်း၊ ဒေါ်စီက ကျောင်းဆောက် လှူဒါန်းသည်ကို ဦးနန္ဒမာလာက ဆရာတော်ကြီးများ၏ ဆန္ဒအရ ပုဂ္ဂလိက အလှူခံနေထိုင် သီတင်းသုံးခဲ့ပါသည်။

မတသန္တက သံဃိက။ ။ဘုန်းကြီး ဦးနန္ဒမာလာသည် ၂၀ ဝါခန့်အကြာ မကျန်းမာ၍ တောခွဲ ဆေးသွားကုစဉ် ပျံလွန်

တော်မူသွားပါသည်။ မည်သူ့အားမျှ လွှဲအပ်မှုမရှိ၍ မတသန္တကသံဃိက ဖြစ်သွားပါသည်။

**သိမ်းယူခြင်း။** ။ဥက္ကဋ္ဌမဟာထေရ်ဆရာတော်ကြီးများက စကင်း ဘိုင် လောဥပဒေအခန်း(၃) အပိုဒ်(၃၁) အရ သိမ်းယူလိုက်ပါသည်။

**ဦးကေလာသအား လွှဲအပ်ခြင်း။** ။ဥက္ကဋ္ဌ မဟာထေရ် ဆရာတော်ကြီးများက ဘုန်းကြီး ဦးနန္ဒမာလာ၏ မတသန္တက သံဃိကဖြစ်သော မင်္ဂလာသာစည်ကျောင်းကို ဦးကေလာသအား "ဂေါပိတရက္ခိတ"အဖြစ် လွှဲအပ်ခန့်ထားလိုက်ပါသည်။

**မြေး– ဦးဉာဏိန္ဒအား လွှဲအပ်ခြင်း။** ။ဆရာတော် ဦးကေလာသသည် မြေးတော်သူ ဦးဉာဏိန္ဒအား မွန္တသေးမှ ခေါ်ယူ၍ ဆရာတော်ကြီးများအား ပထမအကြိမ်လျှောက်ထား၊ ဒုတိယအကြိမ် တဖန်လျှောက်ထားပြီးသောအခါ ဆရာတော်ကြီးများက ၁၃၁၂–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅–ရက်၊(၆-၂-၅၁) နေ့တွင် မတသန္တက မင်္ဂလာသာစည်ကျောင်းကို ဦးဉာဏိန္ဒအား လွှဲအပ်ပေးလိုက်ပါသည်။

**တိုင်တန်းခြင်း။** ။၁၃၁၂–ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၄–ရက် (၂၅-၂-၅၁) နေ့တွင် ဆရာတော် ဦးကေလာသက မလေးမခန့်ပြုခြင်း၊ ကျောင်းစည်းကမ်းကို ဆန့်ကျင်ဘက်ပြုလာမှုကြောင့် ဦးဉာဏိန္ဒနှင့် အားပေးအားမြှောက်ပြုသူ ဦးဇောတိကတို့ကို လျှောက်ထား တိုင်တန်းလာပါသည်။

နာယကဆရာတော်ကြီးများက မြေး + အဘိုးတို့အား စေ့စပ်ပေးသော်လည်း ဦးဉာဏိန္ဒနှင့် အပေါင်းပါများက နာယကဆရာတော်ကြီးကို ဆန့်ကျင်ဘက် ပြုလာကြပါသည်။ နာယကဆရာတော်ကြီးများက ဆန့်ကျင်ဘက် ပြုလာမှုကြောင့် စောဒကာ ဦးကေလာသ၊ စုဒိတက

ဦးဉာဏိန္ဒနှင့် အပေါင်းပါတို့အား စွဲစပ်ထားမှုကို ပျက်သိမ်းလိုက်ပြီး 'စကင်း ဘိုင်လော' ဥပဒေအရ အမှုပြုလုပ်၍ စစ်ဆေးပါသည်။

**ဦးကေလာသ ပျံလွန်ခြင်း။** ။စစ်ဆေး နေစဉ်အတွင်း၊ ၁၃၁၂-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁၁-ရက်၊ (၄-၃-၅၁) နေ့တွင် ဦးကေလာသသည် ထိုကျောင်း၌ပင် ပျံလွန်တော်မူသွားပါသည်။

**ဆုံးဖြတ်ချက်ချခြင်း။** ။နာယကဆရာတော်ကြီးများက ဦးကေလာသ ပျံလွန်သွားသော်လည်း အမှုကို ဆက်လက်စစ်ဆေးပြီး စကင်းဘိုင်လော 'ဥပဒေအခန်း(၁)ပုဒ်မ (၃၁)အရ အချင်းဖြစ် မင်္ဂလာသာစည်ကျောင်းကို ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။

စုဒိတက ဦးဉာဏိန္ဒနှင့် အပေါင်းပါ ဦးဇောတိကတို့အား ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်းစသော ဝိနည်းကံအရ ပြစ်မှုကို ဖော်ပြ၍ စကင်းဘိုင်လော ဥပဒေအခန်း(၂) ပုဒ်မ(၇)အရ ဤသရက်တောကျောင်းတိုက်မှ အပသို့ ထွက်ခွါသွားစေဟု ၁၃၁၂-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက် (၂၂-၃-၅၁)နေ့တွင်-အမှုအမှတ် (၁၅/၅၁)ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

**ဆုံးဖြတ်ချက် အတည်ပြုပေးရန် လျှောက်ထားခြင်း။** ။နာယကအဖွဲ့က ဆုံးဖြတ်သော်လည်း မလိုက်နာသဖြင့် နာယကအဖွဲ့က ရန်ကုန် အလယ်ပိုင်း မြို့နယ် ဝိနိစ္ဆယရုံးသို့ ၁၃၁၂-ခုနှစ် တပေါင်းလပြည့်ကျော် ၂-ရက် (၂၄-၃-၅၁) နေ့တွင် စကင်းဘိုင်လော ဥပဒေအရ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လျှောက်ထားခဲ့ကြပါသည်။

**အမိန့်ဒိဂရီ။** ။နာယကအဖွဲ့၏ ဆောင်ရွက်ခြင်းသည် ဝိနည်းသိက္ခာပုဒ်တော်အရသော်သည်းကောင်း၊ စကင်းဘိုင်လော ဥပဒေအရလည်းကောင်း ညီညွတ်သဖြင့် (၁၅-၇-၅၁)နေ့တွင် အောက်ပါအတိုင်း အတည်ပြုအမိန့်ဒိဂရီကို ချမှတ် ခဲ့ပါသည်။

ပါမိန့်ဒိဂုရီ

"သရက်တောကျောင်းတိုက်၊ မင်္ဂလာသာစည်ကျောင်းနေ ရှင်ဉာဏိန္ဒအမှူးရှိသော ၎င်းနှင့်အပေါင်းပါ ရဟန်းရှင်လူတို့အား သရက်တောကျောင်းတိုက်အတွင်းမှ နှင်ထုတ်ရန်အမိန့်ကို အတည်ပြုသည်။"

**အယူခံခြင်း။** ။အတည်ပြု အမိန့်ကို ဦးဉာဏိန္ဒနှင့် အပေါင်းပါ ၇-ဦးတို့က မကျေနပ်သဖြင့် ရန်ကုန်ခရိုင် ဝိနိစ္ဆယဌာနသို့ အယူခံဝင် လျှောက်လွှာ တင်သွင်းခဲ့ပါသည်။ ခရိုင် ဝိနိစ္ဆယရုံးက အမှုအမှတ်စဉ် (၁၅) (၇-၁၀/၅၁) အရ ဝိဝါဒါဓိကရုဏ်းမှုကို လက်ခံပြီး အချက်အလက်များကို ဝေဖန်သုံးသပ်ကာ အောက်ပါစီရင်ချက်ကို ချမှတ်ခဲ့ပါသည်။

**စီရင်ချက်အမိန့်။** ။ဤဝိဝါဒါဓိကရုဏ်းမှုကို ဝိနိစ္ဆယဌာန ဥပဒေပုဒ်မ (၂၄) အရရော၊ ၎င်းဥပဒေ ပုဒ်မ (၂၉) အစအဆုံးပါ တရားမကျင့်ထုံး ဥပဒေပုဒ်မ (၉၂) အတွင်း ကျရောက်သော မှုခင်းအဖြစ် ယူဆသောကြောင့်၎င်း၊ သရက်တောတိုက်၊ မင်္ဂလာသာစည်ကျောင်းနှင့် ဆက်စပ်ရာပါ အခြားကျောင်းများ၏ အမှုနှင့် ပတ်သက်သော စီရင်ချက်အမိန့်ကို၎င်း၊ ၎င်းအမိန့်နှင့် ဆက်စပ်သော အစီအစဉ်များကို၎င်း မည်သည့် ဝိနိစ္ဆယဌာနကမျှ လက်ခံပိုင်ခွင့်မရှိဟု ခရိုင်ဝိနိစ္ဆယဌာနက ယူဆ၍ မြို့နယ် ဝိနိစ္ဆယဌာန၏ ထင်မြင်အတည်ပြုပေးခြင်း၊ ၎င်းနှင့်ဆက်စပ်၍ ဆောင်ရွက်ကူညီပေးခြင်းအရပ်ရပ်ကို ဤခရိုင် ဝိနိစ္ဆယဌာနက လုံးဝ ပယ်ဖျက်လိုက်သည်ဟု စီရင်ချက်အမိန့် ချမှတ်လိုက်ပါသည်။

နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ အယူခံဝင်ခြင်း

သရက်တောတိုက် နာယကအဖွဲ့က အလယ်ပိုင်းမြို့နယ် ဝိနိစ္ဆယဌာန၏ စီရင်ချက်ကို အတည်ပြုပေးရန် ၁၃၁၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်

ကျော် ၇–ရက်၊ (၂၃–၁၀–၅၁) နေ့တွင် နိုင်ငံတော် ဝိနိစ္ဆယ ဌာနသို့ ဒုတိယ စောဒနာဝင်လွှာ တင်သွင်းခဲ့ပါသည်။

နိုင်ငံတော် ဝိနည်းဓိုရ်သုံးပါး

(၁) တာခမ္ဘ သိမ်ကုန်းဆရာတော် —ဦးရေဝတ၊
(၂) ဇေယျာဝတီ ဆရာတော် —ဦးဥက္ကံသ၊
(၃) ဘုရားဖြူ ဆရာတော် —ဦးပညာဝံသ၊

နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ခံ ဘာလုပ်ဆရာတော် ဦးဝိလာသ၊

**နိုင်ငံတော်ဝိနိစ္ဆယဌာနတာဝန်ခံ လိမ်လည်မှု**

နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများသည် လျှောက်လဲချက် ချေပချက်တို့ကိုလေ့လာနေဆဲ အယူခံစုဒိတက ဦးဉာဏိန္ဒနှင့် ဦးဇောတိက တို့သည် နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်ခံ ဘာလုပ်ဆရာတော်နှင့် ပူးပေါင်း ကာ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးသုံးပါး၏ လက်မှတ်ကို လိမ် လည်ရယူပါသည်။

**လိမ်လည်ရယူပုံ။** ။ဤအမှုနှင့်ပတ်သက်၍ ပဏာမ ဆွေးနွေးစဉ်က ရေးသားထားသော စီရင်ချက်ဖြစ်ကြောင်း ဝိနည်း ဓိုရ်ဆရာတော်ကြီးသုံးပါးအား လျှောက်ထားပြီး တာဝန်ခံ ဘာလုပ်ဆရာ တော်က လက်မှတ်များကို ရေးထိုးစေခဲ့ပါသည်။

**လိမ်လည်သောစီရင်ချက်။** ။၁၉၅၂-ခုနိုဝင်ဘာလ ၇-ရက်နေ့စွဲဖြင့် ဤအမှုမှာ အမျိုးမျိုး အထွေထွေ ဖြစ်၍ ရောက်လာခြင်းကြောင့် ဒုတိယစောဒနာဝင် စောဒက ဂရန်ပိုင် ဥက္ကဋ္ဌ မဟာထေရ်ဆရာတော် ဦးနန္ဒသာမိ၏ ခရိုင်စီရင်ချက်ကို ပယ်ဖျက်လျက် မြို့နယ်အမိန့်အတိုင်း အတည်ပြုပါရန် လျှောက်ထားချက်သည် ဥပဒေ ပုဒ်မ(၂၇)ပုဒ်မခွဲ(၄)(၅)ကို မသက်ဝင်ပဲ အဆုံးအဖြတ် ပေးရန် နှစ်သက်တော်မမူနိုင် ပယ်ဖျက်တော်မူကြ၏။

## အနိုင်ရပြီဟု ကြွေးကြော်ခြင်း

တာဝန်ခံ ဘလုပ်ဆရာတော်နှင့် ပူးပေါင်းဆောင်ရွက်ချက်အရ ရရှိသော စီရင်ချက်လိမ်ကို အကြောင်းပြု၍ အယူခံ စုဒိတက ဦးဉာဏိန္ဒ၊ ဦးဇောတိကတို့က မိမိတို့အနိုင်ရပြီဟု ပြောကြားရုံမျှမက ကြေငြာချက် စာတမ်းများကိုပါ ထုတ်ဝေကြသည်။

## ဆုံးဖြတ်ချက် မှန်–မမှန်စုံစမ်းခြင်း

သရက်တောတိုက်နာယကအဖွဲ့နှင့် ဥက္ကဋ္ဌ မဟာထေရ်တို့ ကြားရ၍ နိုင်ငံတော်ဝိနည်းမိုရိဆရာတော်ကြီးသုံးပါးထံ စုံစမ်းသည့်အခါ ဝိနည်းမိုရိဆရာတော်ကြီးသုံးပါးက မိမိတို့ချမှတ်သည့်စီရင်ချက်မဟုတ်ကြောင်း မိမိတို့လက်မှတ်ကို တာဝန်ခံ ဘလုပ်ဆရာတော်က လိမ်ယူသွားသော လက်မှတ်ဖြစ်ကြောင်း မိန့်ကြားသဖြင့် စီရင်ချက်လိမ်ဖြစ်ကြောင်း သိရပါသည်။

## အငြင်းပွားကြခြင်း

သရက်တောတိုက်နာယကအဖွဲ့က အမှုကို စုံစမ်းသိရှိရသောအခါ စုဒိတကများအနိုင်ရကာ ဒိဂရိသည် အမှန်မဟုတ်၊ လုပ်ကြံသောစီရင်ချက်ဖြစ်ကြောင်း–ဟု ဆိုကြသည်။

အယူခံ စုဒိတက ဦးဉာဏိန္ဒ၊ ဦးဇောတိကတို့က နိုင်ငံတော်အမိန့်သည် ဒိဂရီမှန်–ဟု ဆိုကြသည်။

## တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်း

အယူခံ စုဒိတက ဦးဉာဏိန္ဒနှင့် ဦးဇောတိကတို့က တရားလွှတ်တော်ချုပ်သို့ အနိုင်ဒိဂရီကို အတည်ပြုပေးပါရန် လျှောက်ထားချက် အရ နိုင်ငံတော် တရားလွှတ်တော်ချုပ်က ၁၉၅၂-ခု တရားမ အသေးအဖွဲ့ လျှောက်လွှာအမှတ်(၃၁၄)ဖြင့် လက်ခံစစ်ဆေးပြီး အောက်ပါအမိန့်ကို ချမှတ်ပါသည်။

**တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက်**

(၁) ရန်ကုန်မြို့ နိုင်ငံတော်ဝိနိစ္ဆယဌာနသည် ဒုတိယ စောနဝဝင်မှုကို ဆုံးဖြတ်ချက်မချရသေးဟူ၍ လည်းကောင်း၊

(၂) မချရသေးသည့်အတွက် ရန်ကုန်မြို့ နိုင်ငံတော် ဝိနိစ္ဆယဌာနသည် ဒုတိယစောဒနာဝင်မှုကို ဆက်လက်၍ ကြားနာ မဆုံးဖြတ်နိုင်သေးဟူ၍လည်းကောင်း ဤရုံးတော်က ကောက်ယူ ဆုံးဖြတ်ပြီးလျှင် ဦးဉာဏိန္ဒပါ ၇-ပါးသော စောဒကပုဂ္ဂိုလ်တို့၏ မေတ္တာရပ်ခံလွှာကို ပလပ်လိုက်သည်။

**နိုင်ငံတော်တာဝန်ခံ အပြောင်းအလဲ**

မင်္ဂလာသာစည်ကျောင်းမှုနှင့်စပ်လျဉ်း၍ စီရင်ချက်လိမ် ပေါ်ပေါက်လာရာ နိုင်ငံတော်ဝိနိစ္ဆယဌာန ဂုဏ်သိက္ခာ ထိခိုက်သွားခြင်း။

စီရင်ချက်လိမ်ပြုလုပ်ခဲ့သည့် နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ခံ ဘာလုပ်ဆရာတော်ဦးဇိလာသသည် သံဃာ့မျက်မှောက်သို့ မဝင်ရဲသောအဖြစ်သို့ ဆိုက်ရောက်သွားခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဥပဒေပုဒ်မ(၁၃)(၂)အရ တွဲဘက်တာဝန်ခံဆရာတော်ကနိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များအထူးအစည်းအဝေးကို ၁၉၅၂-ခု နိုဝင်ဘာလ ၁၇-ရက်နေ့၌ ကျင်းပပြီး ဘာလုပ်ဆရာတော်၏ နေရာတွင် ဆရာတော်များ၏ဆန္ဒအရ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးကောဏ္ဍညကို လွှဲပြောင်း တင်မြှောက်လိုက်ကြပါသည်။

**အမှုကို ဆက်လက်စစ်ဆေးရန် ဆုံးဖြတ်ခြင်း**

၁၃၁၄-ခု၊နတ်တော်လဆန်း ၆-ရက်၊ (၂၂-၁၁-၅၂) နေ့တွင် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ စည်းဝေးတော်မူကြကာ တရားလွှတ်တော်ချုပ်၏ ပထမအပိုဒ်ကို ထောက်ဆ၍ ဆက်လက်စစ်ဆေးရန် သဘောတူ ဆုံးဖြတ်တော်မူကြပါသည်။

ဆက်လက်စစ်ဆေးခြင်း

သဘောတူ ဆုံးဖြတ်ချက်အရ တာဝန်ခံ ခြောက်ထပ်ကြီး ဆရာတော်က—

(၁) တောင်ငူမြို့၊ အောင်သပြေ ဆရာတော်–ဦးအရိယဝံသ၊
(၂) ရန်ကုန်မြို့၊ အရှေ့ပိန္နဲကုန်း၊ ရတနာသိဒ္ဓိ စံကျောင်း ဆရာတော် ဦးမေဃိယ၊
(၃) ရန်ကုန်မြို့ စက်ဘုူဆရာတော် ဦးဝိသာရဒ တို့ကို အမှုစစ်ဆေးဆုံးဖြတ်ရန် ရွေးချယ်လိုက်ပါသည်။

ကန့်ကွက်ခြင်း

မင်္ဂလာသာစည်ကျောင်းအမှုကို အထက်ပါ ဝိနည်းဓိုရ် ဆရာတော်ကြီးသုံးပါးက စစ်ဆေးနေစဉ် စုဒိတက ဦးဉာဏိန္ဒနှင့် အပေါင်းပါ ၇-ပါးတို့က ၁၃၁၅-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃-ရက်၊ (၈-၈-၅၃) နေ့၌ ကန့်ကွက်စာ တင်သွင်းပါသည်။

ချေပလွှာတင်သွင်း

စုဒိတက ၇-ပါးတို့ ကန့်ကွက်လွှာကို မင်္ဂလာသာစည်ကျောင်း အမှုအတွက် နာယကအဖွဲ့နှင့် ဥက္ကဋ္ဌမဟာထေရ်ဆရာတော်ကြီးများ၏ စောဒကပြုလုပ်ရန် လွှဲအပ်ခြင်းလည်းခံရ၊ သရက်တောတိုက် ဂရန်ပိုင် ဥက္ကဋ္ဌဆရာတော်လည်းဖြစ်သော သရက်တောတိုက် သဉ္စနာလင်္ကာရကျောင်း ဆရာတော်ဦး နန္ဒသာမိက (၁၈-၈-၅၃) နေ့တွင် အသေးစိတ် ချေပလွှာ တင်သွင်းပါသည်။

ဒုတိယအကြိမ် စုဒိတကများက ကန့်ကွက်ခြင်း

ဦးဉာဏိန္ဒပါ အပေါင်းပါ ၇-ပါးတို့က ၁၃၁၆-ခု၊ တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ (၁၉-၂-၅၅) နေ့စွဲဖြင့် ဒုတိယအကြိမ် တရားစစ်ရာတွင် ပါဝင်သော (၁) ရတနာသိဒ္ဓိစံကျောင်းဆရာတော်၊ (၂) စက်ဘုူဆရာတော်တို့ကို ဝိနိစ္ဆယအက်ဥပဒေပုဒ်မ (၂၅) အရ ဝိနည်းဓိုရ်အဖြစ်မှ ဖယ်ရှားပေးရန် ကန့်ကွက်မှုကို နိုင်ငံတော်က ယင်းနေ့၌ပင် အကြောင်းပြ မမှန်ဟု ပယ်ချလိုက်ပါသည်။

**နိုင်ငံတော်ဝိနိစ္ဆယအမိန့်**

နိုင်ငံတော်ဝိနိစ္ဆယ်ဌာနက အမှုကိုဆက်လက်စစ်ဆေးပြီး အောက်ပါ ဝိနိစ္ဆယအမိန့်ကို ချမှတ်လိုက်ပါသည်။

(က) စောဒနာဝင် စုဒိတက ဦးညာဏိန္ဒပါ (၇)ပါးတို့က နိုင်ငံတော် ဝိနိစ္ဆယ်ဌာနဆုံးဖြတ်ချက်ချသော နေ့ရက်အမီ(၁၅)ရက်အတွင်း စုဒိတက ပုဂ္ဂိုလ်များသည် မိမိတို့၏ အနုဝတ္တက ပုဂ္ဂိုလ်များကို ဖယ်ထုတ်ရှင်းလင်း၍ ရန်ကုန်မြို့ သရက်တော ကျောင်းတိုက် သံဃာ့ကောင်ဆယ်အဖွဲ့ဝင် ဆရာတော်များအား ကန်တော့ကြ ရသည်။

ကန်တော့ပြီးလျှင် ရန်ကုန်မြို့ သရက်တော ကျောင်းတိုက် သံဃာ့ကောင်ဆယ် အဖွဲ့ဝင် ဆရာတော်များနှင့် ဆန့်ကျင်သော အဖွဲ့သစ်ဖွဲ့၍ ဆန့်ကျင်ခြင်းစသော ဆက်လက်ကာလပါဝိဝါဒဖြစ်ပွား အမှုတို့ကို ယခုအချိန်မှစ၍ မပြုလုပ်ပါဟု သံဃာ့ကောင်ဆယ် အဖွဲ့ဝင် ဆရာတော်များ မျက်မှောက်၌ တာဝန်ခံပဋိညာဉ်ပြု ရမည်။

အဖွဲ့ဝင်ဆရာတော်များ ယုံကြည်လောက်သော ဤသရက် တောကျောင်းတိုက်အရပ်အတွင်းနေ ရဟန်းပုဂ္ဂိုလ် အနည်းဆုံး (၃)ပါးက တာဝန်ခံ ပဋိညာဉ်အတိုင်းလိုက်နာပါမည်ဟု တာ ဝန်ယူပါစေ။

တာဝန်ယူလျှင် စောဒနာဝင်စုဒိတက ဦးညာဏိန္ဒနှင့်အပေါင်း ပါ(၇)ပါးတို့အား သံဃာ့ကောင်ဆယ် ဆရာတော်များက သရက်တောကျောင်းတိုက်အတွင်း နေထိုင်ရန် ခွင့်ပြုစေ။

(ခ) (ကဲ) အမှတ်ပြအတိုင်း မလိုက်နာလျှင် ဆုံးဖြတ်ချက် ချသောနေ့ မှ (၁၅)ရက်အတွင်း သံဃာ့ကောင်ဆယ် ဆရာတော်များ၏ ဆုံး ဖြတ်ချက်အတိုင်း သရက်တောကျောင်းတိုက်မှ အပသို့ ထွက် သွားစေဟု အမိန့်ချပါသည်။

**ဝိနည်းမှု-၇**

**ဇာရီမှုပြုလုပ်ပေးရန်လျှောက်ထားခြင်း**

ဆုံးဖြတ်ချက်ချပြီးနောက် သရက်တောတိုက် သံဃာ့ကောင်ဆယ်ဒုတိယကိုယ်စားလှယ် နှစ်ကျိပ်ရှစ်ဆူဆရာတော် ဦးဆောင်သော စောဒက (၈)ပါးတို့က တရားရှုံး ဦးဉာဏိန္ဒပါ (၇)ပါးတို့အား သံဃာ့ကောင်ဆယ်နှင့်နိုင်ငံတော်ဝိနိစ္ဆယ ဌာန၏ဆုံးဖြတ်ချက်အရ တရားမရုံးတွင် အလျှင်အမြန်ဇာရီပြုလုပ်ပေးရန် (၁၉-၃-၅၅)နေ့တွင် လျှောက်ထားပါသည်။

**မင်္ဂလာသာစည်ကျောင်းလွှဲအပ်ခြင်း**

စုဒိတက ဦးဉာဏိန္ဒသည် ဦးဇောတိကအား ၁၃၁၆-ခု၊ တပေါင်းလဆန်း(၃)ရက် (၂၄-၂-၅၅)နေ့တွင် ဆရာတော်ကြီးသုံးပါးကိုသက်သေပြု၍ ဂေါပိတရက္ခိတအဖြစ်ဖြင့် လွှဲအပ်စာတမ်းရေးထိုး၍ မင်္ဂလာသာစည်ကျောင်းကို လွှဲအပ်ခဲ့ပါသည်။

**တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခြင်း**

လွှဲအပ်ချက်အရ ဦးဇောတိကသည် ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ၁၃၁၆-ခုနှစ် တပေါင်းလဆုတ်(၁၁)ရက် (၁၉-၃-၅၅)နေ့တွင် နိုင်ငံတော်တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခဲ့ပါသည်။

**ဇာရီမှုပြုလုပ်ပေးရန် အကြောင်းကြားခြင်း**

နှစ်ကျိပ်ရှစ်ဆူဆရာတော်ပါ(၈)ပါးတို့၏ လျှောက်ထားချက် အရ နိုင်ငံတော်ဝိနိစ္ဆယဌာနက တရားမတရားသူကြီးချုပ်ရုံးသို့ တရားနိုင် စောဒကတို့၏လျှောက်ထားစာနှင့်အတူ ဇာရီမှုပြုလုပ်ပေးရန် ဝိနိစ္ဆယဌာန စာအမှတ် (၉၀/န၊ ၆-ဝ၊၅၅)ဖြင့် (၂၅-၃-၅၅)နေ့စွဲဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

**အမှုတွဲတောင်းယူခြင်း**

ဦးဇောတိက၏အယူခံဝင်မှုနှင့်ပတ်သက်၍ တရားလွှတ်တော် ချုပ်က နိုင်ငံတော်ဝိနိစ္ဆယဌာနရှိ အမှုတွဲများကို(၂၄-၃-၅၅)နေ့စွဲဖြင့် တောင်း ယူပါသည်။

**အမှုတွဲပြန်ပို့ခြင်း**

တရားလွှတ်တော်ချုပ်က အယူခံဝင်မှုကို စိစစ်ပြီးလျှင် ဓေဝဒန္တာဝင် စုဒိတကများက ဝိနိစ္ဆယ ဌာနအက်ဥပဒေပုဒ်မ (၂၅)အရကန့်ကွက်ခြင်း ကိုဝိနည်းဓိုရ်ဆရာတော်များက ပုဒ်မနှင့်အညီမဆောင်ရွက်သဖြင့် ထိုစီရင် ချက်ကို ပယ်ဖျက်၍ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်များအား တဖန် ပြန်၍စစ်ဆေးရန် (၁၄-၂-၅၆)နေ့စွဲဖြင့် ပြန်ပို့ခဲ့ပါသည်။

**ဆက်လက်ဆောင်ရွက်ခြင်းမပြု**

နိုင်ငံတော်ဝိနိစ္ဆယရုံးသည် တရားလွှတ်တော်ချုပ်၏ အမှုတွဲကို ပြန် လည်စစ်ဆေးဖို့ရာ ပေးပို့ခဲ့သော်လည်း ယင်းအမှုသည် ဝိနည်းဓမ္မကံအရ လည်းကောင်း၊ ဝိနိစ္ဆယအက်ဥပဒေအရလည်းကောင်း၊ စီရင်ဆုံးဖြတ် ပြီးအမှု—ဖြစ်သည်ဟုယူဆကာ (၁၄-၂-၅၆)မှ(၂၉-၆-၆၂)နေ့အထိ ဘာမျှ ဆောင်ရွက်မှုမပြုခဲ့ပါ။

**သံဃာ့ခုံဖွဲ့ပေးရန်လျှောက်ထားခြင်း**

အထက်ပါဖော်ပြပါရက်အတွင်း ဦးဇောတိကသည် အချင်းဖြစ် မင် လာသာစည်ကျောင်းအောက်ထပ်နေ ဦးဓမ္မတိဏ္ဏနှင့် ဆေပေါင်းပါတို့အား ကျောင်းမှ ထွက်ခွာသွားရန်အတွက် သံဃာ့ခုံဖွဲ့ပေးပါရန် ရန်ကုန်မြို့ တရားမရုံးသို့(၃၀-၁-၅၈)နေ့တွင် တရားစွဲခဲ့ပါသည်။

**ကန့်ကွက်ခြင်း**

ဦးဇောတိက—က ခုံဖွဲ့ပေးရန်လျှောက်ထားမှုကို–

(၁) အမှုလွှဲက်ခံသွားသောနိုင်ငံတော်ဝိနိစ္ဆယ ရုံးကလည်းကောင်း၊

(၂) သရက်တောတိုက်သံဃာ့ကျောင်းဆယ်ကလည်းကောင်း၊

(၃) ခုံတရားခံ ဦးခမ္မတိဏ္ဏကလည်းကောင်း၊ ဝိနိစ္ဆယ အက်ဥပဒေပုဒ်မ (၂၉)ကို ကိုးကား၍ကန့်ကွက်ခဲ့ပါသည်။

အမိန့်ချမှတ်လိုက်ခြင်း

ရန်ကုန်မြို့ တရားမရုံး၊ တတိယတရားသူကြီးက အဆိုပါ ကန့်ကွက်ချက်များသည် လွဲမှားသောကိုးကားချက်များဖြင့်ကန့်ကွက်သောကြောင့် ဝိနိစ္ဆယ ခုံဖွဲ့ပေးရန် (၈-၉-၅၈)နေ့တွင် အမိန့်ချမှတ် လိုက်ပါသည်။

တဖက်သတ်ခုံဝိနည်းမိုရ်

တတိယတရားသူကြီးက ခုံဖွဲ့ရန်အမိန့်ချပြီးနောက် နှစ်ဖက် အမှုသည်တို့ထံ ဝိနိစ္ဆယ အက်ဥပဒေအရ ဝိနည်းမိုရ် အသီးသီး တင်မြှောက်ရန် အကြောင်းပါသည်။ ခုံစုဒိတက ဦးခမ္မတိဏ္ဏက ဝိနည်းမိုရ်မတင်ဘဲ နေခဲ့သောကြောင့် ခုံစောဒက ဦးဇောတိက က ခုံဝိနည်းမိုရ်များကို ၎င်းသဘောကျ ရွေးချယ်တင်မြှောက်လိုက်ပါသည်။

ကန့်ကွက်ပြန်ခြင်း

ခုံစောဒကဦးဇောတိက အား ခုံဝိနည်းမိုရ်၌တင်သောအခါ နိုင်ငံတော်ဝိနိစ္ဆယဌာနကလည်းကောင်း၊ သရက်တောတိုက် သံဃာ့ ကျောင်းဆယ်ကလည်းကောင်း၊ ဂရမ်ပိုင်နှစ်ကျိပ်ရှစ်ဆူ ဆရာတော်က လည်းကောင်း၊ အောက်ပါ အဓိပ္ပါယ် ပါရှိသော အကြောင်းများကို ဖော်ပြလျက် (ခုံဝိနိစ္ဆယ)ကိုကန့်ကွက်ပြန်ပါသည်။

(၁) ခုံစုဒိတက ဦးခမ္မတိဏ္ဏသည် ဂရမ်ပိုင်ဆရာတော်များက ထိုကျောင်းကို ရက္ခိတ ဂေါဝိတအဖြစ် လွှဲအပ်ထားသူဖြစ်ခြင်း။

(၂) နိုင်ငံတော်တွင် ခုံစောဒက ဦးဇောတိကအား တရားစွဲဆိုထား၍ နိုင်ငံတော်ကစစ်ဆေးဆဲဖြစ်ခြင်း။

(၃) ခုံစောဒက ဦးဇောတိကသည် ၎င်းအား ရက္ခိတ ဂေါပိတပါဟု လိမ်ညာ၍စွဲဆိုခြင်း။

(၄) စုဒိတကာ၊ စောဒက နှစ်ပါးလုံး ထိုကျောင်းကို ပိုင်ဆိုင်သူများ မဟုတ်ခြင်း။

(၅) ပိုင်ဆိုင်သူမဟုတ်သူချင်း တရားစွဲဆိုခြင်းကို ဥပဒေအရ ဆုံးဖြတ်၍ မဖြစ်ခြင်း။

(၆) ထိုအမှုကိုမူလအမှုကဲ့သို့ လက်ခံစစ်ဆေးလျှင် ဝိနိစ္ဆယဌာနအက် ဥပဒေ ပုဒ်မ (၂၈) (၁)နှင့် ဆန့်ကျင်သည့်ပြင် မကောင်းနိုင်သော ဥပဒေဘောင်အတွင်း စွက်ဖက်ရာရောက်ခြင်း။

**စီရင်ချက်ချမှတ်ပြန်ခြင်း၊**

ခုံဝိနိစ္ဆယအဖွဲ့သည် ကန့်ကွက်မှုကို လုံးဝအရေးမယူပဲ အမှုသည်တို့အား အမှုစစ်ဆေးရန် ချိန်းဆိုသည့်အခါ စုဒိတကာ ဦးမေ့ကိတ္တမလာပါ၊ လာသော တဖက် စောဒကအမှုသည် ဦးဇောတိကကိုသာ စစ်ပြီးလျှင် (၂၁-၆-၆၀) နေ့တွင်စီရင်ချက်ချမှတ်ပါသည်။

**ခုံဝိနိစ္ဆယဆုံးဖြတ်ချက်**

စုဒိတကာများသည် ကျောင်း၏ရက္ခိတဂေါပိတဖြစ်သော စောဒက ဦးဇောတိက၏ စောင့်ရှောက်အုပ်ချုပ်မှုကို ငြင်းဆန်ခြင်း၊ ယင်းတို့ကသာလျှင် အဆိုပါကျောင်း၏ ရက္ခိတဂေါပိတ ဖြစ်သည်ဟု တစင်ထောင်ပြီး အင်အားစုကာ အဓမ္မမှုအမျိုးမျိုးပြုခဲ့သောကြောင့် သိတင်းသုံးရန်အခွင့်အရေးကို မခံစားထိုက်။

အချင်းဖြစ် မင်္ဂလာသာစည်ကျောင်းတွင် ရက္ခိတ ဂေါပိတဖြစ်သော ဦးဇောတိကသည်၊

"ဝေရူပေန ဝိသဘာဂပုဂ္ဂလေန ကောဇိဟာရေ ဝါ ကေပရိဝေဏေ ဝါ ဝသန္တေန အတ္တောနတ္ထိ၊ တသ္မာ၊ ဟလမွတ္တေဝသော၊ နိဝါသော ဝါရိတော၊" ဟူသော မဟာဝဂ္ဂသံဝဏ္ဏနာအရ ဝိသဘာဂ စုဒိတကာ ဦးမေ့ကိတ္တ အမှူးရှိသူတို့ကို အဆိုပါမင်္ဂလာသာစည်ကျောင်း အောက်

ထပ်မံ ရက်ပေါင်း(၁၀)ရက်အတွင်း ဖယ်ရှားသွားစေ၊ မိမိပစ္စည်းကိုလည်း တပါတည်းယူဆောင်သွားစေ။

**ပြောင်းရွှေ့သွားခြင်း၊**

ဝိနိစ္ဆယ အမိန့်ချလိုက်သောအခါ တရားရှုံး ဦးဓမ္မတိက္ခာသည် သရက်တောတိုက် ကြံခင်းကျောင်းသို့ ပြောင်းရွှေ့သွားခဲ့ပါသည်။

ဦးဓမ္မတိက္ခာပြောင်းရွှေ့သွားသောအခါ ၎င်းအား အဖွဲ့မှ ရက္ခိတကေါ်ဖိတ လွှဲအပ်စာကို ဂရမ်ပိုင်ဆရာတော်များထံ ပြန်လည်ပေးခဲ့ပါသည်။

**ဦးကောသလ္လအား လွှဲအပ်ခြင်း**

ဂရမ်ပိုင် ဆရာတော်များက မင်္ဂလာသာစည်ကျောင်းကို ဆက်လက်စောင့်ရှောက်ရန် ဂျာနှံပြန် ဓမ္မာရုံမှ ဦးကောသလ္လအား လွှဲအပ်လိုက်ပါသည်။ ယခုထိ ဦးကောသလ္လနေဆဲ။

**ဇာရီမှုပြုလုပ်ခြင်း**

ဦးဇောတိကသည် ခုံဝိနိစ္ဆယမှ အနိုင်ရသွားသော်လည်း တရားရှုံး ဦးဓမ္မတိက္ခာ ကြံခင်းကျောင်းသို့ ပြောင်းရွှေ့သွားသဖြင့် ဇာရီမှု မပြုလုပ်ပဲနေရာ အတော်ကြာသွားသည်၊ ကိုနောက် ၁၉၆၁-ခု၊ နိုဝင်ဘာလ (၁၇) ရက်နေ့ကျမှ အနိုင်ဒီဂရီကို ဖော်ပြသျက် ဇာရီမှုလုပ်ပေးပါရန် တရားမရုံးသို့ လျှောက်ထားပါသည်။

**အမိန့်ထုတ်ခြင်း**

လျှောက်ထားချက်အရ တရားမရုံးက ၁၉၅၈ ခုနှစ်၊ တရားမအသေးအဖွဲ့ အမှတ်(၂၆)မှ ပေါ်ပေါက်သော ၁၉၆၁-ခုနှစ် တရားမဇာရီမှုအမှတ် (၁၂၅) ဝရမ်းအမိန့်ကို ထုတ်ပေးလိုက်ပါသည်။

**နှင်ထုတ်ခြင်း**

ဝရမ်းအရ ဘီးလစ်သည် အချင်းဖြစ်ကျောင်းသို့ လာ၍ ဦးကောသလ္လနှင့် အပေါင်းပါတို့အား နှင်ပါသည်။

ဦးကောသလ္လက မိမိဘုရားရှုံးမဟုတ်၊ တရားရှုံး၏ အခေါင်းပါ လည်းမဟုတ်၍ မသွားနိုင်ကြောင်း ခုခံညင်းဆိုပါသည်။

တရားမရုံးသို့လည်း ဦးကောသလ္လက ကန့်ကွက်စာပေးပို့ပါသည်။

တရားမရုံးက နောက်ထပ် ဝရမ်းမထုတ်တော့။

ဦးဇောတိက နောက်ထပ်နှင့်ထုတ်ရန် အကြိမ်ကြိမ် ကြိုးစားသော် လည်း အောင်မြင်ခြင်းမရှိသဖြင့် နောက်ပါနည်းလမ်းများကို ရှာဖွေ ပါသည်။

(၁) သရက်တောတိုက် ဂရမ်ပိုင် အဖွဲ့သည် စကင်း ဘိုင်လော ဥပဒေအရ လက်ရှိ တရားမဝင် ဖြစ်နေသည်ဟု စာတမ်းများ ထုတ်ဝေခြင်း။

(၂) တရားရှုံးဦးဓမ္မတိက္ကသည် ကြံခင်းကျောင်း၌နေ၍ ကျောင်း ကို လူများအား အခန်းနှင့်ငှား၍ စီးပွားရှာခြင်း။

(၃) အချင်းဖြစ် မင်္ဂလာသာစည် ကျောင်း ပျက်စီးနေသဖြင့် ပြုပြင် လို၍ ကျောင်းနေ ပုဂ္ဂိုလ်များ ဖယ်ရှားပေးရန်ကိစ္စ ဆောင် ရွက်နေရခြင်း။

(၄) သရက်တောတိုက်ကြီးကို (၁၀) ကျောင်း တအုပ်စုထား၍ အုပ်စုအသီးသီးမှ သမ္မုတိ(၁) ပါးစီ အုပ်ချုပ်သင့်ကြောင်း ဝါဒဖြန့်ခြင်း။

## နောက်ဆုံးအခြေအနေ

(၁) ဦးဇောတိကသည် ဇာရှိမှုကြောင့် ရဲအစောင့်အရှောက်ဖြင့် နေရသည်၊ ပဋိပက္ခ မရှိခဲ့။

(၂) ၁၉၆၆-ခု၊ စက်တင်ဘာလတွင် မင်္ဂလာသာစည်ကျောင်းရှေ့ အမျိုးပိုင် ဘုံဘိုင်ကို ဦးဇောတိကက သော့ခတ်လိုက် သည်။

(၃) အောက်ထပ်သံဃာများ မခံမရပ်နိုင် ဖြစ်လာ၍ ရဲကို တိုင် ကြားသည့်အတွက် ရဲလာစောင့်နေရသည်။

(၄) ထိုကိစ္စမပေါ်မီ သရက်တောတိုက် ဆီလက်မှတ်ကိစ္စ ပေါ်ပေါက်ခဲ့ပါသည်။

(၅) ထိုကိစ္စတွင် ဦးဇောတိကသည် မန်းကျောင်း ဆရာတော်နှင့် ပေါင်း၍ သံဃာစုနှင့် ဆန့်ကျင်ခဲ့ပါသည်။

(၆) သရက်တောတိုက်၊ ဂရမ်ပိုင်အဖွဲ့ ပျက်ပြားသွားရန်- ဥက္ကဋ္ဌ မဟာထေရ် ၂-ဦးကို ဦးဇောတိက က တရားရုံးတွင် ၁၉၆၄ခု တရားမကြီးမှု အမှတ် (၃၉) ဖြင့် တရားစွဲထားပါသည်။

(၇) ထိုကိစ္စအတွက် သရက်တောတိုက် သံဃာ့ကောင်ဆယ်က တရားရုံးတွင် ချေပလျက် ရှိပါသည်။

**သာသနာရေးရာကော်မတီ**

(၁) မင်္ဂလာသာစည်ကျောင်း အမှုသည် ၁၃၁၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄-ရက်၊ (၂၅-၂-၅၁) နေ့မှ စတင်ဖြစ်ပွားခဲ့သည်။

(၂) ဝိနိစ္ဆယရုံး ဆောင့်ဆင့်နှင့် တရားလွှတ်တော်ချုပ်အထိ ရောက်ခဲ့သော်လည်း ယနေ့တိုင် ပြေငြိမ်းခြင်းမရှိ။

(၃) မပြေငြိမ်းခြင်းမှာ ဝိနည်းဥပဒေအရရင်း၊ လူ့တရားဥပဒေအရရင်း အမှုသည်အချို့ မလိုက်နာသောကြောင့် ဖြစ်သည်။

(၄) မင်္ဂလာသာစည်ကျောင်း အမှုသည် ဝိနည်းဥပဒေ- လူ့တရားဥပဒေ ၂-ရပ်လုံးနှင့် သက်ဆိုင်နေပါသည်။

(၅) ယနေ့ ၁၉၆၆-ခု၊ ဒီဇင်ဘာလ ၄-ရက်အထိ ၁၅-နှစ်ခန့်ကြာနေသည်။

**ဆောင်ရွက်သင့်သော နည်းလမ်း**

ရန်ကုန်မြို့၊ သရက်တောတိုက်၊ မင်္ဂလာသာစည်ကျောင်း၊ အချင်းဖြစ်ပွားမှု အဓိကအချက်များ။

(၁) မင်္ဂလာသာစည်ကျောင်းသည် မူလက ပုဂ္ဂလိကဖြစ်သော်လည်း ယခု မတသန္တက သံဃိကဖြစ်နေသော အချက်။

(၂) မတသန္တက သံဃိကဖြစ်သဖြင့် သံဃာတော်များသာ ပိုင်ဆိုင်၍ သံဃာတော်များသာ အဂတိတရားမလိုက်မူပဲ ဝိနည်းဒေသနာတော်နှင့်အညီ ရက္ခိတ ဂေါပိတအဖြစ် နေထိုင်စေခွင့်ရှိသော အချက်။

(၃) ဝိနည်းဒေသနာတော်နှင့်အညီ မနေထိုင်သော ပုဂ္ဂိုလ်များကို သံဃာများက ဝိနည်းဒေသနာတော်အရ ဗုဒ္ဓဒေါသကင်း စေ၍ နှင်ပိုင်ခွင့်ရှိသော အချက်များသည် အဓိကအချက်များ ဖြစ်ပါသည်။

အေးငြိမ်းကြောင်း

အဆိုပါ (၃) အချက်အရ ဝိနည်းဒေသနာတော်နှင့်အညီ သံဃိက ကျောင်းကို သံဃာက နေထိုင်အုပ်ချုပ်နည်းဖြင့် သမ္မုတိဘူတ သံဃာတော်များက ဦးကောသလ္လအား ရက္ခိတဂေါပိတ အဖြစ်ဖြင့် စောင့်ရှောက်စေခဲ့သည်များကို အတည်ပြု လိုက်နာဆောင်ရွက်ပေးမှသာလျှင် အေးငြိမ်းဖွယ်ရာ အကြောင်းရှိပါသည်။

ပင်စေ (အတွင်းဝန်)

ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ
ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အဓိပ္ပာယ်ရှင်းလင်းချက်
၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း ၂-ရက်၊ သောကြာနေ့(၆-၂-၈၁)

**သံဃဝိနိစ္ဆယအဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆက်သွယ်ပုံ**

(၁) သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းအမိန့်ကို ပုံစံ (၄) ဖြင့် မြို့နယ် သံဃနာယကအဖွဲ့က ထုတ်ပေးရမည်။ [လုပ်ထုံး-၂၄]

(၂) ယင်းအမိန့်၌ အဖွဲ့အမှတ်စဉ်ကို ဝါကျစာကြောင်းအောက် ၌ ဖော်ပြထားသော စာအမှတ်....... နေရာ၌ ထည့်ရမည်။

(၃) ယင်းသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်အမိန့်စာကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် မြို့နယ်သံဃနာယကများ ထံသို့ မိတ္တူ ပေးပို့ရမည်။

ဝိနည်းဓိုရ်-၈

(၄) သံဃာဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်အခါ အမှတ်စဉ်ကျရာ ဝိနည်းဓိုရ်များ ခရီးမလွန်စေရန် ညှိနှိုင်းပြီးနောက်မှသာ ဖွဲ့စည်းသည့်အမိန့်စာကို ထုတ်ပေးရမည်။ လုပ်ထုံးလုပ်နည်း အပိုဒ် (၂၄-၂၆)နှင့် ညီစေရန် ဖြစ်သည်။

(၅) မြို့နယ် သံဃနာယကအဖွဲ့က တည်ရ ၃နှင့် ၃-ပါး၊ (သို့မဟုတ်) ၅-ပါးသော ဝိနည်းဓိုရ်ဆရာတော်များကို ပင့်ဆောင်စည်းဝေးစေ၍ သဘာပတိ ဆရာတော်တပါး တင်မြှောက်ထားရမည်။ [လုပ်ထုံးလုပ်နည်း ၂၄-၂၅]

(၆) မြို့နယ် သံဃနာယကအဖွဲ့က သံဃာဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်ထံသို့ သံဃာဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံး၊ ဖွဲ့စည်းမိန့်၊ မူလမှုခင်းပြသနာ အမှုတွဲတို့ကို ပေးအပ်လိုက်ရမည်။

(၇) သံဃာဝိနိစ္ဆယအဖွဲ့သည် မိမိတို့ ဝိနိစ္ဆယကိစ္စ ဆောင်ရွက်မည့် အကြောင်းကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ စာဖြင့် အကြောင်းကြားရမည်။ [လုပ်ထုံးလုပ်နည်း — ၂၇]

(၈) သံဃာဝိနိစ္ဆယအဖွဲ့သည် ပထမအကြိမ် စည်းဝေး၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြီး သံဃာဝိနိစ္ဆယအဖွဲ့၏ တည်ရာရုံးကို သတ်မှတ်ရမည်။ [လုပ်ထုံးလုပ်နည်း — ၂၇]

(၉) အမှုတင် စစ်ဆေးနိုင်ရန်အတွက် စောဒက စုဒိတက-ပုဂ္ဂိုလ်များကို ပုံစံ(၅)ဖြင့် ဆင့်ခေါ်ပင့်လျှောက်ရမည်။ [လုပ်ထုံးလုပ်နည်း-၃၅]

(၁၀) စောဒက၊ စုဒိတကတို့က တင်ပြသော နှစ်ဘက်သက်သေများကို ပုံစံ(၆)ဖြင့် ဆင့်ခေါ် ပင့်လျှောက်ရမည်။ [လုပ်ထုံးလုပ်နည်း-၃၅]

(၁၁) နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏သက်သေများကို ခေါ်ယူရာ၌ အခက်အခဲရှိပါက ပြည်နယ်ဖြစ်လျှင် ပြည်နယ်၊ တိုင်းဖြစ်လျှင် တိုင်း၊ မြို့နယ်ဖြစ်လျှင် မြို့နယ်ပြည်သူ့ကောင်စီ

အလုပ်အမှုဆောင် အဖွဲ့က ဝိနည်းဓိုရ် ဆရာတော်များအား ကူညီဘိုရာ အကြောင်းကြားရမည်။ [လုပ်ထုံးလုပ်နည်း-၃၀]

(၁၂) စစ်ဆေး ကြားနာပြီးနောက် မူလကက်သောကိုသော် လည်းကောင်း၊ အမှုနှင့်သက်ဆိုင်သော အခြားသက်သေကိုသော် လည်းကောင်း ပုံစံ (၆) ဖြင့်ပင် ဆင့်ခေါ် ပင့်လျှောက်ရမည်။ [လုပ်ထုံးလုပ်နည်း -၃၅/၄၂]

(၁၃) အပ်နှံထားသည့် ပဏ္ဍိုက်ရှင်း အပြည့်အစုံကို မြို့နယ် သံဃနာယကအဖွဲ့က သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်ထံ အပ်နှံသည့်အခါ ပေးသူ၊ လက်ခံသူ နှစ်ဦးစလုံးက လက်မှတ်ရေးထိုး၍ အပ်နှံရမည်။

(၁၄) စောဒက၊ စုဒိတက ပုဂ္ဂိုလ်တို့ကို ဆင့်ခေါ် ပင့်လျှောက်ရာ၌ ဆင့်ခေါ်စာ ပင့်စာ ရရှိကြောင်း စာပေးစာယူ စာအုပ်၌ လက်မှတ်ရေးထိုးပြီး ယူစေရမည်။

(၁၅) သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ပြီးသည့်အခါ ဆုံးဖြတ်ချက်နှင့်တကွ အမှုတွဲအပြည့်အစုံကိုရင်း၊ သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်တုံးကိုရင်း၊ ပြည်နယ်/တိုင်း သာသနာရေးမှူး၏ ကိုယ်စား မြို့နယ်သာသနာရေးမှူးမှတဆင့် မြို့နယ်သံဃနာယက အဖွဲ့သို့ ပေးအပ်ရမည်။

(၁၆) အယူခံစောဒနာဝင်လာ ကင်းသင်းမှုမရှိလျှင် အယူခံစောဒနာလွှာ တင်သွင်းရက် ကုန်ဆုံးပြီးနောက် မြို့နယ်သာသနာရေးမှူးသည် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် တာဝန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့-ဥက္ကဋ္ဌ ထံသို့ ပေးပို့ရမည်။ (လုပ်ထုံးလုပ်နည်းများ-၃၀)

(၁၇) အယူခံ စောဒနာဝင်လွှာ တင်သွင်းသောအမှုများ၌ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မြို့နယ်သာသနာရေးမှူးထံ အမှုတွဲအပြည့်အစုံနှင့် တံဆိပ်တုံးတို့ကို အပ်နှံရမည်။

(၁၈) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့၏

ဆုံးဖြတ်ချက်ကို လိုအပ်သလို အရေးယူ ဆောင်ရွက် နိုင်ရန် အတွက် ပြည်နယ်/တိုင်း သာသနာရေးမှူးထံ အပ်နှံ၍ ပြည်နယ်/တိုင်း သာသနာရေးမှူးက ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌထံသို့ ပေး ပို့ရမည်။

(၁၉) အယူခံ စာရင်းနှင့်လွှာ တင်သွင်းလာပါက မြို့နယ် သံဃ နာယကအဖွဲ့သည် အမှုတွဲ အပြည့်အစုံကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးရမည်။

(၂၀) နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသို့ အမှုတွဲနှင့် တကွ လွှဲအပ်ပေးပို့ရမည်။

**ပုံစံများ အသုံးပြုနည်း**

**သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်းအမိန့် ထုတ်ပြန်ခြင်း**

(က) မြို့နယ် သံဃနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်း များ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၂၄) အရ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကို ထုတ်ပြန် ရပါသည်။

(ခ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ဖော်ပြပါ လုပ်ထုံးလုပ် နည်းများ အပိုဒ် (၃) (က+ခ+ဂ) ပါ နည်းလမ်းများဖြင့် အဆင့်ဆင့် ဖြေရှင်းပေးသော်လည်း ပြေလည်အေးငြိမ်းမှု မရ သော အဓိကရဏ်းမှုခင်းများကို ဝိနည်းဓမ္မကံနှင့်အညီ စစ်ဆေး ဆုံးဖြတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့သို့ ပြန်လည် လွှဲအပ်ပေးရပါမည်။ (လုပ်ထုံး အပိုဒ် ၂၁-ရှု ပါ။)

ယင်းသို့ ပြန်လည် လွှဲအပ်ပေးသည့်အခါ သက်ဆိုင်ရာ မြို့နယ် သံဃ နာယကအဖွဲ့သည် ပြန်လည်လွှဲအပ် လက်ခံရရှိသော ဝိနည်းဓမ္မကံ မှုခင်း ကို ဆုံးဖြတ်ရန် အလို့ငှာ ရွေးချယ်စဉ်အရ တည်ရှိသော ဝိနည်းဓိုရ် စာရင်းမှ အလှည့်ကျ ဆရာတော် ၃– ပါးမှ ၅– ပါး အထိ ပါဝင်

စေလျက် ပုံစံ (၄) ဖြင့် သံဃဝိနိစ္ဆယအဖွဲ့ကို ၁၅– ရက်အတွင်း ဖွဲ့စည်းပေးရပါမည်။ ဖွဲ့စည်းပေးသည့်အခါ ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုးပေးရပါမည်။ လုပ်ထုံး (၂၄)

ပုံစံများ အသုံးပြုနည်း ပုံစံ (၄)

(၁) ပထမစာကြောင်း၌ သက်ဆိုင်ရာ မိမိတို့ မြို့နာမည်ကို ရေးပါ။ ယင်းစာကြောင်း၌ပင် ပြည်နယ်ဖြစ်လျှင် ပြည်နယ်၏ အမည်ကို ရေးပါ၊ တိုင်းဖြစ်လျှင် မိမိ၏ တိုင်းအမည်ကို ရေးပါ။

(၂) ဒုတိယစာကြောင်း၌ သက်ဆိုင်ရာ မိမိတို့ မြို့နာမည်ကို ရေးပါ။ ယင်းစာကြောင်း၌ပင် ရပ်ကွက်ဖြစ်လျှင် ရပ်ကွက်နာမည်ကို ရေးပါ၊ ကျေးရွာအုပ်စုဖြစ်လျှင် ကျေးရွာအုပ်စု နာမည်ကို ရေးပါ။

(၃) တတိယ စာကြောင်း၌ ကျောင်းအမည်၊ (သို့) ကျောင်းတိုက် နာမည်ကို ရေးပါ။

(၄) စတုတ္ထ စာကြောင်း၌ စေတနာ၏ နာမည်ကို ရေးပါ။

(၅) ပဉ္စမ စာကြောင်း၌ ပြည်နယ်ဖြစ်လျှင် ပြည်နယ်၏နာမည်ကို ရေးပါ။ တိုင်းဖြစ်လျှင် မိမိတို့ တိုင်းနာမည်ကို ရေးပါ။ ယင်းစာကြောင်း၌ပင် မိမိတို့မြို့၏ နာမည်ကို ရေးပါ။

(၆) ဆဋ္ဌမစာကြောင်း၌ ရပ်ကွက်ဖြစ်လျှင် ရပ်ကွက်နာမည်၊ ကျေးရွာအုပ်စုဖြစ်လျှင် ကျေးရွာအုပ်စုနာမည်ကို ရေးပါ။

(၇) သတ္တမ စာကြောင်း၌ စုဒိကာ၏ နာမည်ကို ရေးပါ။

(၈) အဋ္ဌမ စာကြောင်း၌ အဓိကဖြစ်သော ကျောင်းနာမည်ကို ရေးပါ။

(၉) ဝိနည်းဓိုရ် ၃–ပါး ဖြစ်လျှင် သုံးပါး၊ ၅–ပါး ဖြစ်လျှင် ငါးပါးတို့၏–

— ဘွဲ့တော်ကိုရင်း၊
— ကျောင်းတိုက် နာမည်ကိုရင်း၊
— သက်တော်ကိုရင်း၊
— သိက္ခာတော်ကိုရင်း အစဉ်အတိုင်း ရေးပါ။

(၁၀) မြို့နယ်သံဃနာယကအဖွဲ့ တံဆိပ်ခေနရာ၌ အဖွဲ့တံဆိပ်ကို ရိုက်နှိပ်ပါ။
(၁၁) ဥက္ကဋ္ဌ—ဆိုသည့်နေရာမှာ ဥက္ကဋ္ဌ ဘွဲ့အမည်ကိုရင်း၊ မြို့အမည်ကိုရင်း၊ ပြည်နယ်ဖြစ်လျှင် ပြည်နယ်နာမည်ကိုရင်း၊ တိုင်းဖြစ်လျှင် တိုင်းနာမည်ကိုရင်း ရေးပါ။
(၁၂) စာအမှတ်နေရာ၌ အမှန်ပါတ်ကို ရေးပါ။
(၁၃) ရက်စွဲနေရာ၌ ရက်စွဲကို ဖော်ပြပါ။

---

(ပုံစံ-၄)

မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်သည့် ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်းအမိန့်

[လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၄]

ဖ —စ။ ..............................မြို့နယ် သံဃနာယက အဖွဲ့သည်....................
ဒ —ပြည်နယ်/တိုင်း.............................................မြို့နယ်..............................
ဏ—ရပ်ကွက်/ကျေးရွာအုပ်စု.................................................ကျောင်းတိုက်တွင်
စ —သီတင်းသုံးနေထိုင်သော စောဒက...................................................
ဓ —နှင့်.................................. ပြည်နယ် /တိုင်း ..........................................
ဆ—မြို့နယ်...................................ရပ်ကွက်/ကျေးရွာအုပ်စု ..................................
သ—ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စုဒိတက.....................
ဋ္ဌ —..............................တို့၏............................................၌ ဖြစ်ပွားသော ဝိနည်းမှုကံ အဓိကရဏ်းမှုခင်းကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးရန်အတွက် အောက်ဖော်ပြပါ ဝိနည်းဓိုရ်ဆရာတော်ကြီးများ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်းတိုက် | သက်တော် | သိက္ခာ |
|---|---|---|---|---|
| ၁။ | .................... | .................... | .................... | .......... |
| ၂။ | .................... | .................... | .................... | .......... |
| ၃။ | .................... | .................... | .................... | .......... |
| ၄။ | .................... | .................... | .................... | .......... |

၂။ အထက်ပါ သံဃဝိနိစ္ဆယ အဖွဲ့တွင် သင့်လျော်ရာ ကပ်ါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်များ အဖြစ် ဆောင်ရွက်ပေးတော်မူကြရန် ဖြစ်ပါသည်။

မြို့နယ်သံဃနာယကအဖွဲ့
တံဆိပ်

ဥက္ကဋ္ဌ
မြို့နယ်သံဃနာယကအဖွဲ့
........................ မြို့နယ်
........................ ပြည်နယ် / တိုင်း

စာအမှတ် ........................
ရက်စွဲ ........................

ပုံစံ(၇)

ပုံစံများ အသုံးပြုခြင်း

စာဒကနှင့် စုဒိတကအမည်များကို လာရောက်ရန် ခေါ်ယူခြင်း

(က) စာဒက၊ စုဒိတကနှင့် သက်သေများကို လာရောက်ရန် ခေါ်ယူခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၇+၃၈+၃၉+၄၀)တို့တွင် ဖြေရှင်းထားပါသည်။

(ခ) သံဃဝိနိစ္ဆယအဖွဲ့ [illegible] ပေါ်ဆားရုံတော်သည် ဝိနည်း စမွကံ အဓိကရုဏ်းမှုခင်းများနှင့် ပတ်သက်သည့် စာဒက၊ စုဒိတက များကို လာရောက်ရန် ပုံစံ(၇)ဖြင့် ဆင့်ခေါ်ရပါမည်။

၁။ ပထမစာကြောင်း၌-ခုနှစ်နှင့် မှုခင်းအမှတ်ကို ရေးပါ။

၂။ ဒုတိယစာကြောင်း၌-စာဒကအမည်နှင့် နေရပ်လိပ်စာကို ရေးပါ။

၃။ တတိယစာကြောင်း၌-စုဒိတကအမည်နှင့် နေရပ်လိပ်စာကို ရေးပါ။

၄။ စတုတ္ထစာကြောင်း၌-ပြည်နယ်ဖြစ်ပါက ပြည်နယ်၏ နာမည်၊ တိုင်းဖြစ်ပါက တိုင်း၏နာမည်၊ မြို့၏-နာမည်ကို ရေးပါ။

၅။ ပဋ္ဌမအားကြောင်း၌- ရပ်ကွက်ဖြစ်ပါက ရပ်ကွက်၊ ကျေးရွာဖြစ်က ကျေးရွာနာမည်ကို ရေးပါ။
မှုခင်းဖြစ်ရာကျောင်း၊ မှုခင်းဖြစ်ရာဌာနကို ရေးပါ။

၆။ ဆဋ္ဌမအကြောင်း၌–ဓေဝဒကကိုခေါ်သည်ဖြစ်ပါက စုဒိတကကို ဖျက်ပါ။
စုဒိတကကို ခေါ်သည်ဖြစ်ပါက စောဒကကို ဖျက်ပါ။

၇။ နဝမအကြောင်း၌- ရဟန်းသာမဏေဖြစ်ပါက (လာ) ကို ဖျက်ပါ။
လူဖြစ်က (ကြွ)ကို ဖျက်ပါ။

၈။ ကောဒသမအကြောင်း၌- ခုနှစ်၊ လ၊ ဆန်း၊ ဆုတ်-ရက်တို့ကို ရေးပါ။

၉။ ညာဘက်ထောင့်၌ သဘာပတိဆရာတော်၏ ဘွဲ့အမည်ကို ရေးပါ။
ယင်းအောက်၌ မြို့နာမည်ကို ရေးပါ။
ယင်း အောက်၌ ပြည်နယ်ဖြစ်ပါက ပြည်နယ်၊ တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။

၁၀။ သံဃဝိနိစ္ဆယအဖွဲ့တံဆိပ်-စာတမ်းအထက်၌ အဖွဲ့တံဆိပ် ရိုက်နှိပ်ပါ။

၁၁။ ရက်ဖွဲ့နေရာ၌— ရက်စွဲရေးပါ။

(င) ဝိနည်း ဓမ္မကံအဓိကရဏ်း မှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အတွက် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆင့်ခေါ်စာကို (၃)ကြိမ်တိုင်တိုင် ရရှိလျက် လိုက်လာရောက်အကြောင်းမရှိပဲ လာရောက်ရန် ပျက်ကွက်သည့် သက်သေများကို သက်သေစာရင်းမှ ပယ်ဖျက်၍ အမှုကို ဆက်လက် စစ်ဆေး ဆုံးဖြတ်နိုင်သည်။

(လုပ်ထုံးလုပ်နည်းများ-၄၁)

ပုံစံ(၅)

သံဃဝိနိစ္ဆယဌာနသို့ စောဒက စုဒိတက $\frac{\text{ကြာ}}{\text{လာ}}$ ရောက်ရန်

ပင့်လျှောက်ပါ

ဆင့်ခေါ်

[လုပ်ထုံး လုပ်နည်းများ အပိုဒ် – ၃၅]

သံဃဝိနိစ္ဆယကအဖွဲ့

ပ –၁၃ ........... ခုနှစ် ဝိနည်း ဓမ္မကံမှုခင်းအမှတ် (        )

ဒု – စောဒကအမည်......................... နေရပ် ...............................

နှင့်

တ – စုဒိတကအမည်......................... နေရပ် ...............................

စ – ......................ပြည်နယ်/တိုင်း..................မြို့နယ် ..................

ပ – ......................ရပ်ကွက်/ကျေးရွာအုပ်စု ...................................

သ – ဦး ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းတွင် $\frac{\text{စောဒက}}{\text{စုဒိတက}}$ သည်။

သ – ၁၃...........ခုနှစ်.......................လဆ........... ရက်နေ့ ..............

ဋ္ဌ – အချိန်တွင်ဤသံဃဝိနိစ္ဆယဌာနသို့ကိုယ်တိုင်ဖြစ်စေ,ကိုယ်စားလှယ်နှ–စေလွှတ်၍ဖြစ်စေ $\frac{\text{ကြာ}}{\text{လာ}}$ ရောက်ရမည်။ မိမိ အထောက်အထားအဖြစ် 

ဒ – တင်ပြလိုသည့် စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း တပါတည်း ယူဆောင်လာရမည်။

ဧ – ၁၃...........ခုနှစ်.................လဆ.............................ရက်နေ့တွင် ဤ သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ် ရေးထိုးလိုက်သည်။

.........................................

သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်

.........................................မြို့

သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ် ......................ပြည်နယ်/တိုင်း

ရက်စွဲ...............................

ပုံစံများ အသုံးပြုခြင်း ပုံစံ (၆)

**စာဒက၊ စုဒိတကတို့၏ သက်သေများကို လာရောက်ရန် ခေါ်ယူခြင်း**

(၁) သံဃာဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် စာဒက, စုဒိတက တို့က တင်ပြသော နှစ်ဘက်သက် သေများကို ပုံစံ (၆) ဖြင့် ဆင့်ခေါ်ရမည်။

( လုပ်ထုံးလုပ်နည်းများ အပိုဒ် - ၃၅ )

( ၁ ) ပဌမစာကြောင်း၌ ခုနှစ်နှင့် မှုခင်းအမှတ်ကို ရေးရပါမည်။

( ၂ ) ဒုတိယစာကြောင်း၌ ပြည်နယ် ဖြစ်ပါက ပြည်နယ်၏အမည်ကို ရေးပါ၊ မြို့-၏ နာမည်ကို ရေးပါ။ ရပ်ကွက်ဖြစ်ပါက ရပ်ကွက်၏ နာမည်ကို ရေးပါ၊ ကျေးရွာအုပ်စု ဖြစ်ပါက ကျေးရွာအုပ်စုနာမည်ကို ရေးပါ။

( ၃ ) တတိယစာကြောင်း၌ အမှုဖြစ်ရာကျောင်း နာမည်ကိုရေးပါ။

( ၄ ) စတုတ္ထစာကြောင်း၌ စာဒကအတွက် ဖြစ်ပါက စုဒိတကကို ဖျက်ပါ။ စုဒိတကအတွက်ဖြစ်ပါက စာဒကကို ဖျက်ပါ။

( ၅ ) ပဉ္စမစာကြောင်း၌ လဆန်း - လဆုတ်၊ ရက်၊ အချိန်၊ နာရီ ကို ရေးပါ။

( ၆ ) ဆဋ္ဌမစာကြောင်း၌ ခုနှစ်၊ လဆန်း၊ လဆုတ်၊ ရက်ကိုရေးပါ။

( ၇ ) မြို့-၏ နေရာ၌ မြို့နာမည်ကို ရေးပါ။

( ၈ ) ပြည်နယ်နေရာ၌ ပြည်နယ်နာမည်ကို ရေးပါ။

( ၉ ) တိုင်းဖြစ်ပါက တိုင်းနာမည်ကိုရေးပါ။

( ၁၀ ) သံဃာဝိနိစ္ဆယအဖွဲ့တံဆိပ် အထက်၌အဖွဲ့တံဆိပ်ကို ရိုက်နှိပ်ပါ။

( ၁၁ ) ရက်စွဲနေရာ၌ ရက်စွဲကို ရေးပါ။

( ၁၂ ) အမည် ဟူသော စာကြောင်းအောက်၌ သက်သေများ၏ နာမည်ကို ရေးပါ။

( ၁၃ ) နေရပ်–ဟူသော စာကြောင်း အောက်၌ နေရပ် လိပ်စာကို ရေးပါ။

( ၈ ) နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူ ရာ၌ အခက်အခဲ ရှိပါက ပြည်နယ်/တိုင်း/မြို့နယ်-ပြည်သူ့

ကောင်စီ အလုပ်အမှုဆောင် အဖွဲ့အား လိုအပ်သလို ကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံနိုင်ပါသည်။ (လုပ်နည်း ၃၇)

(ဿ) ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အတွက် သံဃဝိနိစ္ဆယအဖွဲ့၏ ဆင့်ခေါ်စာကို (၃) ကြိမ် တိုင်တိုင် ရရှိပါလျက် စေ့ဒကသော်လည်းကောင်း၊ စုဒိတကသော်လည်းကောင်း လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်သူကို လာရောက်၍ အမှုဆိုင်ရန် ပျက်ကွက်ပါက သံဃဝိနိစ္ဆယအဖွဲ့သည် ထိုအကြောင်းမရှိဘဲ ပျက်ကွက်သူကို လာရောက်အမှုဆိုင်ရန် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အား လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးစေ၍ သမုခ လေးပါးဖြင့် ဝိနည်းတော်နှင့်အညီ ဆက်လက်စစ်ဆေးဆုံးဖြတ်နိုင်ပါသည်။ (လုပ်နည်း-၃၉)

စံပုံ(၆)

သံဃဝိနိစ္ဆယဌာနသို့ သက်သေခံ $\frac{\text{ကြွ}}{\text{လာ}}$ ရောက်ရန် $\frac{\text{ပင့်လျှောက်}}{\text{ဆင့်ခေါ်}}$ စာ

[လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅]

သံဃဝိနိစ္ဆယအဖွဲ့

ပ- ၁၃ ..........ခုနှစ်၊ ဝိနည်းဓမ္မကံမှုခင်းအမှတ် (        )

ဒု-..................ပြည်နယ် / တိုင်း ...................... မြို့နယ်......................

တ-ရပ်ကွက် ကျေးရွာအုပ်စု......................၌ ဖြစ်ပွားသောဝိနည်းဓမ္မကံမှုခင်းတွင် $\frac{\text{စေ့ဒက}}{\text{စုဒိတက}}$ အတွက် သက်သေခံရန် ၁၃..................ခုနှစ်

................................လဆ............... ... ရက်နေ့............... နာရီအချိန်

ဤသံဃဝိနိစ္ဆယဌာနသို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ကိုယ်တိုင် $\frac{\text{ကြွ}}{\text{လာ}}$ ရောက်ရမည်၊ ထို့ပြင် တင်ပြရန်ရှိသော စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း အတူတကွ ယူဆောင်လာရမည်။

၁၃........ခုနှစ် ............... လဆ............ ရက်နေ့တွင် ဤသံဃဝိနိစ္ဆယအဖွဲ့တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

...............................................

သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်

သံဃဝိနိစ္ဆယအဖွဲ့တံဆိပ် ....................................မြို့

ရက်စွဲ.... .... .... ပြည်နယ်တိုင်း

| အမည် | နေရပ် |
| --- | --- |
| (၁).................................... | .................................... |
| (၂).................................... | .................................... |
| (၃).................................... | .................................... |
| (၄).................................... | .................................... |
| (၅).................................... | .................................... |

ပုံစံများ အသုံးပြုခြင်း ပုံစံ (၇)

သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်

သံဃဝိနိစ္ဆယအဖွဲ့သည် သံဃဝိနိစ္ဆယအဖွဲ့၏ သုံးသပ်ချက်များ ပြုလုပ်ပြီးနောက် သက်သေအထောက်အထား ခိုင်မာသည့် ဘက်ကို အသားပေး၍ သို့မဟုတ် အနိုင်ပေး၍ ပုံစံ(၇)ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရပါမည်။ (လုပ်ထုံးလုပ်နည်းများ-၄၂)

ဆုံးဖြတ်ချက်ကို ဖတ်ပြကြေငြာခြင်း

သံဃဝိနိစ္ဆယ အဖွဲ့သည် အဆိုပါ ဆုံးဖြတ်ချက်ကို နှစ်ဘက်သော အမှုသည်များအား ဖတ်ပြကြေငြာရပါမည်၊ အကယ်၍ အမှုသည်များ လာရောက်ရန် ပျက်ကွက်ပါက ယင်းတို့၏ မျက်ကွယ်တွင်လည်း ဆုံးဖြတ်ချက်ကို ဖတ်ပြကြေငြာနိုင်သည်။ (လုပ်ထုံးလုပ်နည်းများ-၄၃)

အသုံးပြုနည်း

(၁) ပထမစာကြောင်း၌ ခုနှစ်၊ မှုခင်းအမှတ်ကို ရေးရပါမည်။

(၂) ဒုတိယစာကြောင်း၌ စေ့ဒေကာ- နာမည်နှင့်စုဒိတက နာမည်ကို ရေးပါ။

(၃) တတိယစာကြောင်း၌ ပြည်နယ်ဖြစ်ပါက ပြည်နယ်နာမည်ကိုရေးပါ၊ တိုင်းဖြစ်ပါက တိုင်းနာမည်ကိုရေးပါ၊ မြို့၏နာမည်ကိုရေးပါ။

(၄) စတုတ္ထစာကြောင်း၌ ရပ်ကွက်ဖြစ်ပါကရပ်ကွက်နာမည်ကိုရေးပါ ကျေးရွာအုပ်စု ဖြစ်ပါက ကျေးရွာအုပ်စု နာမည်ကိုရေးပါ။
-မှုခင်းဖြစ်ရာ ကျောင်းနာမည်ကိုရေးပါ။

(၅) ပဉ္စမစာကြောင်း၌ မှုခင်းနာမည်ကိုရေးပါ။

(၆) ဆဋ္ဌမစာကြောင်း၌ သံဃနာယကအဖွဲ့ နာမည်ကိုရေးပါ။
(၇) သတ္တမစာကြောင်း၌ သံဃနာယကအဖွဲ့အကြောင်းအရာကို ဆက်ရေးပါ။
(၈) ဆုံးဖြတ်ချက်စာတန်းအောက်၌ဆုံးဖြတ်ချက်ကိုအကျဉ်းရေးပါ၊
(၉) ဝိနည်းဓိုရ်ဆရာတော်ကြီးများ စာတန်းအောက်၌ ဝိနည်းဓိုရ်ဆရာတော်များ၏ ဘွဲ့အမည် ကျောင်းတိုက် နာမည်တို့ကိုရေး၍ လက်မှတ်နေရာ၌ ကိုယ်တိုင် လက်မှတ်ရေးထိုးရပါမည်။
(၁၀) ဘွဲ့တော်များ၏ ဝဲဘက်၌ သံဃဝိနိစ္ဆယအဖွဲ့တံဆိပ်ကို ရိုက်နှိပ်ပါ။
(၁၁) ရက်စွဲနေရာ၌ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့စွဲကို ရေးပါ။
(၁၂) အသိသက်သေများ နေရာ၌ သက်သေအဖြစ် အလုပ်အမှုဆောင် တက်ရောက်ပါက ယင်း၏ နာမည်ကို ရေးပါ၊ တာဝန်ပေးသူ တက်ရောက်ပါက ယင်း၏ နာမည်ကို ရေးပါ။
(၁၃) ဤဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် မြို့နယ်သံဃနာယကအဖွဲ့မှ တဆင့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌထံသို့ ပို့ရမည်။

ပုံစံ (ဂ) အသုံးပြုနည်း

ပုံစံ(ဂ) ပထမစာမျက်နှာ၌ ပုံစံ (၄) ဖွဲ့စည်းခြင်း အမိန့်စာမှ ကူးယူဖြည့်သွင်းရန် ဖြစ်ပါသည်။

ဝိနည်းဓမ္မကံ အဓိကရုဏ်း အမှုအမှတ်............... နေရာ၌ မြို့နယ်သံဃနာယကအဖွဲ့ မှုခင်းမှတ်တမ်းရေးသွင်းချက် (မှတ်ပုံတင်နံပါတ်)ကို ရေးသွင်းရမည်။

စောဒကနှင့် စုဒိတကကို အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံရေးသွင်းရမည်။

အမှုအကြောင်းအရာမှာ မူလမှုခင်းပြဿနာ၌ စောဒက၏ စွဲဆိုချက်ဖြစ်သည်။

သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်နေ့နှင့် အဖွဲ့ဝင်စာရင်းကို ပုံစံ (၄) ဖွဲ့စည်းခြင်း အမိန့်စာမှကူး၍ ရေးသား ဖြည့်သွင်းပါ။

ဒုတိယ စာမျက်နှာမှာ နေ့စဉ်ဆောင်ရွက်မှုမှတ်တမ်း အကျဉ်းချုပ်ကို ရေးသွင်းရန် ဖြစ်ပါသည်။

တတိယ စာမျက်နှာ အပိုဒ်(၁)၌ သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာန တခုခုကို အဖွဲ့ဝင် ဆရာတော်များနှင့် မြို့နယ် သံဃနာယက ဥက္ကဋ္ဌ

ဆရာတော်တို့ ညှိနှိုင်းသတ်မှတ်ပြီးလျှင် သတ်မှတ်ထားသည့် ဌာနကို တိတိကျကျ ဖော်ပြရန် ဖြစ်ပါသည်။

အပိုဒ် (၂)နှင့် (၃)တို့၌ သံဃဝိနိစ္ဆယအဖွဲ့ စတင်ဖွင့်လှစ်သည့်နှစ် သက္ကရာဇ်နှင့် နေ့ လ ရက်အချိန် နာရီတို့ကို ရေးသွင်းရန်ဖြစ်ပါသည်။

အပိုဒ် (၄)၌ သံဃဝိနိစ္ဆယ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ ဘွဲ့တော်များကို ရေးသားဖြည့်သွင်းရန် ဖြစ်ပါသည်၊ တက်ရောက်လာသည့် စောဒကနှင့် စုဒိတကအမည်စာရင်းကို နေရပ် လိပ်စာနှင့်တကွရေးသွင်းပါ။

အပိုဒ်(၅)အရ သံဃဝိနိစ္ဆယ အဖွဲ့ဝင်များ၊ စောဒကနှင့် စုဒိတကများ၊ မျက်နှာစုံညီ၌ ပုံစံ(၄) ဖြင့် ဖော်ပြထားသော သံဃဝိနိစ္ဆယအဖွဲ့ဖွဲ့စည်းခြင်း အမိန့်ကို အဖွဲ့ဝင်တပါးပါးက ဖတ်ကြား ကြေငြာရမည် ကြေငြာပြီးပါက ထိုအမိန့်စာ၏ ညာဘက်ထိပ်ဒေါင့်၌ "က" ဟု ရေးမှတ်၍ အဖွဲ့ခေါင်းဆောင် ဆရာတော်က လက်မှတ် ရေးထိုးထားရမည်၊ ထိုအမိန့်စာကို ဤပုံစံ(၈)၏ နောက်၌ကပ်၍ တွဲထားပါ။

အပိုဒ် (၆) အရ အဖွဲ့ခေါင်းဆောင် ဆရာတော်က ကန့်ကွက်ရန် ရှိမရှိ မေးမြန်း၍ ကန့်ကွက်ရန်မရှိဟု ဆိုပါက "ကန့်ကွက်ပါသည်" ဟူသော စာကြောင်းကို မင်ဖြင့်ဖိခြစ်၍ လက်မှတ်တို ရေးရန်၊ ကန့်ကွက်သည် ဆိုပါက "ကန့်ကွက်ရန်မရှိပါ" ဟူသော စာကြောင်းကို မင်ဖြင့်ဖိခြစ်၍ လက်မှတ်တို ထိုးထားပါ။

ပုံစံ(၈) စတုတ္ထစာမျက်နှာ အပိုဒ်ခွဲ(ခ)၌ ကန့်ကွက်ရန်မရှိဟုဆိုပါက ကွက်လပ်မျဉ်းများပေါ်၌ ဒေါင့်ဖြတ်မျဉ်းတခုဆွဲခြစ်လိုက်ပါ၊ကန့်ကွက်ပါက ကန့်ကွက်ခံရသည့်သံဃဝိနိစ္ဆယအဖွဲ့ဝင်၏ အမည်များကို ဘွဲ့တော်မကျောင်းတိုက် အသက် သိက္ခာ အပြည့်အစုံရေးသားပါ။

တဖွဲ့လုံးကိုကန့်ကွက်ပါက (သံဃဝိနိစ္ဆယအဖွဲ့ အမှတ်[ ]တဖွဲ့လုံး) ဟု ရေးသားဖြည့်သွင်းပါ။

အပိုဒ်ခွဲ(ဃ)အရ ဆောင်ရွက်ရာ၌ မူလဖွဲ့စည်းခြင်း အမိန့်စာပုံစံ (၄)၌ ဝိနည်းဓိုရ်ဆရာတော်(၅)ပါးအပြင် ထို(၅)ပါးနှင့် တဆက်တည်း အရံဆရာတော် တပါး-နှစ်ပါး ထည့်သွင်းပေးထားပါက အမှုစစ်သောအခါ ကန့်ကွက်ခံရသောပုဂ္ဂိုလ်ကို ဖယ်ထုတ်၍ အရံပုဂ္ဂိုလ်ကို အစားထိုးဖြည့်စွက်ပြီး ဆက်လက်စစ်ဆေးနိုင်သည်။ ထိုသို့ မူလဖွဲ့စည်း

ခြင်းအမိန့်စာ၌ အရုံပိန်နည်းဓိုရ် ထည့်ပေးမထားလျှင်သော်လည်းကောင်း၊ တဖွဲ့လုံးကို ကန့်ကွက်လျှင်သော်လည်းကောင်း၊ ကန့်ကွက်ချက်ကို အကြောင်းယုတ္တိ ခိုင်လုံစွာ စာဖြင့်ရေးသား၍ ကန့်ကွက်စာကို မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။ အမှုစစ်ဆေးခြင်းကို ရပ်ဆိုင်းထားရမည်။ မြို့နယ် သံဃနာယကအဖွဲ့သည် ကန့်ကွက်ချက်ကို စစ်ဆေး သုံးသပ်ပြီးနောက် လက်ခံခြင်း ပယ်ချခြင်းကို ပြုနိုင်သည်။

ကန့်ကွက်ချက်ကို မြို့နယ်သံဃနာယကအဖွဲ့က လက်မခံဘဲ ပယ်ချပါက သံဃဝိနိစ္ဆယအဖွဲ့သည် အမှုကို ဆက်လက်စစ်ဆေးနိုင်ပါသည်။ ကန့်ကွက်ချက်ကို လက်ခံပါက မြို့နယ်သံဃနာယကအဖွဲ့သည် ဖွဲ့စည်းပြီးသော သံဃဝိနိစ္ဆယအဖွဲ့ အမှတ်( )မှ ပယ်သည့်ပုဂ္ဂိုလ်များကို စာရင်းပယ်ဖျက်၍ မည်သည့်ပုဂ္ဂိုလ်များကို အစားထိုးဖြည့်စွက်ကြောင်း အမိန့်စာတခု ထုတ်ပြန်ရမည်။ ယင်းထုတ်ပြန်ချက်အရ ဖြည့်စွက်သည့် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်၏ဘွဲ့၊ ကျောင်းတိုက်၊ အသက်၊ သိက္ခာ တို့ကို ဤအပိုဒ်ခွဲ(ဃ)၌ ရေးသွင်းရမည်၊ ထိုသို့အစားထိုး ဖြည့်စွက်ပြီးပါက အမှုကို ဆက်လက်စစ်ဆေးရန်ဖြစ်ပါသည်။

တပါးချင်း ကန့်ကွက်ခံရရာ၌ လွယ်လွယ်ကူကူဖြည့်စွက်နိုင်ရန်အတွက် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ပုံစံ (၄) တုတ်ပြန်စဉ်ကပင် အရုံဝိနည်းဓိုရ်တပါး- နှစ်ပါး ထည့်သွင်းဖော်ပြသင့်ပါသည်။

တဖွဲ့လုံး ကန့်ကွက်ခံရရာ၌ ကန့်ကွက်စာကို အကြောင်းယုတ္တိ ခိုင်လုံသည်ဟုယူဆလျှင် ထိုသံဃဝိနိစ္ဆယအဖွဲ့ အမှတ်( )ကိုဖျက်သိမ်းကြောင်း အမိန့်စာ ထုတ်ပြန်ရမည်။ ထို့နောက် သံဃဝိနိစ္ဆယ အဖွဲ့သစ်ကို ပုံစံ( )ဖြင့် ဖွဲ့စည်းခြင်း အမိန့်ကို ထုတ်ပြန်ရမည်၊ သံဃဝိနိစ္ဆယ အမှတ်စဉ်ကို အသစ်သတ်မှတ်ရမည်။

အပိုဒ် ၇-စောဒက၏ မူလမှုခင်းပြဿနာ တင်ပြလွှာဆိုသည်မှာ စောဒကဘက်မှ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များသို့ အဆင့်ဆင့် တင်ပြခဲ့သော မှုခင်းပြဿနာ တင်ပြလွှာဖြစ်သည်။ ထိုမှုခင်းပြဿနာကို သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်ဘုရားက ဖတ်ကြား၍ စောဒက၏ တင်ပြချက် ဟုတ် မဟုတ် မေးမြန်း၍ ဟုတ်မှန်သည်ဆိုပါက ထို တင်ပြလွှာ၏

ညာဘက် အထက်ထောင့်တွင် “ခ” အမှတ်ရေးထိုး၍ ဤပုံစံ(ဂ)၏ နောက်၌ ဆက်လက်ပူးတွဲထားရမည်။

အမှတ် ၈-စောဒက၊ စုဒိတကနှစ်ဖက်လုံးအား သက်သေစာရင်း တင်သွင်းလျှင် စောဒကပြု သက်သေစာရင်းကို “ဂ” မှတ်သား၍ စုဒိ တကပြုသက်သေစာရင်းကို“ဃ”မှတ်သားပြီးလျှင် ဤပုံစံ(ဂ)၏နောက်၌ ဆက်လက်ပူးတွဲထားရမည်။ (လုပ်ထုံး အပိုဒ်-၃၅)

အမှတ် ၉–စောဒကပုဂ္ဂိုလ်သည် ရဟန်းသာမဏေဖြစ်ပါက မိမိသီလ ကို ဆင်ခြင်အောက်မေ့ရန် သံဃာဝိနိစ္ဆယအဖွဲ့ဝင်တပါးကသတိပေးစကား ပြောကြားပြီးနောက် ထွက်ဆိုချက်ကို ရယူရမည်။ လူပုဂ္ဂိုလ်ဖြစ်ပါက “မုသာဝါဒါဝေရမဏိသိက္ခာပဒံ သမာဒိယာမိ” ဟု မုသာဝါဒ သိက္ခာ ပုဒ်ကို ဆောက်တည်စေပြီးမှ ထွက်ဆိုချက်ကိုရယူရမည်။ ဘာသာခြား ဖြစ်ပါက “မှန်ရာကိုထွက်ဆိုပါမည်”ဟု ကတိခံယူပြီးမှ ထွက်ဆိုချက်ကို ရယူရမည်။နေ့စဉ်စစ်ဆေးပြီးတိုင်း စစ်ဆေးမှုမပြီးဆုံးသေးပါက“မှုခင်း စစ်ဆေးမှုရပ်ဆိုင်းကြောင်းနှင့် မည်သည့်နေ့သို့ ချိန်းဆိုကြောင်း” ကြေ ငြာရမည်၊ ထိုကြေငြာချက်ကို ထွက်ဆိုချက်၏အဆုံး၌ ရေးမှတ်ထားရ မည်၊ ထွက်ဆိုချက်ပြီးဆုံးသောအခါ ထွက်ဆိုချက်ကို အစအဆုံး ပြန် လည်ဖတ်ပြရမည်။ ထွက်ဆိုချက်ကိုပြင်ဆင်လိုက ပြင်ပေးရမည်၊ ဖတ်ပြ ပြီးသောအခါ မှန်ကန်ကြောင်း ဝန်ခံပါက ထွက်ဆိုချက်အဆုံး၌“ဖတ်ပြ မှန်ကန် ဝန်ခံပါသည်” ဟု ထည့်သွင်းရေးသားရမည်။ ထို့နောက် လက်မှတ်ရေးထိုးစေရမည်။ ထွက်ဆိုချက် စာရွက်တိုင်း၌ စောဒက၏ လက်မှတ်တိုများ ရေးထိုးစေရမည်။ ထွက်ဆိုချက်အဆုံးတွင် စောဒက လက်မှတ်ရေးထိုးပြီးပါက သံဃာဝိနိစ္ဆယအဖွဲ့ဝင်များ လက်မှတ်ရေးထိုး ထားရမည်၊ (လုပ်ထုံးအပိုဒ်-၃၅၊ ၃၆)

အမှတ်-၁၀၊ ၁၁၊စုဒိတကနှင့် နှစ်ဖက်သောသက်သေများ ထွက်ဆို ချက်ရယူရာ၌လည်း အလားတူ ဆောင်ရွက်ရမည်။

အမှတ် ၁၂–စောဒက၏နောက်ဆုံးတင်သွင်းခြင်းမှာစောဒကပုဂ္ဂိုလ် သည် စုဒိတကနှင့် စုဒိတကပြုသက်သေများ၏ ထွက်ဆိုချက်များအပေါ် ချေပလျက် မိမိဘက်က မှန်ကန်ကြောင်း အကိုးအကားများပြ၍ ရေး သားတင်သွင်းရမည်။

**အပိုဒ် ၁၃-၌စဒိတက ဘက်ကလည်း အလားတူပြန်လှန်ချေပ၍** မိမိဘက်က မှန်ကန်ကြောင်း အကိုးအကားပြ၍ ရေးသားတင်သွင်းရမည်။

အပိုဒ် ၁၄-၌သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက စုဒိတကတို့၏ ထွက်ဆိုချက်နှင့် နောက်ဆုံးတင်သွင်းချက်များမှ လိုရင်းပဓာန အချက်များကို ရွေးထုတ်ပေါ်ပြီးလျှင် ရှေ့စကားနောက်စကားညီနိုင်းခြင်း၊ အထောက်အထား ရှာဖွေခြင်းပြု၍ ဟုတ်တန်ရာသည်, မဟုတ်တန်ရာသည်ကို အကြောင်းယုတ္တိ စိစစ်ပြီး လက်ခံခြင်း, ပယ်ချခြင်းပြုရမည်။ လို့နောက် မည်သည့် သိက္ခာပုဒ်အရ မည်သည့် အာပတ်ကြောင့် ပိုင်ဆိုင်မှုဖြစ်ပါက မည်သည့်သိက္ခာပုဒ်အရ ပိုင်သင့်ကြောင်း ကျမ်းအကိုးအကား ဖော်ပြရမည်။ (အပိုဒ်-၄၂)

အပိုဒ် ၁၅-၌ အထက်ပါကောက်ချက်အရ မည်သူမှန်သည် မှားသည် မည်သည့်အာပတ် သင့်သည်ကို ဆုံးဖြတ်ချက်တို့ကို ကျဉ်းကျဉ်း လိုရင်း ရေးထားရမည်။ အထူးသတိပြုရန်မှာ ဆုံးဖြတ်ချက်ချရာ၌ ဘယ်နှစ်ရက်အတွင်း ကျောင်းမှဆင်းပေးစေ၊ သို့မဟုတ် ကျောင်းကိုပေးမည့်သူအား ပေးစေဟု ဆုံးဖြတ်ချက်မချသင့်။ ဘဏ္ဍာစားထိုက်နိုင်ပါသည်။ သို့ပါ၍ ဤကျောင်းကို မည်သူပိုင်ထိုက်သည်၊ မည်သူနေထိုက်သည်၊ မည်သူမနေထိုက်၊ သို့မဟုတ် မည်သည့်အာပတ်သင့်သည် ဟုသာ ဆုံးဖြတ်ရန် လိုပါသည်။ (လုပ်ထုံး အပိုဒ်-၄၂)

ပုံစံများ အသုံးပြုခြင်း ပုံစံ (၉)

အယူခံဝင်မှုများ

(က) အယူခံဝင်မှုများနှင့်ပတ်သက်၍ ဝိနည်းဓမ္မကံ အဝိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၆-၄၇-၅၁-၅၂-၅၆ တို့တွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

(ခ) မူလစစ်ဆေးသော မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် စောဒက သို့မဟုတ် စုဒိတကသည် ဝိနည်းတရားတော်နှင့်မညီသို့ မညီညွတ်ကြောင်း၊ ခိုင်လုံစွာ အကြောင်းပြ၍ သတ်မှတ်သည့်ပုံစံ(၉)ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ အယူခံ စောဒနာဝင်လျှာ တင်သွင်းနိုင်သည်။

ယိုသို့တင်သွင်းရာတွင် မူလဝိနိစ္ဆယအဖွဲ့၏ စီရင်ချက် မိတ္တူမှန်ဟာစောင်ကို အယူခံ စာဒနာတင်လွှာနှင့်အတူ ပူးတွဲပါရှိရပါမည်၊ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း တင်သွင်းနိုင်ပါသည်။

ပုံစံ(၉)၌ ရေးသွင်းနည်း

(၁) ပဌမစာကြောင်း၌ပြည်နယ်ဖြစ်ပါကပြည်နယ်နာမည်ကိုရေးပါ။
တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။

(၂) ဒုတိယစာကြောင်း၌ မြို့၏နာမည်ကို ရေးပါ။

(၃) တတိယစာကြောင်း၌ ရက်စွဲကို ရေးပါ။

(၄) သတ္တမစာကြောင်း၌ ပြည်နယ် ဖြစ်ပါက ပြည်နယ် နာမည်ကို ရေးပါ။
တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။
မြို့နယ်ဖြစ်ပါက မြို့နယ်နာမည်ကို ရေးပါ။
ရပ်ကွက်ဖြစ်ပါကရပ်ကွက်နာမည်ကိုရေးပါ။
ကျေးရွာအုပ်စု ဖြစ်ပါက ကျေးရွာ အုပ်စု နာမည်ကိုရေးပါ။

(၅) အဋ္ဌမစာကြောင်း၌ကျောင်း၏နာမည်ကို ရေးပါ။

(၆) နဝမစာကြောင်း၌စာဒက နာမည်ကိုရေးပါ။
ပြည်နယ်ဖြစ်ပါကပြည်နယ်နာမည်ကိုရေးပါ၊
တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။

(၇) ဒသမစာကြောင်း၌ မြို့၏နာမည်ကို ရေးပါ။
ရပ်ကွက်ဖြစ်ပါကရပ်ကွက်နာမည်ကိုရေးပါ။
ကျေးရွာအုပ်စု ဖြစ်ပါက ကျေးရွာအုပ်စု နာမည်ကို ရေးပါ။

(၈) ဒသမစာကြောင်း၌ မှုခင်းဖြစ်ရာကျောင်း/ကျောင်းတိုက်နာမည်ကို ရေးပါ။

(၉) ဧကာဒသမစာကြောင်း၌ စုဒိတက၏ နာမည်ကိုရေးပါ။

(၁၀) ဒွါဒသမစာကြောင်း၌ မှုခင်းအမှတ်ကို ရေးပါ။
ဖွဲ့စည်းပေးသော သံဃဝိနိစ္ဆယအဖွဲ့၏နာမည်ကို ရေးပါ။

(၁၁) ဟေရညသမစာကြောင်း၌ ခုနစ်နှင့် လကို ရေးပါ။
(၁၂) စုဒ္ဒသမစာကြောင်း၌ လဆန်း လဆုတ်နှင့် ရက်စွဲကိုရေးပါ။
(က-ခ-ဂ-ဃ-င တို့၌) ဝိနည်းဟေပါးတော်နှင့် မညီညွတ်သော အချက်များကို ရေးပါ။
(ညာဘက်ဒေါင့်၌) စောဒနာဝင်သူ၏လက်မှတ် အမည်နေရပ် လိပ်စာတို့ကို ရေးပါ။

ပုံစံများ အသုံးပြုခြင်း ပုံစံ (၁၂)

အယူခံဝင်မှုများ

(က) ပြည်နယ်/တိုင်း သံဃနာယကဖွဲ့စည်းပေးသော ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါလျှင် စောဒက သို့မဟုတ် စုဒိတကသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အယူခံ စောဒနာတင်လွှာကို ပုံစံ (၁၂) ဖြင့် ရက်ပေါင်း (၃၀)အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းနိုင်သည်၊ ထိုသို့တင်သွင်းရာတွင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့၏ စီရင်ချက် မိတ္တူမှန်တစောင်ကို အယူခံစောဒနာ တင်သွင်းလွှာနှင့်အတူ ပူးတွဲပါရှိစေရမည်။
(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အယူခံစောဒနာတင်လွှာ တင်သွင်းနိုင်သော မှုခင်းများမှာ အောက်ပါတို့ ဖြစ်ပါသည်။
(၁) ဂိုဏ်းတပါးနှင့် ဂိုဏ်းတပါး ဖြစ်ပွားသောမှုခင်း။
(၂) ပြည်နယ်/တိုင်းတပါးနှင့်ပြည်နယ်/တိုင်းတပါးဖြစ်ပွားသော မှုခင်း။
(၃) အန္တိမဝတ္ထုဖြင့် ဆုံးဖြတ်အပ်သော မှုခင်း။
(၄) စေတီ ပုထိုး ဆင်းတုတော်များ ၎င်းတို့၏ ဘဏ္ဍာတော်များနှင့် စပ်လျဉ်းသည့် မှုခင်း။
(ဂ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် အယူခံ စောဒနာဝင်နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံး အပြီးပြတ် အတည်ဖြစ်သည်။

ပုံစံ (၁၂)၌ ရေးသွင်းနည်း

(၁) ညာဘက်ဒေါင့်နေရာ၌ ရက်စွဲရေးပါ။
(၂) ပြည်နယ်ဖြစ်ပါက ပြည်နယ် နာမည်ကိုရေးပါ။

တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။
မြို့နယ်ဖြစ်ပါက မြို့နယ်နာမည်ကို ရေးပါ။
ရပ်ကွက်ဖြစ်ပါက ရပ်ကွက်နာမည်ကို ရေးပါ။
ကျေးရွာအုပ်စုဖြစ်ပါက ကျေးရွာအုပ်စု နာမည်ကို ရေးပါ။

(၃) ကျောင်း နာမည်ကို ရေးပါ။

(၄) ဇာတကာ၏ နာမည်ကို ရေးပါ။
ပြည်နယ်ဖြစ်ပါက ပြည်နယ် နာမည်ကို ရေးပါ။
တိုင်းဖြစ်ပါက တိုင်းနာမည်ကို ရေးပါ။
မြို့နယ်ဖြစ်ပါက မြို့နယ်၏နာမည်ကို ရေးပါ။
ရပ်ကွက်ဖြစ်ပါက ရပ်ကွက်နာမည်ကို ရေးပါ။
ကျေးရွာအုပ်စုဖြစ်ပါက ကျေးရွာအုပ်စုနာမည်ကို ရေးပါ။
ကျောင်း နာမည်ကို ရေးပါ။

(၅) စုဒိတက နာမည်ကို ရေးပါ။

(၆) (　　　)လွှင်းစထဲ၌ မှုခင်းအမှတ်ကို ရေးပါ။
တံဆိပ်နာယကအဖွဲ့ အမည်ကို ရေးပါ။

(၇) ခုနှစ် လဆန်း လဆုတ်တို့ကို ရေးပါ။

(၈) နေ့ရက်ကို ရေးပါ။

(၉) (က-ခ-ဂ-ဃ-င)တို့၌ဝိနည်းနှင့်မညီညွတ်သော အချက်များကို ရေးပါ။

(၁၀) ညာဘက်ဒေါင့် နေရာ၌ စာဒနာဝင်သူ၏ လက်မှတ်ကို ရေးထိုးပါ။

(၁၁) ယင်းအောက်၌ ဘွဲ့အမည်ကို ရေးပါ။
ယင်းအောက်၌ နေရပ်လိပ်စာကို ရေးပါ။

# သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှု

၁၃၄၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
(၂-၂-၈၁) တနင်္လာနေ့

## ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို အဆင့်ဆင့် ပြေလည်အေးငြိမ်းစေခြင်း

ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို စတင်ပြေလည်အေးငြိမ်းစေခြင်းနှင့် ပတ်သက်၍ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၂) အပိုဒ် ၃ (က)(ခ)(ဂ) တို့၌ ပြဋ္ဌာန်းထားပါသည်။



**= ရပ်ကွက်၊ ကျေးရွာအုပ်စု တခုခု အတွင်း ဝိနည်းမမှုကံ 'အဓိကရုဏ်း မှုခင်းများဖြစ်ပွားလျှင် ရှေးဦးစွာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ အခင်းဖြစ် မှုခင်းပြဿနာများကို တင်သွင်းလျှောက် ထားရမည်။**

= ရပ်၊ ကျေး သံဃနာယကအဖွဲ့တွင် မှုခင်းဆိုင်ရာ မှတ်တမ်းစာအုပ် ထားရှိပြီးလျှင် ဝိနည်းမမှုကံ မှုခင်းပြဿနာများ တိုင်ကြားလာပါက အမှု ဖွင့်၍ မှတ်တမ်းစာအုပ်၌ ရေးမှတ်ထားရမည်။

= ထိုရေးမှတ်ထားချက်ကို တိုင်ကြားသူအား ဟုတ် - မဟုတ်မေးမြန်း၍ လက်မှတ်ရေးထိုးထားစေရမည်။

**၁။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း**

**နှင့်**

**တာဝန်ဝတ္တရားများ**

= ရပ်၊ ကျေး သံဃနာယကအဖွဲ့မှ မြို့နယ်သံဃနာယကအဖွဲ့၊ ပြည်နယ်၊ တိုင်း သံဃနာယက အဖွဲ့တိုင်အောင် သံဃနာယကအဖွဲ့ "အဆင့်ဆင့် ဖြေရှင်းပေး၍မှ ပြေလည်အေးငြိမ်းမှုမရှိသေးသော ဝိနည်းမမှုကံ မှုခင်း ပြဿနာများကို ပြည်နယ်၊ တိုင်း သံဃမဟာနာယကအဖွဲ့က ဝိနည်းမမှုကံ နှင့်အညီ စစ်ဆေး ဆုံးဖြတ်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာ မြို့နယ် သံဃ **နာယကအဖွဲ့သို့ ပြန်လည်လွှဲအပ်ပေးရမည်။**

(လုပ်ထုံး - ၂၁)

— မြို့နယ်သံဃနာယည်အဖွဲ့(ဥက္ကဋ္ဌ)သည် ပြည်နယ်၊ တိုင်း သံဃနာယက အဖွဲ့မှ လွှဲအပ်စာ နှင့်အတူ လွှဲအပ်လာသည့် မှုခင်းပြဿနာ"ကို လက်ခံ ပြီးလျှင် + + + ပုံစံ(၄) ဖြင့် "ရွေးချယ်စဉ်အရတည်ရှိသော" မြို့နယ် ဝိနည်းဓိုရ် စာရင်းမှ အလှည့်ကျ ဝိနည်းဓိုရ် ဆရာတော် ၃ ပါး၊ ၅ ပါး **ပါဝင်စေလျက် "မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့"ကို (၁၅)ရက်အတွင်း ဖွဲ့စည်း ပေးရမည်။**

—ဖွဲ့စည်းပေးသည့် "အမိန့်" တွင် မြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

—မြို့နယ်သံဃနာယကအဖွဲ့တံဆိပ် ခတ်နှိပ်ရမည်။

(ပုံစံ–၄၊ သရုပ်ပြ +++ ရှင်းလင်း)

(လုပ်ထုံး - ၂၄)

-မြို့နယ်သံဃနာယကအဖွဲ့(ဥက္ကဋ္ဌ)သည် ယင်းအမိန့်နှင့်အတူ ပြည်နယ်၊ တိုင်း သံဃနာယကအဖွဲ့မှ လွှဲအပ်ပေးလာသည့် "ဝိနည်းဓမ္မကံမှုခင်းကိစ္စကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးရန်" မြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့သို့ လွှဲပြောင်းအပ်နှံပေးရမည်။

—သံဃဝိနိစ္ဆယ အဖွဲ့သည် ချိန်းဆိုထားသည့် ရက်တွင် စောဒက၊ စုဒိတကနှင့် ဝိနည်းမိုရ် ဆရာတော်များ စုံလင်သည့်အခါ "မြို့နယ် သံဃ ဝိနိစ္ဆယဌာန(ရုံး)" ကို ဖွင့်လှစ်ကြောင်း ကြေငြာရမည်။

—ထို့နောက် မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ "သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်ကို" ဖတ်ကြားပြရမည်။

—ယင်းအမိန့်ကို အမှတ် "က" အဖြစ် ရေးမှတ်၍ +++ လက်မှတ်ထို ရေးထိုးပြီးလျှင် +++ အမှုတွဲ(နောက်)၌ တွဲထားရမည်။

(ပုံစံ- ၄၊ သရုပ်ပြ)

၁၃၄၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၃-၂-၈၁) အင်္ဂါနေ့

၂။ ဝိနိစ္ဆယဌာန (ရုံး)
စတင်ဖွင့်လှစ်ခြင်း

-မြို့နယ်-သံဃနာယက အဖွဲ့၏ "မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့" ဖွဲ့စည်း ပေးသည့် အမိန့်နှင့်အတူ ဝိနည်း ဓမ္မကံဆိုင်ရာ အမှုတွဲကို လက်ခံရရှိသော "မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့" သည် ဖွဲ့စည်းသည့်နေ့မှ ၁၅ ရက်အတွင်း "မြို့နယ်သံဃဝိနိစ္ဆယဌာန (ရုံး)" ကို စတင်ဖွင့်လှစ်၍ အမှုကို စစ်ဆေး ရမည်။

**-ယင်းသို့ မစစ်ဆေးမီ "မိမိတို့ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့" သည်** မည်သည့်နေ့ရက်တွင် ဝိနိစ္ဆယ ကိစ္စကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ (စာဖြင့်) တရားဝင် အကြောင်းကြားထားရမည်။

(လုပ်ထုံး - ၂၆၊ ၇)

-မြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့သည် ပုံစံ (၅) ဖြင့် သက်ဆိုင်ရာ စောဒက၊ စုဒိတက ပုဂ္ဂိုလ်တို့အား သံဃဝိနိစ္ဆယဌာန (ရုံး) သို့ လာရောက်ရန် ဆင့်ခေါ်ရမည်။

(ပုံစံ- (၅)၊ သရုပ်ပြ၊ ရှင်းလင်း)

မြို့နယ် သံဃ ဝိနိစ္ဆယအဖွဲ့

| ဝ ဝ ဝ ဝ ဝ |

| စောဒက | | စုဒိတက |

| (က) သက်သေများ | | (ခ) သက်သေများ |

-မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် "ပုံစံ (က) မှုခင်း မှတ်တမ်း" ၌ အမှုစတင်စစ်ဆေးသည်မှ ပြီးဆုံးသည်အထိ ဖြစ်စဉ်များကို ရေးသား၍ မှတ်တမ်းတင်ထားရမည်။

-တနေ့တာ မှတ်တမ်း၏ အဆုံး၌ လက်မှတ်ရေးထိုး ထားရမည်။

(ပုံစံ—က၊ သရုပ်ပြရှင်းလင်း)

(လုပ်ထုံး — ၄၄)

-မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့သည် မိမိတို့အထဲမှ ခေါင်းဆောင်ဆရာတော်တပါးကို ရွေးချယ်တင်မြှောက်ထား၍ ယင်းခေါင်းဆောင် ဆရာတော်သည် အမှုစစ်ဆေးရာ၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(လုပ်ထုံး - ၂၅)

**–မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် စောဒက၊ စုဒိတက တို့အား ဤသံဃဝိနိစ္ဆယ အဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်အားလုံးကိုဖြစ်စေ၊တပါးပါးကိုဖြစ်စေ ကန့်ကွက်ရန် ရှိ–မရှိ မေးမြန်းရမည်။**

( က ) ကန့်ကွက်ရန် မရှိပါ။

( ခ ) ကန့်ကွက်ပါသည်။

–အကြောင်းလုံလောက်စွာဖြင့် တပါးပါးကို ကန့်ကွက်လျှင် ယင်းကန့်ကွက်ခံရသည့် ဝိနည်းဓိုရ်ကို နုတ်ပယ်ပြီးလျှင် ယင်းအစား ရွေးချယ်စဉ်အတိုင်း တည်ရှိသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့က ထည့်သွင်းဖွဲ့စည်းပေးရမည်။

–သံဃဝိနိစ္ဆယ တဖွဲ့လုံးကို ကန့်ကွက်လျှင် "ကန့်ကွက်သူအားချက်ချင်း စာဖြင့်ရေးသွင်းစေ၍ အမှုစစ်ဆေးခြင်းကို ရပ်ဆဲကြောင်း သဘာပတိဆရာတော်က ကြေငြာရမည်။ ယင်းအကြောင်းကို သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့သို့ အကြောင်းကြားရမည်။

–မြို့နယ် သံဃနာယက အဖွဲ့သည် "ကန့်ကွက်ချက်မှာ အကြောင်းခိုင်လုံကြောင်း၊ အထောက်အထား ခိုင်မာကြောင်း တွေ့ရှိလျှင် "မြို့နယ် သံဃဝိနိစ္ဆယတဖွဲ့လုံးကို ဖျက်သိမ်း၍ အပုဒ်စဉ်အတိုင်း မြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းပေးရမည်။

(အကြောင်း မခိုင်လုံလျှင် မူလအတိုင်း ရှိစေရမည်)

(လုပ်ထုံး – ၂၉ (က၊ ခ)

၁၃၄၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၅-၂-၈၁) ကြာသပတေးနေ့

## ၃။ မူလအမှုတွဲကို လက်ခံစိစစ်ခြင်း

**–မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်သည် စောဒက၏ မူလမှုခင်းပြဿနာ တင်ပြလွှာကို ဖတ်ကြား၍ တင်ပြချက် ဟုတ်–မဟုတ် မေးမြန်းပြီးလျှင် အမှတ် (၁) အဖြစ် မှတ်သား၍ × × လက်မှတ်ကို ထိုးထားရမည်။ ယင်းနောက် အမှုတွဲ (နောက်) တွင် တွဲထားရမည်။**

–စေဒက၊ စုဒိတက နှစ်ဦးစလုံးအား ဤမှုခင်းနှင့် ဥပတ်သက်၍ သက်သေများ တင်သွင်းရန် ရှိ–မရှိ မေးမြန်းပြီးလျှင် မရှိက် မရှိကြောင်း ရေးမှတ်ပါ။

– သက်သေရှိလျှင် –

= စေဒကပြ သက်သေကို "ဂ"

– စုဒိတကပြ သက်သေကို "ဃ"

ဟု မှတ်သား၍ လက်မှတ်တို ရေးထိုး အမှုတွဲ (နောက်) ၌ တွဲထားရမည်။ (လုပ်ထုံး–၃၅)

–စေဒက၊ စုဒိတကတို့၏ သက်သေများကို မြို့နယ် သံဃဝိနိစ္ဆယဌာန (ရုံး) သို့ သက်သေခံလာရောက်ရန် ပုံစံ (၆) ဖြင့် ဆင့်ခေါ်ရမည်။ (လုပ်ထုံး–၃၅)

–နှစ်ဘက်အမှုသည်များနှင့် ယင်းတို့၏ သက်သေများကို ခေါ်ယူရာ၌ အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့အား လိုအပ်သလို ကူညီဆောင်ရွက်ပေးရန် သဘာပတိဆရာတော်က မေတ္တာရပ်ခံနိုင်သည်။ (လုပ်ထုံး–၃၈)

၁၃၄၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၆–၂–၈၁) သောကြာနေ့

## ၄။ စေဒကနှင့် ယင်း၏သက်သေများကို စစ်ဆေးခြင်း

–ဆင့်ခေါ် ချိန်းဆိုထားသည့် ရက်တွင် မြို့နယ် သံဃဝိနိစ္ဆယဌာန (ရုံး)၌ စေဒက၊ စုဒိတက၊ ယင်းတို့၏သက်သေများနှင့် သံဃဝိနိစ္ဆယ အဖွဲ့ဝင်များ စုံလင်သည့်အခါ စေဒကပုဂ္ဂိုလ်အား ရှေးဦးစွာ စစ်ဆေးရမည်။

–စေဒကဖြစ်သူ ဘွဲ့အမည်..............အား မိမိ သီလကို ဆင်ခြင် အောက်မေ့ရန် သတိပေးပြီးနောက် စေဒကပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ–

\+ + + + +

\+ + + + +

**-စုဒိတာအ ပုဂ္ဂိုလ်က စောဒကအား မေးမြန်းလိုလျှင် သဘာပတိ ဆရာတော်မှတဆင့် တင်ပြ မေးမြန်းနိုင်သည်။**

**-စောဒကပုဂ္ဂိုလ်၏ ထွက်ဆိုချက်အဆုံးတွင် သဘာပတိနှင့် ဝိနိစ္ဆယ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရမည်။**

**-နေ့စွဲကို သေချာစွာ မှတ်သားထားရမည်။**

(လုပ်ထုံး ၃၄၊ ၅)

-စောဒကကို စစ်ဆေးပြီးလျှင် ယင်း၏ သက်သေများကို စစ်ဆေး ရမည်။

-စောဒက၏ သက်သေဖြစ်သူ ဘွဲ့အမည်..............အား မိမိ သိလကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စောဒက၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ-

\+ + + + +

\+ + + + +

-စုဒိတကက စောဒက၏ သက်သေအား မေးမြန်းလိုလျှင် သဘာ ပတိမှတဆင့် တင်ပြ မေးမြန်းနိုင်သည်။

-စောဒကပြ သက်သေများ၏ ထွက်ဆိုချက်အဆုံးတွင်လည်း သဘာ ပတိ ဆရာတော်နှင့် ဝိနိစ္ဆယ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးထား ရမည်။

-နေ့စွဲကို သေသေချာချာ မှတ်သားထားရမည်။

-ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို စစ်ဆေး ဆုံးဖြတ်ရန် အတွက် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆင့်ခေါ်စာကို (၃)ကြိမ် တိုင်တိုင် ရရှိပါလျက် **စောဒကသော်လည်းကောင်း၊** စုဒိတကသော်လည်းကောင်း လုံလောက် သောအကြောင်း မရှိပဲ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ပါက သံဃ- ဝိနိစ္ဆယအဖွဲ့သည် ထို အကြောင်းမရှိပဲ ပျက်ကွက်သူကို လာရောက်အမှု ဆိုင်ရန် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အား လိုအပ်သလို **အရေးယူ ဆောင်ရွက်ပေးစေ၍ သမ္မုခလေးပါးဖြင့် ဝိနည်းတော်နှင့် အညီ ဆက်လက် စစ်ဆေး ဆုံးဖြတ်နိုင်သည်။**

(လုပ်ထုံး-၃၉)

-ဝိနည်းဓမ္မကံ့ အစိကရဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်ရန်အတွက် သံဃ ဝိနိစ္ဆယအဖွဲ့၏ ဆင့်ခေါ်စာကို + + ပ + + ပျက်ကွက်သည့် သက်သေ များကို သက်သေစာရင်းမှ ပယ်ဖျက်၍ အမှုကို ဆက်လက် စစ်ဆေး ဆုံးဖြတ်နိုင်သည်။ (လုပ်ထုံး-၄၁)

၁၃၄၂ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၇-၂-၈၁) စနေနေ့

၃။ စုဒိတကနှင့် ယင်း၏ သက်သေများ
အဖွဲ့ခေါ် သက်သေများကိုစစ်ဆေးခြင်း

-စောဒကနှင့် ယင်း၏သက်သေများကို စစ်ဆေး၍ပြီးဆုံးသောအခါ စုဒိတကကို စစ်ဆေးရမည်။

-စုဒိတက ဖြစ်သူ ဘွဲ့အမည်..............အား မိမိ သီလကို ဆင်ခြင် အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတကပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ-

\+ + + + +

\+ + + + +

-စောဒကက စုဒိတကအား မေးမြန်းလိုလျှင် သဘာပတိမှ တဆင့် တင်ပြ မေးမြန်းနိုင်သည်။

-စုဒိတက၏ ထွက်ဆိုချက် အဆုံးတွင်လည်း သဘာပတိဆရာတော် နှင့် ဝိနိစ္ဆယ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးထားရမည်။

-နေ့စွဲကို သေချာစွာ မှတ်သားထားရမည်။

-စုဒိတကကို စစ်ဆေးပြီးလျှင် ယင်း၏ သက်သေများကို စစ်ဆေး ရမည်။

-စုဒိတက၏ သက်သေဖြစ်သူ ဘွဲ့အမည်..............အား မိမိ သီလကို ဆင်ခြင် အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတက၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ-

\+ + + + +

\+ + + + +

—စောဒကက စုဒိတက၏သက်သေအား မေးမြန်းလိုလျှင် သဘာပတိမှတဆင့် တင်ပြမေးမြန်း နိုင်သည်။

(လုပ်နည်း- ၃၅)

—စုဒိတက၏ သက်သေထွက်ဆိုချက်များ အဆုံးတွင်လည်း သဘာပတိဆရာတော်နှင့်တကွ ဝိနိစ္ဆယအဖွဲ့ဝင် အားလုံး လက်မှတ်ရေးထိုးထားရမည်။

—နေ့စွဲကို သေချာစွာ မှတ်သားထားရမည်။

—နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် သံဃဝိနိစ္ဆယအဖွဲ့က ပြန်ခေါ်၍ ထပ်မံ စစ်ဆေးလိုသော (သို့ပတ်) အဖွဲ့က အသစ်စစ်ဆေးလိုသော သက်သေများရှိပါက ခေါ်ယူ စစ်ဆေးနိုင်သည်။

(လုပ်ထုံး-၄၂)

—ဦး.................. အား × × ×နောက်ထွက်ဆိုသည်မှာ—

| | | | | | | | |
|---|---|---|---|---|---|---|---|
| × | × | × | × | × | × | × | × |
| × | × | × | × | × | × | × | × |
| × | × | × | × | × | × | × | × |

## အပိုဒ်ရှင်းလင်းချက်

(က) **ပြန်ခေါ်သက်သေ**ဆိုသည်မှာ စောဒကဘက်မှ ဖြစ်စေ၊ စုဒိတကဘက်မှ ဖြစ်စေ သက်သေခံခဲ့ပြီးသော မူလသက်သေများအနက် ပြန်လည်စစ်ဆေးရန် အကြောင်းရှိ၍ ထပ်မံ စစ်ဆေးရန် ပြန်လည် ခေါ်ယူအပ်သော စစ်ဆေးပြီး "မူလသက်သေ" ကို ခေါ်သည်။

(ခ) **သက်သေသစ်** ဆိုသည်မှာ အမှုစစ်ဆေးရာမှ ထွက်ပေါ်လာသော အမှုနှင့် သက်ဆိုင်သည်ဟု ယူဆထိုက်သော( မူလ သက်သေများမှတပါး) "အခြားသက်သေ"ကို ခေါ်သည်။

(လုပ်ထုံး- ၄၂)

၁၃၄၂-ခုနှစ် တပို့တွဲလဆန်း ၅-ရက်
( ၉ - ၂ - ၈၁ ) တနင်္လာနေ့

၆။ **စောဒက၊ စုဒိတကတို့၏ နောက်ဆုံး တင်သွင်းခြင်း**

—သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက၊ စုဒိတကနှင့် ယင်းတို့၏ သက်သေများ၊ အဖွဲ့ခေါ်သက်သေများကို စစ်ဆေးပြီးနောက် စောဒကအား နောက်ဆုံး တင်သွင်း(လျှောက်လဲ)ချက်ကို တင်သွင်းစေ၍ လက်ခံရမည်။

—[ စောဒကသည် မှုခင်းနှင့် ပတ်သက်၍ အမှုတွဲ၌ ပေါ်ပေါက်လျက်ရှိသော သက်သေခံချက်များပေါ် မူတည်ပြီးလျှင်—

( ၁ ) ဝိနည်းတော်နှင့် ညီ-မညီ စသည့် မိမိတင်ပြလိုသည့် အချက်များ၊

( ၂ ) မိမိဘက်မှ သက်သေခံချက်များသည် စုဒိတကဘက်မှ သက်သေခံချက်များထက် အကြောင်းယုတ္တိရှိကြောင်း၊ အထောက်အထား ခိုင်မာကြောင်း—

စသည်ဖြင့် ဖော်ပြလျက်—

**"မိမိလျှောက်ထား စွဲဆိုသည့်အတိုင်း သံဃဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက် ချမှတ်ပေးပါရန်- တင်ပြလျှောက်ထားအပ်ပါသည်"**—

ဟု နောက်ဆုံးအနေဖြင့် (လျှောက်လဲ) တင်ပြရပေသည်။ ]

—သံဃဝိနိစ္ဆယအဖွဲ့သည် စောဒက၏ နောက်ဆုံးတင်သွင်း (လျှောက်လဲ)ချက်ကို လက်ခံပြီးနောက် စုဒိတကအား နောက်ဆုံးတင်သွင်း (လျှောက်လဲ)ချက်ကို တင်သွင်းစေ၍ လက်ခံရမည်။

—[ စုဒိတကပုဂ္ဂိုလ်သည် ××× မူတည်ပြီး

( ၁ ) —××× အချက်များ၊

( ၂ ) —**စောဒကဘက်က** တင်ပြသည့် အချက်များကို ချေပသည့် **အချက်များ၊**

(၃) —မိမိဘက်မှ သက်သေခံချက်များသည် စောဒကဘက်မှ တင်ပြသည့် သက်သေခံချက်များထက် အထောက်အထား ခိုင်မာကြောင်း—

စသည်ဖြင့် ဖော်ပြလျက်—

**"စောဒက၏ လျှောက်ထား စွဲဆိုချက်များကို ပယ်ဖျက်ပေးပါရန် တင်ပြ လျှောက်ထားအပ်ပါသည်"**—

ဟု နောက်ဆုံးအနေဖြင့် (လျှောက်လဲ) တင်ပြရပေသည်။]

၁၃၄၂-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်
(၁၀-၂-၈၁) အင်္ဂါနေ့

၇။ **သံဃဝိနိစ္ဆယအဖွဲ့၏**
**သုံးသပ်ချက် နှင့် ဆုံးဖြတ်ချက်**

- သံဃဝိနိစ္ဆယအဖွဲ့သည် အထက်ဖော်ပြပါအတိုင်း စုံလင်စွာ စစ်ဆေးကြားနာပြီးနောက် နှစ်ဘက် ထွက်ဆိုချက်များကို ဆင်ခြင် သုံးသပ်ရပါမည်၊ လိုရင်း အချက်အလက်များ ကို ကောက်ချက်ချရမည်၊ ယင်းနောက်—

(၁) စောဒက၏ ထွက်ဆိုချက်ကို ယင်းတင်ပြသည့် သက်သေများက ထောက်ခံ ထွက်ဆိုခြင်း ရှိ-မရှိ။

(၂) ယင်းတို့၏ ထွက်ဆိုချက်များသည် ယုတ္တိရှိ-မရှိ၊ အထောက်အထား ခိုင်မာခြင်း ရှိ-မရှိ။

စသည်ဖြင့် ဝေဖန် သုံးသပ် ဆွေးနွေးရမည်။

(၃) စုဒိတကဘက်မှ ထွက်ဆိုချက်များကိုလည်း ဤနည်းအတိုင်း ဝေဖန် သုံးသပ် ဆွေးနွေးရမည်။

—သံဃဝိနိစ္ဆယအဖွဲ့သည် အထက်ပါ နည်းအတိုင်း ဝေဖန် သုံးသပ်ပြီးနောက် သက်သေအထောက်အထား ခိုင်မာသည့်ဘက်ကို အသာပေး၍ (သို့) အနိုင်ပေး၍ ပုံစံ (၇) ဖြင့် ဆုံးဖြတ်ချက် ချရပါမည်။

**လှပ်ထုံး (၄၂)**

—ဆုံးဖြတ်ချက် ချရာ၌ အားလုံးဆန္ဒ မတူညီခဲ့သော် များရာအဖွဲ့ဝင် ဆရာတော်တို့၏ ဆန္ဒဖြင့် လက်မှတ်ဖြင့် အတည်ဖြစ်စေရမည်။

လုပ်ထုံး (၄၂)

( ဆန္ဒမတူသည့် ဆရာတော်တို့၏ ဘွဲ့အမည်ကို ရေးသား၍ မည်သည့်အကြောင်း ကြောင့် ဤဆုံးဖြတ်ချက်ကို သဘော မတူ ကြောင်း ဖော်ပြ လက်မှတ် ရေးထိုးထားရမည်။ )

( အထူး မှတ်ချက်။ ။ ဆုံးဖြတ်ချက် ချရာ၌ " အများ – အမှန် " " အရှုံး – အနိုင် " များသာ ချမှတ်ရမည်။ " မည်သို့ဖြစ်စေ " စသော အာဏာတ္တိစကားများ လုံးဝ မပါစေရ။ )

## ဆုံးဖြတ်ချက်ကို ဖတ်ပြ ကြေငြာခြင်း

—သံဃဝိနိစ္ဆယအဖွဲ့သည် ပုံစံ (၇) ဖြင့် ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ဖတ်ပြ ကြေငြာမည့်နေ့ကို စောဒက၊ စုဒိတကတို့အား ချိန်းဆို ဆင့်ခေါ်ရမည်။

—သံဃဝိနိစ္ဆယအဖွဲ့သည် အဆိုပါ ဆုံးဖြတ်ချက်ကို နှစ်ဖက် အမှုသည်တို့အား ဖတ်ပြ ကြေငြာရမည်။ ( အကယ်၍ အမှုသည်များ လာရောက်ရန် ပျက်ကွက်ပါက ယင်းတို့၏ မျက်ကွယ်တွင်လည်း ဆုံးဖြတ်ချက်ကို ဖတ်ပြ ကြေငြာနိုင်သည်။ ) လုပ်ထုံး (၄၃)

## ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အောက်ပါ အချက်များကို အထူးသတိပြုရန်

—ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အထူးသတိပြုရန် အချက်များမှာ—

( ၁ ) ဆုံးဖြတ်ချက် ချမှတ်သည့်အခါ။

( ၂ ) ဆုံးဖြတ်ချက်ကို ဖတ်ပြ ကြေငြာသည့်အခါ—

သံဃဝိနိစ္ဆယရုံး၌ သံဃဝိနိစ္ဆယအဖွဲ့ဝင် ဝိနည်းဓိုရ်အားလုံး အစုံအညီ ရှိစေရမည်။ ဆုံးဖြတ်ချက်ကို ဖတ်ပြ ကြေငြာပြီးနောက် ယင်းဆုံးဖြတ်ချက်၌ သံဃဝိနိစ္ဆယအဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုး၍ အတည်ပြုရမည်။

လုပ်ထုံး (၄၂)

**မှတ်ချက်။** ။ဆုံးဖြတ်ချက်ကို ဖတ်ပြရသေးမီ ကြိုတင်၍ လက်မှတ် ထိုးမထားရ၊ အထူးသတိပြုရမည်။

- သံသဝိနိစ္ဆယအဖွဲ့တံဆိပ် ခတ်နှိပ်ရမည်။
- မြန်မာရက်စွဲ၊ အင်္ဂလိပ်ရက်စွဲများ ရေးမှတ်ရမည်။
- အသိသက်သေများကို ဖော်ပြ (လက်မှတ် ထိုးစေ) ရမည်။

—ဤတွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းတခု ဆုံးဖြတ်ခြင်းကိစ္စပြီးဆုံး ပေသည်။ ဆိုရာတွင် ၂-ဘက် အမှုသည်များကို အယူခံဝင်- မဝင် မေးမြန်း ရမည်။ မည်သည့်ဘက်ကမျှ အယူခံမဝင်ပါဟု ဆိုလျှင် အမှုတွဲပေါ်၌ "အယူခံမဝင်ပါ" ဟု ရေးမှတ်ပြီးလျှင် ×× ပိမိတို့၏ မှုခင်း မှတ်တမ်း၌ လည်း အယူခံမဝင်ကြောင်း မှတ်တမ်းတင်ထားရမည်။

- မြို့နယ် သံသဝိနိစ္ဆယအဖွဲ့သည် မိမိစစ်ဆေး ဆုံးဖြတ်ချက် ချမှတ်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းဆိုင်ရာ "အမှုတွဲ" ကို သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူးထံသို့ လွှဲအပ်ပေးရမည်။

—ထိုသို့လွှဲအပ်ပေးသည့်အခါ သက်ဆိုင်ရာမြို့နယ် သာသနာရေးမှူး သည် အမှုတွဲ၌ လိုအပ်သော မှတ်တမ်း မှတ်ရာများ စုံလင်စွာ ပါဝင်ခြင်း ရှိ-မရှိ စိစစ်၍ လက်ခံ ထိန်းသိမ်းထားရမည်။

လုပ်ထုံး (၄၅)

—အယူခံ စောဒနာဝင်ရက် (၃၀) ရက် ကုန်ဆုံးပြီးနောက် သံသ ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည်။

လုပ်ထုံး (၅၈)

(ဤတွင် အယူခံစောဒနာမဝင်သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်း တခု ပြီးပြတ်ငြိမ်းအေးသွားပေသည်။)

၁၃၄၂-ခုနှစ် တပို့တွဲလဆန်း ၇-ရက်
(၁၁-၂-၈၁) ဗုဒ္ဓဟူးနေ့

၈။ အယူခံ စောဒနာဝင်မည့်
ဝိနည်း စပ်ဆိုင်ရာ မှုခင်း

— သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် စောဒကက ဖြစ်စေ၊ စုဒိတကက ဖြစ်စေ၊ အယူခံဝင်မည်ဟု လျှောက်ထားလျှင်- ယင်းတို့၏ အမှုတွဲပေါ်၌ "အယူခံဝင်မည်" ဟု ရေးမှတ်၍ မိမိတို့ "မှုခင်းမှတ်တမ်း" ၌လည်း အယူခံဝင်မည့် အကြောင်း မှတ်တမ်း တင်ထားရမည်။

— အယူခံဝင် စောဒကပုဂ္ဂိုလ်အား အမှုတွဲဆုံးဖြတ်ချက်ကို "မိတ္တူ" ကူးပေးရမည်။

— ယင်းနောက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လွှဲပြောင်း ပေးပို့နိုင်ရန် ဆုံးဖြတ်ချက်နှင့် တကွ အမှုတွဲကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့ သို့ ပြန်လည် ပေးပို့ရမည်၊ (ယင်းကိစ္စကို မြို့နယ် သာသနာရေးမှူး မှ တဆင့် ဆက်သွယ်ရမည်။)

— မြို့နယ် သံဃနာယကအဖွဲ့ (ဥက္ကဋ္ဌ) သည် လွှဲပြောင်း လက်ခံ ရရှိသော အမှုတွဲကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လိုအပ်သလို စစ်ဆေး ဆုံးဖြတ် (ဆောင်ရွက်) နိုင်ရန် ဆက်လက်၍ လွှဲပြောင်း ပေးပို့ရမည်။

— အယူခံစောဒနာဝင်မည့် ပုဂ္ဂိုလ်သည် မူလ စစ်ဆေးသော မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်- မည်သည့် အချက် သည် ဝိနည်းတော်နှင့် မည်သို့ မညီညွတ်ကြောင်း ခိုင်လုံစွာ အကြောင်း ပြ၍ သတ်မှတ်သည့် ပုံစံ "၆" ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃ နာယက အဖွဲ့သို့ အယူခံ စောဒနာဝင်လွှာ တင်သွင်းရမည်။

— ယင်းသို့ တင်သွင်းရာတွင် မူလ ဝိနိစ္ဆယ အဖွဲ့၏ စီရင်ဆုံးဖြတ် ချက် "မိတ္တူမှန်" တစောင်ကို အယူခံ စောဒနာဝင်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည်။

(လုပ်ထုံး - ၄၆)

— အယူခံ စောဒနာဝင်လွှာကို မူလ စစ်ဆေးသော မြို့နယ် သံဃာ ဝိနိစ္ဆယအဖွဲ့က ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဤလုပ်ထုံး လုပ်နည်းနှင့် အညီ တင်သွင်းနိုင်သည်။

(လုပ်ထုံး - ၄၇)

— ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် လက်ခံ ရရှိသည့် အယူခံ စောဒနာဝင်လွှာကို စိစစ် လက်ခံပြီးလျှင် ပုံစံ (၁၀) ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်း အယူခံဆိုင်ရာ "မှတ်ပုံတင်စာရင်း" စာအုပ်၌ ရေး သွင်း မှတ်ပုံတင်ထားရမည်။

(လုပ်ထုံး - ၄၀)

— ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် အယူခံစောဒနာဝင်လွှာ နှင့် အတူ စပ်ဆိုင်သော အမှုတွဲကို လက်ခံ ရရှိလျှင် ပြုစုထားသော ဝိနည်းဓိုရ် စာရင်းမှ (မူလ အမှု ဆုံးဖြတ်သော မြို့နယ်ရှိ ဝိနည်းဓိုရ်များ မပါဝင်သော) ပြည်နယ်/တိုင်း အတွင်းရှိ အခြားသင့်လျော်ရာ မြို့နယ် များမှ အမှတ်စဉ်ကျရောက်ရာ ဝိနည်းဓိုရ် ၃/၅ ပါး တို့ဖြင့် "အယူခံ စောဒနာဝင် ပြည်နယ်/တိုင်း သံဃာဝိနိစ္ဆယအဖွဲ့" ကို (၁၅) ရက် အတွင်း ပုံစံ (၁၁) ဖြင့် ဖွဲ့စည်းပေးရမည်။

(ပုံစံ - ၁၁၊ သရုပ်ပြ x ရှင်းလင်း) (လုပ်ထုံး - ၄၉)

## ၉။ အယူခံစောဒနာဝင် မှုခင်းကို စစ်ဆေးကြားနာခြင်း

— အယူခံ စောဒနာဝင် ပြည်နယ်/တိုင်း သံဃာဝိနိစ္ဆယအဖွဲ့ သည် အယူခံစောဒနာဝင် ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုကို သက်ဆိုင်ရာ ပြည် နယ်/တိုင်း သံဃနာယကအဖွဲ့မှ လက်ခံ ရရှိသည့် အခါ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူ့ကောင်စီ သို့ အယူခံ စောဒနာဝင် ပြည်နယ်/ တိုင်း သံဃာဝိနိစ္ဆယ ကိစ္စကို ဆောင်ရွက်မည့် အကြောင်း တရားဝင် အကြောင်းကြားရမည်။

— ယင်းသို့ အကြောင်းကြားသည့် အကြောင်းကို သက်ဆိုင်ရာ သံဃာဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်က "မှုခင်းမှတ်တမ်း" ၌ မှတ် တမ်းတင်ထားရမည်။

— ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယ အဖွဲ့ဟည်ရာဌာနတွင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယရုံး ဖွင့်လှစ်ကြောင်း ကြေငြာရမည်။

— ယင်းသို့ ဖွင့်လှစ်ပြီးနောက် မိမိတို့အား သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့က ဖွဲ့စည်းပေးသည့် အမိန့်ကို ဖတ်ကြား ကြေငြာရမည်။

ပုံစံ ( ၁၁ )

— ယင်းနောက် အမှုတွဲကို လေ့လာရန်သော်လည်းကောင်း၊ အပြီးသတ် ဆုံးဖြတ်ချက် ချရန်သော်လည်းကောင်း ရက်ချိန်း သတ်မှတ်ပေးရမည်။

— ချိန်းရက်တွင် အမှုတွဲ လေ့လာလျှင် - လေ့လာကြောင်း၊ ( သို့မဟုတ် ) အမိန့်ချလျှင် "အမိန့် ချမှတ်ကြောင်း" မှတ်တမ်း တင်ရမည်။

( မှုခင်း မှတ်တမ်း သရုပ်ပြ ရှင်းလင်း )

— ဆုံးဖြတ်ချက် ချမှတ်ရန် ချိန်းဆိုသည့် နေ့တွင် အယူခံ စေ၀ဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် သက်ဆိုင်ရာ အမှုတွဲကို အပြည့်အစုံ ဆင်ခြင် သုံးသပ်ပြီးလျှင်—

( က ) သက်ဆိုင်ရာ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် ညီညွတ်သည် ဟု တွေ့ရှိရလျှင် ယင်း ဆုံးဖြတ်ချက်ကို အတည်ပြု၍ အယူခံ စောဒနာဝင်လွှာကို ပလပ်ပယ်ချရမည်။

( ခ ) မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် မညီညွတ် ဟု တွေ့ရှိရလျှင် ( တရားလို၊ တရားပြိုင် နှင့် သက်သေများကို မခေါ်ယူပဲ သော်လည်းကောင်း၊ လိုအပ်ပါက ခေါ်ယူ၍ သော်လည်းကောင်း ) စစ်ဆေး ဆုံးဖြတ်နိုင်သည်။

(လုပ်ထုံး -၅၀ )

(ရက်ချိန်းပေး၍သော်လည်း) ရသည့်အချိန်အထိ ညှိနှိုင်းရမည်၊ များရာ ဆန္ဒလက်မှတ်ဖြင့် ဆုံးဖြတ်ချက် ချမှတ်သည့်အခါ ဆန္ဒမတူသည့် ဆရာတော်သည် မည်သည့်အကြောင်းကြောင့် ဆန္ဒမတူကြောင်း အမှုတွဲပေါ်၌ ဖော်ပြ၍ လက်မှတ်ရေးထိုးထားရမည်။

– မည်သည့်စီရင်ချက်ကိုမျှ ချမှတ်ပြီးသည့်နောက် ပြင်ဆင်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်း မပြုရ၊

– ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ တံဆိပ်ခတ်နှိပ်ရမည်၊

– မြန်မာရက်စွဲ၊ အင်္ဂလိပ်ရက်စွဲများ ရေးမှတ်ရမည်၊

– အသိသက်သေများကို ဖော်ပြ (လက်မှတ်ထိုးစေ) ရမည်၊

– ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် မိမိ စစ်ဆေးဆုံးဖြတ်ချက် ချမှတ်သည့် "အယူခံစောဒနာဝင်အမှုတွဲ"ကို(သက်ဆိုင်ရာ)ပြည်နယ် တိုင်း သာသနာရေးမှူးထံသို့ လွှဲအပ်ပေးရမည်။

– ထိုသို့ လွှဲအပ်ပေးသည့်အခါ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးမှူးသည် အမှုတွဲ၌ လိုအပ်သော မှတ်တမ်း မှတ်ရာများ စုံလင်စွာ ပါဝင်ခြင်း ရှိ-မရှိ စိစစ်၍ လက်ခံထိန်းသိမ်းထားရမည်။

(လုပ်ထုံး–၅၄)

– အယူခံမှု ပြတ်စဲပြီးနောက် (၇) ရက်အတွင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည်။

(လုပ်ထုံး–၅၈)

ပုံစံ (ဂ)

## သံဃဝိနိစ္ဆယအဖွဲ့က
## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ စစ်ဆေးရန်
## ပုံစံ

[ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၄ ]

ရန်ကုန် ပြည်နယ်/တိုင်း

လှိုင် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့

ဝိနိစ္ဆယအဖွဲ့ အမှတ် (၁)

(၁၃၄၂-ခုနှစ်၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှု အမှတ်-၁)

စောဒက-ဦးမာလာ

စုဒိတက -ဦးဇနိန္ဒ

အမှုအကြောင်းအရာ

သံဃိက ဖြစ်သော ပါသာဒိကာရုံကျောင်းကို ထိန်းသိမ်းအုပ်ချုပ်မှုဆိုင်ရာ အဓိကရုဏ်းမှု

သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်နေ့- ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁-ရက်၊ (၆-၁-၈၁)။

**သံဃဝိနိစ္ဆယ အဖွဲ့ဝင်များ**

(၁) ဦးကေလာသ
(၂) ဦးကုဏ္ဍလ
(၃) ဦးသီတလ
(၄) ........................................
(၅) ........................................

# မှုခင်းမှတ်တမ်း

ဤမှတ်တမ်းကို သံဃဝိနိစ္ဆယအဖွဲ့၏ အဖွဲ့ခေါင်းဆောင်ဆရာတော်က မှုခင်း စတင်စစ်ဆေးသည်မှ ပြီးဆုံးသည့်နေ့အထိ ဖြစ်စဉ်များကို ဖြည့်သွင်းရန် ဖြစ်ပါသည်။ စာရွက်မလောက်ပါက သီးခြားစာရွက်တွင် ဖြည့်သွင်း၍ ပူးတွဲပါ—

| စဉ် | နေ့စွဲ | အကြောင်းအရာ | လက်မှတ် |
|---|---|---|---|
| ၁ | ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁-ရက်<br>၆-၁-၈၁ | —သံဃဝိနိစ္ဆယအဖွဲ့ စုံညီစွာတက်ရောက်သည်။<br>—စောဒကနှင့် စုဒိတကတို့ လာသည်။<br>—သဘာပတိက သံဃဝိနိစ္ဆယအဖွဲ့ရှေး ဖွင့်လှစ်ကြောင်း ကြေငြာသည်။<br>—သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းသည့် အမိန့်ကို ဖတ်ကြားသည်။<br>—စောဒက၏ လျှောက်ထားချက်ကို ဖတ်ကြား၍ အတည်ပြုချက် ရယူသည်။<br>—စုဒိတကနှင့် စောဒကတို့အား သက်သေစာရင်း တင်နိုင်ကြောင်း ပြောကြားရာ ယင်းတို့က သက်သေစာရင်းများ တင်ကြသည်။<br>—စောဒက စုဒိတကနှင့် ယင်းတို့၏ သက်သေများအား စစ်ဆေးကြားနာရန် ၁၃၄၂-ခုနှစ်၊ ပြာသိုလဆန်း ၃-ရက်နေ့သို့ ချိန်းလိုက်သည်။<br>—စောဒကနှင့် စုဒိတကတို့က သက်သေများကို ခေါ်လာမည်ဟု တင်ပြကြသည်။<br>—စောဒကနှင့် စုဒိတကတို့အား ချိန်းရက်တွင် မပျက်မကွက် လာရောက်ရန် ပြောကြားပြီး။ | ဦးကေလာသ<br>သဘာပတိ |
| ၂ | ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက်<br>၈-၁-၈၁ | —စောဒကနှင့် ၎င်း၏သက်သေများ၊ စုဒိတကနှင့် ၎င်း၏သက်သေများနှင့် ရုံးခေါ်သက်သေ ဦးမာဃ တို့အား စစ်ဆေးသည်။ | ဦးကေလာသ<br>**သဘာပတိ** |

| စဉ် | နေ့စွဲ | အကြောင်းအရာ | လက်မှတ် |
|---|---|---|---|
| ၃ | ၁၃၄၂-ခု၊ ပြာသို လဆန်း ၄-ရက် ၉-၁-၈၁ | —သံဃဝိနိစ္ဆယအဖွဲ့ စုံညီစွာတက်ရောက်သည်။<br>—စောဒကနှင့် စုဒိတကတို့ လာသည်။<br>—၎င်းတို့က နောက်ဆုံးတင်သွင်းချက်များ တင်သွင်းကြသည်။<br>—ဆုံးဖြတ်ချက် ချမှတ်ရန် ၁၃၄၂-ခုနှစ်၊ ပြာသိုလဆန်း ၆-ရက်နေ့တွင်—<br>(၁၁-၁-၈၁) ချိန်းဆိုလိုက်သည်။<br>—ရက်ချိန်းပြောပြီး။ | ဦးကေလာသ သဘာပတိ |
| ၄ | ၁၃၄၂-ခု၊ ပြာသို လဆန်း ၆-ရက် ၁၁-၁-၈၁ | —သံဃဝိနိစ္ဆယအဖွဲ့ စုံညီစွာတက်ရောက်သည်။<br>—စောဒကနှင့် စုဒိတကတို့ လာသည်။<br>—ဆုံးဖြတ်ချက် ချမှတ်သည်။<br>—ဆုံးဖြတ်ချက်ကို ဖတ်ကြားကြေငြာသည်။<br>—ဆရာတော်ကြီးများက ပါသာဒိကာရုံကျောင်း ထိန်းသိမ်းအုပ်ချုပ်ခွင့်ကို ဦးဇနိန္ဒထံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။<br>—စုဒိတကအား အယူခံ မခံ မေးမြန်းရာ စုဒိတက-က အယူခံမည်ဖြစ်ကြောင်း၊ စီရင်ဆုံးဖြတ်ချက် မိတ္တူကစောင် ထုတ်ပေးရန် တင်ပြ၍ ဆုံးဖြတ်ချက်မိတ္တူ ရိုက်ကူးပေးပြီးနောက် ၎င်းအမှုတွဲကို ရန်ကုန်တိုင်း-သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးပို့နိုင်ရန်အတွက် လှိုင်မြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ပါ။ | ဦးကေလာသ သဘာပတိ |

၁။ သံဃာဝိနိစ္ဆယတည်ရာဌာန ပါသာဒိကာရုံကျောင်းတိုက်

၂။ ဖွင့်လှစ်သည့်နေ့၊ သာသနာနှစ် ၂၅၂၄-နှစ်..............................
ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ ပြာသို လဆန်း ၁ ရက်
ခရစ်သက္ကရာဇ် ၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

၃။ ဖွင့်လှစ်သည့်အချိန် နေ့လည် ၁ နာရီ ......................မိနစ်

၄။ တက်ရောက်သည့် ပုဂ္ဂိုလ်များ

(က) သံဃာဝိနိစ္ဆယအဖွဲ့ အဖွဲ့ခေါင်းဆောင်— ဦးကေလာသ

အဖွဲ့ဝင် (၁) ..............................ဦးကုဏ္ဍလ

အဖွဲ့ဝင် (၂) ..............................ဦးသီတလ

အဖွဲ့ဝင် (၃) ..................................................

အဖွဲ့ဝင် (၄) ..................................................

(ခ) စောဒက ............... ဦးမာလာ......................................

(ဂ) စုဒိတက ............... ဦးဇနိန္ဒ ......................................

၅။ သံဃာဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့် အမိန့်ကို ခေါင်းဆောင် ဆရာ
အပိုဒ် (၂၃) တော်က ဖတ်ကြား၍ အမှတ် "က" အဖြစ် ရေးမှတ်ပြီး လက်မှတ်ကို ထိုး၍ တွဲထားရ ပါမည်။

၆။ (က) စောဒကနှင့် စုဒိတကတို့အား ဤသံဃာဝိနိစ္ဆယအဖွဲ့တွင်
အပိုဒ် (၂၄) ပါဝင်သော အဖွဲ့ဝင် အားလုံးကိုဖြစ်စေ၊ တပါးပါးကိုဖြစ်စေ ကန့်ကွက်ရန် ရှိ မရှိ မေးမြန်းရမည်။

ကန့်ကွက်ရန် မရှိပါ၊

(သို့မဟုတ်)

ကန့်ကွက်ပါသည်၊

(မသက်ဆိုင်သည်ကို ဖျက်၍ လက်မှတ်ကို ထိုးပါ။)

( ခ ) ကန့်ကွက်ပါက ကန့်ကွက်ခြင်းခံရသော သံဃာဝိနိစ္ဆယ အဖွဲ့ ( သို့မဟုတ် ) အဖွဲ့ဝင် အမည်ကို ရေးပါ။

..........................................................................

..........................................................................

..........................................................................

( ဂ ) တဖွဲ့လုံးကို ကန့်ကွက်ပါက ခေါင်းဆောင်ဆရာတော်သည် ကန့်ကွက်သော ပုဂ္ဂိုလ်ကို ချက်ခြင်း စာဖြင့် ရေးသား တင်သွင်းစေ၍ လက်ခံပြီးနောက် သံဃာဝိနိစ္ဆယမှုခင်း စစ်ဆေးခြင်းကို ရပ်စဲကြောင်း ကြေငြာပါ။

( ဃ ) သံဃာဝိနိစ္ဆယ အဖွဲ့ဝင် တဦးဦးကို ကန့်ကွက်ပါက အခြံ ပုဂ္ဂိုလ်ရှိလျှင် ဖြည့်စွက်ပြီး စစ်ဆေးရမည်။

ဖြည့်စွက်သည့် သံဃာဝိနိစ္ဆယအဖွဲ့ဝင် (၁)................

........................

(၂)..................

........................

၇။ စေ၀ဒက၏ မူလမှုခင်းပြဿနာ တင်ပြလွှာကို ဖတ်ကြား၍ တင်ပြချက် ဟုတ် မဟုတ် မေးမြန်းပြီး အမှတ် "ခ" အဖြစ် မှတ်သား၍ လက်မှတ်တို ထိုးပြီး ဤအမှုတွဲတွင် တွဲထားရမည်။

၈။ စေ၀ဒက စုဒိတက နှစ်ဦးစလုံးအား ဤမှုခင်းနှင့် ပတ်သက်၍ သက်သေများတင်သွင်းရန် ရှိမရှိမေးမြန်းပြီးမရှိက မရှိကြောင်း မှတ်သားပါ။........................................................................။

အပိုဒ် ( ၃၇ )

ရှိပါက သက်သေစာရင်းကို တင်သွင်းစေရန်နှင့် အမှတ်"ဂ""ဃ" အဖြစ်မှတ်သား၍ လက်မှတ်တို ထိုးပြီး အမှုတွဲတွင် တွဲထားရမည်။

**စစ်ဆေးခြင်း**

၉။ စောဒကဖြစ်သူ ဘွဲ့အမည် ဦးမာလာအား မိမိ၏သီလကို အပိုဒ် ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စောဒက (၃၄) ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ—
(၃၅)

ယခု အငြင်းပွားနေသော ကျောင်းတိုက်ကို ရန်ကုန်မြို့ ပန်းဆိုးတန်း အမှတ် ၁၁၅-နေ ဒေါ်ငွေးက ဆရာတော်ဦးစန္ဒအား ရည်မှန်း၍ ဆောက် လုပ်လှူဒါန်းခဲ့ပါသည်။ ဦးစန္ဒသည် ထိုကျောင်းကို ဆရာတော်များ၏ ဆန္ဒအရ ပုဂ္ဂလိကအလှူခံ၍ နေထိုင်သီတင်းသုံးခဲ့ပါသည်။

ဆရာတော် ဦးစန္ဒသည် ထိုကျောင်း၌ ၂-ဝါခန့် သီတင်းသုံး၍ မမာ မကျန်းဖြစ်၍ မိမိတောအရပ်သို့ ခေတ္တကြွသွားစဉ် ရုတ်တရက် ပျံလွန် တော်မူခဲ့ပါသည်။

ဆရာတော် ဦးစန္ဒသည် အဆိုပါကျောင်းကို ဝိနည်းဓမ္မကံအရ လွှဲအပ် ခြင်း၊ ပေးစွန့်ခြင်းကို မပြုလုပ်နိုင်ခဲ့ပါ၊ ထိုသို့ မပြုလုပ်နိုင်ခဲ့၍ ထိုကျောင်း သည် အလိုအလျောက် မတသန္တက သံဃိကဖြစ်သွား၍ ဆရာတော်ကြီး များက သိမ်းယူလိုက်ပါသည်။

ထိုသို့ သိမ်းယူပြီးနောက် ဆရာတော်ကြီးများက အဆိုပါကျောင်း၌ ဂေါပိတ၊ရက္ခိတ အစောင့်အရှောက်အဖြစ် နေထိုင်သီတင်းသုံးရန် တပည့် တော် ဦးမာလာအား လွှဲအပ်ခဲ့ပါသည်။

တပည့်တော်သည် မကျန်းမာ၍ တပည့်တော်၏မြေးတော်သူ ဦးဇနိန္ဒ အား မိတ္တိလာမှခေါ်၍ ထိုကျောင်းတွင် နေထိုင်ခွင့် ပြုခဲ့ပါသည်။ ထို့နောက် ဆရာတော်ကြီးများက မိမိ၏ကျန်းမာမှုကို ငဲ့ကွက်၍ ထိုကျောင်းကို ဦးဇနိန္ဒအား လွှဲအပ်ပေးလိုက်ပါသည်။

ဦးဇနိန္ဒသည် ၁၃၄၁-ခုနှစ်၊ တပေါင်းလဆန်း ၁-ရက်နေ့မှစ၍ တပည့်တော်အား မလေးမခန့်ပြုလုပ်လာပါသည်။ ကျောင်းစည်းကမ်းများကိုလည်း ဆန့်ကျင်ဖက်ပြုလုပ်ပါသည်၊ ဦးဇနိန္ဒသည် ယင်းကျောင်းနေ ဦးနန္ဒနှင့်အတူ ပူးပေါင်းပြီး တပည့်တော်အား အမျိုးမျိုးဆန့်ကျင်ဖက်ပြုလာပါသည်။ ဆရာတော်ကြီးများက စေ့စပ်ပေးသော်လည်း ဦးဇနိန္ဒက မနာခံပါ။ ထို့ကြောင့် ဆရာတော်များထံ တင်ပြသည့်လျှောက်လွှာကို တင်သွင်းရခြင်း ဖြစ်ပါသည်။ သို့ပါ၍ ဦးဇနိန္ဒအား လွှဲပြောင်းပေးအပ်ထားသည့် သံဃိကကျောင်း အုပ်ချုပ်ရေးအခွင့်ကို ပြန်လည်ရုပ်သိမ်းပေးပါရန် တင်ပြအပ်ပါသည်။

---

**မှတ်ချက်။** (၁) လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် ၃၆-အရ လိုက်နာ ဆောင်ရွက်စေပြီးနောက် ထွက်ဆိုချက်ကို ရယူရမည်။

(၂) နေ့စဉ် အမှုစစ်ဆေးပြီးတိုင်း သံဃဝိနိစ္ဆယမှုခင်း စစ်ဆေးမှုကို ရပ်ဆိုင်းကြောင်းနှင့် မည်သည့်နေ့သို့ ချိန်းဆိုကြောင်း ကြေငြာပြီးလျှင် စစ်ဆေးချက်၏ အဆုံး၌ ရေးမှတ်ထားရမည်။

| ........................ | ........................ | ........................ |
| --- | --- | --- |
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၈-၁-၈၁)။

**စိစစ်ဆေးခြင်း**

၉။ စာဒကာ၏သက်သေဖြစ်သူ ဘွဲ့အမည် ဦးသူရိယအား မိမိသိလ အပိုဒ် ကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စာဒကာ၏ (၃၄) သက်သေဖြစ်သူ ပုဂ္ဂိုလ်က တွက်ဆိုသည်မှာ—

တပည့်တော်သည် ဤကျောင်း အငြင်းမပွား မီက ဤကျောင်း မှာပင် သီတင်းသုံးနေထိုင်ပါသည်။ ယခု အငြင်းပွားသည့်ကျောင်း၏ ဝဘက်တွင်ရှိသော ဝေပုလ္လကျောင်းတိုက်တွင် ပြောင်းရွှေ့ သီတင်းသုံး နေထိုင်ပါသည်။

ဦးမာလာနှင့် ဦးဇနိန္ဒတို့ကို တပည့်တော် ကောင်းစွာသိပါသည်။ ဦးဇနိန္ဒက ဦးမာလာအား အမျိုးမျိုး ဘူပူကြိမ်းမောင်းသည့်အပြင် ကျောင်းစည်းကမ်းအရ ဆရာတော် ခွင့်မပြုသည့် ရဟန်း ၂-ပါးကို ကျောင်းပေါ်သို့ တင်ထား၍ တပည့်တော်သည် ဝေပုလ္လကျောင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

အဆိုပါ ကျောင်းကို ဦးစန္ဒအား ဒေါ်ငွေးက လှူဒါန်းခဲ့ပါသည်။ ဦးစန္ဒသည် ထိုကျောင်းကို ပုဂ္ဂလိက အလှူခံ၍ သီတင်းသုံးခဲ့ပါသည်။

ဆရာတော် ဦးစန္ဒသည် ထိုကျောင်း၌ ၂ ဝါခန့် သီတင်းသုံးပြီးနောက် မကျန်းမာသဖြင့် မိမိ၏တောအရပ်သို့ ကြွသွားစဉ် အဆိုပါ တောအရပ်၌ ပင် ပျံလွန်တော်မူခဲ့ပါသည်၊ ဆရာတော် ဦးစန္ဒသည် အဆိုပါကျောင်းကို မည်သူတဦးတယောက်ကိုမျှ လွှဲအပ်ခြင်း ပေးစွန့်ခြင်း မပြုလုပ်နိုင်ခဲ့ပါ၊ ထို့ကြောင့် ဆရာတော်ကြီးများက အဆိုပါ ကျောင်းကို မတသန္တက ဖြစ်သွား၍ သိမ်းယူလိုက်ပါသည်၊ ထို့နောက် ထိုကျောင်း၌ အစောင့် အရှောက်အဖြစ် ဆရာတော် ဦးမာလာအား လွှဲအပ်ပေးခဲ့ပါသည်။

ဆရာတော် ဦးမာလာသည် ကောင်းစွာ မကျန်းမာ၍ မိမိမြေးတော်သူ ဦးဇနိန္ဒအား မိတ္တိလာမှခေါ်ယူပြီး ထိုကျောင်း၌ သီတင်းသုံးစေခဲ့ပါ

သည်၊ ဦးမာလာ၏ ခွင့်ပန်ချက်အရ ဆရာတော်ကြီးများကလည်း ဦးဇနိန္ဒအား ထိုကျောင်းကို လွှဲအပ်ပေးလိုက်သည်။

ထိုသို့ လွှဲအပ်ပြီးနောက် မျှားမကြာမီ အချိန်တွင် ဦးဇနိန္ဒသည် မိမိ၏ ဘိုးတော် ဦးမာလာအား မလေးမခန့်ပြုလုပ်ပါသည်၊ ဦးမာလာ၏ အဆုံးအမ ဩဝါဒကိုလည်း မနာခံပါ၊ နေ့စဉ်လိုပင် ဦးဇနိန္ဒသည် ဦးမာလာအား သူပုန်ကြီးမောင်းနေပါသည်၊ ထိုကျောင်းတွင်နေသော ဦးနန္ဒကလည်း ဦးဇနိန္ဒအား မြှောက်ပင့်ပေးနေပါသည်။ ဆရာတော်ကြီးများက ဦးဇနိန္ဒအား ခေါ်ယူစေ့စပ်ပေးသော်လည်း မနာခံပါ၊ ဦးဇနိန္ဒသည် မိမိထားလိုသော သံဃာတော် ၂-ပါးကို ဆရာတော်ကြီးများနှင့် ဦးမာလာ၏ ခွင့်ပြုချက်မရပဲ ဇွတ်အတင်း တင်ထားပါသည်။ တပည့်တော်တို့ကိုလည်း ရန်ပြုသည့်အတွက် ကြောက်ရွံ့သဖြင့် ဝေဠုလ္လ ကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ပါသည်။

**သဘာပတိမှတဆင့် စုဒိတက က တင်ပြမေးမြန်းခြင်း**

တပည့်တော်နှင့် ဦးဇနိန္ဒတို့ ရန်ဖြစ်၍ ယခုကဲ့သို့ ဦးမာလာဘက်က လိုက်ထွက်သည် ဆိုသည်မှာ မမှန်ပါ၊ ရန်တခါမှမဖြစ်ဘူးပါ၊ ဦးမာလာ၏ တပည့်ဆိုသည်မှာ မှန်ပါသည်၊ တပည့်တော်အား ဝေဠုလ္လကျောင်းက ပင့်၍ ပြောင်းရသည်ဆိုသည်မှာ မဟုတ်ပါ၊ တပည့်တော်က ဝေဠုလ္လ ကျောင်းဆရာတော်ကို ခွင့်ပန်၍ ပြောင်းရွှေ့သီတင်းသုံးနေရပါသည်။

............................ ............................ ............................

အဖွဲ့ဝင် သဘာပတိ အဖွဲ့ဝင်

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက်(၈-၁-၈၁)

**စစ်ဆေးခြင်း**

၉။ အပိုဒ် (၃၄) စောဒကၡ၏ သက်သေဖြစ်သူ ဘွဲ့အမည် ဦးနန္ဒအား မိမိသိလကို ဆင်ခြင် အောက်မေ့ရန် သတိပေးပြီးနောက် စောဒကၡ၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ—

တပည့်တော်သည် ဤ ကျောင်းနှင့်ပတ်သက်၍ အငြင်းမပွားမီက ဤ ကျောင်း၌ပင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ယခု ဤ ကျောင်း၏ဝဲဘက်ရှိ ဝေပုလ္လကျောင်းတိုက်တွင် ဦးသုရိယနှင့်အတူ ပြောင်းရွှေ့နေထိုင်ပါသည်။

ဦးဇနိန္ဒသည် ဦးမာလာ၏ မြေး ဖြစ်ပါသည်။ တပည့်တော်တို့ ဦးမာလာ ဦးဇနိန္ဒတို့နှင့်အတူ အငြင်းဖြစ်ပွားသည့် ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်စဉ်က ဆရာတော်များက ဦးဇနိန္ဒအား ကျောင်း အပ်ပြီး နောက်ပိုင်းတွင် ဤကျောင်း၌ သီတင်းသုံး နေထိုင်သော ဦးမာလာနှင့် တပည့်တော်တို့အား အမျိုးမျိုးဆူပူ၍ မနေနိုင်အောင် ပြုလုပ်ပါသည်၊ ဆရာတော်ဦးမာလာအားလည်း ဦးဇနိန္ဒက အမျိုးမျိုး ဆန့်ကျင်ဘက် ပြုပါသည်၊ ဦးမာလာ၏ ဆုံးမဩဝါဒကိုပင် လုံးဝမနာခံပဲ နေသည်ကို တွေ့ရပါသည်၊ တပည့်တော်တို့ကလည်း ဦးဇနိန္ဒအား ဆန့်ကျင်ဘက်မပြုရန် ပြောပါသည်။ ဦးဇနိန္ဒက ဆရာတော်ဦးမာလာ၏ ခွင့်ပြုချက် မရပဲ သံဃာ ၂-ပါးကို ကျောင်းပေါ်သို့ ပင့်တင်ထားပါသည်၊ ဤကဲ့သို့ မပြုလုပ်ရန် ဆရာတော်ဦးမာလာကလည်း ပြောပါသည်။ တပည့်တော်တို့ကလည်း ကူညီပြောပါသည်၊ သို့သော် မရပါ။ တပည့်တော် တို့ကိုပင် မနေနိုင်အောင် အမျိုးမျိုး ရန်ပြုလာပါသည်။ ထို့ကြောင့် တပည့်တော်တို့သည် ဝေပုလ္လကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရ ပါသည်။

အဆိုပါ ကျောင်းကို ဒေါ်ဌေးက ဦးစန္ဒအား ပုဂ္ဂလိကအဖြစ် လှူဒါန်း ခဲ့ပါသည်။

ဦးစန္ဒသည် ထိုကျောင်းတိုက်၌ ၂-ဝါခန့် သီတင်းသုံးနေထိုင်ပြီးနောက် ကျန်းမာမှု မရှိ၍ မိမိတောအရပ်သို့ ခေတ္တကြွသွားပါသည်။ ဆရာတော် ဦးစန္ဒသည် မိမိတော၌ပင် မကျန်းမာ၍ ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော် ဦးစန္ဒသည် ထိုကျောင်းကို မည်သူ တဦးတယောက်ကိုမျှ လှူအပ်ခဲ့ခြင်းလည်း မရှိပါ၊ ပေးစွန့်ခဲ့ခြင်းလည်း မရှိပါ။ ဆရာတော်များက ထိုကျောင်းကို မတသင်္ဃိကဖြစ်သွား၍ သိမ်းယူလိုက်ပြီးနောက် ဆရာတော် ဦးမာလာအား ထိုကျောင်း၏ အစောင့်အရှောက်အဖြစ် လှူအပ်ပါသည်။

ဆရာတော်ကြီးများ၏ ခွင့်ပြုချက်အရ ဆရာတော် ဦးမာလာသည် ကောင်းစွာ မကျန်းမာ၍ မိတ္ထိလာနေ မြေး ဦးဇနိန္ဒအား ထိုကျောင်း၌ သီတင်းသုံးနေစေခဲ့ပါသည်။

ထိုသို့ လှူအပ်ပြီးနောက် များမကြာမီ အချိန်တွင် ဦးဇနိန္ဒသည် ဦးမာလာအား မလေးမခန့် ပြုလုပ်ပါသည်။ ဦးမာလာ၏ ဆုံးမ သြဝါဒကိုလည်း မနာခံပါ။ နေ့စဉ်လိုပင် ဦးမာလာအား ဆူပူကြိမ်းမောင်းနေပါသည်။ ထိုကျောင်းတွင် နေထိုင်သော ဦးနန္ဒကလည်း ဦးဇနိန္ဒအား မြှောက်ပင့်ပေးပါသည်။ ဆရာတော်ကြီးများက စေ့စပ်ပေးသော်လည်း မနာခံပါ၊ တပည့်တော်တို့ကိုလည်း အမြဲလိုပင် ရန်ပြုနေပါသည်။

**သဘာပတိမှတဆင့် စုဒိတက က တင်ပြမေးမြန်းခြင်း**

တပည့်တော်သည် ဦးဇနိန္ဒနှင့် မသင့်မြတ်၍ ယခုကဲ့သို့ ထွက်ကြောင်းဆိုသည်မှာ မဟုတ်ပါ။ တပည့်တော်တို့က ဦးဇနိန္ဒအား ရန်လိုမှု လုံးဝ မရှိပါ။

| ............... | ............... | ............... |
|---|---|---|
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၈-၁-၈၁)

**စစ်ဆေးခြင်း**

၉။ အပိုဒ် (၃၄) စောဒကာ၏ သက်သေဖြစ်သူ ဘွဲ့အမည် ဦးဝိမလအား မိမိသိလကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စောဒကာ၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ –

တပည့်တော်သည် ပါသာဒိကာရုံကျောင်းတိုက်၌ သာမဏေဘဝကပင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ယခု အငြင်းဖြစ်ပွားသည့် ကိစ္စနှင့် ပတ်သက်၍ အလုံးစုံ သိရှိရပါသည်။

ဦးမာလာသည် ဦးဇနိန္ဒ၏ ဘိုးတော် ဖြစ်ပါသည်၊ ဦးဇနိန္ဒအား ဦးမာလာ၏တောင်းပန်ချက်အရ ဆရာတော်ကြီးများက အငြင်း ဖြစ်ပွားနေသည့် ကျောင်းတိုက်တွင် နေထိုင်ခွင့် ပြုခဲ့ပါသည်။ ဆရာတော်ကြီးများကလည်း ထိုကျောင်းကို ဦးမာလာ မကျန်းမာ၍ ဦးဇနိန္ဒအား လွှဲအပ်ပေးခဲ့ပါသည်။ ယင်းသို့ လွှဲအပ်ပေးစဉ်က ဦးဇနိန္ဒသည် ဦးမာလာနှင့် ဆရာတော်ကြီးများ၏ ဆုံးမ ဩဝါဒနှင့် ကျောင်းစည်းကမ်းကို လိုက်နာပါမည်ဟု ဝန်ခံခဲ့ပါသည်။

ထိုကျောင်းကို ဒေါ်ငွေးက ဦးစန္ဒအား ပုဂ္ဂလိကအဖြစ် လှူဒါန်းခဲ့ပါသည်၊ ဆရာတော် ဦးစန္ဒသည် နေမကောင်း၍ မိမိတောအရပ်သို့ ခေတ္တကြွသွားစဉ် မိမိတောအရပ်၌ ပျံလွန်တော်မူခဲ့ပါသည်၊ ထိုကျောင်းကို မည်သူ တဦးတယောက်ကိုမျှ ပေးစွန့်ခဲ့ခြင်း၊ လွှဲအပ်ခြင်း တစုံတရာ မရှိပါ။ ထို့ကြောင့် ထိုကျောင်းကို ဆရာတော်ကြီးများက သိမ်းယူခဲ့ပါသည်။ ထို့နောက် ဆရာတော်ကြီးများက ဦးမာလာအား ထိုကျောင်း၏ အစောင့်အရှောက်အဖြစ် လွှဲအပ်တော်မူကြပါသည်။

ဆရာတော် ဦးမာလာသည် ထိုသို့ လွှဲအပ်ပြီး နောက်ပိုင်း မကျန်းမမာဖြစ်၍ ဆရာတော်ကြီးများ၏ ခွင့်ပြုချက် ရယူပြီး မိမိ၏မြေး ဦးဇနိန္ဒအား မိတ္ထီလာမှ ခေါ်ပြီး ဤကျောင်း၌ သီတင်းသုံးစေခဲ့ပါသည်။ ဦးဇနိန္ဒသည် ကျောင်းကို ရရှိလာသည့်အခါ ဆရာတော် ဦးမာလာအား ဆန့်ကျင်ဘက်

အမျိုးမျိုး ပြုလာပါသည်။ ဆရာတော် ဦးမာလာ၏ ဆုံးမ ဩဝါဒကို မနာခံတော့ပါ။ ကျောင်းစည်းကမ်းကိုလည်း မလိုက်နာတော့ပါ။ ဆရာတော်များ၏ ခွင့်ပြုချက် မရပဲ သံဃာ ၂-ပါးကို ဤကျောင်းပေါ်သို့ တင်ထားပါသည်။

ဆရာတော် ဦးဇနိန္ဒသည် ဦးသုရိယနှင့် ဦးနန္ဒတို့အားလည်း ဤကျောင်း၌ မနေနိုင်အောင် ဆုပ္ပကြိမ်းမောင်း၍ ဦးသုရိယနှင့် ဦးနန္ဒတို့လည်း ဤကျောင်း၏ ဝဲဘက်ရှိ ဝေပုလ္လကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးနေထိုင်ခဲ့ကြရပါသည်။

တပည့်တော်နှင့် ဦးဇနိန္ဒတို့ သင့်မြတ်ပါသည်၊ တပည့်တော်သည်လည်း ဦးမာလာ၏ တူတော်ပါသည်။

**သဘာပတိမှတဆင့် စုဒိတက က တင်ပြမေးမြန်းခြင်း**

တပည့်တော်က ဤကျောင်းကို အုပ်ချုပ်လို၍ ဦးမာလာ၏ ဘက်မှ လိုက်ထွက်ဆိုသည်မှာ မမှန်ပါ။

................ ................ ................

အဖွဲ့ဝင် သဘာပတိ အဖွဲ့ဝင်

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၀-၁-၈၁)

၁၀။ စုဒိတကဖြစ်သူ ဘွဲ့အမည် ဦးဇနိန္ဒအား မိမိသိလကို ဆင်ခြင်

အပိုဒ် (၃၄) အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတက ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ—

(၃၅) တပည့်တော်သည် ဆရာတော် ဦးမာလာ၏ မြေးတော်ဖြစ်ပါသည်။

အငြင်းပွားသည့်ကျောင်းသို့ ဦးမာလာခေါ်၍ သီတင်းသုံးနေထိုင်ခြင်းမဟုတ်ပါ၊ ဆရာတော် ဦးစန္ဒက ဤကျောင်း၌ သီတင်းသုံးရန် ခွင့်ပြု၍ သီတင်းသုံးခြင်း ဖြစ်ပါသည်။ ဦးစန္ဒသည် မိမိတောရပ်သို့ ရောက်လာသည့်အခါ မိမိအား ခေါ်၍ ဆရာတော်ဦးစန္ဒ မပျံလွန်မီ အငြင်းပွားသည့် ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ရန် လွှဲအပ်ခဲ့ပါသည်။ ထိုသို့လွှဲအပ်သည့် အချိန်က ဆရာတော် ဦးဥက္ကဋ္ဌ သိပါသည်။

တပည့်တော်သည် ဆရာတော်ဦးမာလာအား ဆန့်ကျင်ဘက် မပြုလုပ်ခဲ့ရပါ။ ဆရာတော်၏ ဩဝါဒကိုလည်း နာခံခဲ့ပါသည်။ ကျောင်းစည်းကမ်းကိုလည်း လိုက်နာပါသည်။ မိမိသည် ကောင်းမြတ်သောကျောင်းစည်းကမ်းများကိုလည်း ချမှတ်၍ ဆောင်ရွက်နေပါသည်။

တပည့်တော်သည် ဦးနန္ဒနှင့် ပူးပေါင်း၍ ဦးမာလာအား အမျိုးမျိုးဆန့်ကျင်ဘက် ပြုလုပ်သည်ဆိုတာ မဟုတ်ပါ။ ဆရာတော်ကြီးများက တပည့်တော်အားခေါ်ယူ၍ စေ့စပ်သည့်အခါက တပည့်တော်အား ဤကျောင်း အုပ်ချုပ်ခွင့်ကို ဆရာတော်ဦးစန္ဒက လွှဲအပ်ခဲ့ကြောင်း တင်ပြလျှောက်ထားခဲ့ပါသည်။ ဤကျောင်းသည် ပုဂ္ဂလိကကျောင်းအဖြစ် ဆရာတော်ဦးစန္ဒက သီတင်းသုံးနေထိုင်ခဲ့ခြင်း၊ ဆရာတော်ဦးစန္ဒမပျံလွန်မီ တပည့်တော်အား လွှဲအပ်ခဲ့ပါ၍ ဤကျောင်းကို ပုဂ္ဂလိကကျောင်းအဖြစ် တပည့်တော်က ထိန်းသိမ်း အုပ်ချုပ်ခဲ့ပါသည်။

စောဒက ဦးမာလာဘက်မှ တင်ပြသွားသည့် သက်သေများနှင့် တပည့်တော်မှာ သင့်မြတ်မှုမရှိပါ။ ထိုရဟန်းသံဃာများက တပည့်တော်

အား ဤကျောင်း၌ မနေနိုင်အောင်ရန်ရှာကြပါသည်။ တပည့်တော်က ၎င်းတို့အပေါ် ဆူပူကြိမ်းမောင်းခဲ့ခြင်းမရှိပါ။ ဦးဝိမလကလည်း ဤကျောင်းကို အုပ်ချုပ်လို၍ တပည့်တော်ကို အမြဲလိုပင် ရန်ရှာနေပါသည်။

တပည့်တော်အား ဤကျောင်းကို ဆရာတော်ဦးစန္ဒက ထိန်းသိမ်းအုပ်ချုပ်ခွင့် လွှဲအပ်ခဲ့သည့်အတွက် ဦးမာလာ လျှောက်ထားသည့်အတိုင်း ဆောင်ရွက်ရန်မဟုတ်ပါ။ ဦးမာလာ၏ လျှောက်ထားချက်ကို ပယ်သင့်ပါသည်။

## သဘာပတိမှတဆင့် စောဒကက တင်ပြမေးမြန်းခြင်း

ဆရာတော် ဦးမာလာက တပည့်တော်အား ခေါ်ယူ၍ အဆိုပါကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ရန် ဆရာတော်ကြီးများအား ခွင့်ပန်ပြီးမှ သီတင်းသုံးနေထိုင်စေခဲ့ပါသည်ဆိုခြင်းကို မသိပါ။ ဆရာတော် ဦးမာလာက တပည့်တော်အား ခေါ်ယူ၍ သီတင်းသုံးနေထိုင်စေခဲ့သည်ဆိုခြင်းကို ငြင်းဆိုခဲ့ပါသည်။ ထိုသို့သီတင်းသုံး နေထိုင်ရန် ဆရာတော်ကြီးများနှင့် ဦးမာလာက မိမိအား လွှဲအပ်ကြောင်း မှတ်တမ်းတင်စာအုပ်တွင် ဦးမာလာက မှတ်တမ်းတင်ခဲ့သည်ဆိုသည်မှာ ဟုတ်ပါသည်။ သို့သော် ဆရာတော်များက မှတ်တမ်းတွင် လက်မှတ်ရေးထိုးမှ အဆိုပါကျောင်း၌ သီတင်းသုံးခွင့်ပြုမည်ဟု အမိန့်ရှိ၍သာ လက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်ပါသည်။

**မှတ်ချက်။** လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် ၃၆-အရ လိုက်နာဆောင်ရွက်စေပြီးနောက် ထွက်ဆိုရမည်။

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက်(၈-၁-၈၁)

| | | |
|---|---|---|
| ........................ | ........................ | ........................ |
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

၁၀။ စုဒိတက၏ သက်သေဖြစ်သူ ဘွဲ့အမည် ဦးဥက္ကဋ္ဌအား မိမိသိလ
အပိုဒ်
(၃၄)
ကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတက၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ –

တပည့်တော်သည် ဤကျောင်းသို့ မရောက်မီက ပဲခူးတိုင်း ခံပက်ရွာ၊ ဟံသာဝတီကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ခဲ့ပါသည်။ ထိုသို့ သီတင်းသုံးနေထိုင်စဉ် ထိုကျောင်းသို့ ဆရာတော် ဦးစန္ဒ မကျန်းမမာ၍ သီတင်းသုံးရန် ရောက်ရှိလာပါသည်။ ထိုအခါက ဆရာတော်ဦးစန္ဒသည် စုဒိတက ဦးဇနိန္ဒအား ခေါ်ယူ၍ ဟံသာဝတီကျောင်းတိုက်၏ အခြေအနေကို မေးမြန်းတော်မူပါသည်။ ဆရာတော် ဦးစန္ဒနှင့် ဦးဇနိန္ဒတို့ ထိုနေ့က စကားပြောနေကြစဉ် တပည့်တော်သည် ရွာထဲသို့ ကိစ္စရှိ၍ ကြွသွားခဲ့ပါသည်။

နောက်များ မကြာမီရက်အတွင်း ဆရာတော် ဦးစန္ဒသည် ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ပျံလွန်တော်မူပြီးနောက် တလနှစ်လခန့် အချိန်တွင် ဦးဇနိန္ဒက တပည့်တော်အား ဦးဇနိန္ဒသီတင်းသုံးသည့် မိတ္ထိလာကျောင်းသို့ ပင့်သွားပါသည်။ မိတ္ထိလာကျောင်းသို့ ရောက်သည့်အခါ ဦးဇနိန္ဒက တပည့်တော်အား ယခုအငြင်းပွားသည့်ကျောင်းသို့ သွားရောက်သီတင်းသုံးနေထိုင်ကြရန် ခေါ်၍ လိုက်သွားပါသည်။

ယခု အငြင်းပွားနေသည့် ကျောင်းတိုက်သို့ ရောက်သွားသည့်အခါ ဆရာတော်ဦးမာလာကို တွေ့ပါသည်။ဆရာတော်ဦးမာလာနှင့် ဆရာတော်များက ဦးဇနိန္ဒအား အငြင်းပွားသည့် ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ရန် မေတ္တာရပ်ခံကြောင်း၊ နောက်ပိုင်းတွင် ဦးဇနိန္ဒက ပြောပြ၍ သိရပါသည်။

တပည့်တော်သည် ထိုကျောင်း၌ စာသင်သားသာ ဖြစ်ပါသည်။ နေ့စဉ်လိုပင် တပည့်တော်သည် ရန်ကုန်မြို့ ဗဟန်းကျောင်းတိုက်သို့ သွား၍ ဆရာတော်များထံမှာ စာသင်ယူနေခဲ့ပါသည်။ ထို့ကြောင့် ဦးမာလာနှင့် ဦးဇနိန္ဒတို့ မည်သို့မည်ပုံ ဖြစ်ကြသည်ကို တိတိကျကျ မသိပါ။ အဆိုပါ

ကျောင်းကို ဦးမာလာက ဦးဇနိန္ဒအား လွှဲအပ်ခြင်း ရှိမရှိကိုလည်း မသိပါ။ ဦးဇနိန္ဒနှင့် စောဒကာ၏ သက်သေများ သင့်မြတ်မှု ရှိ မရှိကိုလည်း မိမိ ကိုယ်တိုင် မသိပါ။

............ ................ ............

အဖွဲ့ဝင် သဘာပတိ အဖွဲ့ဝင်

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၈-၁-၈၁)။

၁၀။ အပိုဒ် (၃၄) စုဒိတကာ၏ သက်သေဖြစ်သူ ဘွဲ့အမည် ဦးဇောတိကအား မိမိသိလကို ဆင်ခြင် လောက်မေးရန် သတိပေးပြီးနောက် စုဒိတကာ၏ သက်သေဖြစ်သူ ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ—

တပည့်တော်သည် အငြင်းပွားနေသည့် ကျောင်းဝဲဖက်ရှိ ဝေပုလ္လ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ပါသည်။ များမကြာမီက ဦးသုရိယ နှင့် ဦးနန္ဒတို့သည် ဝေပုလ္လကျောင်းတိုက်ဖက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါ သည်။ ဝေပုလ္လကျောင်း ဆရာတော်က ဦးသုရိယနှင့် ဦးနန္ဒတို့အား ဝေပုလ္လ ကျောင်း၌ နေထိုင်ခွင့်ပေးပါသည်။ ဦးသုရိယနှင့် ဦးနန္ဒတို့ ပြောပြချက် အရ ဦးဇနိန္ဒက ဦးသုရိယနှင့် ဦးနန္ဒတို့အား အငြင်းပွားသည့် ကျောင်း၌ ဆက်လက်နေထိုင်ခွင့် မပေး၍ ဝေပုလ္လကျောင်း ဆရာတော်အား ခွင့်ပန်ပြီး နေကြောင်း ပြောပြ၍ သိရပါသည်။

တပည့်တော်သည် သာသနာပြုရန်အတွက် နယ်လှည့် သွားလာနေရ၍ အခြားအကြောင်းများ မသိပါ။

............ ................ ............

အဖွဲ့ဝင် သဘာပတိ အဖွဲ့ဝင်

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၈-၁-၈၁)။

၁၁။ နှစ်ဖက်သော သက်သေများကို စစ်ဆေးပြီးနောက် သံဃာဝိနိစ္ဆယ အဖွဲ့က ပြန်ခေါ်၍ ထပ်မံစစ်ဆေးလိုသော (သို့မဟုတ်) အဖွဲ့က အသစ် စစ်ဆေးလိုသော သက်သေများရှိပါက စစ်ဆေးရန် ဖြစ်သည်။

အပိုဒ် (၄၁)

ဦးမာလာအား မိမိသိလကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် ထိုပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ—

တပည့်တော်သည် ဦးမာလာနှင့် ဦးဇနိန္ဒတို့အား သိရှိပါသည်။ နှစ်ဦးစလုံးနှင့် ခင်မင်ပါသည်။ အငြင်းပွားနေသည့် ကျောင်းကိစ္စနှင့် ပတ်သက်၍ သိရှိပါသည်။

ထိုကျောင်းကို ပုဂ္ဂလိကအဖြစ် အလှူခံပြီး သီတင်းသုံးနေထိုင်သည့် ဆရာတော် ဦးစန္ဒ ပျံလွန်တော်မူပြီးနောက် မည်သူတဦးတယောက်ကိုမျှ လွှဲအပ်နှံခြင်း လှူဒါန်းပေးအပ်ခဲ့ခြင်း မရှိပါ၍ ဆရာတော်ကြီးများက သိမ်းပိုက်ခဲ့ပါသည်။

ဆရာတော်ကြီးများက ဦးမာလာအား ကျောင်းအစောင့်အရှောက် အဖြစ် လွှဲအပ်ခဲ့ပါသည်။ ထိုသို့လွှဲအပ်ပြီးနောက် မှုံ့မကြာမီ ဆရာတော် ဦးမာလာ မကျန်းမမာ၍ ဦးဇနိန္ဒအား မိတ္တိလာမှခေါ်ယူပြီး ဆရာတော် ကြီးများ၏ ခွင့်ပြုချက်ဖြင့် ထိုကျောင်း၌ သီတင်းသုံး နေထိုင်စေခဲ့ပါ သည်။ ယခုတင်ပြသည့် မှတ်တမ်းစာအုပ်တွင် ဦးဇနိန္ဒအား ထိုကျောင်း၌ ဆရာတော် ဦးဝိမလ ကျန်းမာသဖြင့် သီတင်းသုံးနေထိုင်ခွင့်ကို ဆရာ တော်ကြီးများက ဦးဇနိန္ဒအား ခွင့်ပြုခဲ့ပါသည်။ ထိုသို့ ခွင့်ပြုကြောင်း အပြည့်အစုံ ရေးမှတ်ထားတွင် ဖော်ပြထားပါသည်။ ထိုမှတ်တမ်းကို အမှတ် (င) အဖြစ် သတ်မှတ်သည်။

ထိုမှတ်တမ်း၌ ဦးဇနိန္ဒက လက်မှတ်ရေးထိုးထားပါသည်။ ထိုမှတ်တမ်း တွင် ဦးဇနိန္ဒအား ဦးစန္ဒ မပျံလွန်မီက ခေါ်ယူ၍ အငြင်းပွားနေသည့် ကျောင်းကို ဦးစန္ဒက လှူခဲ့ကြောင်း ဦးဇနိန္ဒက တစုံတရာကို ပြော ဆိုခဲ့ခြင်း မရှိပါ၊ ထိုသို့ မပြောခဲ့၍ မှတ်တမ်းတွင် ဖော်မပြပါ။ အကယ်၍

ထိုအချိန်က ထိုသို့ မှတ်တမ်းတင်ရန် ပြောခဲ့မည်ဆိုလျှင် တပည့်တော်က မှတ်တမ်းတင်ပေးရန် အသင့်ရှိပါသည်။ ဦးဇနိန္ဒက ယင်းသို့ မပြောခဲ့၍ မှတ်တမ်း မတင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို မှတ်တမ်းကို ဦးဇနိန္ဒကိုယ်တိုင် သေချာစွာဖတ်ရှုပြီး ကျေနပ်မှ လက်မှတ် ရေးထိုးခဲ့ပါသည်။ ယင်းသို့ လက်မှတ်ရေးထိုးရန် တစုံတဦး တယောက်ကမှ ခြိမ်းခြောက်ခြင်း သွေးဆောင်ခြင်း မတရား အတင်းအကြပ် မပြုလုပ်ခဲ့ပါ။

| | | |
|---|---|---|
| ...................... | ...................... | ...................... |
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

**မှတ်ချက်။** ။လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် - ၃၆ အရ လိုက်နာဆောင်ရွက်စေပြီးနောက် ထွက်ဆိုချက်များ ရယူရန် ဖြစ်ပါသည်။

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၃-ရက် (၈-၁-၈၁)။

၁၂။ စာဒကာ၏ နောက်ဆုံး တင်သွင်းခြင်း။

ယခု အငြင်းပွားနေသည့်ကျောင်းကို ဆရာတော်ဦးစန္ဒသည် ပုဂ္ဂလိက အဖြစ် အလှူခံ၍ သီတင်းသုံးနေထိုင်ပြီးနောက် မည်သူတဦးတယောက်ကိုမျှ ပေးလှူခဲ့နိုင်ခြင်း၊ လွှဲအပ်နိုင်ခဲ့ခြင်း မရှိပဲ ပျံလွန်တော်မူခဲ့ကြောင်း သက်သေများ၏ ထွက်ချက်အရ ထင်ရှားပါသည်။ ဦးစန္ဒ ပျံလွန်တော်မူပြီးသည့်နောက် ထိုကျောင်းကို တပည့်တော်အား အစောင့်အရှောက်အဖြစ် ဆရာတော်ကြီးများက လွှဲအပ်ခဲ့ကြောင်း၊ တပည့်တော်က နေမကောင်းသဖြင့် တပည့်တော်၏မြေး ဦးဇနိန္ဒအား ဆရာတော်ကြီးများ၏ ခွင့်ပြုချက်အရ ထိုကျောင်း၌ သီတင်းသုံးနေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ယင်းသို့ ခွင့်ပြုခဲ့ပြီးနောက် ဦးဇနိန္ဒသည် မိမိ၏ ဩဝါဒကိုလည်း မနာခံ

ကျောင်းစည်းကမ်းကိုလည်း လုံးဝ မလိုက်နာပဲ ဆောင်ရွက်ကြောင်း သက်သေများ၏ ထွက်ချက်အရ ထင်ရှားပါသည်။ စုဒိတက ဦးဇနိန္ဒသည် မိမိ၏ဆုံးမဩဝါဒနှင့် ကျောင်းစည်းကမ်းကို လိုက်နာကြောင်း အထောက်အထား တစုံတရာ တင်ပြနိုင်ခဲ့ခြင်း မရှိပါ။ ဦးဇနိန္ဒ၏ အဆိုအရ ဦးစန္ဒ မပျံလွန်မီ ၎င်းအား ခေါ်ယူ၍ အငြင်းပွားသည့်ကျောင်းကို ယင်းအား လွှဲအပ်ခဲ့ကြောင်း။ ယင်းကျောင်းသည် ပုဂ္ဂလိကအဖြစ် တည်ရှိခဲ့ကြောင်း တင်ပြခဲ့သော်လည်း သက်သေခံ တင်ပြနိုင်ခဲ့ခြင်း မရှိပါ။ ယင်းကျောင်းသည် ပုဂ္ဂလိက ကျောင်းအဖြစ်မှ သံဃိကကျောင်းအဖြစ်သို့ ရောက်ရှိခဲ့သဖြင့် ဆရာတော်ကြီးများက တပည့်တော်အား ထိုကျောင်းကို အစောင့်အရှောက်အဖြစ် လွှဲအပ်ခဲ့ကြောင်း၊ သက်သေခံ အထောက်အထားများ အရ ထင်ရှားပါသည်။

ဦးမာဃ၏ထွက်ချက်အရ တပည့်တော် လျှောက်ထားတင်ပြချက်များကို ပေါ်လွင် တင်ရှားစေပါသည်။ သို့ပါ၍ အဆိုပါ ကျောင်းအား ထိန်းသိမ်းအုပ်ချုပ်ခွင့်ကို ဦးဇနိန္ဒထံမှ ပြန်လည် ရုပ်သိမ်းသင့်ပါသည်။ တပည့်တော် လျှောက်ထား စွဲဆိုသည့်အတိုင်း ဆုံးဖြတ်ချက် ချပေးပါရန် တင်ပြ လျှောက်ထားအပ်ပါသည်။

.................... .................... ....................

အဖွဲ့ဝင် သဘာပတိ အဖွဲ့ဝင်

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၄-ရက် (၉-၁-၈၁)။

၁၃။ စုဒိတက၏နောက်ဆုံး တင်သွင်းခြင်း—

တပည့်တော်၏ ထွက်ချက်များကို တပည့်တော်၏ သက်သေများဖြစ်သော ဦးဥက္ကဋ္ဌနှင့် ဦးဇေ တိကတို့က ထောက်ခံထွက်ဆို ထားပါသည်။ ဦးစန္ဒ မကွယ်လွန်မီ တပည့်အား ခေါ်ယူ၍ ကျောင်းကို ပေးအပ်ခဲ့ကြောင်း တပည့်တော် တင်ပြခဲ့ပါသည်။ ထိုသို့ ကျောင်းကို ဦးစန္ဒက ခေါ်ယူလွှဲအပ်သည့်အခါ ဦးဥက္ကဋ္ဌလည်း ပါလာပါသည်။ သို့သော် အဆိုပါ ဆရာတော်က ဦးဇနိန္ဒအား ကျောင်းလွှဲအပ်ကြောင်း သိသည်ဟု ထွက်ဆိုခဲ့ခြင်း မရှိသော်လည်း ဦးစန္ဒက မိမိအား ခေါ်ယူကြောင်းမှာ ထင်ရှားပါသည်။ ဦးစန္ဒက အဆိုပါကျောင်းကို မိမိအား အမှန် လွှဲအပ်ခဲ့ပါသည်။ မိမိ၏သီလကို အမှန်ယုံကြည်ပါသည်။ သို့ပါ၍ အဆိုပါကျောင်းကို မိမိအား ဦးစန္ဒက လွှဲအပ်ကြောင်း မိမိ၏သီလကို သက်သေပြု၍ တင်ပြခြင်း ဖြစ်ပါသည်။ တပည့်တော် ဦးမာသရေးသားသည့် မှတ်တမ်းကို ဆရာတော်ကြီးများက လက်မှတ်ရေးထိုးမှသာ ထိုကျောင်း၌ နေနိုင်ပြီမည်ဟု ဆို၍သာ လက်မှတ်ရေးထိုးခဲ့ရခြင်း ဖြစ်ပါသည်။ ထိုမှတ်တမ်းတွင် ဖော်ပြထားသည့် အကြောင်းအချက်များမှာ မမှန်ပါ၊ တပည့်တော်၏ တင်ပြချက်များသာ မှန်ကန်ပါသည်။ သို့ပါ၍ ဦးမာလာ၏ လျှောက်ထားချက်ကို ပယ်ပေးပါရန် တင်ပြအပ်ပါသည်။

| ............ | ................. | ............ |
|---|---|---|
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၄-ရက် (၉-၁-၈၁)။

၁၄။ အပိုဒ် (၄၁) သံဃဝိနိစ္ဆယအဖွဲ့၏ ပေါင်းရုံး သုံးသပ်ချက် (ကောက်ချက်)- စာဒကဦးမာလာ တင်ပြချက်အရ ဦးမာလာသည် မိမိနေမကောင်း၍ မိမိ၏မြေးအား ဆရာတော်ကြီးများကို ခွင့်ပန်၍ အဆိုပါအခြင်းပွားသည့်ကျောင်း၌ သီတင်းသုံးနေထိုင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ယင်းသို့ ခွင့်ပြုပြီးနောက် ဦးမာလာ၏မြေး ဦးဇနိန္ဒသည် ဦးမာလာ၏ သုံးမြဲပရိက္ခရာများကိုလည်းကောင်း၊ ကျောင်းစည်းကမ်း များကိုလည်းကောင်း လေးစားလိုက်နာခြင်း မပြုလုပ်လာကြောင်း၊ ကျောင်းစည်းကမ်းကိုလည်း မလိုက်နာပဲ ရဟန်း ၂-ပါးကို အဆိုပါ ကျောင်းအောက်ထပ်၌ မည်သူ့ဟုဦးတယောက်၏ ခွင့်ပြုချက်ကို ရယူခြင်းမရှိပဲ မိမိသဘောဆန္ဒအရ ထားရှိကြောင်း၊ ဦးမာလာ၏ သက်သေများပင် အဆိုပါကျောင်း၌ မနေနိုင်အောင် အမျိုးမျိုး ဆူပူကြိမ်းမောင်းကြောင်း။ ထိုသက်သေများသည် ဦးဇနိန္ဒ၏ ဆူပူကြိမ်းမောင်းမှုဒဏ်ကို မခံနိုင်သဖြင့် အဆိုပါကျောင်းအနီးရှိ ပေပုလ္လကျောင်းတိုက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ပေါ်လွင်ပါသည်။ ဦးမာလာ၏ထွက်ချက်ကို ဦးသုရိယ၊ ဦးနန္ဒနှင့် ဦးဝိမလတို့က တိုက်ကျကျ ထောက်ခံထွက်ဆိုခဲ့ပါသည်။ ထို့ကြောင့် ဦးမာလာ၏ တင်ပြချက်များမှာ ယင်းသက်သေများ၏ ထွက်ဆိုချက်များအရ ခိုင်မာမှုရှိပါသည်။

ဦးဇနိန္ဒ၏ထွက်ဆိုချက်များအရ ဦးဇနိန္ဒသည် အဆိုပါကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးရခြင်းမှာ ဦးစန္ဒမပံ့လွန်မီ ဦးစန္ဒက ယင်းအား အဆိုပါကျောင်းကို လွှဲအပ်ခဲ့၍သာ ဖြစ်ကြောင်း၊ မိမိသည် ဦးမာလာ၏ ပရိက္ခရာနှင့် ကျောင်းစည်းကမ်းများကို လိုက်နာခဲ့ကြောင်း ထွက်ဆိုခဲ့သော်လည်း ယင်း၏ သက်သေများဖြစ်သော ဦးဥက္ကဋ္ဌနှင့် ဦးဇောတိကတို့က ထောက်ခံ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဦးဇနိန္ဒ၏ လျှောက်ထား တင်ပြချက်များမှာ မဟုတ်မှန်ဟု သုံးသပ်ရပါသည်။ အားလုံးကို ခြုံ၍သုံးသပ်ရပါလျှင် ဦးမာလာ၏ တင်ပြချက်များမှာ ဦးဇနိန္ဒ၏ တင်ပြချက်များထက် ပိုမိုခိုင်မာ၍ ယုတ္တိရှိကြောင်း သုံးသပ်တွေ့ရှိ

ရပါသည်။ ဖော်ပြပါ အကြောင်းများကို ထောက်ထား၍ အဆိုပါ ဦးဇနိန္ဒသည် ကျောင်းကို လက်ခံယူပြီးနောက် ဦးမာလာအား ဆန့်ကျင်ဖက်ပြုကြောင်း၊ ကျောင်းစည်းကမ်းကို ဆန့်ကျင်၍ ရဟန်း ၂-ပါးကို မိမိသဘောအရ ထားရှိကြောင်း ပေါ်လွင်ပါသည်။

| ............ | ............ | ............ |
|---|---|---|
| အဖွဲ့ဝင် | သဘာပတိ | အဖွဲ့ဝင် |

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၆-ရက် (၁၁-၁-၈၁)။

၁၅။ ဆုံးဖြတ်ချက်–

အပိုဒ် ဆရာတော်ကြီးများက ပါသာဒိကာရုံကျောင်း ထိန်းသိမ်းအုပ်
(၄၁) ချုပ်ခွင့်ကို ဦးဇနိန္ဒထံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

(၁) ဦးကုဏ္ဍလ
အဖွဲ့ဝင်

ဦးကေလာသ
အဖွဲ့ခေါင်းဆောင်ဆရာတော်

(၂) ဦးသီတလ
အဖွဲ့ဝင်

(၃) ........................
အဖွဲ့ဝင်

(၄) ........................
အဖွဲ့ဝင်

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၆-ရက် (၁၁-၁-၈၁)။

## မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးအပ်သော သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်

[လုပ်ထုံးလုပ်နည်းများ အပိုဒ်–၄၂]

### သံဃဝိနိစ္ဆယအဖွဲ့

၁၃၄၂ ခုနှစ်၊ ဝိနည်းမှုကံ မှုခင်းအမှတ် (၁)

စောဒကပုဂ္ဂိုလ် ဦးမာလာနှင့် စုဒိတကပုဂ္ဂိုလ် ဦးဇနိန္ဒ၊ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါသာဒိကာရုံကျောင်းတိုက်၌ဖြစ်ပွားသော ပါသာဒိကာရုံကျောင်းကို ထိန်းသိမ်းအုပ်ချုပ်ခွင့် ရုပ်သိမ်းရန် ဝိနည်းမှုကံ မှုခင်းကို လှိုင်မြို့နယ် သံဃနာယကအဖွဲ့က ရွေးချယ် ဖွဲ့စည်းအပ်သည့် ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့က ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဝိနည်းတရားတော်နှင့်အညီ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်သည်။

### ဆုံးဖြတ်ချက်

ဆရာတော်များက ပါသာဒိကာရုံကျောင်း ထိန်းသိမ်း အုပ်ချုပ်ခွင့်ကို ဦးဇနိန္ဒထံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

### ဝိနည်းဓိုရ်ဆရာတော်ကြီးများ

| | | ဘွဲ့တော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|---|
| | (၁) | ဦးကောသလ | ဓမ္မပါလကျောင်း | .................... |
| | (၂) | ဦးကုဏ္ဍလ | ပါသာဒိကာရုံကျောင်း | .................... |
| သံဃဝိနိစ္ဆယ | (၃) | ဦးသီတလ | ပါသာဒိကာရုံကျောင်း | .................... |
| အဖွဲ့တံဆိပ် | (၄) | .................... | .................... | .................... |
| | (၅) | .................... | .................... | .................... |

ရက်စွဲ၊ ၁၃၄၂-ခု ပြာသိုလဆန်း ၆-ရက် (၁၁-၁-၈၁)

အသိသက်သေများ—

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များ ဦးလှ

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ပေးအပ်သူများ ဦးဘ

## မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်သည့် ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်းအမိန့်

[လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၄]

၁။ လှိုင်မြို့နယ် သံဃနာယကအဖွဲ့သည် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါသာဒိကာရုံကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်သော စောဒက ဦးမာလာနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါသာဒိကာရုံကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စုဒိတက ဦးဇနိန္ဒတို့၏ ပါသာဒိကာရုံကျောင်း၌ ဖြစ်ပွားသော ဝိနည်းမှုကိစ္စ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေး ဆုံးဖြတ်ပေး ရန်အတွက် အောက်ဖော်ပြပါ ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင် သော သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်းတိုက် | သက်တော် | သိက္ခာ |
|---|---|---|---|---|
| ၁။ | ဦးကေလာသ | မွေပါလကျောင်း | ၄၀ | ၂၀ |
| ၂။ | ဦးကုဏ္ဍလ | ပါသာဒိကာရုံ | ၃၇ | ၁၇ |
| ၃။ | ဦးသီတလ | ပါသာဒိကာရုံ | ၃၅ | ၁၅ |
| ၄။ | ............... | ............... | ............... | ............... |
| ၅။ | ............... | ............... | ............... | ............... |

၂။ အထက်ပါ သံဃဝိနိစ္ဆယအဖွဲ့တွင် သင့်လျော်ရာတပါးကို သဘာပတိ အဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်များအဖြစ် ဆောင် ရွက်တော်မူကြရန် ဖြစ်ပါသည်။

မြို့နယ်သံဃနာယကအဖွဲ့
တံဆိပ်

ဥက္ကဋ္ဌ
လှိုင်မြို့နယ်
မြို့နယ်သံဃနာယကအဖွဲ့
ရန်ကုန်တိုင်း။

စာအမှတ် ၁/၁၃၄၂
ရက်စွဲ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁ ရက် (၆-၁-၈၁)
အမှတ် "က"
အဖွဲ့ခေါင်းဆောင်

သို့

ရပ်ကွက်သံဃနာယကအဖွဲ့

၁၆-ရပ်ကွက်

လှိုင်မြို့နယ်

ရေနံ့၊ ၁၃၄၂-ခု တန်ဆောင်မုန်းလဆန်း ၁၁-ရက်။

အကြောင်းအရာ။ ။ရန်ကုန်တိုင်းလှိုင်မြို့နယ် ၁၆-ရပ်ကွက်ပါသာဒိကာရုံ ကျောင်းကိစ္စ။

အကြောင်းအရာပါ ကျောင်းတိုက်ကို ဆရာတော်ကြီးများက အုပ်ချုပ်လျက် ရှိပါသည်၊ အဆိုပါကျောင်းကို ရန်ကုန်မြို့ ပန်းဆိုးတန်း အလယ်လမ်း အမှတ် ၁၁၅-နေ ဒေါ်ငွေးက ဘုန်းတော်ကြီး ဦးစန္ဒာအား ရည်မှန်း၍ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဘုန်းတော်ကြီး ဦးစန္ဒသည် ကျောင်းကို ဥက္ကဋ္ဌမဟာထေရ်ဆရာတော်ကြီးများ၏ ဆန္ဒအရ ပုဂ္ဂလိကအလှူခံ၍ နေထိုင်သီတင်းသုံးခဲ့ပါသည်။

ဘုန်းတော်ကြီး ဦးစန္ဒသည် ထိုကျောင်း၌ ၂-ဝါခန့် နေထိုင်ပြီးနောက် မကျန်းမာသဖြင့် မိမိဇာတိအရပ်သို့ ခေတ္တကြွသွား၍ ဆေးဝါးကုသနေစဉ် ရုတ်တရက် တော၌ ပျံလွန်တော်မူခဲ့ပါသည်။ ဘုန်းတော်ကြီး ဦးစန္ဒသည် ယင်းပိုင် ပုဂ္ဂလိက ပါသာဒိကာရုံကျောင်းကို မည်သူတဦးတယောက်ကိုမျှ လွှဲအပ်ခြင်း ပေးစွန့်ခြင်း ပြုလုပ်နိုင်ခြင်းမရှိပဲ ပျံလွန်တော်မူခဲ့ပါသည်။

ထိုကဲ့သို့ ဝိနည်းဓမ္မကံအရ လွှဲအပ်ခြင်း ပေးစွန့်ခြင်းကို မပြုလုပ်နိုင်သည့်အတွက် ဘုန်းကြီး ဦးစန္ဒပိုင် ပါသာဒိကာရုံကျောင်းသည် ဒာလိုအလျောက် မတာသန္တက ဖြစ်သွားခဲ့ပါသည်။ ယင်းသို့ မတာသန္တက ဖြစ်သွားသည့်အတွက် ဆရာတော်ကြီးများက အဆိုပါ ကျောင်းကို သိမ်းယူလိုက်ပါသည်။

ဆရာတော်ကြီးများသည် အဆိုပါ ကျောင်း၌ “ဂေါပိက–ရက္ခိတ” အစောင့်အရှောက်အဖြစ် နေထိုင်သီတင်းသုံးရန် ဦးမာလာအား လွှဲအပ်ခန့်ထားခဲ့ပါသည်။

ဆရာတော် ဦးမာလာသည် များမကြာမီ ယင်း၏ မြေးတော်သူ ဦးဇနိန္ဒအား မိတ္ထီလာမှ ခေါ်ယူ၍ ယင်းကျောင်းတွင် နေထိုင်စေခဲ့ပါသည်။ ထိုသို့ နေထိုင်စဉ်ပင် မြေး ဦးဇနိန္ဒအား ထိုကျောင်းကို လွှဲအပ်လိုကြောင်း ဆရာတော်ကြီးများအား လျှောက်ထားခဲ့ရာ ဆရာတော်ကြီးများက ပထမအကြိမ် တားမြစ်ခဲ့ပါသည်။ ဦးမာလာက မကျန်းမာမှုကို အကြောင်းပြု၍ ထပ်မံလျှောက်ထားသည့်အခါ ၁၃၄၁-ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် မတောသန္တကပါလ ဒိကာရုံကျောင်းကို ဆရာတော်ကြီးများက ဦးဇနိန္ဒအား လွှဲအပ်ပေးလိုက်ပါသည်။

မြေးတော်သူ ဦးဇနိန္ဒသည် အဆိုပါကျောင်းကို ရရှိလာသောအခါ ၁၃၄၁-ခုနှစ်၊ တပေါင်းလဆန်း ၁-ရက်နေ့မှစ၍ ဦးမာလာအား မလေးမခန့်ပြု၍ ကျောင်းစည်းကမ်းကိုလည်း ဆန့်ကျင်ကာ ပြုလာခဲ့ပါသည်။ ထိုသို့ ပြုလုပ်ခြင်းကို ယင်းကျောင်းနေ ဦးနန္ဒကလည်း မြောက်ပင့်ပေးလျက် ရှိပါသည်။ မြေးတော်သူ ဦးဇနိန္ဒအား ဆရာတော်ကြီးများက ခေါ်ယူ စေစပ်ပေးသော်လည်း မနာခံပဲရှိနေပါသည်၊ သို့ပါ၍ ဦးဇနိန္ဒအား လွှဲပြောင်းပေးအပ်ခဲ့သော သံဃိကကျောင်း အုပ်ချုပ်ရေးအခွင့်ကို အုပ်ချုပ်မှုပျက်ကွက်သဖြင့် ပြန်လည်ရုပ်သိမ်းပေးတော်မူပါရန် လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဦးမာလာ
ပါသာဒိကာရုံကျောင်း
လှိုင်မြို့နယ်၊ ရန်ကုန်မြို့

အမှတ် “ခ”
အဖွဲ့ခေါင်းဆောင်
နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁-ရက် (၆-၁-၈၁)

## လှိုင်မြို့နယ်သံဃဝိနိစ္ဆယရုံး

၁၉၇၀-ခုနှစ်၊ ဝိနည်းဓမ္မကံ အငြင်းပွားမှုအမှတ် (၁)

**စောဒက** **စုဒိတက**

ဦးမာလာ နှင့် ဦးဇနိန္ဒ

သံဃကပြုစ်သော ပါသာဒိကာရာမကျောင်းကို
ထိန်းသိမ်းအုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှု
သက်သေစာရင်း

(၁) ဦးသုရိယ ဝေဠုဝန်ကျောင်းတိုက်၊ ၁၆-ရပ်ကွက်
လှိုင်မြို့နယ်

(၂) ဦးနန္ဒ ဝေဠုဝန်ကျောင်းတိုက်၊ ၁၆-ရပ်ကွက်
လှိုင်မြို့နယ်

(၃) ဦးဝိမလ ပါသာဒိကာရာမကျောင်းတိုက်၊ ၁၆-ရပ်ကွက်
လှိုင်မြို့နယ်

ဦးမာလာ
စောဒက

နေ့စွဲ၊ ၁၉၇၀-ပြည့်နှစ်၊ လ ရက်

အမှတ် " ဂ "

အဖွဲ့ခေါင်းဆောင်

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁-ရက် (၆-၁-၈၁)

## လှိုင်မြို့နယ် သံဃဝိနိစ္ဆယရုံး

၁၉၈၀-ခုနှစ်၊ ဝိနည်းခုံမှုကြီး အဓိကရုဏ်းမှုခင်း အမှတ် (၁)

စောဒက | | စုဒိတက
---|---|---
ဦးမာလာ | နှင့် | ဦးဇနိန္ဒ

သံဃိကဖြစ်သော ပါသာဒိကာရုံကျောင်းကို
ထိန်းသိမ်းအုပ်ချုပ်မှုဆိုင်ရာ အဓိကရုဏ်းမှု
သက်သေစာရင်း

(၁) ဦးဥက္ကဋ္ဌ ပါသာဒိကာရုံကျောင်းတိုက်၊ ၁၆-ရပ်ကွက် လှိုင်မြို့နယ်

(၂) ဦးဇောတိက ဝေပုလ္လကျောင်းတိုက်၊ ၁၆-ရပ်ကွက် လှိုင်မြို့နယ်

ဦးဇနိန္ဒ
စုဒိတက

နေ့စွဲ၊ ၁၉၈၀-ပြည့်နှစ်၊ လ ရက်

အမှတ် " ဃ "

အဖွဲ့ခေါင်းဆောင်

နေ့စွဲ၊ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၁-ရက် (၆-၁-၈၁)

## ရန်ကုန်တိုင်း
## အယူခံဓာတနာ့ဝင် တိုင်းသံဃာဝိနိစ္ဆယအဖွဲ့ရုံး

၁၃၄၂-ခုနှစ်၊ အယူခံ ဓာတနာ့ဝင် ဝိနည်းဓမ္မကံ အဓိကရုဏ်းအမှု အမှတ် (၂)

ဦးဇနိန္ဒ နှင့် ဦးမာလာ

အယူခံတင်သွင်းသူ အယူခံတင်သွင်းခံရသူ

သံဃိကဖြစ်သော လှိုင်မြို့နယ်ရှိ ပါသာဒိကာရာမ်ကျောင်းကို
ဆိုင်းသိမ်းအုပ်ချုပ်မှုဆိုင်ရာ အယူခံဓာတနာ့ဝင်အဓိကရုဏ်းမှု

သံဃာဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်နေ့ ၁၃၄၂-ခု၊ ပြာသိုလဆုတ် ၉-ရက် (၂၉-၁-၈၁)

သံဃာဝိနိစ္ဆယအဖွဲ့ ဆုံးဖြတ်ချက်ချသည့်နေ့ - ၁၃၄၂-ခု၊ ပြာသိုလဆုတ် ၁၁-ရက် (၃၁-၁-၈၁)

သံဃာဝိနိစ္ဆယအဖွဲ့ဝင်များ

(၁) ဦးသောဘိတ

(၂) ဦးသုမန

(၃) ဦးပညာသီရိ

(၄)

(၅)

## မှုခင်းမှတ်တမ်း

ဤမှတ်တမ်းကို သံဃာဝိနိစ္ဆယအဖွဲ့၏ အဖွဲ့ခေါင်းဆောင်ဆရာတော်က မှုခင်းစတင်စစ်ဆေးသည်မှ ပြီးဆုံးသည့်နေ့အထိ ဖြစ်စဉ်များကို ဖြည့်သွင်းရန် ဖြစ်ပါသည်။ စာရွက်မလောက်ပါက သီးခြားစာရွက်တွင် ဖြည့်သွင်းရေးပါ။

| စဉ် | နေ့စွဲ | အကြောင်းအရာ | လက်မှတ် |
|---|---|---|---|
| ၁ | ၁၃၄၂ ခု၊ ပြာသိုလဆုတ် ၄ ရက် (၂၉-၁-၈၁) | —ရန်ကုန်တိုင်း သံဃနာယကအဖွဲ့မှ သံဃာဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်းအမိန့်ကို လက်ခံရရှိသည်။<br>—ထိုနေ့၌ပင် သက်ဆိုင်ရာ တိုင်းပြည်သူ့ကောင်စီသို့ ၁၃၄၂ ခု၊ ပြာသိုလဆုတ် ၁၁-ရက်၊ (၃၁-၁-၈၁) နေ့တွင် အယူခံ စေတနာဝင် တိုင်းသံဃာဝိနိစ္ဆယရုံးထိုင်မည် ဖြစ်ကြောင်း အကြောင်းကြားပြီး။<br>—ရန်ကုန်မြို့ ဗဟန်းမြို့နယ် ထူပါရုံကျောင်းတိုက်၌ အယူခံစေတနာဝင် တိုင်းသံဃာဝိနိစ္ဆယအဖွဲ့ရုံး ဖွင့်လှစ်ပါသည်။<br>—ယနေ့ အယူခံစေတနာဝင် တိုင်းသံဃာဝိနိစ္ဆယအဖွဲ့ဝင်ညီစွာ ရောက်ရှိသည်။<br>—ရန်ကုန်တိုင်း သံဃနာယကအဖွဲ့က လွှဲပြောင်းပေးသော အယူခံစေတနာဝင်တိုင်းသံဃာဝိနိစ္ဆယအဖွဲ့ရုံး ၁၃၄၂-ခုနှစ်၊ အယူခံ စေတနာဝင် ဝိနည်းမှုကြီး အဓိကရုဏ်းအမှုအမှတ်(၂) အယူခံတင်သွင်းသူ ဦးဇနိန္ဒနှင့် အယူခံတင်သွင်းခံရသူ ဦးဗောသာဘိ၏အမှုကို ယူလာကြသည်။<br>—ထိုအမှုကို ၁၃၄၂ ခု၊ ပြာသိုလဆုတ် ၁၁-ရက် (၃၁-၁-၈၁) နေ့တွင် ဆုံးဖြတ်ရန် ချိန်းဆိုလိုက်သည်။ | ဦးသောဘိတ<br>သဘာပတိ |

| စဉ် | နေ့စွဲ | အကြောင်းအရာ | လက်မှတ် |
|---|---|---|---|
| ၂ | ၁၃၄၂-ခု၊ ပြာသိုလဆုတ် ၁၁-ရက် (၃၁-၁-၈၁) | —ယနေ့ အယူခံစာဒနာဝင် တိုင်း သံဃဝိနိစ္ဆယအဖွဲ့စုံညီစွာ တက်ရောက်ကြသည်။<br>—အမှုတွဲကို သုံးသပ်လေ့လာပြီးနောက် လှိုင်မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် ညီညွတ်ကြောင်း တွေ့ရှိရ၍ ဦးဇနိန္ဒ၏ အယူခံစာဒနာဝင်လွှာကို ပလပ်ပယ်ချကြောင်း ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။<br>—အမှုတွဲကို ရန်ကုန်တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ပါ။ | ဦးသောဘိတ<br>သဘာပတိ |

ပုံစံ (၉)

## မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် အယူခံ စောဒနာဝင်လွှာ

[လုပ်ထုံးလုပ်နည်းများ အပိုဒ်–၄၆]

သို့

ဥက္ကဋ္ဌ

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့

ရန်ကုန်မြို့

ရက်စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၈-ရက် (၁၃-၁-၈၁)။

အကြောင်းအရာ။ ။မူလ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတော်နှင့် မညီညွတ်၍ ပယ်ဖျက်ပေးရန် အယူခံ စောဒနာဝင်လွှာ တင်သွင်းခြင်း။

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆-ရပ်ကွက် ပါသာဒိကာရုံ ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စောဒက ဦးမာလာနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆-ရပ်ကွက် ပါသာဒိကာရုံ ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စုဒိတက ဦးဇနိန္ဒတို့၏ ပါသာဒိကာရုံကျောင်း၌ ဖြစ်ပွားသော ဝိနည်းဓမ္မကံ မှုခင်းအမှတ် (၁)ကို လှိုင်မြို့နယ် သံဃနာယက က ဖွဲ့စည်းပေးသော သံဃဝိနိစ္ဆယအဖွဲ့က ၁၃၄၂-ခုနှစ် ပြာသိုလဆန်း ၆-ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့ရာ ယင်းဆုံးဖြတ်ချက်၌ အောက်ပါ အချက်များမှာ ဝိနည်းတော်နှင့် မညီညွတ်သဖြင့် မူလသံဃဝိနိစ္ဆယအဖွဲ့၏ **ဆုံးဖြတ်ချက်များကို ပယ်ဖျက်ပေးပါရန် အယူခံ စောဒနာဝင်လွှာ တင်သွင်းပါသည်။**

ဝိနည်းတော်နှင့် မညီညွတ်သော အချက်များမှာ—

(က) ပုဂ္ဂလိကကျောင်းကို သံဃိကကျောင်းအဖြစ် သတ်မှတ်ခြင်း၊

(ခ) ဦးဇနိန္ဒအား ဦးစန္ဒက အဆိုပါ ကျောင်းကို လွှဲပြောင်းမပေးဟု ယူဆခြင်း၊

(ဂ) ဦးမာလာအား ဆန့်ကျင့်မှုပြုပဲ ဆန့်ကျင်သည်ဟု သုံးသပ်ခြင်း။

.............. ..........

အယူခံ စောဒနာဝင်လာ တင်သွင်းသူ

ဘွဲ့အမည် ဦးဇနိန္ဒ

နေရပ် ပါသာဒိကာရုံကျောင်း

၁၆-ရပ်ကွက် လှိုင်မြို့နယ်။

## မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးအပ်သော သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်

[လုပ်ထုံးလုပ်နည်းများ အပိုဒ်–၄၂]

### သံဃဝိနိစ္ဆယအဖွဲ့

၁၃၄၂-ခုနှစ် ဝိနည်းဓမ္မကံ မှုခင်းအမှတ်(၁)စောဒကပုဂ္ဂိုလ် ဦးမာလာနှင့် စုဒိတကပုဂ္ဂိုလ် ဦးဇနိန္ဒ ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆-ရပ်ကွက် ပါသာဒိကာရုံ ကျောင်းတိုက်၌ ဖြစ်ပွားသော ပါသာဒိကာရုံကျောင်းကို ထိန်းသိမ်းအုပ်ချုပ်ခွင့် ရုပ်သိမ်းရန် ဝိနည်းဓမ္မကံ မှုခင်းကို လှိုင်မြို့နယ် သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးအပ်သည့် ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့က ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဝိနည်းတရားတော်နှင့်အညီ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်သည်။

### ဆုံးဖြတ်ချက်

ဆရာတော်များက ပါသာဒိကာရုံကျောင်း ထိန်းသိမ်းအုပ်ချုပ်ခွင့်ကို ဦးဇနိန္ဒထံမှ ပြန်လည် ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်သည်။

### ဝိနည်းဓိုရ်ဆရာတော်ကြီးများ

| | | ဘွဲ့တော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|---|
| | (၁) | ဦးကေလာသ | ဓမ္မပါလကျောင်း | |
| သံဃဝိနိစ္ဆယ | (၂) | ဦးကုဏ္ဍလ | ပါသာဒိကာရုံကျောင်း | |
| အဖွဲ့တံဆိပ် | (၃) | ဦးသီတလ | ပါသာဒိကာရုံကျောင်း | |
| | (၄) | ............... | ................................. | |
| | (၅) | ............... | ................................. | |

ရက်စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆန်း ၆-ရက် (၁၁-၁-ဂ၁)။

အသိသက်သေများ

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ– ဦးလှ

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တာဝန်ပေးအပ်သူများ– ဦးဘ

ပုံစံ (၁၁)

## ရန်ကုန်တိုင်း သံဃနာယကအဖွဲ့က ရွေးချယ်သည့် ဝိနည်းဓိုရ် ဆရာတော်များပါဝင်သော အယူခံ စောဒနာဝင် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်း အမိန့်

[လုပ်ထုံး လုပ်နည်းများ အပိုဒ်-၄၉]

၁။ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့သည် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါသာဒိကာရုံကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စောဒက ဦးမာလာနှင့် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါသာဒိကာရုံ ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်သော စုဒိတက ဦးဇနိန္ဒတို့၏ ပါသာဒိကာရုံကျောင်း၌ ဖြစ်ပွားသော ဝိနည်းမှုကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးရန်အတွက် အောက်ဖော်ပြပါ ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင်သော အယူခံစောဒနာဝင် သံဃ ဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်းတိုက် | သက်တော် | သိက္ခာ |
|---|---|---|---|---|
| ၁။ | ဦးသောဘိတ | ဗဟန်း | ၄၅ | ၂၅ |
| ၂။ | ဦးသုမန | ဗဟန်း | ၄၃ | ၂၃ |
| ၃။ | ဦးပညာသီရိ | ဗဟန်း | ၄၀ | ၂၀ |
| ၄။ | .... .... | .... .... | .... .... | .... .... |
| ၅။ | .... .... | .... .... | .... .... | .... .... |

၂။ အထက်ပါ အယူခံစောဒနာဝင် သံဃဝိနိစ္ဆယအဖွဲ့တွင် သင့်လျော်ရာ (၁)ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန် ဆရာတော်များက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

ရန်ကုန်တိုင်း သံဃနာယက အဖွဲ့တံဆိပ်

ဥက္ကဋ္ဌ
တိုင်းသံဃနာယကအဖွဲ့
ရန်ကုန်မြို့။

စာအမှတ်၊ ၂/၁၂၄၂
ရက်စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆုတ် ၉-ရက် (၂၉-၁-၈၁)။
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့။

# ရန်ကုန်တိုင်း
# အယူခံ စေ၀ဒနာ၀င် တိုင်းသံဃဝိနိစ္ဆယအဖွဲ့ရုံး

၁၃၄၂-ခုနှစ်၊ အယူခံစေ၀ဒနာ၀င် ဝိနည်းဓမ္မကံ အဓိကရုဏ်းအမှု
အမှတ် (၂)

**ဦးဇနိန္ဒ** နှင့် **ဦးမာလာ**
**အယူခံတင်သွင်းသူ** **အယူခံတင်သွင်းခံရသူ**

"သံဃိကဖြစ်သော လှိုင်မြို့နယ်ရှိ ပါသာဒိကာရုံကျောင်းကို ထိန်းသိမ်းအုပ်ချုပ်မှုဆိုင်ရာ အယူခံစေ၀ဒနာ၀င် အဓိကရုဏ်းမှု"။

## ဆုံးဖြတ်ချက်

ရန်ကုန်တိုင်း လှိုင်မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (၁)၊ ၁၃၄၂-ခုနှစ် ဝိနည်းဓမ္မကံ အဓိကရုဏ်းအမှု အမှတ် ( ၁ ) စေ၀ဒက ဦးမာလာနှင့် စုဒိတက ဦးဇနိန္ဒတို့၏ အမှုတွဲကို လေ့လာကြည့်ရှုရာတွင် အငြင်းပွား လျက်ရှိသော ပါသာဒိကာရုံ ကျောင်းတိုက်တွင် ဦးစန္ဒက ဒေါ်ဌေးထံမှ ပုဂ္ဂလိကအဖြစ် အလှူခံ၍ သီတင်းသုံး နေထိုင်ခဲ့ကြောင်း၊ ဆရာတော် ဦးစန္ဒသည် မိမိ၏ တောအရပ်သို့ ပြန်သွားစဉ် မမာ၍ ပျံလွန်တော်မူခဲ့ ကြောင်း၊ ထိုဆရာတော်သည် အဆိုပါ အငြင်းပွားသည့်ကျောင်းကို တစုံ တဦးကိုမျှ လွှဲအပ်ခြင်း၊ပေးစွန့်ခြင်း မပြုလုပ်နိုင်ပဲ ပျံလွန်သွားခဲ့ကြောင်း၊ ထိုကျောင်းကို ဆရာတော်များက သံဃိကအဖြစ် သိမ်းယူလိုက်ပြီးနောက် ဆရာတော် ဦးမာလာအား အစောင့်အရှောက်အဖြစ် သီတင်းသုံး နေ ထိုင်စေခဲ့ကြောင်း၊ ဆရာတော် ဦးမာလာသည် မိမိ နေမကောင်းသဖြင့် ဆရာတော်ကြီးများအား ခွင့်ပန်၍ မိမိ၏မြေးတော်သူ ဦးဇနိန္ဒအား အဆို ပါကျောင်းတိုက်သို့ ခေါ်ယူ၍ နေထိုင်စေခဲ့ကြောင်း၊ ဦးဇနိန္ဒသည် ထို ကျောင်း၌ နေထိုင်ပြီးနောက် များမကြာမီ မိမိ၏ ဘိုးတော် ဦးမာလာ အား ဆန့်ကျင်ဖက် အမျိုးမျိုးပြုလုပ်သည့်အပြင် ဆရာတော်ကြီးများ၏ ခွင့်ပြုချက် မရှိပဲ ကျောင်းစည်းကမ်းကို ဆန့်ကျင်၍ အခြားမှရဟန်း

၂-ပါးကို အဆိုပါကျောင်းသို့ ပင့်ခေါ်၍ နေခွင့်ပေးခဲ့ကြောင်း၊ ထိုကျောင်း၌ မူလက သီတင်းသုံးနေထိုင်ခဲ့သော ရဟန်း ၂-ပါးကိုလည်း မနေနိုင်အောင် ဆူပူကြိမ်းမောင်း၍ အဆိုပါ ရဟန်း ၂-ပါးသည် ထိုကျောင်းအနီးရှိ ဝေပုလ္လကျောင်းတိုက်သို့ ပြောင်းရွှေ့ နေထိုင်ရကြောင်း၊ စောဒကနှင့် စောဒက၏သက်သေများ ထွက်ချက်အရ ထင်ရှားပေါ်လွင်ပါသည်။

ဦးဇေနိန္ဒသည် အဆိုပါကျောင်းတိုက်ကို ဦးစန္ဒက မိမိအား လွှဲအပ်ခဲ့ကြောင်း အဆိုပြုတင်ပြခဲ့သော်လည်း ယင်း၏သက်သက်များ ထောက်ခံထွက်ဆိုနိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရှိရပါသည်၊ ထို့ကြောင့် ယင်း၏တင်ပြချက်မှာ မှန်ကန်သည်ဟု ယူဆရန် မဖြစ်နိုင်ချေ။

ထို့ကြောင့် လိုင်မြို့နယ် သံဃာဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် ညီညွတ်ကြောင်း တွေ့ရှိရ၍ ဦးဇေနိန္ဒ၏ အယူခံစောဒနာဝင်လွှာကို ပလပ် ပယ်ချလိုက်သည်။

| | | |
|---|---|---|
| ပုံ/ဦးသုမန<br>အဖွဲ့ဝင် | ပုံ/ဦးသောဘိတ<br>သဘာပတိ | ပုံ/ဦးပညာသိရီ<br>အဖွဲ့ဝင် |

နေ့စွဲ။ ၁၃၄၂-ခု၊ ပြာသိုလဆုတ် ၁၁-ရက် (၃၁-၁-၈၁)။

## မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း စစ်ဆေးကြားနာရန် နည်းလမ်းများ

– ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အဆင့်ဆင့်နှင့် ဖြေရှင်းညှိနှိုင်း၍ မရသော ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းကို စစ်ဆေးကြားနာရန်၊ သက်ဆိုင်ရာမြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ကို မြို့နယ်သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးပြီး အဆိုပါ အမှုတွဲကို သက်ဆိုင်ရာ ဖွဲ့စည်းထားသည့် မြို့နယ်ဝိနိစ္ဆယအဖွဲ့သို့ လွှဲပြောင်းပေးသည့် အခါ သက်ဆိုင်ရာ မြို့နယ် ဝိနိစ္ဆယအဖွဲ့က မိမိတို့ ဝိနိစ္ဆယကိစ္စ စတင် ဆောင်ရွက်မည့်အကြောင်းကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့သို့ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံး ဖြတ်ရေးဆိုင်ရာ အပိုဒ် ၂၇-နှင့်အညီ တရားဝင် အကြောင်းကြားရ ပါမည်။

– ယင်းသို့ အကြောင်းကြားစာ ရရှိသော သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သင့်လျော်သော ဝိနိစ္ဆယဌာနကို စီစဉ် ပေးမည် ဖြစ်ပါသည်။ ထို့ပြင် အခြားလိုအပ်ချက်များကိုလည်း အကူ အညီပေးမည် ဖြစ်ပါသည်။

– သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဝိနိစ္ဆယ ဌာနကို စီစဉ်ပေးပြီးနောက် သံဃဝိနိစ္ဆယအဖွဲ့သည် မိမိတို့အဖွဲ့အား မြို့နယ်သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် အမိန့်ကို ရုံးဖွင့်လှစ် ကြောင်း ကြေငြာပြီးနောက် ဖတ်ကြားကြေငြာရန် ဖြစ်ပါသည်။ ယင်း အမိန့်ကို အမှတ်(က)အဖြစ် သတ်မှတ်ရမည်။

– ထို့နောက် စောဒက၏ လျှောက်ထားချက်ကို ဖတ်ကြားရပါမည်။

– စောဒကနှင့် စုဒိတကတို့အား မိမိတို့အဖွဲ့ကိုသော်လည်းကောင်း၊ တဦး ခြင်းကိုသော်လည်းကောင်း ကန့်ကွက်ရန် ရှိ, မရှိ မေးမြန်း၍ ပုံစံ(ဂ)

တွင် လိုအပ်သလို မှတ်တမ်းတင်ရပါမည်။ ဆိုလိုသည်မှာ ကန့်ကွက်လျှင် ကန့်ကွက်ကြောင်း၊ မည်သည့်ပုဂ္ဂိုလ်ကို ကန့်ကွက်ကြောင်း၊ သို့မဟုတ် တဖွဲ့လုံးကို ကန့်ကွက်ကြောင်း၊ သို့မဟုတ် မကန့်ကွက်ကြောင်း ပုံစံ(ဂ)တွင် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

- ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကန့်ကွက်ခြင်း မှန်ကန်ပါမူ သက်ဆိုင်ရာ သံဃနာယကအဖွဲ့က သံဃဝိနိစ္ဆယ အဖွဲ့သစ်ကိုသော်လည်းကောင်း၊ သံဃာတပါးပါး အစားထိုးခန့်ထားခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးရမည်။ ယင်းသို့ ဆောင်ရွက်ပေးနိုင်ရန် မှတ်တမ်းတင်ထားသော အမှုတွဲကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ရပါမည်။ ခိုင်လုံသောအကြောင်း မရှိပါက ဆိုင်ရာ သံဃနာယကအဖွဲ့သည် တစုံတရာ ဆောင်ရွက်ပေးရန် မလိုပါ။

- အကယ်၍ ကန့်ကွက်ချက်မရှိပါက အမှုဆက်လက်စစ်ဆေးရန် ဖြစ်ပါသည်။

- ကန့်ကွက်ခြင်းမရှိပါက စောဒက၏ လျှောက်ထားချက်ကို ဖတ်ကြားအတည်ပြုရပါမည်။ ယင်း လျှောက်ထားချက်ကို အမှတ် (ခ) အဖြစ်မှတ်သားရပါမည်။

- စုဒိတကနှင့် စောဒကတို့အား သက်သေစာရင်းများ တင်နိုင်ကြောင်း ပြောကြားရပါမည်။ သက်သေစာရင်းများတင်လျှင် စောဒက က တင်သွင်းသော သက်သေစာရင်းကို အမှတ် (ဂ)ဖြင့်လည်းကောင်း၊ စုဒိတကက တင်သွင်းသော သက်သေစာရင်းကို အမှတ်(ဃ)ဖြင့် လည်းသောင်း မှတ်တမ်းတင်ရပါမည်။

- ဤနမူနာမှုတွင် စောဒကနှင့် စုဒိတကတို့သည် ကျောင်းတိုက်တခုတည်းတွင်ဖြစ်၍ ဆင့်ခေါ်စာများဖြင့် မခေါ်ရပဲ အခြားနည်းဖြင့် တရားရုံးရှေ့သို့ ရောက်ရှိရန် ခေါ်ယူထားသည့်သဘော တင်ပြထား

ပါသည်။ အကယ်၍ တခြားတနေရာတွင် ရှိပါက ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ်၁၅-တွင် ဖော်ပြထားသည့် ပုံစံ(၅)နှင့် ပုံစံ(၆)တို့အရ စောဒကနှင့် စုဒိတကတို့အား ဆင့်ခေါ်ရန် ဖြစ်ပါသည်။

- စောဒက၊ စုဒိတကတို့၏ သက်သေများကို စစ်ဆေးကြားနာစေရန် ရက်ချိန်းသတ်မှတ်ပေးရပါမည်။

- အဖွဲ့ခေါင်းဆောင် သဘာပတိက မှုခင်းမှတ်တမ်းတွင် တနေ့တာ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ရပါမည်။

- စစ်ဆေးကြားနာရန် ချိန်းဆိုသောနေ့တွင် မိမိတို့အဖွဲ့ စုံညီစွာ ရောက်ရှိသည့်အခါ စောဒကအား ဦးစွာ စစ်ဆေးရန် ဖြစ်ပါသည်။ ထို့နောက် စောဒ၏သက်သေများကို စစ်ဆေးရန် ဖြစ်ပါသည်။ အချိန်ရှိလျှင် စုဒိတကကိုစစ်ဆေး၍ ယင်း၏သက်သေများကို ဆက်လက်စစ်ဆေးရန် ဖြစ်ပါသည်။

- နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် မိမိတို့အဖွဲ့က ပြန်ခေါ်၍ ထပ်မံစစ်ဆေးလိုသော သို့မဟုတ် အသစ်စစ်ဆေးလိုသော သက်သေများ ရှိပါက စစ်ဆေးရန် ဖြစ်ပါသည်။ မရှိလျှင် စစ်ဆေးရန်မလိုပါ။ အကယ်၍ ရှိလျှင် ထိုသက်သေကို စစ်ဆေးရန် ရက်ချိန်းပေးရပါမည်။ ထိုအသစ်သက်သေကို သက်သေခေါ်စာဖြင့် ဆင့်ခေါ်နိုင်ပါသည်။

- ထိုနေ့ ဆောင်ရွက်ချက်များကိုလည်း သဘာပတိ မှုခင်း မှတ်တမ်းတွင် မှတ်တမ်းတင်ရပါမည်။

- ပြန်ခေါ်သက်သေ၊ သို့မဟုတ် ရုံးခေါ်သက်သေကို ချိန်းဆိုသည့်နေ့၌ စစ်ဆေးရန် ဖြစ်ပါသည်။ ထို့နောက် စောဒကနှင့် စုဒိတကတို့အား နောက်ဆုံး တင်သွင်းချက်များ တင်သွင်းကြရန် ရက်ချိန်းပေးရပါမည်။

- ထိုသို့ ရက်ချိန်းပေးကြောင်းနှင့် တနေ့တာ ဆောင်ရွက်ချက်များကို သဘာပတိက မှုခင်းမှတ်တမ်းတွင် မှတ်တမ်းတင်ရပါမည်။

- ချိန်းရက်တွင် စောဒကနှင့် စုဒိတကတို့က နောက်ဆုံး တင်သွင်းချက်များ တင်သွင်းရပါမည်။ တင်သွင်းရန် အဆင်သင့်မဖြစ်လျှင် ရက်ချိန်းတောင်းပါက ရက်ချိန်းခွင့်ပြုနိုင်ပါသည်။

- အကယ်၍ နောက် တင်သွင်းချက်များ တင်သွင်းကြပါလျှင် ဆုံးဖြတ်ချက် ချမှတ်ရန် ရက်ချိန်းပေးရပါမည်။

- ဆုံးဖြတ်ချက် ချမှတ်ရန်နှင့် တနေ့တာဆောင်ရွက်ချက်များကို သဘာပတိက မှုခင်းမှတ်တမ်းတွင် ရေးမှတ်ရပါမည်။

- ဆုံးဖြတ်ချက် ချမှတ်မည့်နေ့တွင် အဖွဲ့စုံညီစွာ ရောက်ရှိရန်လိုပါသည်။

- စောဒကနှင့် စုဒိတကတို့ရှေ့တွင် ဆုံးဖြတ်ချက်ကို ဖတ်ပြကြေငြာရပါမည်။ အကယ်၍ အမှုသည်များ လာရောက်ရန် ပျက်ကွက်ပါက ယင်းတို့၏ မျက်ကွယ်တွင် ဆုံးဖြတ်ချက်ကို ဖတ်ပြကြေငြာနိုင်ပါသည်။

- ထို့နောက် အမှုရှုံးသူအား အယူခံ မခံ မေးမြန်းရပါမည်။ အယူခံမည်ဟု ဆိုလျှင် အယူခံမည့်အကြောင်း မှတ်တမ်းတင်၍ အယူမခံဟု ဆိုလျှင် မခံကြောင်း မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

- အယူခံမည်ဟုဆိုလျှင် အမှုတွဲဆုံးဖြတ်ချက်ကို မိတ္တူကူးပေးရပါမည်။

- ထို့နောက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ လွှဲပြောင်းပေးပို့နိုင်ရန် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ရပါမည်။

- အကယ်၍ အယူမခံလျှင် အယူခံရက် ၃၀-ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အမှုတွဲကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ ပေးပို့ရပါမည်။

- မြို့နယ်သံဃဝိနစ္ဆယအဖွဲ့သည် အမှုကို စစ်ဆေးသည့်အခါ ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၄၄)တွင် သတ်မှတ်ထားသည့် ပုံစံ(၇)ကို အသုံးပြုရပါမည်။ ဆုံးဖြတ်ချက်ကို အဆိုပါ လုပ်ထုံးလုပ်နည်း အပိုဒ် (၄၂) တွင် သတ်မှတ်ထားသည့် ပုံစံ(၇)ကို သုံးရပါမည်။

- စစ်ချက်များတွင် အဖွဲ့ဝင် ၃-ဦးလုံးက လက်မှတ်ရေးထိုးရပါမည်။

- အမှုတွဲကို ပြုတ်မထွက်အောင် သေချာစွာ ချုပ်ထားရန်လိုပါသည်။

## အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့က ဝိနည်းဓမ္မကံ အယူခံစောဒနာဝင် အဝိကရုဏ်းမှုခင်းစစ်ဆေးကြားနာရန် နည်းလမ်းများ

- အယူခံစောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့သည် အယူခံစောဒနာဝင် ဝိနည်းဓမ္မကံအဓိကရုဏ်းအမှုကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့မှ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပြည်သူကောင်စီသို့ အယူခံ စောဒနာဝင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယကိစ္စ ဆောင်ရွက်မည့် အကြောင်း တရားဝင် အကြောင်းကြားရပါမည်။
- ယင်းသို့အကြောင်း ကြားကြောင်း သက်ဆိုင်ရာ သဘာပတိက မှုခင်းမှတ်တမ်းတွင် မှတ်တမ်းတင်ရပါမည်။
- ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာနတွင် ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယရုံး ဖွင့်လှစ်ကြောင်း ကြေငြာရပါမည်။
- ယင်းသို့ ဖွင့်လှစ်ပြီးနောက် မိမိတို့အား သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် အမိန့်ကို ဖတ်ကြား ကြေငြာရပါမည်။
- ယင်းသို့ဖတ်ကြား ကြေငြာပြီးနောက် အမှုတွဲ လေ့လာရန်သော်လည်းကောင်း၊ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ရန်သော်လည်းကောင်း ရက်ချိန်းသတ်မှတ်ပေးရပါမည်။
- ချိန်းရက်တွင် အမှုတွဲလေ့လာလျှင် လေ့လာကြောင်း မှတ်တမ်းတင်ရပါမည်။ သို့မဟုတ် အမိန့်ချလျှင် အမိန့်ချမှတ်ကြောင်း မှတ်တမ်းတင်ရပါမည်။

- ဆုံးဖြတ်ချက် ချမှတ်ရန် ချိန်းဆိုသည့်နေ့တွင် သံဃဝိနိစ္ဆယ အဖွဲ့သည် အက်ဆိုင်ရာ အမှုတွဲကို အပြည့်အစုံ သုံးသပ်ဆင်ခြင်ပြီး သက်ဆိုင်ရာ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် ညီညွတ်သည်ဟု တွေ့ရှိရလျှင် ယင်းဆုံးဖြတ်ချက်ကို အတည်ပြု၍ အယူခံစောဒနာဝင်လွှာကို ပလပ်ပယ်ချရပါမည်။ အကယ်၍ မြို့နယ် သံဃဝိနိစ္ဆယ၏ ဆုံးဖြတ်ချက်သည် ဝိနည်းတရားတော်နှင့် မညီညွတ်ဟု တွေ့ရှိရလျှင် တရားလို တရားပြိုင်နှင့် သက်ဆိုင်ရာ သက်သေများကို မခေါ်ယူပဲသော်လည်းကောင်း၊ လိုအပ်ပါက ခေါ်ယူ၍သော်လည်းကောင်း စစ်ဆေး ဆုံးဖြတ်နိုင်သည်။

- ဆုံးဖြတ်ချက် ချမှတ်မည့်နေ့တွင် မိမိတို့အဖွဲ့ စုံညီစွာရောက်ရှိကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ကြောင်း၊ အမှုတွဲကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ကြောင်း မှတ်တမ်းတင်ရပါမည်။ ထိုမှတ်တမ်းများကို သဘာပတိမှခင်း မှတ်တမ်းတွင် ဖြည့်သွင်းရပါမည်။

- အယူခံစောဒနာဝင် ဝိနည်းဓမ္မကံအဓိကရုဏ်း အမှုကို နမူနာအဖြစ် ရေးသား တင်ပြထားသည့်အတိုင်း တည်ဆောက်ရန် ဖြစ်ပါသည်။

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အယူခံစောဒနာဝင်လွှာ တင်သွင်းသည့်အခါ ပြည်နယ်/တိုင်း အယူခံစောဒနာမှု စစ်ဆေးသည့် သံဃဝိနိစ္ဆယအဖွဲ့ရုံး နမူနာအမှုအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

ပ·မ·သ·စ—၄၁၂—၁၄·၂·၇၁—၁၀၀၀၀။ (၁)

---

## ဥပဒေအခြေခံသဘောနှင့် ဖြစ်မှုဆိုင်ရာမှုခင်းများနှင့် စပ်လျဉ်း၍တင်ပြချက်များ

### ဥပဒေအခြေခံသဘော

၁။ ဓလေ့ထုံးတမ်း၊ စည်းကမ်းများ။ ။ကမ္ဘာဦး လူသားတို့သည် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးတို့အတွက် အိမ်ထောင်စုများ၊ ရွာများ ဖွဲ့စည်း၍ နေထိုင်လာခဲ့ကြသည်။ အစပထမ၌ လူအများ လိုက်နာ ကျင့်သုံးရန် စည်းကမ်းများ၊ ဥပဒေများကို သတ်မှတ်ခြင်း မရှိခဲ့ချေ။ နှစ်ကာလ ကြာမြင့်လာသော် မိမိတို့၏ နေရေး ထိုင်ရေး သာယာမှု၊ ငြိမ်းချမ်းမှု အတွက် အိမ်နီးနားချင်းများသည် တဦး၏အလိုကို တဦးက လေးစားရန် လိုအပ်ကြောင်း သိလာကြသည်။ ဤသို့အားဖြင့် အချင်းချင်းပေါင်းသင်း ဆက်ဆံ အဆက်အသွယ် ပြုကြရာတွင် တဦးနှင့်တဦး တဖက်နှင့်တဖက် ကျေကျေလည်လည် မျှမျှတတ သင့်သင့်မြတ်မြတ် ညီညီမျှမျှ ဖြစ်စေရန် ဓလေ့ ထုံးတမ်းများ၊ စည်းကမ်းများ သတ်မှတ်လိုက်နာ ကျင့်သုံးလာ ကြသည်။

၂။ ဓလေ့ထုံးတမ်းများ၊ စည်းကမ်းများမှာ ပုံသေမဟုတ်၊ ရေးမှတ် ထားခြင်းလည်း မရှိ၊ ယင်းတို့ကို အမြဲတမ်းလည်း မလိုက်နာကြချေ။ ဓလေ့ထုံးစံ၊ စည်းကမ်းများကိုမလိုက်နာသူများအားကဲ့ရဲ့ခြင်း၊ အပေါင်း အသင်းအဖြစ်မှရပ်စဲခြင်းကိုပြုလုပ်၍ မအောင်မြင်သောအခါ ယင်းဓလေ့ ထုံးတမ်းများ၊ စည်းကမ်းများကို သတ်မှတ်ကာ ထိန်းကွပ်ဦးဆောင် နိုင်မည့် ပုဂ္ဂိုလ်တဦးရှိမှ ဖြစ်မည်ဟု သဘောတူညီကြကာ မိမိတို့အထဲမှ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသူတဦးကို ခေါင်းဆောင် အဖြစ် ရွေးကောက် တင်မြှောက်ကြသည်။ သို့နှင့် တင်မြှောက်သည့်ခေါင်းဆောင် မှတဆင့် အဖွဲ့အစည်း၊ ထိုမှတဆင့် အစိုးရဟူ၍ ဖြစ်ပေါ်လာပါသည်။

၃။ ဥပဒေပြုလာရခြင်း။ ။ဓလေ့ထုံးတမ်းများ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက် နေထိုင်လျက်ရှိကြရာမှ လူ့အဆောက်အအုံသည် တစတစ ကြီးမားလာပြီး ရပ်ရွာမှ မြို့နယ်၊ မြို့နယ်မှ နိုင်ငံအထိ ဖြစ်လာပါသည်။ ထိုသို့ လူ့အဆောက်အအုံ ကြီးမားလာသည့် အခါတွင် အုပ်ချုပ်မှု၊ ကွပ်ကဲမှု၊ စီမံမှုတို့သည်လည်း ကျယ်ပြန့်လာသဖြင့် ဓလေ့ထုံးတမ်းများ၊ စည်းကမ်းများနှင့်ထား၍ မရတော့ပဲ အများနှင့် သက်ဆိုင်သည်များကို လိုက်နာစေရန် အုပ်ချုပ်သူအစိုးရက တိတိကျကျ ဥပဒေလုပ် ပြဋ္ဌာန်းပေးလာရသည်။ အစတွင် တရားဥပဒေ၊ စည်းကမ်း အနည်းငယ်မျှသာ ရှိသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည်လည်း ရှုပ်ထွေး များပြားခြင်း မရှိခဲ့ချေ။ လူ့အဖွဲ့အစည်းကျယ်ပြန့်လာသည်နှင့် စိုက်ပျိုးရေး၊ ရောင်းဝယ် ထုတ်လုပ် ဆက်ဆံ ကူးလူးရေး များပြားလာသည်နှင့်အမျှ လောဘ၊ ဒေါသမီး ပွားလာ၍ တရားဥပဒေကို တမျိုးပြီးတမျိုး ထုတ်ပြန်ရပါသည်။ ထုတ်ပြန်ပြီး ဥပဒေမှ ထွက်ပေါက်ရှာသည့်အတွက် ပြင်ဆင်ချက်များ ထုတ်ပြန်ရပါသည်။

၄။ ပြည်သူတို့ လိုက်နာစောင့်ထိန်းကြရန် နိုင်ငံတော်က ပြဋ္ဌာန်းထားသော စည်းကမ်းများသည် တရားဥပဒေဖြစ်သည်။ မည်သို့မလုပ်ဆောင်ရ၊ မည်သို့ လုပ်ဆောင်ရမည်ဟု ဥပဒေပြု အာဏာပိုင်က အတိအကျ အထင်အရှား သတ်မှတ်ထားခြင်း၊ စည်းကမ်းဖောက်ဖျက်လျှင် မည်သို့သော ပြစ်ဒဏ်သင့်မည်၊ မည်သို့ပေးလျော်ရမည်၊ မည်သည့် နည်းဖြင့် ကုစား ဆောင်ရွက်ပေးရမည်ဟူ၍လည်း အတိအကျ အထင် အရှား သတ်မှတ်ထားခြင်းတို့သည် ဥပဒေ၏ အင်္ဂါရပ်များ ဖြစ်သည်။

ဆောင်ရန်၊ ရှောင်ရန်ကိုသာ ဖော်ပြ၍ မဆောင်လျှင်၊ မရှောင်လျှင်ဘာဖြစ်စေမည်ကို ထက်မြက်သော အာဏာစက်ဖြင့် မပြောနိုင်လျှင် တရားဥပဒေ မမည်၊ နှိုးဆော်ခြင်း၊ ဆုံးမလမ်းညွှန်ခြင်း သဘောသာ သက်ရောက်သည်။

ဗုဒ္ဓမြတ်စွာက တပည့်သံဃာ လိမ္မာအောင် ဆုံးမ လမ်းညွှန်ခဲ့သော ဩဝါဒများရှိသည်။ ဤမည်သော အမှုကိုပြုသော် သံဃာ့ဘောင်မှ အပြီးအပြတ် ရပ်စဲ၍ပါရာဇိကကျသည်။ ဤမည်သော အမှုကိုပြုသော် ဤမည်သော ပြစ်ဒဏ် ထိုက်သင့်သည်ဟု ပြစ်မှုကိုလိုက်၍ အခါအား လျော်စွာ ပြဋ္ဌာန်းခဲ့သော ဝိနည်းတော်များရှိသည်။ ဝိနည်းတော်များ သည်ကား ဩဝါဒကထာမျှသာ မဟုတ်ချေ။ အာဏာစက်ပါသည်။ ပြည်သူတို့ လိုက်နာကျင့်သုံးကြသော တရားဥပဒေများသည်လည်း ထိုနည်း တူပင်ဖြစ်သည်။

၅။ ဥပဒေတွင် မည်သို့ မလုပ်ဆောင်ရ၊ မည်သို့ လုပ်ဆောင်ရမည်ဟု ဥပဒေပြု အာဏာပိုင်က အတိအကျ အထင်အရှား သတ်မှတ်ထားခြင်း များနှင့် ယင်းစည်းကမ်းချက်တို့ကို ဖောက်ဖျက်လျှင် မည်သို့ ပြစ်ဒဏ် သင့်မည်၊ မည်သို့ ပေးလျော်ရမည်၊ မည်သည့်နည်းဖြင့် ကုစားဆောင် ရွက်ရမည်ဟူ၍ အတိအကျ အထင်အရှား သတ်မှတ်ထားခြင်းများတို့သည် ဥပဒေ၏ အင်္ဂါရပ်များဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန်ကိုသာ ဖော်ပြ၍ မဆောင်လျှင် မရှောင်လျှင် ဘာဖြစ်စေမည်ကို ထက်မြက်သော အာဏာ စက်ဖြင့် မပြောနိုင်လျှင် တရားဥပဒေ မမည်ပါ။

၆။ ပြည်သူတို့ လိုက်နာရသော တရားဥပဒေသည် အာဏာစက်ပါ သည်။ သို့ဖြစ်၍ ဥပဒေပြုလုပ် ပြဋ္ဌာန်းသော အဖွဲ့အစည်းသည် အာဏာရှိ သော အဖွဲ့အစည်း ဖြစ်ရန် လိုအပ်ပါသည်။ ဥပဒေပြုလုပ် ပြဋ္ဌာန်း ထုတ်ပြန်သော အဖွဲ့အစည်းသည် ဥပဒေပြု အာဏာပိုင် ဟုတ်–မဟုတ် စိစစ်ရသည်။ ဥပဒေပြု ပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းက ပြုလုပ် သော ဥပဒေမှသာလျှင် အာဏာစက်ရှိသော ဥပဒေဖြစ်သည်။

၇။ ဥပဒေဆိုသော စကားရပ်တွင် ဥပဒေပြု အာဏာပိုင်က ပြုလုပ် သည့် ဥပဒေများအပြင် ဥပဒေအာဏာ သက်ဝင်သော နည်းဥပဒေ၊ စည်းကမ်း၊ အမိန့်တို့ ရှိပါသည်။ ဥပဒေက အသိအမှတ် ပြုထားသော လူမှုရေးဆိုင်ရာ ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။ ဥပဒေ၊

နည်းဥပဒေ၊ စည်းကမ်း၊ စည်းမျဉ်း၊ အမိန့် စသည်ဖြင့် မည်သို့ပင် ခေါ်စေကာမူ၊ ဥပဒေ အင်္ဂါစုံ-မစုံ အနှစ်သာရကို ကြည့်ရ ပါသည်။ ပြဋ္ဌာန်းချက်တရပ်သည် ပြည်သူတို့ဆောင်ရန်၊ ရှောင်ရန်၊ တာဝန်၊ ရပိုင်ခွင့်တို့ကို သတ်မှတ်ခြင်း ဟုတ်-မဟုတ်၊ သတ်မှတ်ချက်ကို မလိုက်နာလျှင် မည်သူတွင်မျှ တာဝန်ရှိမည်၊ မည်သူသည် မည်သို့ ပြစ်ဒဏ်ခံရမည်၊ ပေးလျော် ဆောင်ရွက်ရမည်ကို သတ်မှတ်ခြင်း ဟုတ်-မဟုတ်၊ ကျူးလွန်သူအား မည်သည့် အဖွဲ့အစည်းက မည်သို့ အရေးယူမည်ကို သတ်မှတ်ခြင်း ရှိ-မရှိ၊ စစ်ဆေးကြည့်ရှုရပါသည်။ ဤသို့သော သတ်မှတ်ချက်များ ပြည့်စုံလျှင် အမည်ကို မည်သို့ပင် ခေါ်စေ ဥပဒေပင်ဖြစ်ပါသည်။

ဂ။ ဥပဒေ၏ ရည်ရွယ်ချက်။ ။ဥပဒေ ပြဋ္ဌာန်း ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ပြည်သူနှင့် ပြည်သူ၊ ပြည်သူနှင့် အစိုးရကြားတွင် တရားမျှတမှု ရှိစေရေး၊ လုပ်သားပြည်သူတို့၏ အကျိုးကို ညီညီညွတ်ညွတ် ဖြစ်စေရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ အများလက်ခံ၍ အသိအမှတ်ပြုသော မှုများအတွင်း လွတ်လပ်စွာ ခံစားခွင့်၊ လွတ်လပ်စွာ နေထိုင်ခွင့် ရှိလာရေး၊ လူမှုရေး၊ စီးပွါးရေး ကိစ္စများတွင် တရားသဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားသဖြင့် ခံစားပိုင်ခွင့် ရှိလာရေး၊ စီမံခန့်ခွဲရေးနှင့် တရား စီရင်ရေး ကိစ္စများ တွင်လည်း လုပ်သားပြည်သူများအတွက် အကျိုးဖြစ်ထွန်း စေရေးများ ရည်ရွယ်သည်ဟု ဆိုနိုင်ပေသည်။ ဥပဒေသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ မျှတမှုရှိစေရန် အာဏာစက်ဖြင့် ဆောင်ကြဉ်းပေးသော သဘောကို ဆောင်သည်။ သို့ဖြစ်ပါ၍ လူ့လောကကြီးတွင် ဥပဒေသာ မရှိပါက လူတို့၏ နေရေး ထိုင်ရေးသည် ဘေးအန္တရာယ်ကင်းရှင်းမည် မဟုတ်ချေ။ လုံခြုံမှု၊ ငြိမ်ဝပ်ပိပြားမှု များလည်း ရှိတော့မည် မဟုတ်ချေ။ တရားဥပဒေသည် နိုင်ငံ တနိုင်ငံ တည်မြဲရေးအတွက် အခရာဖြစ်သည်။ ဥပဒေမရှိသော နိုင်ငံတွင် တည်မြဲသော အစိုးရ မရှိနိုင်ချေ။ ယဉ်ကျေးသော နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံနှင့် သင့်တင့်

လျောက်ပတ်သော ဥပဒေများကို အများသဘောတူ ပြဋ္ဌာန်းထား ကြသည်။

၉။ ဥပဒေ၏ ပြောင်းလဲမှုသဘော။ ။လူသားတို့သည် မိမိတို့ လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွားနှင့် ကိုက်ညီသော ဥပဒေများကို သတ်မှတ်ကျင့်သုံးခဲ့ပါသည်။ တိုးတက်ပြောင်းလဲလာသော လူ့ဘောင် အဖွဲ့အစည်းနှင့်အညီ ဥပဒေတို့သည်လည်း ပြောင်းလဲ လာရပါသည်။ တရားဥပဒေသည် လူမှုရေး၊ စီးပွားရေးနှင့် အစိုးရ မူဝါဒ လမ်းစဉ် များအပေါ် အခြေခံ၍ ပြောင်းလဲလာရသည်၊ ပြောင်းလဲလာသော အခြေခံများ အပေါ် ဥပဒေသည် မပြောင်းလဲပဲ နေခဲ့လျှင် ထိုဥပဒေ သည် ခေတ်အလို၊ စနစ်အလိုကို မဖြည့်စွမ်းနိုင်ဟု ဆိုရပေမည်။ လူသားတို့၏ အကျိုးအတွက် တိုးတက်ပြောင်းလဲမှုသည် သမိုင်း၏အလို အရပင်ဖြစ်ရာ ဥပဒေသည်လဲ မလွဲမသွေ ပြောင်းလဲ လာရပေမည်။ ဥပဒေသည် ပြည်သူတို့၏ သဘောနှင့် ညီညွတ်မှ ထက်မြက်သည်၊ အစွမ်း ကြာသည်၊ မျှတမှန်ကန်မှုရှိပါသည်။ ဥပဒေ၏ အာဏာစက်သည် အစိုးရ နှင့် ပြည်သူ သဘောတူညီမှု (ပဋိညာဉ်) မှ လာ၍ ဥပဒေများသည် ပြည်သူတို့၏ လိုက်နာကျင့်သုံးမှုပေါ် မူတည်သည်။ ပြည်သူတို့၏ဆန္ဒ မပါသော ဥပဒေသည် တခေတ်တခါမျှသာ အာဏာစက် ရှိမည် ဖြစ်သည်။ သို့ဖြစ်၍ ခေတ်အဆက်ဆက်က ပါသော ဥပဒေများကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်တို့ကို ပယ်ဖျက်၍ အသစ်ပြုလုပ်သင့်သည်တို့ကို ပြုလုပ်ကျင့်သုံးရသည်။ ယခု ခေတ်တွင် ဥပဒေများသည် တခေတ်ပြောင်းတိုင်း အတွေးအခေါ် သစ် ဝင်တိုင်း၊ ဥပဒေအားလုံးကို တတိုင်းတည်း၊ တဆက်တည်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းရန် မလွယ်ပါ။ သို့ရာတွင် အများပြည်သူ၏ဘဝ၊ အတွေးအခေါ်နှင့် တည်ဆဲဥပဒေများအကြား လွန်စွာ ကွာခြားနေ လျှင်လည်း ပြည်သူတို့က ဥပဒေကိုယုံကြည်၊ လေးစား၊ အားထား ခြင်း နည်းပါးလာကာ ဥပဒေ၏ ထက်မြက်မှုသတ္တိ လျော့နည်းလာ တတ်သည်။ ထို့ကြောင့် ရှေးထုံးကိုမပယ်နှင့်ဟူသော ပုံသေအယူအဆ

ဖြင့် ဥပဒေအဟောင်းတွေကို မပြုမပြင် ထာဝစဉ် လိုက်နာနေခြင်း သည်လည်း မကောင်းပါ။ အဟောင်းဟူသမျှ မကောင်းဟူသော အယူအဆဖြင့် စိတ်ကူးရတိုင်း ပြင်ခြင်းသည်လည်း မကောင်းပါ။ မိမိတို့ခေတ်တွင် မိမိတို့ တတ်စွမ်းသမျှ မိမိတို့ အခြေအနေနှင့် အကိုက် ညီဆုံး တီထွင်ကြံဆ ပြုလုပ် ဖန်တည်းဖို့သာ ရှိသည်။ တတ်နိုင်သမျှ ပြည်သူ့အကျိုးဖြစ်စေသော ဥပဒေများကို ပြဋ္ဌာန်းလျှင်၊ ပြည်သူများက နားလည်လျှင်၊ ရည်ရွယ်ချက်ကို သဘောပေါက်လျှင်၊ ဥပဒေသည် ပိုပြီး အာဏာရှိပါသည်။ ခေတ်သစ်နှင့် ခေတ်ဟောင်း မတူပါ၊ မည်သည့် ခေတ်သစ်နိုင်ငံတွင်မဆို နိုင်ငံတော်က ဝင်ရောက် တာဝန်ယူရသည့် လုပ်ငန်းတာဝန်များလည်း များပြားလာသည်။ လူ့အဖွဲ့အစည်းအတွက် ချမှတ်ရသည့် စည်းကမ်းများလည်း များပြား လာသည်။ ယင်းသို့ များပြားလာသည်နှင့်အမျှ ဥပဒေများလည်း များပြား လာရသည်။ သို့ရာတွင် ဥပဒေများ လိုအပ်သည်ထက် မပိုအောင် ကြပ်မရသည်။ မြားမြောင်သော ဥပဒေများကို အသက်ဝင်လာအောင် ဆောင်ရွက် ပေးရသည်။ မပြတ်မလပ်ထိန်းကျပ်ပေးရသည်။ ဥပဒေဟူသည် မိမိတို့ ကိုယ်ကို မိမိတို့အသက် မသွင်းနိုင်ပါ။ နိုင်ငံအဖွဲ့အစည်း များနှင့် ပြည်သူတို့က ပေးအပ်သည့် အင်အားကို မှီခိုအားထားရသည်။ ဥပဒေ ဟူသည် မရှိလျှင်လည်း မဖြစ်၊ များလွန်းလျှင်လည်း မကောင်း၊ မရှိလျှင်လည်း စည်းကမ်းမဲ့သည်။ များလွန်းလျှင်မူ မသိ မမှတ်မိ ရှိတတ် သည်။ ထို့ကြောင့် ဥပဒေကို လိုသလောက်သာ လိုသောအခါ၌ ပြဋ္ဌာန်း အပ်သည်။ မည်သည့် အတွက်ကြောင့် လိုအပ်သည်။ တရားမျှတ၍ အများအကျိုး အတွက် ဖြစ်သည်ကို လူအများသိမြင်၍ ပြဋ္ဌာန်း သော ဥပဒေ အကြောင်း အကျိုးကို သဘောပေါက် နားလည်လျှင် ထိုဥပဒေကို အများကလက်ခံ လေးစားကြသည်။ လိုက်နာကျင့်သုံးသည်။ အများပြည်သူ နားမလည်၊ လက်မခံ၊ မကျင့်သုံးသော ဥပဒေသည် ထက်မြက်မှုမရှိ၊ အသက်မရှိပါ။

၁၀။ တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး ရည်ရွယ်ချက်အောင်မြင်စေရေးနှင့် လုပ်သားပြည်သူတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဥပဒေများကိုပြင်ဆင်ခြင်း၊ပယ်ဖျက်ခြင်း၊အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ရသည်။ ဥပမာ အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေ၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် ဥပဒေများ၊ မြေယာစနစ်တော်လှန်ရေးနှင့်သက်ဆိုင်သော ဥပဒေများကို ထုတ်ပြန်ခဲ့သည်။ တော်လှန်ရေးကောင်စီသည် ပြည်သူတို့၏ဆန္ဒကို ခံယူ၍ အခြေခံ ဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယင်းအခြေခံ ဥပဒေအရ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ၏ အာဏာကို ခံယူကျင့်သုံးသော လွှတ်တော်က အခြေခံ ဥပဒေသစ်အရ လိုအပ်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါသည်။

၁၁။ ဥပဒေများပြဋ္ဌာန်းခြင်း။ ။ပြည်သူများတို့သည် မိမိတို့ နိုင်ငံတော်ကို မည်ကဲ့သို့ ဖွဲ့စည်းမည်၊ အချုပ်အခြာအာဏာသည် ပြည်သူမှာ တည်၍ ပြည်သူက ယင်းအာဏာကို မိမိတို့ကိုယ်စားကျင့်သုံးရန် မည်သည့် အဖွဲ့အစည်းများကိုအပ်နှင်းမည်။ အဖွဲ့အစည်းများကို မည်သို့ ရွေးချယ်မည်၊ အဖွဲ့အစည်းများက မိမိတို့အား လွှဲအပ်ထားသော အာဏာကို မည်သည့် စည်းကမ်းများဖြင့် မည်သို့ကျင့်သုံးမည် စသည်တို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားကြသည်။ ယင်းဥပဒေမှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူတရပ်လုံး၏ ဆန္ဒကို ခံယူ၍ ပြဋ္ဌာန်းခဲ့ရပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတည် မော်ကွန်းဖြစ်သည်။ အခြားအခြားသော ဥပဒေများ၏ အုတ်မြစ် အခြေခံလမ်းညွှန်ဖြစ်သည်။

၁၂။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်မှုအာဏာ ဟူသော အချုပ်အခြာ အာဏာသည် ပြည်သူတို့၌ တည်သည်။ ပြည်သူတို့က ရွေးချယ်တင်မြှောက်သော ပြည်သူ့ ကိုယ်စား

လှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်သည် ယင်း အချုပ်အခြာ အာဏာကို ခံယူရသည်။ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာတို့ကို အဆင့်ဆင့်သော ပြည်သူ့ အဖွဲ့အစည်းများသို့ လွှတ်တော်က ခွဲဝေ အပ်နှင်းသော်လည်း ဥပဒေပြု အာဏာကိုမူလွှတ်တော်ကသာ ကျင့်သုံး ရသည်။

၁၃။ အထူးကိစ္စပေါ်ပေါက်ပါက လွှတ်တော်အစည်းအဝေး ပြုလုပ် နေချိန် မဟုတ်လျှင် နိုင်ငံတော်ကောင်စီသည် ဥပဒေကဲ့သို့ အာဏာ တည်သောအမိန့်ကို ထုတ်နိုင်သည်။ အမိန့်သည် ကာလ အကန့်အသတ် ဖြင့်သာ တည်နိုင်သည်။ အမိန့်ထုတ်ပြီးလျှင် အမြန်ဆုံး လွှတ်တော်သို့ အစီရင်ခံ၍ အတည်ပြုချက် ရယူရသည်။

၁၄။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတဝန်းလုံးရှိ ပြည်သူအများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း ထားသည်ဖြစ်ရာ ဥပဒေပြုရေးကိစ္စတွင် ပြည်သူအများ၏ ဆန္ဒသဘော ထားကို ထင်ဟပ်ဖော်ဆောင်၍ ဥပဒေ ပြဋ္ဌာန်းနိုင်ပါသည်။ ဥပဒေပြု အာဏာကို ပြည်သူ့လွှတ်တော်တခုတည်း၌သာ မထားပဲ ဒေသအားဖြင့် လည်းကောင်း၊ အဖွဲ့အစည်း အားဖြင့် လည်းကောင်း ခွဲခြားထားလျှင် တကျောင်း တဂါထာ တရွာ တပုဒ်ဆန်းဖြစ်ပြီး ယင်း ဥပဒေများကို လိုက်နာကျင့်သုံးရမည့် ပြည်သူများအဖို့ များစွာ အရှုပ်အထွေးဖြစ်လာ နိုင်ပေသည်။ သို့ဖြစ်၍ ဥပဒေပြုမှုအာဏာကို ပြည်သူ့လွှတ်တော်ကသာ ကိုင်တွယ် ကျင့်သုံးရခြင်းဖြစ်ပေသည်။ ထို့အပြင် နိုင်ငံအတွင်း ပြဋ္ဌာန်း သည့် ဥပဒေများသည် ရှေ့နောက်ညီညွတ်စေရန်လည်းကောင်း၊ ဥပဒေ၏ အကျိုးအာနိသင်ကို နိုင်ငံတဝန်းလုံး၌ လွှမ်းခြုံ ထိရောက်စေရေးအတွက် လည်း ဥပဒေပြုမှုအာဏာကို ပြည်သူ့လွှတ်တော်ကသာလျှင် ကျင့်သုံး ရခြင်းဖြစ်သည်။

၁၅။ ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းများ အဆိုပြု တင်သွင်းခြင်း နှင့်ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၀၄ တွင် ပြည်သူ့

လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံတော် ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့တို့သည် တင်သွင်းခွင့် ရှိပါသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကလည်း အောက်မှအထက်သို့ အဆင့်ဆင့် တင်ပြ၍ နောက်ဆုံး၌ ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ပါသည်။

၁၆။ အခြေခံ ဥပဒေပုဒ်မ ၂၀၅ တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ယင်းက ဦးဆောင်ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများနှင့် လုပ်သားပြည်သူများသည် ဥပဒေရေးရာကိစ္စ၊ စီးပွားရေးစီမံကိန်းဆိုင်ရာကိစ္စ၊ နှစ်စဉ် ရ-သုံး ခန့်မှန်းခြေ ငွေစာရင်းကိစ္စ၊ အခြားကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်သို့ အကြံပြုနိုင်သည်။

၁၇။ သို့ဖြစ်ပါ၍ မိမိတို့ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်တွင် အဖက်ဖက်မှ လုံခြုံရေးနှင့် ငြိမ်းချမ်းသာယာရေးတို့ အတွက် သော်လည်းကောင်း၊ တိုင်းပြည်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတိုးတက်ရေးတို့အတွက်သော်လည်းကောင်း လိုအပ်သော ဥပဒေများကို တနိုင်ငံလုံးရှိ လုပ်သား ပြည်သူများ၏ အတွေးအခေါ်၊ အတတ်ပညာ၊ အသိပညာတို့ကို ရယူပြဋ္ဌာန်းနိုင်မည်ဖြစ်ပါသည်။

## အမှုစစ်ဆေးခြင်း

၁။ ပြည်သူ့ရဲက တင်ပို့သဖြင့် တရားရုံးသို့ ဖြစ်မှုရောက်ရှိလာသည့် အမှုကြီးများကိုပြည်သူ့ရဲကတာဝန်ယူစုံစမ်းတင်ပို့ရပါသည်။အချင်းချင်းဖြစ်သည့် အမှုအသေးအဖွဲ့မျိုးကို နစ်နာသူက တရားရုံးသို့ သွားရောက်တိုင်ကြား တရားစွဲဆို နိုင်ပါသည်။ ပြည်သူ့ ရဲစခန်းသို့ သွားရောက်တိုင်ကြားလျှင် ရဲက တိုင်ချက်ဖွင့်၍ တရားရုံးသို့ တရားစွဲဆို တင်ပို့ပေးရပါသည်။

၂။ တရားမမှုတွင် တရားလိုက သူလိုချင်သည့်အကျိုးကို တရားရုံးက သူ့အား ပေးထိုက်ကြောင်း သက်သေ ထူရ ပါသည်။ ထို့အတူ

ပြစ်မှု တွင်လည်း တရားလိုက တရားခံသည် စွဲဆိုထားသော ပြစ်မှု အရ အပြစ်ရထိုက်ကြောင်း သက်သေထူရသည်။ တရားလိုက သက်သေ ထူပြီးသောအခါ ချေပရှင်းလင်းရန် တာဝန်သည် တရားခံ၏ ပခုံးသို့ ပြောင်းသည်။

၃။ ပြစ်မှု စစ်ဆေးရာတွင် တရားခံအား တရားလိုနှင့် ယင်း၏ သက်သေများကို ပြန်လှန်မေးမြန်းခွင့်ပေးရမည်။ တရားလိုဘက်က စတင် သက်သေထူရသည်။ တရားလိုနှင့် ယင်း၏ သက်သေများကို စစ်ဆေး ကြားနာပြီးမှ တရားခံနှင့် ယင်း၏ သက်သေများကို ကြားနာစစ်ဆေး ရပါသည်။ တဖက်သတ် ဆုံးဖြတ်ခြင်းမပြုရ။ တရားခံတွင်လည်း အမှန် တရား ရုပ်လုံးပေါ်စေရန် ရှင်းလင်းတင်ပြဖို့ တာဝန်ရှိသည်။

၄။ တရားမမှု၊ ပြစ်မှု နှစ်မျိုးလုံးတွင် တရားလိုက အမှုအဖြစ် အပျက်ကို တည်ဆောက် ရုပ်လုံးပေါ်စေရသည်။ တရားခံတရားပြိုင်တို့က ချေပရှင်းလင်း၍ ပေါ်လာသောအမှုကို ဖျက်ရန်အားထုတ်သည်။

၅။ တရားလို၊ တရားခံ၊ တရားပြိုင်များသည် ကာယကံရှင်များ ဖြစ် ကြသည့်အလျောက် သူတို့ကိုယ်တိုင်က တရားရုံးတွင် လျှောက်ထားပြော ကြားနိုင်သည်။ ရှေ့နေငှားလိုက ငှားနိုင်သည်။

၆။ သက်သေကို စစ်ဆေးရာတွင် တိုတိုနှင့် လိုရင်း ရောက်ဖို့လို ပါသည်။ တရားလိုကခေါ်သောသက်သေကို တရားလိုဘက်က စတင်၍ မေးမြန်းသည်။ အမှုနှင့်သက်ဆိုင်သောအချက်အလက်များ ပေါ်ထွက် လာအောင် မေးမြန်းရသည်။ မိမိခေါ်သည့် သက်သေကို မိမိစစ်ဆေး ရာတွင် ဖြေလာမြောင်းပေးသဘောမျိုး မမေးရ။ လိုချင်သည့် အဖြေကို လည်း မဖြူဆွယ်ရ။ သက်သေပါးစပ်ထဲသို့ ထွက်စေလိုသည့်စကားကို ထည့်မေးရာရောက်လျှင် တဖက်က ကန့်ကွက်နိုင်သည်။ တရားရုံးကလည်း တားမြစ်နိုင်သည်။ သို့ရာတွင် အသေးအဖွဲ့ အငြင်းမပွားသည့်ကိစ္စများ၌ စစ်ဆေးခြင်း မြန်ဆန်စေရန် လိုအပ်သလောက် ကြောင်းပေးနိုင်သည်။

တဖက်သက်သေကို ပြန်လှန်မေးခွန်းမေးရာတွင် အတော်အတန်လွတ်လပ်ခွင့်ရှိသည်။ သက်သေ အကျင့်စာရိတ္တမကောင်းကြောင်း၊ ထို့ကြောင့် ယင်း၏စကားကိုမယုံထိုက်ကြောင်း၊ မှသားထွက်ဆိုနေကြောင်း ပြနိုင်က ပြရန်ဖြစ်သည်။ သို့ရာတွင် သက်သေအား မလောက်မညာ ကြမ်းတမ်းစွာ မမေးရ။ မဟုတ်မတရား မစွပ်စွဲရ၊ တရားရုံးက သက်သေကို စောင့်ရှောက်ရမည်။

၇။ အမှုစစ်ဆေးရာတွင် တကယ် အဖြစ်အပျက်မှန်ကို အပြည့်အစုံ ဖော်ထုတ်ရန်အဓိကဖြစ်သည်။ အမှန်တရားတပိုင်းတစကို မြင်ရုံနှင့်မပြီး၊ တရားရုံးသည် ဆီလျော်သော အဖြစ်အပျက်စုံကို တူးဖော် နိုင်မှ ပြဿနာ၏ အဖြေကိုတွေ့ရှိနိုင်မည်။

၈။ အမှန်တရားကို ဖော်ထုတ်ရန်မှာ တရားရုံး၏ တာဝန်ဖြစ်သည်။ အမှုစတင်စစ်ဆေးသည်မှ စီရင်ဆုံးဖြတ်ပြီးသည့်အထိ စီမံထိန်းကွပ်ခြင်း၊ မရှင်းလင်းသည်များကို ရှင်းလင်းသည်အထိ မေးမြန်းခြင်း၊ လိုသည်များကို တင်ပြစေခြင်းစသည်တို့ကို လုပ်ဆောင်ရန် တရားရုံးတွင် တာဝန်ရှိသည်။ လုပ်ပိုင်ခွင့်အာဏာလည်း အပြည့်အစုံရှိသည်။

၉။ အမှုသည်များ၊ ရှေ့နေများသယ်ဆောင်သွားရာသို့ တရားသူကြီးများက လိုက်ပါသွားကြရန်မဟုတ်။ တရားရုံးက သက်သေအားမေးသင့်သည်ကိုမေးနိုင်သည်။ အရေးပါမည်ထင်သော သက်သေကို တဖက်ဖက်က မတင်ပြလျှင် တင်ပြစေရန်ညွှန်ကြားနိုင်သည်။ သို့တည်းမဟုတ် တရားရုံးက ခေါ်ယူ စစ်ဆေးနိုင်သည်။ အချင်း ဖြစ်ပွားရာနေရာ၊ အမှုနှင့် သက်ဆိုင်သော နေရာများကို သွားရောက် ကြည့်ရှု စစ်ဆေးနိုင်သည်။ တရားရုံးက မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက် နေကြောင်းကို နှစ်ဖက် အမှုသည်များနှင့် အခြား သက်ဆိုင်သူများကပါ မြင်စေဖို့ အရေးကြီးသည်။

၁၀။ သက်သေသည် ကိုယ်တိုင် မြင်၊ ကြား၊ သိတာကိုသာ ထွက်ဆိုရသည်။ တဆင့်စကားကိုမပြောရ၊ အထင်ကိုမပြောရ။ စာရွက်စာတမ်း

သက်သေခံအဖြစ်တင်ပြလျှင် မှုရင်းကိုသာတင်ပြရသည်။ မိတ္တူကိုမတင်ရ။ မှုရင်းပျောက်ဆုံးကြောင်း သက်သေပြနိုင်မှ မိတ္တူကိုတင်ခွင့်ရသည်။

၁၁။ စစ်ဆေးပြီးလျှင် ဆုံးဖြတ်ရသည်။ ဆုံးဖြတ်ခြင်းသည်တရားရုံး၏ တာဝန်ဖြစ်သည်။ အကြောင်းအချက် မပြည့်စုံသေးဟု ထင်မြင်လျှင် ထပ်မံတောင်းနိုင်သည်။ နောက်ထပ်သက်သေခေါ်နိုင်သည်။ အားလုံး ပြည့်စုံမှ ဆုံးဖြတ်သင့်သည်။ အကြိမ်ကြိမ် ညှိနှိုင်း ကြေညက်အောင် ဆွေးနွေးနိုင်သည်။ ဆွေးနွေးကြရာတွင် လွတ်လပ်မှုရှိအောင် တရား စီရင်ရေး နာယကသည် စကားဦးမသန်းသင့်၊ အဆုံးအဖြတ်ကို အချိန် ဆွဲမထားသင့်၊ အချိန် ကြန့်ကြာသည်နှင့်အမျှ ဟိုဘက် အမှုသည်၊ သည်ဘက် အမှုသည်များက ချဉ်းကပ်လာတတ်သည်။ ချဉ်းကပ်လာ သည်ကို စောင့်ဆိုင်းနေသည်ဟု သံသယဝင်လာတတ်သည်။ ထို့ကြောင့် အမှုစစ်ဆေးပြီးလျှင် အချက်အလက်များမမေ့မပျောက်ခင် မြန်မြန်ညှိနှိုင်း ဆုံးဖြတ်၊ ဆုံးဖြတ်ချက်များကို မြန်မြန်ကြေညာခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ဆုံးဖြတ်ရသူများအဖို့ဘေးကင်းသည်၊ အများ အမြင်လည်း ရှင်းသည်။ သက်ဆိုင်သူများအဖို့လည်း စိုးရိမ်တကြီး စောင့်စားမနေရပဲ ချမ်းသာသည်။

# တရားမမှုခင်းဆိုင်ရာ တင်ပြချက်များ

## တရားမမှု အမျိုးအစားနှင့် တရားမမှုပြဿနာ စိစစ်ခြင်း

### ၁။ တရားမမှုခင်း

တရားမမှုဆိုသည်မှာ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုတွင် ကတိပျက်ခြင်း၊ နစ်နာစေခြင်းတို့မှ ပေါ်ပေါက်သော ကိစ္စတို့ ဖြစ်ကြပါသည်။ ဥပမာ ကြွေးယူ၍ မဆပ်ခြင်း၊ ပစ္စည်းရောင်းဝယ်ရာတွင် လိမ်လည်ခြင်း၊ မိဘသေဆုံး၍ အမွေခွဲဝေခြင်း စသည်တို့ ဖြစ်ပါသည်၊ ယင်းမှုခင်းတို့မှာ အချင်းချင်း ဖြစ်ပွားကြသော ကိစ္စများ ဖြစ်ကြ၍ တရားရုံးများ၏ အဆုံးအဖြတ်ကို ခံယူလိုလျှင်လည်း တဦးသော်သူက ရုံးတွင် တရားလိုအဖြစ် အမှုဖွင့်လှစ်၍ အခြားသောသူအား တရားပြိုင်အဖြစ် ထုချေစေရ ပါသည်။ အချင်းချင်း မှုခင်းဖြစ်ပွားရာတွင် တရားရုံးများက ဝင်ရောက် ဆုံးဖြတ်ပေးရခြင်း ဖြစ်သဖြင့် တရားလိုက တရားရုံး စရိတ်စကနှင့် အစိုးရ၏ စရိတ်စကကို ကျခံသည့်သဘောဖြင့် အမှုတန်ဖိုးအလိုက် လိုအပ်သော ကံသိပ်ခေါင်းများကို ဝယ်၍ ကပ်နှိပ်ရပါသည်။

### ၂။ တရားမမှုခင်း အမျိုးအစား

တရားမမှုခင်းများတွင် ဖော်ပြပါ မှုခင်းများ ပါဝင် ပါသည်—

(က) (၁) တရားမ မူလမှုများ

(၂) ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မှုများ (ဇာရီမှုများ)

(ခ) တရားမ အထွေထွေ လျှောက်လွှာများနှင့် အခြား မှုခင်းများ

(ဂ) တရားမ အယူခံမှုများ

(ဃ) တရားမပြင်ဆင်မှုများ

(င) တရားမလွှဲအပ်မှုများ

(စ) တရားမစောဒကမှုများ

၃။ **တရားမမှု ကြားနာစစ်ဆေးခြင်း**

(က) (၁) တရားမမှု စတင် စွဲဆိုလိုသည့်အခါ တရားရုံးသို့ အဆိုလွှာ တင်သွင်းရပါသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၇ ပါ လိုအပ်သည့်ပြဋ္ဌာန်းထားချက်များနှင့်အညီ အဆိုလွှာရေးသားရပါသည်။အဆိုလွှာတွင် လိုအပ်သည့် ရုံးခွန်တံဆိပ်များ ထမ်းဆောင်ရသည့် အပြင်တရားပြိုင် သို့မဟုတ် တရားပြိုင်များထံ ရုံးခေါ်စာ ထုတ်ရန် ရုံးခွန် တံဆိပ်ခေါင်းလည်း ပေးသွင်းရပါသည်။

(၂) တရားပြိုင် သို့မဟုတ် တရားပြိုင်များ ရုံး ခေါ်စာထုတ်၍ ဆင့်ခေါ်ရာတွင် ရုံးခေါ်စာ အတည်ဖြစ်လျက် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ပါလျှင် တရားရုံးသည် အမှုကို တဖက်သတ် စစ်ဆေးရန် အမိန့်ချမှတ်နိုင်ပါသည်။ ထို့နောက် တရားလိုနှင့် သက်သေများကို စစ်ဆေးကြားနာပြီး သက်သေခံချက်များ အပေါ် အခြေပြု၍ တရားလိုဘက် အနိုင်ပေးသည့် စီရင်ချက် ဒီကရီ ချမှတ်နိုင်ပါသည်။ သို့မဟုတ် အရှုံးပေးသည့် စီရင်ချက် ဒီကရီလည်း ချမှတ်နိုင်ပါသည်

(၃) တရားပြိုင် သို့မဟုတ် တရားပြိုင်များ တရားရုံးသို့ လာရောက်၍ အဆိုလွှာတွင် ဖော်ပြချက်များ အတိုင်း ဝန်ခံပါလျှင် တရားရုံးသည် ယင်းဝန်ခံ ချက်အရ တရားလို စွဲဆိုသည့်အမှုကို စွဲဆိုသည့် အတိုင်းစီရင်ချက် ဒီကရီ ချမှတ်ပေးနိုင်ပါသည်။

(၄) တရားလိုနှင့် တရားပြိုင်တို့က မိမိတို့ အချင်းချင်း နှစ်ဦး သဘောတူချက်များ အတိုင်း စီရင်ချက် ဒီကရီ ချမှတ်ပေးပါရန် လျှောက်ထားပါလျှင် တရားရုံးသည် ယင်းတို့၏ သဘော တူညီ ချက် စည်း ကမ်း ချက် များ အတိုင်း စီရင်ချက် ဒီကရီ ချမှတ်နိုင်ပါသည်။

(ခ) တရားပြိုင် သို့မဟုတ် တရားပြိုင်များ လာရောက်၍ အမှုကို ဝန်မခံပါလျှင် အချေလွှာ တင်သွင်း စေရပါသည်၊ ထို့နောက် တရားလိုအား အဖြေလွှာ တင်သွင်းစေရပါ သည်။ အဆိုလွှာ၊ အချေလွှာ၊ အဖြေလွှာများ တင်သွင်း ပြီးသည့်အခါ တရားရုံး ကောက်ချက်များ ထုတ်ပြီး လျှင် သက်သေပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးရန် အမှုချိန်းဆိုရပါသည်။

(ဂ) အမှုကြားနာရန် ချိန်းဆိုထားသောနေ့၌ သက်သေပြရန် တာဝန်ရှိသော အမှုသည်ဘက်ကို စတင်စစ်ဆေးရပါ မည်၊ သာမန်အားဖြင့် တရားလိုသည် စွပ်စွဲချက်များ ထင်ရှားအောင် သက်သေပြရသည့်အတွက် တရားလိုဘက် ကို စတင်စစ်ဆေးရပါသည်။ အကယ်၍ သက်သေပြရန် တာဝန်သည် တရားပြိုင်ပေါ်၌ ကျရောက် ပါ လျှင် တရားပြိုင်နှင့် တရားပြိုင် သက်သေများကို စတင်စစ်ဆေး ရပါမည်။

(ဃ) တရားလိုနှင့် တရားလိုဘက်က တင်ပြသည့် သက်သေများကို စစ်ဆေးသည့်အခါ တရားပြိုင် သို့မဟုတ် တရားပြိုင်၏ ကိုယ်စားလှယ်က ပြန်လှန် မေးခွန်းထုတ်နိုင်ပါသည်။ တရားလိုနှင့် တရားလိုသက်သေများကို စစ်ဆေးစဉ် တရားလိုဘက်မှဖြစ်စေ၊ တရားပြိုင်ဘက်မှဖြစ်စေ စာရွက်စာတမ်း အမှတ်အသားများ တင်သွင်းနိုင်ပါသည်။

( င ) တရားပြိုင်နှင့် တရားပြိုင်ဘက်က တင်ပြသော သက်သေများကို စစ်ဆေးသည့်အခါ တရားလို သို့မဟုတ် တရားလို၏ကိုယ်စားလှယ်က ပြန်လှန်မေးခွန်းထုတ်နိုင်ပါသည်၊ နှစ်ဘက် အမှုသည်များ စာရွက်စာတမ်းများ တင်သွင်းနိုင်ပါသည်။

( စ ) တရားလို၊ တရားပြိုင်နှင့် သက်သေများကို စစ်ဆေးခြင်း မပြုမီ ကတိသစ္စာပြုစေရပါမည်။

( ဆ ) သက်သေများသည် နှုတ်ဖြင့် သက်သေခံစေရပါမည်။

( ဇ ) တရားစီရင်ရေးအဖွဲ့ဝင်တဦးဦးကဖြစ်စေ၊ တရားစီရင်ရေးအဖွဲ့ကညွှန်ကြားသူကဖြစ်စေ၊သက်သေထွက်ချက်များကို ကိုကျစွာ ရေးမှတ်ထားရပါမည်၊ အမေးအဖြေ သဘောမျိုးရေးမှတ်နိုင်ပါသည်၊ အမှုသည်တဦးဦးက တောင်းဆိုပါလျှင် အမေးနှင့်အဖြေကို ရေးမှတ်ထားရပါမည်။

( ဈ ) သက်သေများကို နှုတ်ဖြင့် စစ်ဆေးစဉ် တဖက်အမှုသည်ဘက်က မေးခွန်းတခုခု စစ်မေးခြင်းကို ကန့်ကွက်ပါလျှင် သက်သေခံချက်မှတ်တမ်းတွင်ပင် ထိုမေးခွန်းကိုရေးမှတ်ရပါမည်။ ကန့်ကွက်ချက်ကိုလည်း ရေးမှတ်ရပါမည်။ ထိုမေးခွန်းကို ဥပဒေအရ မေးနိုင်ခွင့် ရှိ-မရှိ ဆုံးဖြတ်ရပါမည်။

(ည) သက်သေကို ခေါ်ယူသူက ပထမ စစ်ဆေးရပါမည်။ ထို့နောက် တဖက်အမှုသည်ဘက်မှ စစ်ဆေးရပါမည်။ စစ်မေးပြီးသည့်အခါ ခေါ်ယူသူက ထပ်မံရှင်းပေးနိုင်ပါသည်။ တရားရုံးက မည်သည့်အခါ၌မဆို မရှင်းလင်းသောအချက်များနှင့် ပတ်သက်၍ မေးမြန်းနိုင်ပါသည်၊ ယင်းသို့ မေးမြန်းသည့်အခါ ရုံးမေးဟု မှတ်တမ်းတင်ရပါမည်၊ သက်သေ၏ နှုတ်သက်သေခံချက်ကို ရေးမှတ်ထားပြီးသည့်အခါ သက်သေအား ဖတ်ပြ ရပါမည်။ သက်သေထွက်ချက်ကို တရားစီရင်ရေး အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရပါမည်။

(ဋ) သက်သေခံ အဖြစ် တင်သွင်းသော စာတမ်း အမှတ်အသားများ၊ သက်သေခံချက်များ တင်သွင်းလာသည့်အခါ လက်ခံ၍ အမှတ်စဉ်တပ်ပြီးလျှင် ယင်းစာတမ်း အမှတ်အသား ပေါ်တွင် လက်မှတ် ရေးထိုးရပါမည်၊ တရားလိုဘက်က တင်သွင်းလျှင် (က)၊(ခ) စသည်ဖြင့် မြန်မာအက္ခရာစဉ်အတိုင်း မှတ်သားရပါမည်၊ တရားပြိုင်ဘက်က တင်သွင်းလျှင် (၁)၊(၂) စသည်ဖြင့် မြန်မာ ဂဏန်းစဉ်အတိုင်း မှတ်သားရပါမည်။

(ဌ) သက်သေခံ စာတမ်း အမှတ်အသား တခုကို တဖက်အမှုသည်က တင်သွင်းခြင်းကို အခြားတဖက် အမှုသည်ဘက်က ကန့်ကွက်ပါလျှင် ထိုကန့်ကွက်ချက်ကို သက်သေထွက်ချက်မှတ်တမ်း၊ သို့မဟုတ် နေ့စဉ် မှတ်တမ်းတွင် ရေးမှတ် ထားရပါမည်၊ ဥပဒေအရ လက်ခံနိုင်-မနိုင် စဉ်းစားရပါမည်၊ လက်ခံပါလျှင် လက်ခံသည်ဟု ရေးမှတ်ရပါမည်၊ လက်မခံလျှင် လက်မခံနိုင်ဟု အမိန့်ချမှတ်ရပါမည်။

(၃) နှစ်ဖက် အမှုသည်များက သဘောတူညီလျှင် ယင်းသဘော တူညီချက်အတိုင်း သက်သေခံချက်ကို လက်ခံခြင်း မှတ်တမ်းတင်ခြင်း၊ ထည့်သွင်း စဉ်းစားခြင်းပြု၍ အမှုကို ဆုံးဖြတ်ရပါမည်၊ နှစ်ဖက် အမှုသည်များက အကြောင်းအချက် တခုခုနှင့်စပ်လျဉ်း၍ သက်သေမတင်ပြပဲ မည်သို့ရှိသည်၊ မည်သို့ဖြစ်သည် ဟု သဘောတူညီကြပါလျှင် ယင်းသဘောတူညီချက်ကို လက်ခံ၍ အဆုံးအဖြတ်ပေးရပါမည်။

(၁) နှစ်ဖက်အမှုသည်တို့ဘက်မှ တင်ပြသော သက်သေခံချက်များကို မှတ်တမ်းတင်ပြီးနောက် အပြီးသတ် လျှောက်လဲချက် ကြားနာရပါမည်၊ နှစ်ဖက်အမှုသည် သို့မဟုတ် ကိုယ်စားလှယ်တို့သည် နှုတ်ဖြင့် လျှောက်လဲချက်ပေးနိုင်ပါသည်၊ စာဖြင့်ရေးသားထားသော လျှောက်လဲချက်အကျဉ်းချုပ်ကို အခြေပြု၍ နှုတ်ဖြင့် ရှင်းလင်းတင်ပြနိုင်ပါသည်၊ တရားစီရင်ရေး အဖွဲ့သည် မရှင်းလင်းသော အချက်များကို လျှောက်လဲချက် ပေးသူများအား မေးမြန်းနိုင်ပါသည်။

(ဏ) အပြီးသတ် လျှောက်လဲချက်ကြားနာပြီးနောက် တရားစီရင်ရေးအဖွဲ့သည် စီရင်ချက် ချမှတ်ရပါမည်။

# သက်သေခံဥပဒေ

**သက်သေများ**

(က) **သက်သေခံနိုင်ခွင့်ရှိသူများ။** ။အမှုများကိုစစ်ဆေးစီရင်ရာတွင် အခြင်းအရာများကို နှုတ်သက်သေခံချက်ဖြင့် ဖြစ်စေ၊ အမှတ်အသား သက်သေခံချက်ဖြင့် ဖြစ်စေ၊ နှစ်ရပ်စလုံးဖြင့်ဖြစ်စေ၊ အထောက်အထား တင်ပြနိုင်ပါသည်။ နှုတ်သက်သေခံချက်မှာ တရားရုံးရှေ့မှောက်တွင် သက်သေက နှုတ်ဖြင့်ထွက်ဆိုချက်ပင် ဖြစ်ပါသည်။

မည်သူမဆို အသက်အရွယ်မရွေး သက်သေခံနိုင်ခွင့်ရှိပါသည်။ သို့ရာတွင် အသက်အရွယ် ငယ်လွန်း၍ ဖြစ်စေ၊ အလွန် အိုမင်း၍ဖြစ်စေ၊ ရောဂါစွဲကပ်ခြင်း စသော အကြောင်း အမျိုးမျိုးကြောင့် မေးမြန်းချက်ကို နားလည်ခြင်းမရှိ၊ အကြောင်းအားလျော်စွာ ဖြေဆိုနိုင်ခြင်းမရှိဟု ယူဆရန် ရှိသူများကိုမူ သက်သေအဖြစ် အစစ်ခံခြင်းမပြုနိုင်ပါ။ ရူးသွပ်သူသည် မေးမြန်းချက်ကို နားလည်ပြီး ကောင်းစွာဖြေကြားနိုင်ရန် စိတ်ကောင်းဝင်နေသောအချိန်၌ သက်သေခံခွင့်ရှိပါသည်။

(ခ) **ဆွံ့-အနေသောသက်သေ။** ။ဆွံ့-အ၍ စကားမပြောနိုင်သော သက်သေမှာ စာရေးခြင်း၊ အရိပ်အမြွက်ပြခြင်း စသော နားလည်နိုင်အောင် ယင်းသူ ပြုနိုင်သော အခြား မည်သည့်နည်းနှင့်မဆို သက်သေခံခွင့်ရပါသည်။ ယင်းသက်သေခံချက်ကို နှုတ်သက်သေခံချက် အဖြစ် မှတ်ယူရပါမည်။

(ဂ) **အမှုသည်**။ ။တရားမမှုတွင်အမှုသည်များမှစ၍ယင်းအမှုသည်တို့အနက် တဦးဦး၏ လင်ယောကျ်ား၊ သို့မဟုတ် ဇနီးမယားတို့မှာ သက်သေခံနိုင်ခွင့် ရှိပါသည်။ တစုံတယောက်သောသူကို ပြစ်မှုကြောင့် စွဲဆိုသည့် အမှုများတွင်လည်း ယင်း၏လင်ယောကျ်ားဖြစ်သူ သို့မဟုတ် ဇနီးမယားဖြစ်သူတို့သည် သက်သေခံနိုင်ခွင့် ရှိပါသည်။

**သက်သေများစစ်ဆေးခြင်း**

စစ်ဆေးရာတွင် ဖော်ပြပါအစီအစဉ်အတိုင်း စစ်ဆေးရပါမည်—

(က) အဓိကစစ်မေးခြင်း၊

(ခ) ပြန်လှန်စစ်မေးခြင်း၊

(ဂ) ထပ်မံစစ်မေးခြင်း ၊

မိမိတင်ပြသောသက်သေကို မိမိဘက်မှ စတင်၍စစ်မေးရပါမည်၊ ယင်းသို့စစ်မေးခြင်းကို အဓိကစစ်မေးခြင်းဟု ခေါ်ပါသည်။

မိမိဘက် သက်သေကို တဖက်အမှုသည်ဘက်မှ ပြန်လှန် မေးခွန်းများဖြင့် မေးမြန်းစစ်ဆေးခြင်းသည် ပြန်လှန်စစ်မေးခြင်း ဖြစ်ပါသည်။

ပြန်လှန်စစ်မေးပြီးနောက် မိမိသက်သေအား မိမိက ထပ်မံစစ်မေးခြင်းကို ထပ်မံစစ်မေးခြင်းဖြစ်ပါသည်။ ပြန်လှန် စစ်မေးခြင်းရှိမှသာ ထပ်မံစစ်မေးခြင်း ရှိရပါသည်။

အဓိကစစ်မေးခြင်းတွင် စပ်ဆိုင်သော အကြောင်းခြင်းရာများနှင့်သာ သက်ဆိုင်ရပါသည်။ ယင်း အကြောင်းခြင်းရာများ ပေါ်ပေါက်လာရန် ဖြစ်ပါသော်လည်း အဓိကစစ်မေးခြင်းတွင် ရေလာမြောင်းပေး မပြုလုပ်ရပါ။ ပြန်လှန် စစ်မေးခြင်းတွင် စပ်ဆိုင်သော အခြင်းအရာများကိုလည်း မေးနိုင်ပါသည်။ အဓိက စစ်မေးချက်တွင် ပါသေးသော အချက်များကိုပါ ဖော်ထုတ်ရန်အတွက် မေးမြန်းနိုင်

ပါသည်။ နိမိတ်ပြ မေးခွန်းများလည်း မေးနိုင်ပါသည်။ ထို့ကြောင့် အဓိကစစ်မေးခြင်းတွင် မေးပုံမေးနည်းထက် ပိုမိုကျယ်ပြန့်စွာ မေးနိုင်ခွင့်ရှိကြောင်း သိရှိထားရန် လိုပါသည်။

ထပ်မံစစ်မေးခြင်းမှာ ပြန်လှန်စစ်မေးရာတွင် ပေါ်ပေါက်လာသည့် အချက်အလက်များ အပေါ်သာ မူတည်၍ မေးခွင့်ရှိပါသည်၊ အချက်အလက် အသစ်များကို မေးခွင့်မရှိပါ၊ အချက်အလက်အသစ်များ ပေါ်ပေါက်လာ၍ မေးမြန်းလိုပါလျှင် တရားရုံး၏ ခွင့်ပြုချက်ကို ရှေးဦးစွာ တောင်းခံရပါသည်။ အခြေအနေကို သုံးသပ်ပြီး တရားရုံးက ခွင့်ပြုရပါသည်၊ ယင်းသို့ ခွင့်ပြုချက်အရ ပေါ်ပေါက်လာသည့် အချက်အလက်များနှင့်ပတ်သက်၍ ပြန်လှန်မေးခွန်း မေးမြန်းခွင့် သဘောအားတရားရုံးက တရားမျှတမှုကိုရှုရှု၍ ခွင့်ပြုလေ့ရှိပါသည်။ အကျင့်စာရိတ္တနှင့်ပတ်သက်၍ တင်ပြသည့် သက်သေကို ပြန်လှန် စစ်မေးခွင့်နှင့် ထပ်မံ စစ်မေးခွင့်ရှိပါသည်။

(ဃ) **တရားရုံးမေး။** ။တရားရုံးက စပ်ဆိုင်သော အခြင်းအရာ တစုံတခုနှင့် သက်ဆိုင်၍ဖြစ်စေ၊ မစပ်ဆိုင်သော အခြင်းအရာတစုံတရာနှင့် ဖြစ်စေ၊ မေးလိုသည့် မည်သည့် မေးခွန်းမျိုးကိုမဆို မည်သည့်သက်သေ၊ မည်သည့်အမှုသည်အား မည်သည့် အခါ၌မဆို မေးခွင့် ရပါသည်။ ထို့ပြင် မည်သည့် စာချုပ်စာတမ်းကိုမဆို တင်ပြရန် အမိန့်ဆိုခွင့်ရှိပါသည်၊ သို့ရာတွင် တရားဥပဒေအရ စပ်ဆိုင်ကြောင်း ထင်ရှားရန်လိုပါသည်။

(စ) **နိမိတ်ပြမေးခွန်း။** ။မေးမြန်းသူ အလိုရှိသည့် ဖြေဆိုချက်ကိုဖြစ်စေ၊ ထိုသူမျှော်လင့်သည့် ဖြေဆိုချက်ကိုဖြစ်စေ၊ အရိပ်အမြွက် ပြသော မည်သည့်မေးခွန်းကိုမဆို နိမိတ်ပြ မေးခွန်း ဟု ခေါ်ဆို ပါသည်။ နိမိတ်ပြမေးခွန်းကို—

(၁) ပြန်လှန် စစ်ဆေးခြင်းတွင်သာ မေးနိုင်ပါသည်။

(၂) အငြင်းမပွားသော၊ ဝန်ခံပြီးဖြစ်သော၊ သက်သေ အထင်အရှားပြရန်မလိုသော အကြောင်းအခြင်း အရာများအတွက် မေးမြန်းနိုင်ပါသည်။

(၃) တရားရုံး၏ ခွင့်ပြုချက်ကို ခံယူပြီးမှ မေးနိုင် ပါသည်။

# ဆုံးဖြတ်ချက်

**ဆုံးဖြတ်ချက်**

အမှုကို စစ်ဆေးပြီးသည့်အခါ တရားရုံးက ဆုံးဖြတ်ရပါသည်၊ ဆုံးဖြတ်ခြင်းသည် တရားရုံး၏ တာဝန်တရပ်ဖြစ်ပါသည်။ ရှေ့နေ ရှေ့ရပ်များ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းတို့က အကြံပြု၍ တရားရုံးကို အထောက်အကူ ပြုကြပါသည်။ သို့ရာတွင် အကြောင်း အချက်ကို တရားဥပဒေနှင့် ဆက်စပ် သုံးသပ်ဆုံးဖြတ်ရန်မှာ တရားရုံး၏တာဝန် နှင့် လုပ်ပိုင်ခွင့် ဖြစ်ပါသည်။

အချက်အလက်တို့ကို အမှုသည်နှင့် နှစ်ဖက်လုံးက အပြန်အလှန် တင်ပြကြသဖြင့် မည်သည့်ဘက်က မှန်သည်ကို တရားရုံးက ဆုံးဖြတ်ရပါသည်။ တင်ပြချက်အားလုံးမှန်သည်၊ အားလုံးမှားသည်ဟု မရှိတတ်ပါ၊ အမှားကိုဖယ်၍ အမှန်ကိုထုတ်ကာ တဖက်တချက် ချိန်တွယ်ကြည့်ရပါသည်၊ အမှုစစ်ဆေးစဉ် သက်သေ၏ မျက်နှာပေး အမူအရာကိုပါ တရားရုံးက အကဲခတ်ရပါသည်၊ သက်သေ ထွက်ချက်များကို ပြန်လည်ဖတ်ရှု စိစစ်သောအခါ သက်သေ၏အမူအရာ အကဲခတ်ချက်တို့ကိုပါ တွဲ၍ စဉ်းစားမှ အမှားအမှန် ခွဲခြားရ လွယ်ပါသည်။

ဖြစ်တတ်သည့်သဘော ထင်ရှားပြီးသော အချက်စသည်တို့ကို အထူးသက်သေထူရန် မလိုပါ။ တရားရုံးက အဆုံးအဖြတ် ပြုရာ၌ ထည့်သွင်းစဉ်းစားနိုင်ပါသည်။ နိုင်ငံတော်ပြန်တမ်းပါ အချက်အလက်များ၊ ဥပဒေ၊ နည်းဥပဒေများ လွှတ်တော်မှတ်တမ်းများ စသည်တို့ကို အထူးတလည် သက်သေမထူပဲ တရားရုံးက သတိပြုနိုင်ပါသည်။

သက်သေများကို ချိန်ဆရာတွင် မျှတရပါသည်။ တဖက်သက်သေ အားလုံးကို ယုံကြည့်၍ တဖက်သက်သေ အားလုံးကို ပယ်သည့်ကိစ္စမျိုး မဖြစ်သင့်ပါ၊ အရေးကြီးသည့် အချက်တချက်စီအပေါ်တွင် ဟိုဘက် ဒီဘက် သက်သေအားလုံးကို လေးနက်စွာ စဉ်းစားရပါသည်။ အချက် ကလေးတချက် မှားကာမျှဖြင့် သက်သေ ထွက်ချက် တရပ်လုံးကို မပယ်သင့်ပါ၊ သက်သေသည် အချိန်ကြာသည့်အခါ အသေးစိတ်တွင် မေ့လျော့နေတတ်ပါသည်။

သက်သေ အထောက်အထားများမှ အချက်အလက် များကို ထုတ်ယူပြီးလျှင် ဆိုင်ရာ ဥပဒေများနှင့် စိစစ်ကြည့်ရပါသည်၊ တရားရုံး တွင် အမှုစီရင်ပိုင်ခွင့် ရှိ-မရှိ၊ အမှုကို ကာလစည်းကမ်းသတ်အတိုင်း စွဲဆိုခြင်း ဟုတ်-မဟုတ်ကို အသေအချာ စိစစ်ရန် လိုအပ်ပါသည်။

အချက်အလက်၊ ဥပဒေ၊ ပြည့်စုံပိုင်နိုင်ပြီဆိုပါလျှင် ဆုံးဖြတ်ရ ပါမည်၊ တိကျပြီး ရှင်းလင်းခိုင်မာသော အခြေခံ ပေါ်မှသာ ဆုံးဖြတ် ရပါသည်၊ မရှင်းလင်းသေးပါလျှင် မေးမြန်းစူးစမ်းရပါမည်။

ဥပဒေသုံးသပ်သည့်အခါ မူရင်း ပြဋ္ဌာန်းချက်နှင့် နောက်ဆုံး ပြင်ဆင်ချက်တို့ကို အမိကထားရန် လိုပါသည်၊ ပြဋ္ဌာန်းချက်များက ရှင်းနေပါလျှင် အခြားစာအုပ်၊ စီရင်ထုံးများကို ကိုးကားရန် မလိုပါ။

တရားမမှုများတွင် ကောက်ချက်တခုချင်းအပေါ် တရားရုံးက တွေ့ရှိချက်နှင့် ဆုံးဖြတ်ချက်တို့ကို ပေးရပါသည်။ ယင်းသို့ ဆုံးဖြတ် ချက်ပေးရာတွင် ဖော်ပြပါ အချက်များကို တိကျစွာ သုံးသပ်၍ အမှန် တရားရောက်အောင် ဆုံးဖြတ် ရပါသည်။

## စီရင်ချက်နှင့် ဒီကရီ

နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက် အရပ်ရပ်တို့ကို ကြားနာပြီးနောက် တရားရုံးသည် အဆုံးအဖြတ်ပေးရပါသည်။ တရား ရုံးက မည်သည့်အတွက် ယင်းသို့ အဆုံးအဖြတ် ပေးရကြောင်းကို

အကြောင်း ပြရပါသည်။ ထိုကဲ့သို့ အကြောင်းပြ၍ ရေးသားသည့် စာတမ်းတို့သည် စီရင်ချက် ဖြစ်ပါသည်။ တရားရုံးသည် ယင်းစီရင်ချက်ကို လူသိရှင်ကြား တရားခွင်တွင် လက်မှတ်ထိုး၍ ချမှတ်ရပါသည်။

ထို့နောက် စီရင်ချက်တွင် ပါရှိသော ဆုံးဖြတ်ချက် အချုပ်ကို သတ်မှတ်ထားသည့် ပုံစံအရ စနစ်တကျ ရေးသွင်းရပါသည်။ ထိုသို့ ရေးသွင်းထားသည့် အမိန့်သည် ဒီကရီဖြစ်ပါသည်။ ယင်းဒီကရီသည် စီရင်ချက်နှင့် လိုက်လျောညီထွေရှိစေရပါမည်။

စီရင်ချက် ချမှတ်သည့်အခါ တရားရုံးသည် သင့်တင့်လျောက်ပတ်သော ငွေတို့ကိုသော်လည်းကောင်း၊ တရားစရိတ်ကိုသော်လည်းကောင်း သတ်မှတ်ပေးနိုင်ပါသည်။

**ဆုံးဖြတ်ချက်အတိုင်း အကျိုးသက်ရောက်စေရန်**
**ဒီကရီကိုအတည်ပြုလုပ်ခြင်း**

တရားရုံး၏ အဆုံးအဖြတ်သည် ဒီကရီ၌ တည်ပါသည်။ ထို့ကြောင့် တရားရုံး၏ ဆုံးဖြတ်ချက်အတိုင်း အကျိုးသက်ရောက် စေရန်အတွက် ဒီကရီကို အတည်ပြုလုပ်ရပါသည်။ ဒီကရီကို အတည်ပြုလုပ်သည့်နည်းမှာ အကြမ်းအားဖြင့် (၄)မျိုးရှိပါသည်၊ ယင်းတို့မှာ—

(က) တရားရှုံးအား ဖမ်း၍ အကျဉ်းချခြင်း၊
(ခ) ပစ္စည်းကို ဝရမ်းဖမ်း၍ ရောင်းချခြင်း၊
(ဂ) ပစ္စည်းကို ဝရမ်းမဖမ်းပဲနှင့် ရောင်းချခြင်း၊
(ဃ) ပစ္စည်းကို လက်ရောက် အပ်ပေးခြင်း။

**ဒီကရီအတည်ပြုလုပ်နိုင်သည့်တရားရုံး။** ။ဒီကရီချမှတ်ပေးသည့် တရားရုံးက ဒီကရီကိုအတည်ပြုနိုင်ပါသည်။ သို့မဟုတ် ဒီကရီကိုလွှဲပြောင်း အပေးခံရသည့် တရားရုံးကလည်း အတည်ပြုလုပ်နိုင်ပါသည်။

**လျှောက်ထားနိုင်သူများ။** ။ဒီကရီ အတည် ပြုလုပ်ပေးရန် အတွက် ဒီကရီရရှိသူကဖြစ်စေ၊ ထိုသူက လွှဲပြောင်းပေးခံရသူကဖြစ်စေ၊ ထိုသူ၏ တရားဝင် ကိုယ်စားလှယ်ကဖြစ်စေ တရားရှုံး အပေါ်တွင် သော်လည်းကောင်း၊ တရားရှုံး ကွယ်လွန်အနိစ္စရောက်ခဲ့သော် ယင်း၏ တရားဝင် ကိုယ်စားလှယ်များအပေါ် သော်လည်းကောင်း တရားနိုင်က တရားရှုံးသို့ လျှောက်ထားနိုင်ပါသည်။

**တရားရှုံးအားဖမ်း၍ အကျဉ်းချခြင်း**

ငွေပေးဆပ်ရန်ဒီကရီကိုတရားရှုံးအားတရားမအကျဉ်းထောင်တွင် အကျဉ်းချထား၍သော်လည်းကောင်း၊ တရားရှုံးပိုင် ပစ္စည်းကို ဝရမ်း ဖမ်းဆီးရောင်းချ၍သော်လည်းကောင်း၊ နည်းလမ်း ၂ မျိုးလုံးဖြင့်သော် လည်းကောင်း အတည်ပြုနိုင်ပါသည်။

ရွှေ့ပြောင်းနိုင်သောပစ္စည်း တစ်ခုတရာအတွက် ဒီကရီ ဖြစ်ပါလျှင် အဆိုပါ ပစ္စည်းကိုသိမ်းယူ၍ တရားနိုင်သို့ ပေးအပ်ခြင်းဖြင့်သော်လည်း ကောင်း၊ တရားရှုံးအား တရားမအကျဉ်းထောင်တွင် ချထား၍သော် လည်းကောင်း၊ တရားရှုံး၏ပစ္စည်းကို ဝရမ်းဖမ်း၍သော်လည်းကောင်း၊ နောက်ဆုံး နည်းလမ်း ၂ မျိုးလုံးဖြင့်သော်လည်းကောင်း အတည်ပြုလုပ် နိုင်ပါသည်။

**ပစ္စည်းကို ဝရမ်းဖမ်း၍ရောင်းချခြင်း**

တရားရှုံးက ဒီကရီကျငွေ မပေးဆပ်ပါလျှင် တရားရှုံးပိုင် ပစ္စည်း များကို ဝရမ်းဖမ်း၍ ရောင်းချခြင်းဖြင့် ဒီကရီကို အတည်ပြုလုပ်နိုင်ပါ သည်။ ဝရမ်းကပ်ရန်ပစ္စည်းမှာ ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်ပါလျှင် ယင်းပစ္စည်းကို လက်ရောက်ဖမ်းဆီး သိမ်းယူရပါမည်။ ပစ္စည်းကို ဝရမ်း ဖမ်းပြီးနောက် (၃)လကြာမြင့်သော်လည်း တရားရှုံးက ဒီကရီအတိုင်း မလိုက်နာပါလျှင် ယင်းပစ္စည်းကို ရောင်းချ နိုင်ပါသည်။ ရောင်းရ

ငွေများအနက် ဒီကရီအရ ပေးရမည့် ငွေအားလုံးကို တရားနိုင်သို့ ပေးအပ်ရပါမည်။ ရောင်းရငွေမှာ ဒီကရီအရ ပေးရမည့်ငွေထက် နည်းနေပါမူ တဖန် တရားရှုံးပိုင်ပစ္စည်း (ရှိသေးလျှင်) ထပ်မံဝရမ်းဖမ်း၍ ဖော်ပြပါအတိုင်း ရောင်းချပြီး ရရှိငွေများမှ လိုငွေကို တရားနိုင်အား ပေးရပါမည်။ ပိုငွေရှိပါလျှင် တရားရှုံးအား ပေးအပ်ရပါမည်။

ပစ္စည်းအစား တန်ဖိုးငွေ ပေးမည်ဟု သတ်မှတ်ထားသည့် ကိစ္စတွင် ယင်းတန်ဖိုးငွေကို တရားနိုင်အား ပေး၍ ကျန်ရှိသည့်ငွေကို တရားရှုံးအား ပေးရပါမည်။

## ပစ္စည်းကို ဝရမ်းမဖမ်းပဲရောင်းချခြင်း

အမှုကို အပ်ထိန်း ခွဲဝေပေးစေလိုမှုများတွင် ပစ္စည်းကို ဝရမ်းမဖမ်းပဲ ရောင်းချခြင်း ပြုနိုင်သည့် အခြေအနေများ ပေါ်ပေါက်နိုင်ပါသည်။ ဥပမာ-အမွေပစ္စည်းတခုကို လူ ၃ ဦးခွဲယူရမည့်အခါ တစုံတယောက်ကပစ္စည်းယူပြီး ငွေမအမ်းနိုင်သည့် အခြေအနေမျိုးတွင် ထိုပစ္စည်းကိုဝရမ်း အမှုသည်တို့၏ လျှောက်ထားချက်အတိုင်း ဝရမ်းကပ်ရန်မလိုပဲ တရားရုံးကရောင်းချ၍ ခွဲဝေပေးနိုင်ပါသည်။ ပစ္စည်းတိန်း လက်ဝယ်၌ရှိသည့် ပစ္စည်းမျိုးကိုလည်း အလားတူ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ပစ္စည်းကိုလက်ရောက်ပေးအပ်ခြင်း

ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း တစုံတခုအတွက် ဒီကရီ ဖြစ်ပါလျှင် အဆိုပါပစ္စည်းကို သိမ်းယူ၍ တရားနိုင်သို့ ပေးအပ်နိုင်ပါသည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို လက်ရောက် ပေးအပ်စေရန် အတွက်ဒီကရီဖြစ်ပါလျှင် အဆိုပါပစ္စည်းကို တရားနိုင်၏လက်သို့ ပေးအပ်ရပါမည်။ တရားရုံးက ထွက်ခွာသွားရန် ငြင်းဆန်ပါလျှင် ယင်းအား ဖမ်းဆီးစေရပါမည်။

အကယ်၍ ပေးအပ်ရန်ဖြစ်သည့် မရွှေ့ပြောင်းနိုင်သောပစ္စည်းမှာ တရားရုံးထံမှ အငှားနေသူ၏ လက်ဝယ်၌ ရှိနေပါလျှင် ပစ္စည်းပေးအပ်စေရန် ဝရမ်းစာကို ၎င်းပစ္စည်းတွင် ကောင်းမွန်စွာ မြင်နိုင်သည့် နေရာ၌ ကပ်ထားပြီး အများကြားသိစေရန် ကြေညာရပါမည်။

# ပြင်ဆင်မှု

(ပုဒ်မ ၁၅၅)

တရားရုံး တရုံးသည်—

(က) တရားဥပဒေအရ အပ်နှင်းထားခြင်း မရှိသည့် အာဏာကို ကျင့်သုံး ဆောင်ရွက်လျှင် သော်လည်းကောင်း၊

( ခ ) အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊

( ဂ ) စီရင်ပိုင်ခွင့်အာဏာကို ဥပဒေနှင့်မညီပဲ ဆောင်ရွက်လျှင် သို့မဟုတ် နည်းလမ်းမဟုတ် အကြီးအကျယ်ချွတ်ချော် လွဲမှားစွာ ဆောင်ရွက်လျှင်သော်လည်းကောင်း၊ ပြင်ဆင်မှု တရားရုံးသည် သင့်သည်ဟု ထင်မြင်သည့် အတိုင်း အမိန့်ချမှတ်နိုင်ပါသည်။

### ပြင်ဆင်မှုနှင့် အယူခံမှု ခြားနားချက်

၁။ ဗဟိုတရားရုံး လက်အောက်ရှိ တရားရုံးက ချမှတ်သည့် အယူခံ မဝင်နိုင်သော ဆုံးဖြတ်ချက်မှ ပြင်ဆင်မှု ပေါ်ပေါက်ပါသည်။ အယူခံမှုမှာ အယူခံဝင်နိုင်သော ဒီကရီနှင့် အမိန့်များမှ ပေါ်ပေါက်ပါသည်။

၂။ ပြင်ဆင်မှုအတွက် အကြောင်းပြချက် များမှာ အယူခံ အတွက် အကြောင်းပြချက်များနှင့်မတူပါ။ ပြင်ဆင်မှုမှာ ရုံး၏စီရင်ပိုင်ခွင့် အာဏာနှင့် သက်ဆိုင်ပါသည်။ အယူခံမှုမှာမူ ဥပဒေနှင့်သော်လည်း

ကောင်း၊ အကြောင်း ခြင်းရာနှင့် သော်လည်းကောင်း သက်ဆိုင်နိုင်ပါသည်။

## အယူခံနှင့် ပြင်ဆင်မှု ခြားနားချက်

အယူခံ တရားရုံးသည် ပထမတရားရုံး၏ သက်သေ ထွက်ချက်အပေါ် သုံးသပ်ချက်တို့ကို လွယ်လွယ်နှင့် ပယ်လေ့မရှိပါ။ တဖက်သတ်ဖြစ်နေခြင်း၊ အရေးကြီး အချက်အလက် လွဲနေခြင်း၊ ကောက်ချက်၌ အယူအဆ မှားနေခြင်း စသည်ပို့ကို တွေ့မှ ပြင်သင့်သလို ပြင်ပေးပါသည်။

အယူခံ တရားရုံးသည် အသေးစိတ် အချက်အလက်တို့၌ ပထမတရားရုံးနှင့် အမြင်ကွဲလွဲနေစေကာမူလည်း ပြင်လေ့မရှိပါ။ သဘမညကို ဖယ်၍ အဓိကကို အာရုံစိုက်ပါသည်။

ပထမတရားရုံးက အချက်အလက်အပေါ် ကောက်ယူပုံ၊ ဥပဒေနှင့် စပ်ဟပ်သုံးသပ် ဆုံးဖြတ်ပုံ၊ အားလုံးကို အယူခံတရားရုံးက စိစစ်ပါသည်။

ပြင်ဆင်မှုတင်မှု ပထမ ရုံးတွင် စီရင်ပိုင်ခွင့် ရှိ-မရှိ၊ အမှုစွဲဆိုခြင်းမှာ ဥပဒေနှင့် ညီ-မညီ၊ စစ်ဆေးပုံ လုပ်ထုံး ကိုက်-မကိုက်ကိုသာ အဓိကထားကြည့်ပါသည်။ သက်သေ ထွက်ချက်များကို အသေးစိတ်မကြည့်ပါ၊ ပထမ တရားရုံးက အမှုလက်ခံ စစ်ဆေးနေသည့် အဆင့်ဆင့်တွင်ပင် မကျေနပ်သည့်ဘက်က ပြင်ဆင်မှုဖွင့်၍ တက်နိုင်ပါသည်။ ဒုတိယဆင့် တရားရုံး၊ အမြင့်ဆုံး တရားရုံးတို့ကလည်း ကြီးကြပ်၊ ယင်းပထမတရားရုံး လုပ်ပုံ မှားနေသည် ထင်မြင်လျှင် ပြင်ဆင်မှုဖွင့်၍ ကြည့်နိုင်ပါသည်။

ကြီးကြပ်ခြင်းဖြင့် နိုင်ငံတော်တွင် တရားစီရင်ရေး မှန်ကန်ညီညွတ်အောင် ထိန်းကွပ်ပေးခြင်းဖြစ်ပါသည်။

# သင်တန်းသားများ

# အမေးနှင့် ဖြေကြားချက်များ။

၂-၂-၈၁-နေ့မှ စတင်၍ ၁၄-၂-၈၁ နေ့အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားဂါယာနကျောင်းဆောင်အပေါ်ထပ်၌ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ ...

(၁) အရှင်ဝဏ္ဏသိရိ၊ (အဂ္ဂမဟာအကျော်)
အကျိုးဆောင်(၂) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊

(၂) အရှင်ဒေဝဇော ဘာသာဘိဝံသ၊
အဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊

(၃) အရှင်ဝိလာသာဘိဝံသ၊
အဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊

(၄) ဦးကျော်မြင့်၊ ဥပဒေရေးရာဌာနမှူး နိုင်ငံတော်ကောင်စီရုံး၊

(၅) ဦးတင်လှိုင်(ပဟိုတရားရုံးရှေ့နေ) ဥပဒေပညာရှင်
နိုင်ငံတော်ကောင်စီရုံး။

တို့က မိမိတို့ဆိုင်ရာ ဘာသာရပ် အသီးအသီးကို ပို့ချသည်၌ သင်တန်းသားတို့၏ အမေးများကို ဖြေဆိုချက်များဖြစ်ပါသည်။

(မေး) ၁၀-၂-၈၁-နေ့တွင်သင်တန်းပြသူ အရှင်ဝဏ္ဏသိရိက ဂိုဏ်းတပါးနှင့် တပါး မှုခင်းဖြစ်ပွားရာဝယ် ကျေအေးမှုရလိုလျှင် သုမှာ သံဃနာယကအဖွဲ့များ၌ ကျေအေးခွင့်ရယူရမည်ဟု သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၁၃)အပိုဒ်၁၀၉(ဈ)

အမေးအဖြေ (၁)

ကို ကိုးကား၍ ဖြေကြားခဲ့ပါသည်။ ယင်း(၈၂)၌ ဆရာတော်၏ မိန့်ကြားချက်ကို စကားအမြွက်မျှမတွေ့ရပါ၊ ၎င်းအခန်း(၁၃) ပုဒ်မ ၁၁၀/၁၁၁/၁၁၂ အပိုဒ်တို့အရရင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း အပိုဒ်(၁၆)(ခ) အရရင်း၊ မှကိုက်ညီဟု ထင်မြင်ယူဆပါသည်၊

(အဖြေ) (၁၀၉-၈၂)ကိုသေချာစွာဖတ်ပါ၊ တဂိုဏ်းနှင့်တဂိုဏ်းဖြစ်ပွား ရာ၌ ဖြေလည့်ခြေငြိမ်းမှု မပြေလည်လျှင် တရားစွဲဆိုမှုတို့ကို ပြုလုပ်ရာ၌ ဘယ်မှာလုပ်ရမည်ဟုသတ်မှတ်ပါသလဲ၊ ဝိ-လုပ်ထုံး(၄-က)ကိုကြည့်ပါ၊ သံဃနာယကအဖွဲ့ မရှိလျှင် နီးစပ်ရာ သံဃနာယကအဖွဲ့မှာဖြေရှင်းပါဟု ညွှန်ပြသည်၊ သုဓမ္မာ သံဃနာယကအဖွဲ့သည်-လွှတ်တော်ကပြဋ္ဌာန်းသည့် ၁၉၈၀-ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၃)အရ ရွေးကောက်ဖွဲ့စည်း သော အဖွဲ့ဖြစ်ပါသည်၊ အခြားဂိုဏ်းများရှိ သံဃနာယက အဖွဲ့များ သည် ရွေးချယ်ပြီး ဥပဒေအရ ဖွဲ့ကြသည့် မဟုတ်၊ မိမိတို့သူတော်ကျ သတ်မှတ်လိုက်ရုံမျှသာ ဖြစ်ကြသည်၊ ဥပဒေအရ မဟုတ်ကြပါ၊(၁၁၀) လိုအပ်လျှင် အခြားဂိုဏ်းဆရာတော်များကိုခေါ်ယူ၍ အခြားသူတော တူ သံဃနာရေး ကိစ္စဆောင်ရွက်ထားကို ဆိုလိုပါသည်၊ တရားရေးရာနှင့် မပတ်သက်ပါ။ (၁၁၁)၌ ကျေးရွာအုပ်စုအချင်းချင်း၊ ရပ်ကွက်ချင်း ချင်း၊ မြို့နယ်အချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းအချင်းချင်း- အဆင့်တူ-ဂိုဏ်းပေါင်းစုံအစည်းအဝေး ကျင်းပလိုလျှင် ကျင်းပနိုင် ကြောင်းမျှသာ၊ တရားရေးရာနှင့်မသက်ဆိုင်၊(၁၁၂)၌အဆင့်တူသတ်မှတ် သည်၊ သံဃနာယက အဖွဲ့က ဂိုဏ်းစည်းကမ်းအရ လုပ်ငန်းတာဝန် ဆောင်ရွက်မှုနှင့် ဖော်ပြထားခြင်းသာ၊ တရားရေးရာနှင့် ဘာမျှ မပတ် သက်ပါ။

အခြေခံစည်းမျဉ်း အပိုဒ်(၁)(ခ-၆)၌(၁၆-က-၁-၂-၃)တို့၌ ဖော်ပြထားသော အဆင့်တူ သံဃနာယကအဖွဲ့များ ဂိုဏ်းအသီးသီးတွင် ရှိနိုင်ဟု-ဆိုထားပါသည်။

ဤပုဒ်မသည်(ရှိနိုင်သည်ဟူ)သတ်မှတ်ချက်မျှသာ ရွေးကောက် ထားခြင်းမဟုတ်ပါ။

ဂိုဏ်းအသီးသီးမှာ အဆင့်တူ(၃) ဆင့် သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်ကား အဆင့်(၃)ဆင့်ပါ မိမိတို့ ဂိုဏ်းစည်းကမ်းအရ ဂိုဏ်းကိစ္စတွေဆောင်ရွက်ခွင့်ပေးထားရှိမှုသာ၊ ထိုသော်ဂိုဏ်းတူအချင်းချင်း မှုခင်းဖြစ်လျှင်လည်း မိမိတို့ဂိုဏ်းတူ အချင်းချင်း ဂိုဏ်းအတွင်းမှာ ဖြေရှင်းနှင့် ဆုံးဖြတ်ခွင့်ပေးထားခြင်းမျှသာ ဖြစ်ပါသည်။

ဂိုဏ်းတပါးနှင့် တပါးသာဖြစ်ပွါးလာပါက ဥပဒေအရ ဖွဲ့စည်းထားသည့် သုဓမ္မာ သံဃနာယကအဖွဲ့မှာ ပထမဖြေရှင်းပါ၊ ဖြေရှင်းမရလျှင် သုဓမ္မာ သံဃနာယကအဖွဲ့က ဝိနည်းဓမ္မကံနှင့် အညီ ဖွဲ့စည်းပေးသည့် သုဓမ္မာ သံဃဝိနိစ္ဆယအဖွဲ့မှာ အဆုံး အဖြတ် အစစ်အဆေး ခံရပါမည်။

ဆုံးဖြတ်ချက်မကျေနပ်ဟု ယူဆလျှင် ဝိ-လုပ်ထုံး(၅၂) အရ နိုင်ငံတော်အထိ အယူခံတက်ရောက်ခွင့်ပေးထားပါသည်။

ဝိနည်းလုပ်ထုံး အခြေခံ မူ(၄)ချက်ထည်းကမူ(၃)ကိုကြည့်ပါ။

အခြေခံစည်းမျဉ်းအခန်း(၉)အပိုဒ်(၈၁)ကို ကြည့်ပါ။

(အမေး) ၁။ ဝိနည်းဓမ္မကံ လုပ်ထုံး လုပ်နည်း အခန်း(၂)အရ ဂိုဏ်းမတူကြသော သံဃာတော်များသည် အချင်းချင်း မှုခင်းဖြစ်ပွားခဲ့သော် ရပ်ကွက်၊ကျေးရွာအုပ်စုမြို့နယ်/ပြည်နယ်၊တိုင်း သံဃနာယကအဖွဲ့ အဆင့်ဆင့်အားဖြင့် မည်ကဲ့သို့ ဖြေရှင်းရမည်နည်း။

## အဖြေလွှာ

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအခန်း (၁၁) အပိုဒ်(၁၀၉) (ဈ)၌ မိမိမြို့နယ်အတွင်း၌ ဖြစ်ပွားသော သံဃာ့မှုခင်းများကို သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရဏ်-မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံး လုပ်နည်းများနှင့်အညီ-ဖြေရှည်

အေးငြိမ်းအောင် ဆောင်ရွက်ခြင်း၊ ပြေလည် အေးငြိမ်းမှု မရသော မှုခင်းများကို ဆုံးဖြတ်ရန် သံဃာဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းခြင်း - ဆုံးဖြတ်ချက်ကို လိုက်နာစေအောင် ဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ အကြောင်းကြားခြင်း၊ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

အထက်ပါ လုပ်ထုံး လုပ်နည်း (၅) အရ မည်သည့် ဂိုဏ်းနှင့် မဆို အဓိကရုဏ်း မှုခင်း ဖြစ်ပေါ်ခဲ့သော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ- အရ ရွေးချယ်ဖွဲ့စည်း ထားသည့် သက်ဆိုင်ရာ မိမိတို့မြို့နယ် (သို့မဟုတ်) သံဃာ့နာယက အဖွဲ့မှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြေလည်အေးငြိမ်းမှုရအောင်စေ၊ ဆုံးဖြတ်မှုကို ပြုလုပ်ရမည် ဖြစ်ပါသည်။

အခွင့်အရေး၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၅၂) အရ နိုင်ငံတော်အထိ အယူခံခွင့် အခွင့်အရေး ပိုပေးထားပါသည်။

ဝိနည်းဓမ္မကံ အခြေခံ (၃) နှင့် (၃)

သတ်မှတ်ထားသော ဂိုဏ်းအတွင်း ဖြစ်ပွားသော ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မိမိတို့ ဂိုဏ်းဆိုင်ရာ ဝိနည်းများဖြင့် စစ်ဆေး ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

အခြေခံစည်းမျဉ်း အခန်း (၆) နှင့် (၃၂)

[အပိုဒ် ၈၁] ဤ သံဃာ့ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ သီးခြား ဂိုဏ်းရှိသော ဂိုဏ်းဝင် သံဃာများသည် မိမိတို့ အချင်းချင်း ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို မိမိတို့ဆိုင်ရာ ဝိနည်းဓိုရ်များဖြင့် ဖြေရှင်း ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

အထက်ပါ အခြေမူ+နံပါတ်(၃)အခြေခံစည်းမျဉ်းအပိုဒ်(ဂ၁) အရ မိမိဂိုဏ်းအတွင်း မိမိသွားသော ဖြေရှင်းပါ၊အခြားဂိုဏ်းနှင့် မူခင်း ဖြစ်ပွားသော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အပိုဒ် ( ၁၀၉ ) (ဈ) အရ သုဓမ္မာဂိုဏ်း၌သာ ဖြေရှင်းပါ-ဟု ထပ်ဆင့်ဖြေကြားလိုက်ပါသည်၊

(အမေး)

(၁) ဂိုဏ်းတပါးနှင့် ဂိုဏ်းတပါး ဖြစ်ပွားရာတွင် သုဓမ္မာဂိုဏ်း သံဃနာယကတို့၊ သုဓမ္မာဂိုဏ်းဝိနိစ္ဆယဌာန၌သာ အမှုစတင် ဖြေရှင်းခြင်း ဆုံးဖြတ်ခြင်းခံယူရမည်ဟု အမှတ်(၅)အဖွဲ့၏ မေးခွန်းနှင့် ပတ်သက်၍(၁၀-၂-ဂ၁)ရက်နေ့က ဖြေကြားရှင်းလင်းသည်ကို မှတ်သားနာယူခဲ့ရပါသည်။

(၂) ယင်းဖြေကြားရှင်းလင်းချက်သည် အခြေခံစည်းမျဉ်းအခန်း(၃) အပိုဒ်(၁၆-ခ)နှင့် မကိုက်ညီဟု ယူဆပါသည်။

(၃) ၎င်းပြင်စုဒိတကများရာတွင်သာ အမှုစတင် ဖြေရှင်းခြင်း စသည်ကိုဆောင်ရွက်ရမည် ဟူသော ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း (၂) အပိုဒ်(၄-ခ) နှင့် လည်း မလိုက်ညီဟု ယူဆပါသည်။

အဖြေလွှာ။

အထက်ပါ မနေ့က ဖြေကြားချက်သည် အရှင်ဘုရားများ ယူဆသည့်အတိုင်း အပိုဒ်(၁၆-ခ)နှင့် မကိုက်ညီပါ။ယင်း(၁၆-ခ)မှာ ဂိုဏ်းအသီးသီးတွင် နာယကအဖွဲ့များရှိနိုင်ကြောင်းသာ ဆိုထားခြင်းဖြစ်သည်၊ တရားစီရင်နိုင်ကြောင်းကို လုံးဝမပါရှိသောကြောင့် ဖြစ်ပါသည်။

အခန်း(၂)အပိုဒ်(၄-ခ)၏ လိုရင်းကား တဂိုဏ်းထည်းမှာအဆင့်သုံးဆင့် စောဒက၊ စုဒိတက ကပြားရာ၌ ဆောင်ရွက်ရမည်ကို ဆိုထားသောကြောင့်- တပည့်တော်၏ ဖြေကြားချက်သည် အရှင်တို့ ကိုးကားသည်နှင့် မကိုက်ညီပါ။

(အမေး) လုပ်ထုံးလုပ်နည်း အခန်း(၂) အပိုဒ် (၅)၊ အပိုဒ်(၃) (က)(ခ)(ဂ) နည်းလမ်းများအရ ဆောင်ရွက်ရာတွင် (၂) လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည် ဟု ဆိုရာ- (က)(ခ)(ဂ)အဆင့်အားလျော်စွာ ရက်ပိုင်းခြား သတ်မှတ်မှုရှိ - မရှိ ပြုကြားရှင်းလင်းပေးပါရန် လျှောက်ထားပါသည်၊

အဖြေလွှာ

(လူ) ဟူသောစကားလုံးသည် လူအားလုံးနှင့် သက်ဆိုင်သော ကြောင့်သာမည စကားဖြစ်၍ ဝသောလူ၊ ပိန်သောလူ ဟူသော စကားလုံးသည်ဝိသေသဖြစ်၍ လူအားလုံးနှင့် မသက်ဆိုင်ဘဲ ဝသူ၊ ပိန်သူနှင့်သာ သက်ဆိုင်သည့် ဝိသေသစကားလုံး ဖြစ်သွားပါသည်။

(၂-လ)အတွင်းဟူသော စကားသည်(က၊ခ၊ဂ)အဆင့် အားလုံးနှင့် သက်ဆိုင်သောကြောင့် သာမည စကား ဖြစ်ပါသည်။

အဆင့်တခုမှာ ရက်ပေါင်း (၂၀) ဟု သတ်မှတ်ပါက ဝိသေသ စကားလုံး ဖြစ်သွားပါသည်၊ နေရာဒေသတိုင်းမှာ လျှော်ကန် သင့်မြတ်ချင်မှ သင့်မြတ်မည်ဖြစ်ပါသည်။

နေရာဒေသ အခြေခံအားဖြင့် မတူဘဲ ကွဲပြားမှုရှိနေသော နေရာဒေသများ အတွက် ဝိသေသစကားလုံး သုံးခြင်းထက် (၂) လအတွင်း ဟူသော သာမညစကားလုံး သုံးခြင်းက ပိုပြီး သင့်မြတ်မည်ဖြစ်ကြောင်း ပြန်ကြားလိုက်ပါသည်။

(အမေး) မဟာဒကနှင့် စုဒိတကတို့သည် ဝိနည်းမိုရ်ပါးအား ကန့်ကွက်ရာတွင် လုပ်ထုံးလုပ်နည်း(၂၈)အရ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့သာ တိုက်ရိုက် တင်ပြပြီး ကန့်ကွက်နိုင်သည်ကို တွေ့ရှိရပါသည်။

သင်တန်းပြ ဆရာတော် အနေနှင့် တရားခွင်ကျမှ ဝိနည်းခိုရိုများကိုသိရသဖြင့်မျက်းမှောက်သာကန့်ကွက်ရန်ပို့ချသွားသည်မှာ အပိုဒ်(၂၀)နှင့် အကြုံးမဝင်ဟု ယူဆပါသည်။

တပည့်တော်များ အမြင်ကို လျှောက်ထား လိုပါသည်၊ ဝိနည်းဓိုရိုကပါးပါးအား ကန့်ကွက် လိုသော် တရားခွင်၌သံဃာ့ပက်ဆရာတော်အား ကန့်ကွက်လိုကြောင်းမျှလောက်သာ အသိပေးထားပြီး သံဃနာယကအဖွဲ့သို့ တိုက်ရိုက်လျှောက်ထား ကန့်ကွက်မှသာလျှင် အပိုဒ်(၂၀) အရ တရားဝင်လိမ့်မည်ဟု ယူဆပါသဖြင့် ဆရာတော်များက အတိအကျ ရှင်းလင်း ပေးပါရန် ရှိခိုးသစွာ ဦးခိုက် လျှောက်ထားအပ်ပါသည်။

အဖြေလွှာ

လုပ်ထုံးလုပ်နည်း အပိုဒ် (၂၀)ကိုသာကြည့်ပါက သင်တန်းပို့ချသူ လွှဲသယောင် ဖြစ်နေပါသည်၊ လွဲသွားဆိုသော မလွှဲပါ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရေးဆွဲထားသော ဝိနည်းဓိုရိုသင်တန်းပို့ချမှု အစီအစဉ် သင်တန်းပြစာအုပ်ထည်း၌ သင်တန်းပြဆရာပို့ချသည့်အတိုင်း ပါရှိ၍ သင်တန်းပြဆရာက ပို့ချခြင်းဖြစ်ပါသည်။

ရွေးချယ်စဉ်အရ ဝိနည်းဓိုရိုစာရင်းတွင် ပါနေသည်မှ ကပါးတရားစစ်ဆေးခွင့် အာဏာမရှိသေးပါ၊ သံဃနာယကအဖွဲ့က ရွေးချယ်စဉ်အရ ဖွဲ့စည်းပြီး ဖွဲ့စည်းမိန့် ထုတ်ပြန်ပြီးမှသာ တရားစီရင်ခွင့် အာဏာရှိသော ဝိနည်းဓိုရို ဖြစ်လာပါသည်၊ ယင်းအချိန်မှာ ကန့်ကွက်မှသာလျှင် သဘာဝကျပါသည်၊

သင်တန်းပြစာအုပ်မှာဒေဘာ့ သင်တန်းဆရာပြသည့် အတိုင်းသာ ပါပါသည်၊

နောင်တချိန်ကျမှ အရှင်ဘုရားတင်ပြသည့် အမြင်အတိုင်း ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မည်ဟု ပြောကြားပါသည်။

ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် စောဒက၊ စုဒိတကတို့နှင့်ဆွေမျိုးရင်းချာတော်စပ်နေသော်ငြားလည်း စောဒက၊ စုဒိတကတို့သည် ဝိနည်းမိုရ်ဆရာတို့၏ သဒ္ဓိဝိဟာရိက၊ အန္တေဝါသိကဖြစ်နေသော်ငြား၊ စောဒက စုဒိတကတို့သည်ဝိနည်းမိုရ်ဆရာတော်၏ ဥပဇ္ဈာယ်ဆရာ၊ နိဿယဆရာဖြစ်နေသော်ငြား

မပြီးပြတ်သေးသော အမှုများကို ပြန်လည် စွဲဆိုလာသော အခါ စစ်ဆေးရာ၌ ယခင်က ဝိနည်းမိုရ် ပုဂ္ဂိုလ်အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ဘူးသော်ငြား၊ မိမိဘာသာ ဝိနည်းမိုရ်အဖြစ်မှ အလိုအလျောက် နုတ်ထွက်ပါရန် ညွှန်ကြားလိုက်ပါသည်။

ဝိနည်းဓိုရ်များ လက်မခံနိုင်သော မှုခင်းများဟူသော ခေါင်းစဉ်အောက်ရှိ-

(၁) လူသတ်မှု၊

(၂) ဒမြတိုက်မှု-လုယက်မှု၊

(၃) ဘိုန်းစသော သေအရက်အမှု

တို့ကို ကျူးလွန်သော ရဟန်းအား ဝိနည်းဓိုရ်များက လက်မခံရလျှင် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို လည်းကောင်း၊

ယင်းရဟန်းအား တရားရုံးမှ ထိုက်သင့်သလို အပြစ်ဒဏ် ထားပြီး သော်လည်း ဝိနည်းဓမ္မကံအရ သုဒ္ဓ+အသုဒ္ဓ ဆုံးဖြတ်နိုင်ရန် **စောဒက မရှိပါက** မည်သို့ ဆောင်ရွက်ရမည်ကိုလည်းကောင်း-

ရှင်းလင်းဖြေကြားပေးတော်မူပါရန် ရိုသေစွာလျှောက်ထားပါသည်။

**ချင်းချက်**။ ။ရာဇဝတ်တရားရုံးက စီရင်ဆုံးဖြတ်ပြီးသော်လည်း သုဒ္ဓ+ အသုဒ္ဓစသည် စိစစ်ရန် လိုအပ်၍ စောဒက ပုဂ္ဂိုလ်ကသော်လည်းကောင်း။ စုဒိတက ပုဂ္ဂိုလ်က သော်လည်းကောင်း တင်ပြ စွဲဆိုလာလျှင် ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း (၂) အပိုဒ်(၃)အရ ဝိနည်း ကရားတော်နှင့် အညီ စစ်ဆေး ဆုံးဖြတ်နိုင် သည်။

**အဖြေ**။ ။တရားရုံးမှ ထိုက်သင့်သလို ပြစ်ဒဏ်ခံရသည့်အခါ စောဒက ပုဂ္ဂိုလ်ရှိပါက စောဒက ပုဂ္ဂိုလ်က လည်းကောင်း၊ စောဒကမရှိပါက

သက်ဆိုင်ရာ အာဏာပိုင်များကလည်းကောင်း ဝိနည်းမဲ့ကို အမိကရုဏ်းဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးဆုံးဖြတ်နိုင်ဖို့ရာ သက်ဆိုင်ရာက သံဃနာယက အဖွဲ့သို့ တင်ပြမည်ဖြစ်ပါသည်။

ထိုမှတပါး (၂-၂-၈၁) နေ့တွင် ပို့ချသင်ပြသည့် သင်တန်းစာ၌ ဝိနည်းဓိုရ်များ လက်မခံနိုင်သော မှုခင်းများ(၁၂)ပါး၊ ပယ်ရမည့် မှုခင်း (၂) ပါး သီးခြား အနေအားဖြင့် ပါရှိနာယူကြရပါသည်၊ ယင်း မှုခင်းများမှာ နည်းဥပဒေ လုပ်ထုံးလုပ်နည်းကဲ့သို့ ပုဒ်မ တတ်၍ မပါသဖြင့် တပည့်တော်များ ဆင့်ပွားသင်ပြသည့်အခါ သံသယကင်းစွာ ပြသနိုင်ပါရန်၊ အကြောင်းပေါ်က မည်ကဲ့သို့ ပုဒ်မတတ်၍ လက်မခံပဲ ပယ်ဖျက်ရမည့် အကြောင်းကို ထပ်လောင်း ဖြေကြား စေလိုပါသည်။

အဖြေလွှာ။ ။မဒိန်းမှု၊ လူသတ်မှု၊ လုယက်မှု၊ နိုင်ငံတော်ပုန်ကန်မှု စသည့် အာမခံမရသည့် အမှုများ၌ လူကအားရုံးက ရာဇဝတ်ကြောင်းဖြင့် ရှေးဦးစွာ စစ်ဆေးဆုံးဖြတ်ပြီး နောက်မှသာသံဃာဝိနိစ္ဆယအဖွဲ့က ဝိနည်းကြောင်းဖြင့် စစ်ဆေးဆုံးဖြတ်ရန် လိုပါက စစ်ဆေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

လက်မခံနိုင် မှုခင်း(၁၂)ပါး၊ ပယ်ရမည့် မှုခင်း (၂) ပါးကို ကျူးလွန်သော ရဟန်း သာမဏေမှန်လျှင် ဝိနည်းဒေသနာတော်အရ လည်း အပြစ်ရှိပြီးသား ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

ယင်းပုဂ္ဂိုလ်များ ကျူးလွန်သည့် (၁၂) ပါး (၂)ပါးသော မှုခင်းများ တို့သည် ဝိနည်းတရားတော်အား လျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းများဖြစ်ပါ၍ ဝိနည်း မဲ့ကို လုပ်ထုံးလုပ်နည်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ အခန်း (၁) အပိုဒ် (၂) (က) နှင့် သက်ဆိုင် အကျုံးဝင်ပါသည်။

လုပ်ထုံးလုပ်နည်းများ အပိုဒ်(၄)ပုဒ်မခွဲ(ခ)၌ အကယ်၍ အမှုဖြစ် ပစ္စည်းဘဏ္ဍာ အများရှိရာ၌သော်လည်းကောင်း၊ စုဒိတက အများရှိရာ၌ သော်လည်းကောင်း ပြေလည်အေးငြိမ်းမှု၊ တရားစွဲဆိုမှုတို့ကို ပြုလုပ်ရ မည်ဟုဆိုထားရာ—

(က) အမှုဖြစ် ပစ္စည်းဘဏ္ဍာ ညီမျှနေခဲ့သော်ငြင်း၊

(ခ) စောဒက၊ စုဒိတက ညီမျှနေခဲ့သော်ငြင်း၊

(ဂ) စောဒက အများရှိနေခဲ့သော်ငြင်း

မည်သည့်နေရာ၌ ပြေလည်အေးငြိမ်းမှု၊ တရားစွဲဆိုမှုတို့ကို ပြုလုပ်နိုင် ကြောင်းကို တိကျပြတ်သားစွာ ထပ်ဆင့်သင်ပြနိုင်ရန် ညွှန်ကြားပြသဖို့ရာ ရှိသေစွာ လျှောက်ထားပါသည်။

အဖြေလွှာ

(က) အမှုဖြစ် ပစ္စည်းဘဏ္ဍာ ညီမျှနေခဲ့သော် စုဒိတက ပစ္စည်း ဘဏ္ဍာရှိရာ၌ ဖြေရှင်းပါ၊ စွဲဆိုပါ။

(ခ) စောဒက၊ စုဒိတက ညီမျှနေခဲ့သော် စုဒိတက ရှိရာ၌ပင် ဖြေရှင်းပါ၊ စွဲဆိုပါ။

အကြောင်းကား—ဖြေရှင်းချက်၊ ဆုံးဖြတ်ချက်ကို ခံယူ ရမည့် သူသည် စုဒိတကပုဂ္ဂိုလ်သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

## ( ဂ ) အချက်သည် မဖြစ်နိုင်သောကြောင့်ဖြေစရာမလိုပါ။

အာပတ္တာဓိကရုဏ်း—ဖြစ်ခဲ့လျှင် အမှုဖြစ်ရာဌာနမှာ ဖြေရှင်းပါ၊ စွဲဆိုပါ။

ပြစ်ဒဏ်ခံရလျှင် ပြစ်ဒဏ်ကျခံရသည့်ဌာနနှင့် နီးစပ်ရာ သံဃနာယက အဖွဲ့မှာ စွဲဆို စစ်ဆေးပါ။

မြို့တမြို့၌ ရပ်ကွက်ပေါင်း (၁၂) ရပ်ကွက်ရှိရာ အမှတ်(၉)ရပ်ကွက်မှတပါး အခြား မည်သည့်ရပ်ကွက်တွင်မျှ အဆင့်မမီ၍ ရပ်ကွက်သံဃနာယကအဖွဲ့ မဖွဲ့နိုင်ပါ၊

အမှတ် (၉) ရပ်ကွက်၌ကား ကျောင်းပေါင်း (၇) ကျောင်းလောက်ရှိ၍ အဆင့်မီသည့်အတွက် ရပ်ကွက် သံဃနာယကအဖွဲ့ ဖွဲ့ရပါသည်၊ သို့ရာတွင် ဝုစ္စပဗ္ဗဇိတတွေချည်း ဖြစ်ကြ၍ ဝိနည်းတော်က ညွှန်ပြထားသော ဗျတ္တ ပဋိဗလ အရည်အချင်း မရှိကြပါ။

အခြားရပ်ကွက်များ၌ ဝိနည်းမမှုကံအဓိကရုဏ်းမှုခင်းများ ဖြစ်ပွား၍ အခန်း (၂) အပိုဒ် (၃) (က) အရ ပြေလည်အေးငြိမ်းမှု ဆောင်ရွက်သောအခါ ဗျတ္တ ပဋိဗလ အရည်အချင်းမမီသော အမှတ် (၉) ရပ်ကွက်သို့ မသွားတော့ပဲ မြို့နယ် သံဃနာယကအဖွဲ့သို့ တိုက်ရိုက်တင်ပြ ဆောင်ရွက်ပါက ဖြစ်နိုင်ပါမည်လား။

အဖြေလွှာ။ ။အခန်း (၂) အပိုဒ် (၅) အရနှင့် မကိုက်ညီသောကြောင့် မြို့နယ် သံဃနာယကအဖွဲ့သို့ တိုက်ရိုက် မသွားရပါ။

အမှတ် (၉) ရပ်ကွက် သံဃနာယကအဖွဲ့သို့ပင်သွား၍ ဖြေရှင်းပါ၊ ဖြေရှင်းမှု မကျေနပ်၍ဖြစ်စေ၊ မဖြေရှင်းတတ်၍ဖြစ်စေ၊ ယင်း အမှတ် (၉) ရပ်ကွက် သံဃနာယကအဖွဲ့က ထုံးစံအတိုင်း မြို့နယ် သံဃနာယက အဖွဲ့သို့ ပို့ပေးရပါမည်။

(အဆင့်မကျော်ရ)ဟု ဆိုလိုသည်။

အမေး။ ။ရပ်ကွက်/ကျေးရွာအုပ်စု၊ ပြည်နယ်၊ မြို့နယ်/တိုင်းအဆင့်၌ ပင် (၂) ကာလာတိက္ကန္တဖြစ်ခဲ့သော ကာလစည်းကမ်း သတ်ဥပဒေဟု ရှိ၊ အဓိကရုဏ်းမှုခင်း ပျက်ပြယ်မည် ဖြစ်ပါသလား။

လုပ်ထုံးအခန်း (၂) အပိုဒ် (၃-က/ခ/ဂ) (၅)

အမေး။ ။လုပ်ကိုင်လုပ်နည်း (၂၆) အရ ဖွဲ့စည်းပြီးသော (၁၅) ရက် အတွင်း အမှုစစ်ဆေးရမည်ဟု ဆိုထားရာ ကန့်ကွက်မှုနှင့် ကြုံတွေ့ရသော ဝိနိစ္ဆယရုံးသည် သံဃနာယကအဖွဲ့က ကန့်ကွက်မှု အကြောင်း ခိုင်လုံ-မလုံ စစ်ဆေးရဦးမည်ဖြစ်၍ ထိုအချိန်ကို (၁၅) ရက်တွင် ထည့်သွင်းရေတွက်ရပါမည်လား၊ သံဃနာယကအဖွဲ့က စုံစမ်း မှုကို အချိန်ကန့်သတ်၍လည်း ပေးနိုင်ဘွယ်မရှိပါ။ ထို့ကြောင့် (၁၅) ရက် ကိုတိကျအောင် သတ်မှတ်ပေးသင့်သည်ဟု ယူဆပါသည်။

အဖြေလွှာ

(၁) ကန့်ကွက်မှုမရှိသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ၌ မူလ အပိုဒ် (၂၆) အတိုင်းသာ ဖြစ်သည်။

(၂) ကန့်ကွက်ခံရသော ကန့်ကွက်မှုအတွက် စုံစမ်းရ၊ စစ်ဆေးရသော ရက်များကို ပယ်နုတ်၍ အမှုစတင်စစ်ဆေးရသော အသားတင်ရက်များကိုသာ ယူရမည် ဖြစ်ပါသည်။

ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း (၄) အပိုဒ် (၂၀) အပိုဒ် (က) (၁) (ဂ) အရ ဝိနည်းမိုရ်မဖြစ် ထိုက်ကြောင်း ကန့်ကွက်ရာတွင် အောက်ပါအချက် (၂) ချက်ကိုလည်း စဉ်းစားသင့်-မသင့် လျှောက်ထားပါသည်။

(က) အမှုဖြစ်ပွါးနေသော စေဒက၊ စုဒိတကတို့နှင့် ခင်မင်ရင်းနှီးနေသော ပုဂ္ဂိုလ်များနှင့် ဆရာသမားများ ဖြစ်နေခဲ့သော် တဖက်ဖက်တွင် အဂတိလိုက်စားနိုင်တွယ်ရာ ရှိပါသည်။

(ခ) ကိုယ်တိုင် အမှုဖြစ်နေသော စေဒက၊ စုဒိတကကို ကိုယ်တိုင် ဝိနည်းမိုရ်၊ ဟန်းစီးယာအလှည့်ကျ ပါဝင်နေခဲ့သော်-မည်သည့် ပုဒ်မနှင့် ကန့်ကွက်ရမည်နည်း။

**အချက်** (၃) စေဒက၊ စုဒိတကနှင့် သက်သေများ၏ ထွက်ဆိုချက်များကို သဘာပတိ ဆရာတော်က ဖတ်ပြပြီးနောက် မှန်ကန်ကြောင်း ; လက်မှတ် ရေးထိုးစေပြီး

နောက် သဘာပတိ ဆရာတော်ထံ ဆက်ကပ်သင့်ပါသည်။ ပုံစံ (ဂ)

အဖြေလွှာ

(က) အချက်နှင့်ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယက ဒုတိယအဖွဲ့ခဲ့သို့ ညွှန်ကြားလွှာ ထုတ်သင့်-မသင့်တင်ပြပြီး ဖြစ်ပါသည်။

(ခ) အချက်နှင့်ပတ်သက်၍ မိမိကိုယ်တိုင် ရွေးချယ်စဉ် တန်းစီဇယားအရ ဝိနည်းမိုရ်ဖြစ်ကြောင်းသော်လည်း ယခု မိမိကစာမေးပွဲ၊ စုံစမ်းမှု ဖြစ်နေခဲ့သော် မည်သည့်ပုဒ်မဖြင့် ကန့်ကွက်စရာမလိုပါ၊ သူ့ သိကျွာ သူရှိသေ့ပြီး တန်းစီဇယားမှ ယာယီနုတ်ထွက်ရုံဖြင့် ကိစ္စပြီးပါသည်။

အချက် (ဂ) နှင့် ပတ်သက်၍ ပုံစံ (ဂ) အသုံးပြုနည်း သင်ကြားချက်မှာ ပါဝင်ပြီး ဖြစ်နေ ပါပြီ။ ဖြေစရာ မလိုပါ။

**အမေး။** ။ဝိနည်းမမှုကံအမိကရဏ်း မှုခင်းဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၂၄) အရ ရွေးချယ်ရပါလျှင်

တော်သူ-သင့်သူ-ညီ့သူ မခွဲခြားရ၍ အခက်အခဲ ဖြစ်ဖွယ်၊ နာမည် ပျက်ဖွယ် ဖြစ်နေပါသည်၊ တော်သူနှင့်ညီ့သူ ရွေးချယ် ဖွဲ့စည်းခွင့်ရလျှင် အဆင်ပြေပါသည်ဟု အကြံပြုပါသည်။

သို့မဟုတ်ပဲ လူ့ကရားရုံးများ၌ ဥပဒေအကျိုးဆောင် တရားရေး ဝန်ထမ်းများ၏အကူအညီရယူသလို သံဃဝိနိစ္ဆယရုံးများ၌လည်း ဝိနိစ္ဆယ ကျွမ်းကျင်သူ အကြံပေးအဖွဲ့(၅)ပါး၊ (၆)ပါး စသည်ဖြင့် တလျှော့စီ အကြံပေးသင့်ကြောင်း ဆုံးဖြတ်ချက်ကိုမူ အလှည့်ကျ ဝိနည်းဓိုရ်များက ဆုံးဖြတ်စေသင့်ကြောင်း၊ ဤကိစ္စအတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့တွင် မရှိလျှင် လုပ်ထုံးလုပ်နည်းကို ပြင်ဆင်ဖြည့်စွက်သင့်ကြောင်းဟု အကြံပြုပါသည်။

အဖြေလွှာ

ဤကိစ္စအတွက် တိတိကျကျ အနေဖြေပေးရန် ယခုအခါ အဆင်သင့် မဖြစ်သေးပါ၊ လုပ်ထုံးလုပ်နည်းတွင် မပါဝင်၍ အဖြေမပေးနိုင်ပါ၊ ဤကိစ္စကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြပေးမည် ဖြစ်ကြောင်း ပြန်ကြားပါသည်။

**အမေး။** ။တရားရုံးများတွင် တရားရုံးလက်စွဲစာအုပ် ထားရှိသကဲ့သို့ သံဃဝိနိစ္ဆယ ရုံးများတွင်လည်း လက်စွဲစာအုပ် အပြည့်အစုံ ရိုက်နှိပ်၍ ထားပေးသင့်ပါသည်။

**အဖြေလွှာ။** ။ယာယီအားဖြင့် ဝိနည်းဓိုရ်သင်တန်း ပို့ချချက်ကိုပင် လက်စွဲစာအုပ်အဖြစ်ထားရှိပြီး ဆောင်ရွက်သင့်ပါသည်။ နောင်အခါ အတွေ့အကြုံများကို မူတည်၍ တိကျသော လက်စွဲစာအုပ် ထွက်ပေါ်လာဖို့ရာ အလားအလာရှိပါကြောင်း ပြန်ကြားပါသည်။

ဝိနည်းဓိုရ်များ ကန့်ကွက်ခြင်းကိစ္စအတွက် ယခုနည်းအတိုင်းသာ စမ်းသပ်ဆောင်ရွက်သင့်ပါသည်။ ဆောင်ရွက်ရင်း ရှိလာသော အတွေ့အကြုံများကို မူတည်၍ ပြင်ဆင်ပေးရန် ဖြစ်နိုင်ပါသည်။

လုပ်ငန်းတခုကို ဘာမျှမလုပ်ရသေးပဲ တွေးတောပြီး ဖြစ်ပေါ်လာလတံ့တွေကို လက်တွေ့လို ထင်မှားနေလျှင် အလုပ်လုပ်ဖြစ်မှာ မဟုတ်ပါ၊ "အလုပ်လုပ်ရင်း လက်တွေ့ရှာ၊ လက်တွေ့ရှာရင်း အလုပ်လုပ်" ဆောင်ပုဒ်နှင့်အညီ စမ်းသပ်ဆောင်ရွက်သင့်ပါကြောင်း ပြန်ကြားပါသည်။

အမေး။ ။မှုခင်းတခုကို ပြေငြိမ်းရာ၌ အေးငြိမ်းခြင်းသာ ပဓာန ဖြစ်၍ နာယကအဖွဲ့ မရှိသော ရပ်ကွက်တွင် နာယက ဆရာတော်တပါးပါးက ပြေငြိမ်းမှုကို ပြုလုပ်ပေးနိုင်၊ မပေးနိုင်။

အဖြေလွှာ။ ။စောဒက၊ စုဒိတက ၂-ဦးလုံးက မိမိတို့ နာယက ဆရာတော်၏ အဆုံးအဖြတ်ကို ရှုံးရှုံးနိုင်နိုင် ခံယူပါ မည်ဟု သဘောတူ ညှိနှိုင်းလို့ ပြေငြိမ်းမည်ဆိုပါက ဆိုဖွယ်ရာမရှိပါ။ ပြုလုပ်ပေးနိုင်ပါလိမ့်မည်။

သို့သော် ယင်းနာယကဆရာတော်တပါး အေးငြိမ်းမှုကို မကျေနပ်ပါ မြို့နယ်သို့ အယူခံတက်ခွင့်ပြုပါဆိုရင်တော့ မဖြစ်နိုင်ပါ။

သို့ဖြစ်ပါ၍ နာယကအဖွဲ့ရှိရာ နီးစပ်ရာ ရပ်ကွက်သို့ သွားဖြေရှင်း ပါက အကောင်းဆုံးပါပဲ၊ မကျေနပ်လျှင် အယူခံတက်ခွင့်ရပါမည်။

အမေး။ ။မှုခင်းပြေငြိမ်းရာ၌ သာသနာ့ရေးမှူးနှင့် ကောင်စီအလုပ် အမှုဆောင်တို့၏ မျက်ကွယ်တွင်လည်း ပြေငြိမ်းမှုကို ပြုလုပ် ပေးနိုင်၊ မပေးနိုင်။

နယ်စွန်နယ်ဖျား အလှမ်းကွာဝေးသော မှုခင်းဖြစ်ရာ အရပ်များသို့ သာသနာ့ရေးမှူး ရောက်ရန်မလွယ်ပါ။

အဖြေလွှာ။ ။ကျေးရွာ အုပ်စုအဆင့်၌ ဖြေရှင်းရာတွင် သာသနာ့ ရေးမှူးမပါသော်လည်း ဖြစ်နိုင်ကြောင်း ခွင့်ပြုချက်ဖြင့် စည်းကမ်းပြင်ဆွဲထားပါပြီ။ ကျေးရွာအုပ်စုတိုင်း၌ မည်မျှပင်ဝေးဝေး ကောင်စီဝင်များ ရှိပြီးသားဖြစ်သောကြောင့် ကောင်စီဝင်တဦးတော့ ပါဝင်ရမည်ဖြစ်ပါသည်။ သူတို့ပါခြင်းဖြင့် လိုအပ်သောအကူအညီများ အလွယ်တကူ ရနိုင်မည်ဖြစ်ပါသည်။

**အမေး။** ။ငါးပါးဖြင့် ဖွဲ့ထားသော ဝိနိစ္ဆယအဖွဲ့တွင် နှစ်ပါးကို ကန့်ကွက်သော် ကြွင်းသုံးပါးဖြင့် ဆက်လက်၍ စစ်ဆေးနိုင် မစစ်ဆေးနိုင်။

**အဖြေလွှာ။** ။ထက်ဝက်ကျော်လွန်သောကြောင့် စစ်ဆေးနိုင်ပါသည်။

**အမေး။** ။ဝိနိစ္ဆယအဖွဲ့ ဖွဲ့သည့်အခါ အရံဝိနည်းဓိုရ်များကိုကြိုတင်၍ ရွေးချယ်ထားနိုင် မထား‌နိုင်၊ ဤသို့ ရွေးချယ်ထားလျှင် အကယ်၍ ကန့်ကွက်ခံသော အလှယ်ကာ အစားထိုး၍ ဆက်လက် စစ်ဆေးနိုင်ပါမည်။

**အဖြေလွှာ။** ။ဤအရံကိစ္စအတွက် ယနေ့ ပို့ချမည့် ပုံစံ (ဂ)တွင် ပါဝင်မည် ဖြစ်ပါကြောင်း ပြန်ကြားပါသည်။

**အမေး။** ။ဝိနည်းဓိုရ်ဆရာတော် (၇)ပါးသာရှိသော ကယားပြည်နယ်နှင့် (၅)ပါးသာရှိသော ဂဏဝိမုတ်ကူးတို့ဂိုဏ်းတို့တွင် အကယ်၍ (၅)ပါး ပါဝင်သော ဝိနိစ္ဆယအဖွဲ့ကို စောဒက စုဒိတက တို့က တဖွဲ့လုံးကို ကန့်ကွက်ပါလျှင် နောက်ထပ် ဝိနည်းဓိုရ်ရွေးချယ်ရန် မရှိပါသဖြင့် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ဖြေကြားပေးပါ။

**အဖြေ။** ။ဤကဲ့သို့ ကယားပြည်နယ်၌၎င်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၌၎င်း ဖြစ်ပွားခဲ့သော် အပိုဒ်(၂၉-က-၁)အရ ဆောင်ရွက်စရာ မရှိပါသဖြင့် အခန်း(၂) အပိုဒ်(၃-က)၌ ဖော်ပြထားသော (သံဃနာယက မရှိသော)ဟူသောစကားရပ်အတိုင်း နိုးစပ်ရာမှာ ဖြေရှင်းပါ။

အမေး။ ။စေ၀ဒက၊ စုဒိတကတို့၏ ကန့်ကွက်မှုနှင့်ပတ်သက်၍ ဝိနည်းဓိုရ်များအတွက် ကာကွယ်မှု ဥပဒေလိုနေသည်ဟု ထင်ပါသည်။ ၎င်းတို့ကန့်ကွက်နိုင်သော အကြောင်း သုံးချက်သည် အလွန်ကျယ်ဝန်းပါသည်။ ၎င်းတို့၏ ကန့်ကွက်ချက်အရ နာယကအဖွဲ့က စစ်ဆေးထောက်လှမ်းမှုက နောက်၊ တရားခွင်ကိုရပ်၍ ဝိနည်းဓိုရ်များ ဆင်းသွားရမည်က ရှေ့ဖြစ်နေပါ၍ ဝိနည်းဓိုရ်များအဖို့ အလွန်ရှက်စရာကောင်းပါသည်။

သို့ပါ၍ စေ၀ဒက၊ စုဒိတကတို့သည် သက်ဆိုင်ရာ နာယကအဖွဲ့သို့သာ ကန့်ကွက်လွှာ တင်သွင်းစေ၍ နာယကအဖွဲ့က သေချာစွာ စိစစ်ပြီး ၎င်းကန့်ကွက်မှုများသည် အခြေအမြစ်မရှိ၊ သို့မဟုတ် ပြုပြင်ဖွဲ့စည်းသင့်သည် စသည်ဖြင့် စီစဉ်သတ်မှတ်သောအခါမှသာ ၎င်းစီစဉ်သတ်မှတ်သည့် ဝိနိစ္ဆယအဖွဲ့ကိုသာ ဖွဲ့စည်း၍ အမှုကို စတင်စစ်ဆေးသင့်ပါသည်။ အမှုစစ်သည့်အချိန်ကစ၍ ကန့်ကွက်မှုများကို လက်ခံခြင်း လုံးဝမပြုသင့်ကြောင်း အကြံပြုပါသည်။

အဖြေ။ ။ဝိနည်းဓိုရ်အတွက် ကာကွယ်မှုဥပဒေလိုနေပါသည်ဟု အကြံပြုပါ၏ဟုပါရှိရာ ဥပဒေပြုပြီးဖြစ်ပါသည်။ သင်တန်းပို့ချစဉ်က ဝိနည်းဓိုရ်ဂုဏ်အင်္ဂါများ မကြားမိဟုထင်ပါသည်။ ဝိနည်းဓိုရ်အင်္ဂါနှင့် ပြည့်စုံစွာ နေကြည့်ပါ။ မည်သူမျှကန့်ကွက်ရဲမည် မဟုတ်ပါ။

တရားခွင်မှာကန့်ကွက်မှု၊ သံဃနာယကဘည်ရာဌာန ကန့်ကွက်မှုဟု(၂)မျိုး ဝါဒကွဲ ကြပါသည်။ သံဃနာယကဌာနမှာ ကန့်ကွက်သင့်ပါသည်ဟု အကြံပေးသူ၊ ဆွေးနွေးသူ များပါသည်။ ဒီကိစ္စအတွက် ဆိုင်ရာသို့ တင်ပြပေးပါမည်။ အခြေမြမဲ လုပ်ထုံးလုပ်နည်း(၂၉) (က/၁)အရသာ ဆောင်ရွက်နိုင်ပါဟု ပြန်ကြားပါသည်။

**အမေး။** ။အပိုဒ်(၂၉–ခ)တွင် ဖော်ပြထားသော ယင်းသို့ကန့်ကွက်သောသူမှာ ခိုင်လုံသော အကြောင်းပြချက် ရှိရမည်။ အကြောင်းတစုံတရာ မခိုင်လုံလျှင် စွပ်စွဲကန့်ကွက်သူ၏ တာဝန်သာဖြစ်စေရမည် ဟူသော စကားရပ်များကို မရှင်းလင်းသဖြင့် ရှင်းပေးပါ။

**အဖြေ။** ။သက်ဆိုင်ရာသို့ တင်ပြပေးပါမည်။

ယခုလောလောဆယ် ဖြေကြားလိုသည်မှာ အကြောင်းခိုင်လုံပါက အခြေခံစည်းမျဉ်း အခန်း (၆)၊ အပိုဒ်(၄၆၊ ၄၇၊ ၄၈)အရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

လုပ်ထုံး အပိုဒ် (၄–က)အရ တိုင်းအဆင့် ပြောင်းမြို့ခြင်းနှင့် ပတ်သက်၍ မေးထားပါသည်။

နိုးစပ်ရာမှာ ဖြေရှင်းခွင့်ပေးထားခြင်းသည် (၄–က)ကို ကြည့်ပါ။ သွားလာရေးခက်ခဲသော ဒေသကိုသာ ဆိုခြင်းပါ။ သာယာဝတီက ပဲခူးသို့သွားရင် နေ့ချင်းတောင်ပြန်နိုင်၍ အနည်းငယ်ဝေးသော်လည်း မခက်ခဲသောကြောင့် ရန်ကုန်တိုင်း နာယကအဖွဲ့မှာ ဖြေရှင်းခွင့်မရပါ။

ပြည်နယ်/တိုင်း ဆံသနာယကအဖွဲ့ဝင် ဆရာတော် တပါးပါးထံ ပြောင်းမြို့ရာ၌ သာယာဝတီမှာ မပြောင်းမြို့နိုင်သော မှုခင်းကို ပဲခူးသို့ ရန်ကုန်သို့ မသွားတော့ပဲ မိမိ သာယာဝတီမြို့နယ် အသင်းမှာရှိသော တိုင်းသံဃနာယကတပါးပါးထံ လျှောက်ထားပြောင်းမြို့မှု ရ-မရ မေးရာ၌ အပိုဒ် (၄–က)၏ ရည်ရွယ်ချက်ကို ကြည့်ပါ။ သွားလာရေးခက်ခဲသော ဌာနကိုသာ ခွင့်ပြုခြင်းဖြစ်ပါသည်။ မခက်ခဲသော ဌာနများကို ခွင့်မပြုပါ။ သွားလာရေး နီးသည် ဝေးသည် အရိုးများသည် စသည်ဖြင့် သွားရ လာရမှာ ကြောက်နေပါက မိမိ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ ရပ်ကွက်အဆင့်မှာသာ ဖြေရှင်းလျှင် အကောင်းဆုံးဟု ပြန်ကြားလိုက်ပါသည်။

က—အမေး။ ။အခန်း(၁)(ဆ) အပိုဒ်(၁)မှ သာသနာရေးရာဆိုင်ရာ ပစ္စည်းများ— ဒါယကာတဦးမှ ရဟန်းတပါးအား ဆွမ်းဝတ်၊ ပန်းဝတ် လှူထားသော လယ်ယာမြေ၊ ဥယျာဉ်ခြံမြေတို့ လောလောဆယ်လှူပါက ယင်းမြေကို သာသနာ့မြေအဖြစ် သတ်မှတ်နိုင်ခြင်း ရှိ-မရှိပါ တင်ပြပါသည်။

က—အဖြေ။ ။၁၉၅၄—ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ဥပဒေအရ လယ်ယာမြေမှန်သမျှ နိုင်ငံက ပိုင်သောကြောင့် မည်သူကမျှ လယ်ယာမြေကို လှူဒါန်းခွင့် မရတော့ပါ။

ယင်း လယ်ယာမြေနိုင်ငံပိုင်ဥပဒေတည်း၌ ဥယျာဉ်ခြံမြေ ပါ-မပါ ဆိုင်ရာမှာ မေးကြည့်ပါ။

ခ—အမေး။ ။မှုခင်းများလက်ခံခြင်းနှင့် ဝိနည်းဓိုရ်အဖွဲ့ ဖွဲ့စည်းခြင်းတွင် အကယ်၍ သံဃဝိနိစ္ဆယအဖွဲ့ကို ကန့်ကွက်ခဲ့သည်ရှိသော် အပိုဒ်(၂၆) လုပ်ထုံးမှာ ပြန်လည်ဖွဲ့စည်းသည့် နေ့သည် ပျက်ပြယ်ခြင်း ရှိ-မရှိ တင်ပြပါသည်။

ခ—အဖြေ။ ။ယင်း အပိုဒ်(၂၆)သည် ကန့်ကွက်မှုမရှိသော သံဃ-ဝိနိစ္ဆယအဖွဲ့များအတွက်ပါ ယူဆပါ၊ ကန့်ကွက်ခံရလျှင် ပြန်လည်ဖွဲ့စည်းသည့်နေ့က ယူပါ—ဟု ပြန်ကြားပါသည်။

**၄–အမေး။**။ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းအခန်း(၆)အပိုဒ် (၄၀)ပါ စကားရပ်များ၏ ဆိုလိုရင်းအဓိပ္ပါယ်ရှင်းလင်းပေးပါ။

**၄–အဖြေ။** ။မကျန်းမမာခြင်း စသောအကြောင်းကြောင့် ဝိနိစ္ဆယဌာနသို့– နေရာမှမထနိုင်ခြင်း စသော

| | |
|---|---|
| ၁။ စေဒက မလာနိုင်ခဲ့သော်<br>၂။ စုဒိတက မလာနိုင်ခဲ့သော်<br>၃။ ယင်းတို့သက်သေ မလာနိုင်ခဲ့သော် | အနည်းဆုံး ဝိနည်းဓိုရ် ဆရာတော် (၂)ပါး ကြွပြီးစစ်ပေးပါ။ |

အခြားမြို့နယ်က စေဒက၊ စုဒိတက သက်သေတို့ အသက်ဖော်ပြပါ အကြောင်းကြောင့် မလာနိုင်ခဲ့သော်–

| | |
|---|---|
| ၁။ သက်ဆိုင်ရာ ပြည်နယ်ကောင်စီ<br>၂။ 〃 တိုင်းကောင်စီ<br>၃။ 〃 မြို့နယ်ပြည်သူ့ကောင်စီ | အဖွဲ့များသို့အကြောင်း ကြားပါ။ |

ယခုအမှုတွဲကို မိမိတို့၏ မြို့နယ်များမှ ရှိသည့်ဝိနည်းဓိုရ်ဖြင့် စစ်ပေးပါ။ စစ်ပြီးလျှင် ယင်းစစ်ဆေးချက် အမှုတွဲအားလုံးကို မူလစစ်ဆေးခိုင်းသည့် ဝိနိစ္ဆယဌာနသို့ ပြန်ပို့ပါဟု ဆိုလိုပါသည်။

၁—အမေး။ ။သွားလာမှုခက်ခဲသော မြို့နယ်ဒေသများတွင် ဆင့်ပွားသင်တန်း၏ ထပ်ဆင့် ဆင့်ပွားသင်တန်းကို ခွင့်ပြုနိုင်၊ မပြုနိုင်။

၁—အဖြေ။ ။ယခုသင်တန်းမှာ တက်ရောက် သင်ကြားသည့် ဆရာတော်များက မိမိဒေသရောက်သည့်အခါ သွားလာမှု လွယ်ကူသော ဒေသများ၌ တမြို့နယ်လျှင် ၃-ပါးကျစီ လျှော်ရာ လွယ်ရာ ဌာနတခုသို့ပင့်ပါ။ ယခုသင်တန်းဆင်းဆရာတော်က ပို့ချပေးပါ။ ၃-ပါးကျစီ ဆရာတော်များက မိမိမြို့သို့ပြန်ရောက်သည့်အခါ ထပ်မံပို့ချစေလိုပါသည်။

သွားလာရေးခက်ခဲသည့် အတွက် ယခုလို တမြို့နယ် ၃-ပါးကျစီ ပင့်ဆောင်ရန်ခက်ခဲပါက ကျွမ်းကျင်သူက ထပ်ဆင့်၍ ဒီ ၃-ပါးစီထက် အသေးစိတ် ထပ်ဆင့်ဖွင့်၍ သင်ကြားနိုင်ပါသည်။ လိုရင်းကတော့ မိမိတို့မြို့နယ်က ဝိနည်းဓိုရ်များ ကျွမ်းကျင်မှုရှိလျှင် ဘယ်လိုနည်းဖြင့်သင်ပြ သင်ပြ ခွင့်ပြုပါသည်။ ယခုတော့သတိပြုရန်မှာ ဒို့သင်တန်းမှာ ဒီစာအုပ်ဖြင့် သင်ခဲ့ရသည်၊ မင်းတို့လဲ ဒီစာအုပ်ဖတ်ပေတော့ဟု မျက်နှာလွှဲ ခဲပစ်မလုပ်ရန်သာ ဖြစ်ပါသည်။

၂—အမေး။ ။သင်တန်းပို့ချမည့် ဆင့်ပွားနည်းပြ ဆရာတော်များ၏ ခရီးစရိတ် စသော အကူအညီများကို မည်သည့်နေရာဌာနက ပေးမည်နည်း။

၂—အဖြေ။ ။ခရီးစရိတ်ဟူသော အသုံးအနှုန်း အစား အခြားအသုံးအနှုန်းမျိုးသာ သုံးသင့်ပါသည်၊ သုံးပါက ခရီးစရိတ်လိုချင်သည့် သဘောမျိုးသက်ရောက်သွားနိုင်ပါသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာကောင်စီများ၊ လဝကများက လိုအပ်သော အကူအညီများကို ပေးကြပါလိမ့်မည်။ ကောင်စီအဆင့်အဆင့် ရွေးချယ်ပွဲစသည်မှာလဲ ကူညီခဲ့ကြပြီးဖြစ်ပါသည်။ တချို့မြို့နယ်များမှာ အဆင်မပြေဟု ကြားရပါသည်။ ဒီကိစ္စအတွက် ဝန်ကြီးဌာနအား ထပ်မံ ပြောကြားခိုင်းထားပါသည်။ တခုသတိပြုစေချင်ပါသည်။ ဒီကိစ္စသည် မိမိတို့၏ သာသနာကိစ္စဖြစ်၍ မိမိတို့ဘက်က အသုံးအနှုန်း အပြောအဆိုသိမ်မွေ့ဖို့များစွာလိုပါသည်။ အာဏာတပြပြုမလုပ်မိဖို့ အထူး သတိပြုစေလိုပါသည်။ မလိုအပ်ပဲနှင့် ကား ခဏခဏတောင်းတဲ့တာမျိုး၊ မင်းတို့မလုပ်ပေးဘူးလား၊ မလုပ်ပေးယင် အထက်တိုင်လိုက်မယ်စသည့် နိုင်ထက်စီးနင်းပြောတာမျိုး၊ ရုတ်အခွင့်အရေး မဟာရားသုံးတာမျိုး များစွာရှောင်ကြဉ်ဖို့ အထူးလိုအပ်ပါသည်။

၃—အမေး။ ။ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း အခန်း (၁)အပိုဒ်(၂) အပိုဒ်(ဆ-၂)တွင် အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ အများကလက်ခံထားသည့် သာသနာမြေဆိုသည်မှာ မည်သည့်ခေတ်၊ မည်သည့်ဘုရင်လက်ထက်ကစ၍အစရှိသဖြင့် ကာလသတ်မှတ်ထားချက်များ ရှိပါသလား။

၃—အဖြေ။ ။အမေးဖြကတော့ ဖြေပြီးသား ထပ်ခမေးနေရာကျပါသည်။ စာပိုဒ်ကိုသေချာစွာ ဖတ်ကြည့်ပါ။ အဖြေပါပြီးသားပါ။ မည်သည့်ခေတ်ဟု ဖော်ပြပြီးသားပါ။ မည်သည့်ဘုရင်ဆိုတာလဲ ဖော်ပြပြီးသားပါ။ ဘာ့ကြောင့်လဲ(အပိုဒ် ဆ-၂)ရေးဆွဲသည့် ပုဂ္ဂိုလ်များက (ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ)ဟု ဆိုထားပြီးဖြစ်၍ ခေတ်ပေါင်းများစွာ ပါဝင်ပြီးဖြစ်ပါသည်။ ယင်းခေတ်ပေါင်းများစွာထည်းမှာ ဘုရင်ပေါင်းများစွာ ပါဝင်ပြီး ဖြစ်ပါသည်။

**အမေး။** ။ကျွမ်းကျင်သော ဝိနည်းဓိုရ်များမရှိရာ၌ ဥပဒေအကြံပေး အဖွဲ့ရှိသလို သံဃဝိနိစ္ဆယမှာလည်း ကျွမ်းကျင်သူအရာတော်များ ပြင်ပမှ ဖွဲ့စည်းပေးထားပါလျှင် အဆင်ပြေပါမည်။ ဝိနိစ္ဆယချလျှင်တော့ ဝိနည်းဓိုရ်ကသာ ချသင့်ပါသည်။

**အဖြေ။** ။အစကမှဝိနည်းဓိုရ်လုပ်ငန်းမကျွမ်းကျင်လို့ ဝိနည်းဓိုရ်အကြံပေးအဖွဲ့ (၅)ပါး စသည် ခန့်ထားပြီး စစ်နေရသေးလျှင် ဝိနိစ္ဆယ၏ ဆုံးဖြတ်ချက်ကော မည်သို့ရေးပါမည်နည်း။ ကျွမ်းကျင်သူ၏ သဘောအတိုင်းသာ ဖြစ်ရမည်မဟုတ်ပါလား။ စဉ်းစားပါ၊ အကောင်းဆုံးကတော့ မကျွမ်းကျင်လို့ မပြုလုပ်တတ်လျှင် မိမိသိက္ခာရှိသေပြီး မိမိဘာသာ အလိုအလျောက် ကျန်းမာရေးအကြောင်းပြ၍ နုတ်ထွက်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ဖြေကြားပါသည်။

**အမေး။** ။မြို့နှင့် ဝေးကွာသော တောကျေးရွာများ၌ (ဥပမာ) ပြည်နယ်၊ တအုပ်စု၊ တကျောင်းသာရှိ ကျေးရွာအုပ်စု သံဃနာယကက အဓိကရုဏ်းကို ငြိမ်းသော်လည်းမရ၊ သို့အတွက် အဓိကရုဏ်း ငြိမ်းစေရန် နီးစပ်ရာကျေးရွာအုပ်စု အချင်းချင်း စုပေါင်း၍ သံဃနာယကအဖွဲ့ ဖွဲ့နိုင်၊ မဖွဲ့နိုင်။

**အဖြေလွှာ။** ။သံဃအဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၁)(ဏ) အရ မဖွဲ့နိုင်ပါ။

**အမေး။** ။မိမိရပ်ကွက် သံဃနာယကအဖွဲ့ရှိ သော်လည်း ပုဂ္ဂိုလ်ရေး အရ အဆင်မပြေသဖြင့် အနီးအနားရှိ အခြားသံဃနာယက အဖွဲ့ထံ အဓိကရုဏ်း ငြိမ်းမှု ပြုနိုင်၊ မပြုနိုင်။

**အဖြေလွှာ။** ။အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်(၆)၌ ဖော်ပြထားသည့် "သံဃဂရုကေန ဘဝိတဗ္ဗံ၊ နော ပုဂ္ဂလဂရုကေန" ဒေသနာအရ ပုဂ္ဂိုလ်ရေးရာ အဆင်မပြေမှု တခုကိုသာ မကြည့်ပါနှင့် အခြားအဖွဲ့ဝင်သံဃာများကို လေးစားသောအားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါ၍ ပုဂ္ဂိုလ်အရ အဆင်မပြေတိုင်း အခြားအဖွဲ့ထံသို့ ငြိမ်းမှု မပြုနိုင်ပါ။

**အမေး။** ။ပြေလည်အေးငြိမ်းမှု (၂)လဟု အချိန်သတ်မှတ်ထားရာ (၂)လနှင့်မပြီး ကျော်လွန်သွားပါက ယင်းအမှုကို ပယ်ရမည်လော၊ ဆက်လက် လက်ခံရမည်လော။

**အဖြေလွှာ။** ။(၂)လ ကာလသတ်မှတ်ချက် ထည့်ထားမှု ရည်ရွယ်ချက်မှာ ဝိနည်းဓိုရ်များ၏ အချိန်ဆွဲထားမှုကြောင့် အမှုသည်(၂)လုံး မနစ်နာစေရန် ရည်ရွယ်ပြီး သတ်မှတ်ထားသည်ကို သတိပြုပါ။

ထူးခြားသော အကြောင်းမရှိပဲ (၂)လကျော်လွန်မှုကိုတော့ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုနိုင်မည်မဟုတ်ပါ။ ထူးခြားသောအကြောင်းမရှိပဲ (၂)လထက်ကျော်လွန်အောင် ရက်ဆွဲထားပါက ယင်းဝိနိစ္ဆယအဖွဲ့အား လုပ်ထုံးလုပ်နည်း အပိုဒ်(၁၇)(ဌ)အရ ဝိနည်းဓိုရ်အဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်ရမည်ဟု ဆိုထားခြင်းကြောင့် (၂)လလွန်အောင် ဆွဲထားမှု ပြုနိုင်မည် မဟုတ်ပါ။

အကယ်၍ ထူးခြားသော အကြောင်းရှိပါက နိုင်ငံတော် သံဃာ မဟာနာယကသို့ ကျိုးကြောင်းဖော်ပြ လျှောက်ထားပါက ခွင့်ပြုစရာ အကြောင်းရှိနိုင်မည် ဖြစ်ပါသည်။

အမေး။ ။အဓိကရုဏ်းမှုခင်းတခုအတွက် ပြီးပြတ်ရန် ဝိနိစ္ဆယဌာန စစ်ဆေးမှုအချိန်ကာလ မည်မျှသတ်မှတ်ပိုင်းခြားပါမည် နည်း။

အဖြေလွှာ။ ။ဝိနည်းလုပ်ထုံးအပိုဒ်(၅)အရ ဆောင်ရွက်ပါ။

၁-အမေး။ ။လုပ်ထုံးလုပ်နည်း အခန်း(၄)ပုဒ်မ(၂၀)အရ သံဃ ဝိနိစ္ဆယအဖွဲ့ကိုင်၊ အဖွဲ့ဝင်တပါးပါးကိုဒင်း၊ ယင်း ပုဒ်မ၏(က၊ခ၊ဂ)တို့တွင် တပါးပါးကြောင့် ကန့်ကွက်လိုသော-စောဒက စုဒိတကတို့သည် သံဃနာယကအဖွဲ့သို့ တင်ပြကန့်ကွက်ရမည်ဟု သိရှိ နားလည်ထားရမည်။

သို့ပါသော်လည်း(၁-၂-၈၁)နေ့ စေ့သည့် သင်တန်းပြစာလွှာတွင် "မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ ဆရာတော်သည် စောဒက စုဒိတကတို့အား ဤသံဃဝိနိစ္ဆယအဖွဲ့တွင် ပါဝင်သည့် အဖွဲ့ဝင်အား လုံးကိုဖြစ်စေ၊တပါးပါးကိုဖြစ်စေကန့်ကွက်ရန်ရှိ-မရှိမေးမြန်းရမည်" ဟု ပါရှိ သင်ပြပို့ချထားပါသဖြင့် မနှစ်သက်သည့် စောဒက-စုဒိတကတို့က ဝိနည်းဓိုရ်များ၏မျက်မှောက်၌ ကန့်ကွက်ရမည့် သဘောသက်ရောက်နေ ပါ၍ ယင်းကန့်ကွက်သူသည် (က)ဝိနည်းဓိုရ်များ၏ မျက်မှောက်တွင် ကန့်ကွက်ရမည်(သို့မဟုတ်)မျက်ကွယ်တွင် အကြောင်းပြကာ သံဃနာယ ကအဖွဲ့သို့ ကန့်ကွက်လွှာတင်လျှက် ကန့်ကွက်ရမည်ဆိုသည့် အကြောင်း ကိုဒင်း၊ (ခ) ကန့်ကွက်လားရှိခိုက် ကျန်ဝိနည်းဓိုရ်များ ယိုအပူကို သက်သက်ကြားနာ စစ်ဆေးနိုင်ခွင့် ရှိ မရှိကိုဒင်း တပည့်တော်များ ပြတ်သားစွာ ဆင့်ပွား ပြသနိုင်ရန် ဖြေကြားစေလိုပါသည်။

၂။ ၎င်းပြင် ယင်း ပုဒ်မခွဲ(က၊ ခ၊ ဂ) အကြောင်းတို့မှ တပါး အလှည့်ကျ ရွေးချယ်ခံဝိနည်းဓိုရ်နှင့် အပွသည် ဝလ္လဘဖြစ်ခြင်း၊ ဥာတိ **သာလောဟိတ** ဖြစ်ခြင်း စသော အကြောင်း + + **အာဃာတ**၊ ဥပနိဗဒ္ဓ စသော အကြောင်းတို့ကြောင့် ကန့်ကွက်ခဲ့သော်၎င်း၊ ဒေသနာလိုက် ပဋိပက္ခဖြစ်သော ဂိုဏ်းကွဲနေ၍ ကန့်ကွက်ခဲ့သော်၎င်း၊ ယင်းကန့်ကွက်မှု များသည် ကန့်ကွက်ရာရောက်နိုင် **မရောက်နိုင်**၊ တရားဝင်ဖြစ်နိုင် မဖြစ် နိုင်ကို ခြားနားစွာ ပြသနိုင်အောင် သိရှိလိုကြပါသည်။

(အဖြေလွှာ)

၁။ (က) စောဒက၊ စုဒိတကတို့သည် သံဃဝိနိစ္ဆယအဖွဲ့ဝင်များ ကို တရားခွင်ရောက်မှ အတိအကျ သိရမည် ဖြစ်ပါသည်။ သံဃဝိနိစ္ဆယ ရုံးတော်၌ သဘာပတိဆရာတော်က သံဃဝိနိစ္ဆယရုံး ဖွင့်လှစ်ကြောင်း ကြေငြာပြီးနောက် မြို့နယ်သံဃနာယကအဖွဲ့၏ သံဃဝိနိစ္ဆအဖွဲ့ ဖွဲ့စည်း ခြင်း အမိန့်ကို ဖတ်ကြားမှသာ သံဃဝိနိစ္ဆယအဖွဲ့တွင် မည်သည့် ဆရာ တော် ပါဝင်ကြောင်း သိရပါမည်။ ထိုအခါ သဘာပတိဆရာတော်၏ ခွင့်ပြုချက်ဖြင့် စောဒကကဖြစ်စေ၊ စုဒိတကကဖြစ်စေ မိမိ သဘောမကျ မနှစ်သက်သည့် ဝိနည်းဓိုရ်တပါးပါးကိုသော်၎င်း၊ ဝိနိစ္ဆယအဖွဲ့ တဖွဲ့ လုံးကိုသော်၎င်း၊ ဝိနည်းဓိုရ်ဆရာတော်များ၏ မျက်မှောက်တွင် ကန့် ကွက်ရပါမည်။

ယင်း၏ကန့်ကွက်ချက်ကို သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်မှ တဆင့် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြရပါမည်။

(ခ) ကန့်ကွက်ထားရှိခိုက်၊ ကျန်ဝိနည်းဓိုရ်များမှာ ထိုအမှုကို ဆက်လက်၍ ကြားနာစစ်ဆေးနိုင်ခွင့်မရှိပါ။ ပုဒ်(ဂ)အပိုဒ် ၆၊(ဃ) တွင် သံဃဝိနိစ္ဆယအဖွဲ့ဝင်တဦးဦးကို ကန့်ကွက်ပါက အရံပုဂ္ဂိုလ်ရှိလျှင် **ဖြည့်စွက်ပြီး စစ်ဆေးရမည်**-ဟု ညွှန်ကြားထားပါသည်။ (ဖြည့်စွက်မှုကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့က ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။)

၂။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄)၊ ပုဒ်မ (၂၈)၊ ပိုဒ်ခွဲ (က၊ခ၊ဂ) အကြောင်းများမှတပါး ဝိနည်းဓိုရ်နှင့်အမှုသည် ဝလ္လဘာဖြစ်ခြင်းစသော အကြောင်းတို့ကြောင့် ကန့်ကွက်ခဲ့သော် ယင်းကန့်ကွက်မှုများသည် ဤလုပ်ထုံးလုပ်နည်းအရ ကန့်ကွက်ရာ မရောက်နိုင်ပါ။ တရားဝင် မဖြစ်နိုင်ပါ။

ဖော်ပြပါ အပိုဒ် ၂၈၊ (က၊ ခ၊ ဂ) ပါအကြောင်း သုံးချက်တို့တွင် တချက်ချက်ကြောင့် ကန့်ကွက်မှသာ ယင်းကန့်ကွက်ချက်သည် ကန့်ကွက်ရာ ရောက်နိုင်ပါသည်။ တရားဝင် ဖြစ်နိုင်ပါသည်။

အမေး။ ။စောဒကနှင့် စုဒိတကတို့သည် သံဃဝိနိစ္ဆယ အဖွဲ့ဝင် ဆရာတော်များကို ရှုံးယိုင်ကာစ သဘာပတိဆရာတော်က ကန့်ကွက်ရန် ရှိမရှိ မေးမြန်းစဉ်အခါ မကန့်ကွက်ခဲ့ပါ။

သို့ရာတွင် စောဒကပြသက်သေ၊ စုဒိတကပြသက်သေတို့ကိုကြားနာစစ်မေးနေစဉ်အတွင်း အဂတိလိုက်စားခြင်း၊ တံစိုးလက်ဆောင်ယူခြင်းတို့ကို အကြောင်းခိုင်လုံစွာ တွေ့မြင့်သိရှိရခြင်းကြောင့် ကန့်ကွက်လိုသော်—

ထိုကန့်ကွက်လိုသော အချိန်၌ ကန့်ကွက်နိုင်ပါမည်လား၊

ကန့်ကွက်လွှာကို အနုဝိဇ္ဇက သဘာပတိထံ တိုက်ရိုက် တင်သွင်းရပါမည်လား၊

သို့မဟုတ် မြို့နယ်သံ ဃနာယကအဖွဲ့ ဥက္ကဋ္ဌထံသို့ တင်သွင်းရပါမည်လား- သိလိုပါသည်ဘုရား။

အဖြေလွှာ။ ။ကန့်ကွက်လိုသော အချိန်မှာ အကြောင်းခိုင်လုံပါက ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်လွှာကို အနုဝိဇ္ဇက သဘာပတိထံ စာဖြင့် ရေးသား၍ တိုက်ရိုက်တင်သွင်းပါ၊ မိတ္တူကို မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံသို့ ပို့ပါ။

(၁၀-၂-၇၀) နေ့
အဖွဲ့ (၁၁) ဆွေးနွေးချက်
အမှတ် (က)

(က) နေဝ သုဒ္ဓ နာသုဒ္ဓ ဆုံးဖြတ်ခဲ့သော် ၎င်းဆုံးဖြတ်ခံရသော ပုဂ္ဂိုလ်ကို မည်ကဲ့သို့ ဆောင်ရွက်ရပါမည်နည်း။

ဤအမေးပုစ္ဆာအတွက်ကား....

ဝေ လဇ္ဇိနာ စောဒိယမာနော အလဇ္ဇိ ဗဟုဿုပိ ဝတ္တာနုသု ဥပ္ပန္နေသု ပဋိညံ န ဒေတိ၊ သော နေဝ သုဒ္ဓေါတိ ဝတ္တဗ္ဗော န အသုဒ္ဓေါတိ။

ပါရာဇိက-ဋ္ဌ-ဒု (၁၇၆)။
ဝိနယသင်္ဂဟ-ဋ္ဌ (၃၁၂)။

အထက်ပါ အဋ္ဌကထာစကားကို ထောက်ထားသောအားဖြင့် နေဝ သုဒ္ဓ နာသုဒ္ဓဟု ဆုံးဖြတ်ရမည့် ပုဂ္ဂိုလ်မျိုးမှာ စောဒကပုဂ္ဂိုလ်က လဇ္ဇီ ပုဂ္ဂိုလ်+စုဒိတက ပုဂ္ဂိုလ်က အလဇ္ဇီဖြစ်ရုံသာမက ဗဟုသုပိ ဝတ္ထုသု ဥပ္ပန္နေသု အရ–ပါရာဇိကအာပတ်သို့ ရောက်နေသည့် အထောက်အထား သက်သေခံဝတ္ထုတွေ များစွာရှိနေသည်မှာ ထင်ရှားနေပါသည်။

သို့ ထင်ရှားနေသော်လည်း အလဇ္ဇီ စုဒိတကပုဂ္ဂိုလ်က ပဋိညာဏ် ဝန်ခံမှု မပေးသောကြောင့်သာ ပဋိညာယ ကာရေတဗ္ဗံ-ဟူသော ပညတ်တော်ကို ရိုသေလေးစားသောအားဖြင့် ပါရာဇိက အာပတ်သို့ ရောက်ချေပြီဟု တိုက်ရိုက် ဆုံးဖြတ်မှု မပြုခြင်းသာ ဖြစ်ပေသည်။

စင်စစ်မှာ ထိုအလဇ္ဇီ စုဒိတကအတွက် (ပဋိညာဏ်သာပေးခဲ့သော်) ပါရာဇိကမှတပါး ဆုံးဖြတ်ရန်မရှိသော ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပေသည်။

ထို့ကြောင့် မဟာ့တ်လော—

ဇီဝမတကော နာမ=အသက်ရှင်လျက် သေနေသောသူ၊

အာမကပုတိကော=အပြင်က စိမ်းရောင်သန်းနေသော်လဲ အတွင်းက ပုပ်နေတဲ့ သစ်သီးလို ပုဂ္ဂိုလ်ဟု ဆက်ခါ ဆိုတားလေပြီ။

လောကမှာ လူသေကောင်ကို ဘယ်သူက အဖက်လုပ်ပြီး ပေါင်းသင်းဆက်ဆံမှု, လူရာသွင်းမှုတွေများ ပြုလုပ်ကြပါသလဲ?

လူသေကောင်ဟာ ဘယ် လူတောထဲများ တိုးနိုင်ဝင်နိုင်ပါသလဲ?

လူအများအလယ်မှာ ပက်လက်ကြီးနေရပေ၊ လူ့လောကမှ သီးသန့်ဖြစ်နေသကဲ့သို့လည်းကောင်း၊

အပြင်ကစိမ်းပြီး အတွင်းက ပုပ်နေသော သစ်သီးမျိုးမှာလဲ မည်သည့်ပုဂ္ဂိုလ်မျိုးကမှ ရောင်းချခြင်း, ဝယ်ယူခြင်း, သုံးဆောင်ခြင်း,စားသောက်ခြင်း စသည်အတွက် အသုံးမပြုတော့သကဲ့သို့လည်းကောင်း၊

ထို နေဝ သုဒ္ဓ နာသုဒ္ဓပုဂ္ဂိုလ်မျိုးသည်လည်း မည်သည့် သာသနာဝင်သံဃာတော်အရှင်တို့အတွက် အသုံးဝင်ပါတော့အံ့နည်း။

ဤ နေဝ သုဒ္ဓ နာသုဒ္ဓ ဟူသည် လိင်္ဂနာသနကဲ့သို့ပင် ဖျက်ဆီးခြင်းတမျိုးသာ ဖြစ်ချေသည်။

ထို့ကြောင့်—

တထာ တထာ နာသိတကောဝ ဘဝိဿတီတိ ဣမိနာ ဝိနိစ္ဆယမ္ပိ အဒတွာ သံဃတော ဝိယောဇနံ နာမ လိင်္ဂနာသနာ ဝိယ အယမ္ပိ ကော နာသနပ္ပကာရောတိ ဒဿေတိ—

ဟု ဝိနယာလင်္ကာရဋီကာ၊ ဒု၊ (၁၆၈) ၌ မိန့်တော်မူလေပြီ။

ယင်းသို့ ဖျက်ဆီးအပ်သည် ဖြစ်သောကြောင့်ပင် ရှေးဆရာတော်ကြီးများသည် နေဝ သုဒ္ဓ နာသုဒ္ဓဟု ဆုံးဖြတ်ခံရသော ပုဂ္ဂိုလ်နှင့် ကံကြီး ကံငယ် အသွယ်သွယ်တို့၌ မည်သည့်အခါမျှ ဆက်ဆံခြင်းအမှု ပြုလုပ်လေ့မရှိကြပေ။။

ထို ရှေးနည်းစဉ်ဆက် ဆောင်ရွက်ချက်များကို သတိမူသောအားဖြင့် နေဝသုဒ္ဓ နာသုဒ္ဓပုဂ္ဂိုလ်များနှင့် ဆက်ဆံရမည့်အရေးမှာ အထူးအဖြေပေးစရာ လိုမည်မထင်တော့ပါ။

နေ့စွဲ။ ၁၀-၂-၈၁။
အဖွဲ့ (၁)၏ လျှောက်ထားချက်
အဖြေ

အမေး (က) ဝိနည်းဓမ္မကံ ဥပဒေအခန်း (၁) ပုဒ်မ (၂) ပုဒ်မခွဲ(ဆ) (၅) အရ ဂရုဘဏ်အရာတွင်– ကျောင်းတိုက်အတွက် လှူဒါန်းထားသော လယ်မြေများ ပါဝင်နိုင် မပါဝင်နိုင်၊ အကယ်၍ ပါဝင်လျှင် သက်ဆိုင်ရာ ကျောင်းတိုက်က ၎င်းလယ်မြေများ ပိုင်ဆိုင်ထိုက် မပိုင်ဆိုင်ထိုက် ဖြေကြား ပေးရန်။

အဖြေ။ ။ဤအမေးပုစ္ဆာမှာ သာသနာရေးကိစ္စ ဖြစ်နေပါသော်လည်း နိုင်ငံတော် လယ်ယာမြေ ဥပဒေနှင့် ဆက်စပ်နေပါသော ကြောင့် သက်ဆိုင်ရာဌာနတို့၏–ဆုံးဖြတ်ချက်သာ ပဓာန ဖြစ်၍ အတိအကျ ဖြေဆိုချက်ပေးရန် မလွယ်ကူပါဘုရား၊ နောင် အကြောင်းသင့်သောအခါ သက်ဆိုင်ရာတို့အား မေးမြန်းစုံစမ်းကြည့်ပါဦးမည်ဘုရား။

အမေး (ခ) ဝိနည်းဓမ္မကံ ဥပဒေအရ ဝိနည်းဓိုရ်ဆိုသည်မှာ ဝိနည်း တတ်တတ်–မတတ်တတ် သံဃာက သမ္မုတိပေးလျှင် ဝိနည်းဓိုရ်ဟု ခေါ်ဆိုနိုင်ပါသည်။

ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအရ ဝိနည်းဓိုရ်ဆိုသည်မှာ ဝိနည်းကိုဆောင်၍ ဝိနည်းတော်နှင့်အညီ စစ်ဆေးဆုံး ဖြတ်နိုင်သော ရဟန်းကို သံဃာက သမ္မုတိပေးသည်ဖြစ် စေ–မပေးသည်ဖြစ်စေ ဝိနည်းဓိုရ်ဟု ခေါ်ဆိုနိုင်ပါသည်။ သို့ပါ၍ ဤကဲ့သို့ ကွဲလွဲချက် အငြင်းထွက်ချက် အဓိပ္ပါယ် နှစ်ခုတွင် မည်သည့် အဓိပ္ပါယ်ကို အတည်ပြုရမည်ကို ဖြေကြားပေးပါရန်။

နေ့စွဲ။ ၁၀-၂-၇၁။
အဖွဲ့ (၁) လျှောက်ထားချက်

**အမေး (ခ) အဖြေ**

သာသနာတော်၌ မြတ်စွာဘုရား အာဏာသတ်မှတ် ပညတ်တော်မူအပ်သော ဝိနည်းဓိုရ်၏ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ရဟန်းကို ဝိနည်းဓိုရ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသည်။

ယခု ဖွဲ့စည်းထားသော သံဃာ့အဖွဲ့အစည်း၌ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း စာမျက်နှာ (၉) အခန်း (၃) အပိုဒ် (၇)၌ ဖော်ပြထားသော အင်္ဂါ (၇)ပါးနှင့် ပြည့်စုံသည်ဖြစ်၍--

ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ စာမျက်နှာ (၆)၊ အခန်း (၁) ပိုဒ်ခွဲ (၅) (ဃ)ကြီး၌ ဖော်ပြထားသည့်အတိုင်း သံဃာတော်များက သမ္မုတိ ပေးခံရသော ရဟန်းတော်ကိုသာ ဝိနည်းဓိုရ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါမည်။

**သတိ။** ။ဥပဒေနှင့် လုပ်ထုံးလုပ်နည်းမှာ ကွဲပြားမှုမရှိကြောင်း အကျဉ်းနှင့် အကျယ်သာ ခြားနားကြောင်း သတိပြုစေလိုပါသည်။

အဖွဲ့ (၁၂)

**အမေး (၁)** အဓိကရုဏ်းလေးမျိုးကို ငြိမ်းစေရာ၌ အဆင့်ဆင့်ပြေလည်ငြိမ်းအေးမှု မရမှ ဝိနည်းဓိုရ်အဖွဲ့က ဆုံးဖြတ်ရမည်ဆိုထားရာ ပါရာဇိကဖြင့် စောဒနာသော အာပတ္တာဓိကရုဏ်းမှုမျိုးမှာ သဒ္ဓ အသဒ္ဓ တိုက်ရိုက်ဆုံးဖြတ်မှ ဖြစ်မည့်သဘော ရှိပါသည်။

သို့ပါ၍ ယင်းအမှုမျိုးကို တိုက်ရိုက် ဆုံးဖြတ်ရမည်လော၊ သို့မဟုတ် အဆင့်ဆင့် ပြေငြိမ်းရဦးမည်လော ဆိုသည်ကို မရှင်းလင်း၍ ဖြေကြားတော်မူပါဘုရား။

**အဖြေ။** ။ အာပတ္တာဓိကရုဏ်းမျိုးမှာ အမှန်အတိုင်းဆိုလျှင် ဖြေရှင်းနေစရာမလို၊ စစ်ဆေးရမည့် အမှုမျိုးသာ ဖြစ်ပါသည်။

သို့သော် ဖြေရှင်း အေးငြိမ်းမှု ပြုလိုပါက စုဒိတက ပုဂ္ဂိုလ်အား မေးမြန်း၍ ပဋိညာဏ်မှု ပြုစေရုံမှတပါး အခြား ပြုနိုင်ဖွယ်ကိစ္စ မရှိဟု ယူဆမိပါသည်ဘုရား....။

**အမေး (၂)** သာသနာ့မြေပေါ်တွင် ကျူးကျော်ဝင်ရောက် နေထိုင်ကြသော လူများသည် လူ့ရိုး ဥပဒေအရ ကာလ စည်းကမ်းသတ်မှတ်ချက်ဖြင့် သာသနာ့မြေကို ပိုင်ဆိုင်ခွင့် ရှိပါသလား ဘုရား....။

**အဖြေ။ ။** ဤအမေးအတွက် **သာသနာ့မြေ** ဆိုသော စကားဖြင့်ပင် ရှင်းနေပါပြီဖြစ်သောကြောင့် အတူးဖြေစရာ မလိုတော့ပါဘုရား....။

လူ့ရိုး ဥပဒေစည်းကမ်း သတ်မှတ်ချက်မှာ သာသနာ့မြေသည် ပါဝင်မှု မရှိသောကြောင့် သာသနာ့မြေကို ခွေတွာနေထိုင်သော လူများပိုင်ဆိုင်ခွင့် မရှိပါဘုရား။

နေ့စွဲ။ (၁၃-၂-၇၁)

**အမေး။** ။မိတ်များက အများရှေ့တွင် ရေစက်ချ၍ လှူဒါန်းထားသည့် ဂေါဘဏ်-လယ်ဘဏ် ပစ္စည်းများကို သားသမီးများက သော်လည်းကောင်း (သို့) ပစ္စည်းထိန်းက သော်လည်းကောင်း၊ ကန့်ကွက်ခဲ့သော် ၎င်းအမှုကို ဝိနည်းဓမ္မဥပဒေက ဆုံးဖြတ်နိုင်ခွင့် ရှိ-မရှိ ဖြေရှင်းပေးပါ။

**အဖြေလွှာ။** ။"ရေစက်ချ၍ လှူဒါန်းထားသည်" ဟူသော စကားသည် အလှူထမြောက် အောင်မြင်ပြီး လှူဒါန်းသည်မှာ ပြေးဝင်ပြီးသည့် အဖြစ်ကို ဖော်ပြထားရာ ရောက်ပေသည်။

ဖော်ပြပါ အဋ္ဌကထာလိမ္မ-စကားအရ "ပေးလှူပါအံ့၊ အလှူပြုလုပ်ပါအံ့"ဟု နှုတ်မြွက်စကား ဆိုရုံမျှဖြင့် ဝိနည်းဒေသနာတော် • အရ အလှူ မြောက်သောကြောင့် (ရေစက်ချ)၍-ဟူသော စကားသည် နှုတ်မြွက်ဆိုပြီးဖြစ်၍ အလှူမြောက်နေပါသည်။

အဘိဓမ္မာနည်းအရ ထင်ရှားရှိသော ဝတ္ထုကို အာရုံပြု၍ "ပေးလှူပါအံ့" ဟု စိတ်ဖြင့် ကြံစည်သည့်အချိန်ကစ၍ အလှူမြောက်ပြီးဖြစ်၍ ယခုရေစက်ချပြီး ဖြစ်၍ မြောက် — မမြောက် သံသယဖြစ်စရာ မလိုတော့ပါ၊ မြောက်ပြီးသား ဖြစ်တော့သည်။

ဝိနယပရိယာယံ ပတွာ "ဒဿာမိ ကရိဿာမိတိ ဝါစာ ဘိန္နာ ဟောတိ"တိ ဣမိနာ ဒါနလက္ခဏေန ဒါနံ နာမ ဟောတိ။

အဘိဓမ္မပရိယာယံ ပတွာ ပန ဝိဇ္ဇမာနကဝတ္ထုံ အာရဗ္ဘ "ဒဿာမိ"တိ မနသာ စိန္တိတကာလတော ပဋ္ဌာယ ကုသလံ ဟောတိ၊ အဋ္ဌသာလိနီ (၁၁၉)။

အလှူမြောက်ပြီးဖြစ်သည့် ဂရုဘဏ် လဟုဘဏ်တို့ကို သားသမီးစသူတို့က ကန့်ကွက်ခဲ့သော် ကန့်ကွက်နိုင် မကန့်ကွက်နိုင်ဟု မေးရာ၌—

ဧဝံ ဒါယကာနံ ဆန္ဒာနုရူပမေဝ ဒါနဿ ပဝတ္တနတော "ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗ"န္တိ အဋ္ဌကထာစရိယာ ဝဒန္တိ။

ဝိနယာလင်္ကာရဋီ၊ ဒု၊ (၉၉) အရ—

အလှူဒါယကာတို့၏ စကားအားလျော်စွာ အလှူဖြစ်ရသောကြောင့် ဒါယကာဆိုသည့်အတိုင်း အလှူခံပုဂ္ဂိုလ်က ကျင့်ရသောကြောင့် ဒါယကာက အလှူခံပုဂ္ဂိုလ်အား လှူပါ၏ ဆိုသည်နှင့် ပြိုင်နက် ပဋိဂ္ဂါဟကပုဂ္ဂိုလ် ပိုင်ဆိုင်ပြီးသား ဖြစ်တော့သည်။ ပဋိဂ္ဂါဟကပုဂ္ဂိုလ် ပိုင်ဆိုင်ပြီးသားကို သားသမီးစသူတို့က ကန့်ကွက်နိုင်ခွင့် မရှိတော့၊ ကန့်ကွက်သော်လည်း တရားမဝင်တော့ပါ၊ ပဋိဂ္ဂါဟကပုဂ္ဂိုလ်သာ ပိုင်တော့သည်၊ မိမိနှင့်မဆိုင်၊ ပဋိဂ္ဂါဟကပုဂ္ဂိုလ်နှင့်သာ ဆိုင်သည့် ပစ္စည်းကို ကန့်ကွက်ပြီး သံဃဝိနိစ္ဆယရုံးတင်ပြီး တရားစွဲပါက စစ်ဆေးပိုင်ခွင့်ရှိပါသည်။

ဣဒါနိ ပန စီဝရံ ဒါတုကာမော ဥပါသကာ ဝါ ဥပါသိကာယော ဝါ သယံ အနာဂန္တွာ ပုတ္တဒါသာဒယော အာဏာပေန္တာပိ "ဣမံ စီဝရံ ဣတ္ထန္နာမဿ ထေရဿ ဒေထာ"တိ ဝတွာ ပုဂ္ဂလဿေဝ ဒါပေန္တိ၊

သာမံ ဂန္တွာ ဒဒန္တာပိ ပါဒမူလေ ဌပေတွာ ဝါ ဟတ္ထေ ဌပေတွာ ဝါ ဟတ္ထေသု ဖုသာပေတွာ ဝါ ဒဒန္တိ၊ ဣမံ ဘန္တေ စီဝရံ တုမှေ ဥဒ္ဒိဿ ဧတ္တကံ မနံ ပရိစ္စဇိတွာ ကတံ၊ ဝေဠု ဝေဠု ဟတ္ထကမ္မံ ကတွာ သမ္မာဒိတံ၊ တသ္မာ တုမှေ နိဝါသထ ပါရုပထ ပရိဘုဉ္ဇထာ”တိ အာဒိမ္ပိ ဝဒန္တိ၊ တဿ ပုဂ္ဂလဿ ပရိဘောဂကရဏာဘာဝေ ကုစ္ဆိတဿ န သံဃဿ ဒါနံ။

ဝိနယာလင်္ကာရ ဋီကာ၊ (၉၀)။

ဤပါဌ်များအရ အလှူရှင် မလာရောက်ပဲ မျက်ကွယ် လှူလှူ၊ လာရောက်၍ မျက်မှောက်လှူလှူ၊ အလှူ ထမြောက်ပြီးဖြစ်၍ (ရေစက်ချ၍ လှူဒါန်းထားသည့်) ဟူသော စကားသည်လည်း လှူဒါန်းပြီးဖြစ်၍ အလှူခံ ပဋိဂ္ဂါဟကပုဂ္ဂိုလ်သာ ပိုင်ဆိုင်တော့သည်၊ သားသမီး စသူတို့ မဆိုင်တော့ပါ၊ သားသမီးမဆိုထားဘိ နှုတ်မြွက် ပြီး လှူဒါန်းသည့် မိဘသည်ပင် မဆိုင်တော့ပါ။

အမေး။ ။လုပ်ထုံးလုပ်နည်း အခန်း(၃) အပိုဒ် (၂၀)၌ အောက် ဖော်ပြပါ ဝိနည်းမမှုကံ အဓိကရုဏ်းမှုခင်းများကို ဆုံးဖြတ် သူ ဝိနည်းဓိုရ်များ မဖြစ်စေရ ဟူသောစကားနှင့် အခန်း (၇) အပိုဒ်(၅၇)၌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ (ပ) သီးခြားဝိနည်းဓိုရ်အဖွဲ့ကို တိုက်ရိုက် ဖွဲ့စည်းပေးရ မည် ဟူသောစကား ဆန့်ကျင်နေသည် မဟုတ်ပါလော၊ ဖြေရှင်းပေးပါ။

အဖြေလွှာ။ ။အမေး၏အာဘော်စကား ဝိနည်းဓိုရ်များ မဖြစ်ရပုဂ္ဂိုလ် တို့ အထဲတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် ဆရာတော်များကို အပိုဒ် (၂၀)၌ သတ်မှတ်ပြီး ဖြစ်ပါ

လျက် အပိုဒ်(၅၇)ကျတော့ ယင်း ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်ဆရာတော်များကို ဝိနည်းဓိုရ်အဖြစ်ဆောင်ရွက်ခွင့် ပေးထားခြင်းသည် ဆန့်ကျင်နေသည် မဟုတ်ပါလော- ဟု ဆိုလိုရင်းဖြစ်ပါသည်။

မှုခင်းသည် (၁) သာသနာ့တရပ်လုံးနှင့်ဆိုင်သောမှုခင်း

(၂) သာသနာ့ အစိတ်အပိုင်းအချို့နှင့် ဆိုင်သော မှုခင်းဟု (၂)မျိုး ခွဲနိုင်ပါသည်။

ဝိနည်းဓိုရ်သည်လည်း (၁) သီးခြားဝိနည်းဓိုရ်နှင့်

(၂) ရာဇဝင်နန်းဖြင့် ရွေးချယ်သည့် ဝိနည်းဓိုရ်

(၃) သတ်မှတ်သည့် ဝိနည်းဓိုရ်–၃မျိုး ရှိပါသည်။

အပိုဒ်– (၂၀) ၌ ဖော်ပြထားသည့် အဖွဲ့(၅)ဖွဲ့ဝင် ဆရာတော်တို့သည် သာသနာ့အစိတ်အပိုင်းနှင့် သက်ဆိုင်သော အမှုများ၌ ရွေးချယ်သည့် ဝိနည်းဓိုရ်အဖြစ်ဖြင့်သော်လည်းကောင်း၊ သတ်မှတ်သည့် ဝိနည်းဓိုရ်များ အဖြစ်ဖြင့်သော်လည်းကောင်း ပါဝင်ပြီးမစစ်ဆေးရ၊ ဝိနည်းဓိုရ် မလုပ်ရ။

အပိုဒ်(၅၇)၌ သာသနာ့တရပ်လုံးနှင့်ဆိုင်သည့် မှုခင်းများ ဖြစ်ပေါ် လာသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တာဝန် ပေးချက် အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်တို့သည် သီးခြား ဝိနည်းဓိုရ် အဖြစ် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။

**အချုပ်ကား။** ။အပိုဒ်(၂၀)အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော်များသည် သာသနာ တရပ်လုံးနှင့် မသက်ဆိုင်၊ သာသနာ့အစိပ်အပိုင်းနှင့်သာ သက်ဆိုင်သည့်မှုခင်းများ ၌ ဝိနည်းဓိုရ်အဖြစ်ပါဝင်ပြီး စစ်ဆေးနိုင်ခွင့်မရှိ။

အပိုဒ် (၅၇) အရ သာသနာတရပ်လုံးနှင့် သက်ဆိုင်သော မှုခင်းကိစ္စများနှင့် ပတ်သက်လာလျှင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က တာဝန်ပေးလျှင် သီးခြားဝိနည်းဓိုရ်အဖြစ် စစ်ဆေးနိုင်သည်။

ဒါကြောင့် ရှေ့နောက်စကား မဆန့်ကျင်ပါ။

* အောက်ခြေက ရွေးချယ်သတ်မှတ်သည့် ဝိနည်းဓိုရ်၊
* နိုင်ငံတော်က တိုက်ရိုက်ခန့်အပ်သည့် သီးခြားဝိနည်းဓိုရ်။

အမေး။ ။(က) မှာ ဥပဒေတရပ်လုံးနှင့် သက်ဆိုင်နေ၍ သာမည စကားဖြစ်နေသဖြင့် အခန်း (၁) အပိုဒ် (၂) (ခ–၁+၂+၃+၄) တို့ကို ကိုးကား၍ ပုဒ်မတတ်လျှင် ပို၍ သင့်လျော်မှု ရှိ-မရှိ ရှင်းလင်းပေးပါရန်။

အခန်း (၁) အပိုဒ် (၂) (က) သည် အမည်ကို ဖြေရှင်းသော စကားသည် ပုဒ်မအရာ ဝင်-မဝင် ဖြေရှင်းပေးပါရန်။

အဖြေလွှာ။ ။အပိုဒ် (၂) (က) သည် ပုဒ်မအရာ ဝင်-မဝင်ကို စတင်ဖြေကြားပါမည်။

ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း (၁) အပိုဒ် (၂) ၌ ဆိုကားသည့် စကားကို ဖတ်ကြည့်ပါ။

ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည်”ဟု တွေ့ရပါမည်၊ ဤဥပဒေ–ဆိုသည်မှာ အပိုဒ် ( ၁ ) မှစ၍ အပိုဒ် ( ၁၃ ) အထိ အားလုံး ပုဒ်မတွေချည်းသာ ဖြစ်နေကြောင်း တွေ့ရပါမည်၊ ယင်းတို့အထဲမှာ အပိုဒ် (၂-က) သည်လဲ ပါဝင်ပြီးဖြစ်နေ၍ ပုဒ်မ (၂-က) ဖြစ်နေသည်ကို တွေ့ရပြီ မဟုတ်ပါလော၊ ဒါကြောင့် ပုဒ်မ (၂-က)ဟု မှတ်ပါ။

အပိုဒ် (၂-က)သည် သစ်ပင်ကြီး တပင်၏ ရေသောက်မြစ်နှင့် တူပါသည်။

အပိုဒ် (၂-ခ) (၁) (၂) (၃) (၄) (၅) တို့သည် ပင်စည်အကိုင်းအခက် အရွက်တို့နှင့် တူပါသည်၊

ရေသောက်မြစ် မရှိပဲနှင့် ပင်စည် အကိုင်း အခက် အရွက်တို့ မရှင်သန်နိုင်။

ရေသောက်မြစ်ကို ပဓာနသဘော၍ ဆိုလိုက်သဖြင့် ပင်စည်စသည်တို့ အပဓာနအားဖြင့် ပါဝင်လာရတော့သည်။

ရေသောက်မြစ်ကို ဝုတ္တ ဆိုလိုက်သဖြင့် အဝုတ္တ မဆိုပဲနှင့် ပင်စည်စသည်တို့ ဆိုပြီးသား ဖြစ်တော့သည်။

အမေး။ ။ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄) အပိုဒ် (၂၃) အရ လုပ်ထုံးလုပ်နည်း အတည်မပြုမီက ဝိနည်းဓမ္မကံဖြင့် ဆုံးဖြတ်ပြီးသော အဓိကရုဏ်းမှုခင်းများကို အကျိုးသက်ရောက်အောင် အသနားခံစာဖြင့် မဆောင်ရွက်ရသေးခဲ့သော်—

(က) ယင်းအမှုကို ငြိမ်းအေးပြီးဟု ဆိုနိုင်-မဆိုနိုင်၊

(ခ) မငြိမ်းအေးခဲ့သော် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပါမည်နည်း။

အဖြေလွှာ။ ။ဆုံးဖြတ်ပြီးသော-ဟူသော စကားအရ ဆုံးဖြတ်ပြီး အယူခံဝင်မှု မရှိတော့ပဲ ပြီးသောအမှု၊ ဆုံးဖြတ်ပြီး မကျေနပ်၍ နိုင်ငံတော် ဝိနိစ္ဆယဌာနအထိ တရားလွှတ်

တော်ချုပ်အထိ၊ ယခု ဗဟိုတရားသူကြီးအဖွဲ့အထိ၊ အယူခံဝင်၍ ပြီးဆုံးသောအမှု-ဟု အမှု (၂) မျိုး တွေ့ရပါသည်၊ အားလုံးပြေငြိမ်းပြီး အမှုများဖြစ်ပါသည်။

ဆိုကြပါစို့၊ အဆုံးအဖြတ်အရ အယူခံဝင် ပြီးဆုံးသည်အထိ အမှုကတော့ ပြီးနေပြီ၊ လက်ဝယ်တော့ ပစ္စည်းက မရောက်သေး-ဟု ဆိုလိုဟန်ရှိပါသည်။

ဥပမာ—အဆုံးအဖြတ်အရ ကျောင်းမှုမှာ အနိုင်တော့ ရထားသည်၊ ကျောင်းက လက်ဝယ်မရသေး၊ တရားရှုံးက ကျောင်းပေါ်က မဆင်းသေး၊ ဘာဆက်လုပ်ရမည်နည်း။

ဆုံးဖြတ်ချက်အမှန် အမှုတွဲ အပြည့်အစုံကို ကိုင်၍ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြပါ၊ မြို့နယ်သံဃနာယကအဖွဲ့က မြို့နယ်ပြည်သူကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ပေးပါလိမ့်မည်။

အမေး။ အခန်း(၆)အပိုဒ် ၄၀-အဖွင့်တွင် ပါရှိသော သက်ဆိုင်ရာ ဝိနည်းဓိုရ် ဆရာတော်များအား စစ်ဆေးစေရန် အကြောင်းနှင့် တကွပေးပို့ရမည် ဟူသောစကားအရ—

(က) သက်ဆိုင်ရာ ပြည်သူ့ကောင်စီက တိုက်ရိုက်ဝိနည်းဓိုရ်ဆရာတော်တပါးကို စစ်ဆေးရမည်လော၊

(ခ) သို့မဟုတ် (၃) ပါး၊(၅) ပါး ဖွဲ့စည်း၍ စစ်ဆေးရပါမည်လော၊

(ဂ) သို့မဟုတ် ယင်းမြို့နယ် သံဃနာယက အဖွဲ့ကပင် ဖွဲ့စည်းပေးရမည်လော။

အဖြေလွှာ။ ။မြို့နယ်တပါးမှဖြစ်ခဲ့လျှင် – ဟူသော စကား ဝါကျကို သုံးအောင် ဖတ်ကြည့်ပါ၊ (က) အမေးကို ဖြေစရာမလိုပါ။

မြို့နယ်တပါးမှ သက်ဆိုင်ရာ ဝိနည်းဓိုရ်ကသာ စစ်ဆေးရမှာဖြစ်ပါသည်၊ ယင်းဝိနည်းဓိုရ်များကို ယင်းတို့မြို့က မြို့နယ်ပြည်သူ့ကောင်စီနှင့် ညှိ၍ ယင်းတို့မြို့က ရွေးချယ်စဉ်အရ တည်ရှိသော ဝိနည်းဓိုရ် စာရင်းအရ (၃) ပါး (၅) ပါးတို့ကို ယင်းတို့မြို့က မြို့နယ်သံဃနာယက အဖွဲ့က ဖွဲ့စည်းပေးရမည်ဖြစ်ပါသည်။

အမေး။ ။လုပ်ထုံးလုပ်နည်း အခန်း (၄) အပိုဒ် (၂၉) (က) အရ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် (ပ) ခိုင်လုံကြောင်း တွေ့ရှိရလျှင် ဆိုထားရာ—

(က) တင်ပြသော ကန့်ကွက်ချက်ကို သံဃနာယကအဖွဲ့က မမေးမစစ်ပဲနှင့် ကြည့်ရှုသုံးသပ်၍ ဆောင်ရွက်ရမည်လော၊

(ခ) အကယ်၍ မေးခဲ့သော် ယင်းသံဃဝိနိစ္ဆယအဖွဲ့သည် ဝိနည်းဓိုရ် ကိစ္စကို ဆောင်ရွက်ရာ ရောက်နေသည် မဟုတ်ပါလော၊

(ဂ) ဝိနည်းဓိုရ်ကိစ္စကို ဆောင်ရွက်ခဲ့သော် အခန်း (၃) အပိုဒ် (၂၀–က) အရနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော၊

(ဃ) ဝိနိစ္ဆယဖွဲ့စည်း၍ ဝိနည်းဓိုရ်ပြုလုပ်၍ စစ်ဆေးမည်ဆိုပါလျှင် ဝိနည်းဓိုရ် မပြုလုပ်ဝံ့လောက်အောင် ဖြစ်နေပါသည် မဟုတ်ပါလော။

အဖြေလွှာ။ ။သံဃနာယကအဖွဲ့ကသာ ခိုင်လုံ မခိုင်လုံ စစ်ဆေးရမည်ဖြစ်ပါသည်၊ စစ်ဆေးသော် ဝိနည်းဓိုရ်ကိစ္စ ဆောင်ရွက်ရာ မရောက်ပါ၊ ဝိနည်းဓိုရ်က အမှုကိစ္စကို စစ်ဆေးဘို့သာ

တာဝန်ရှိပါသည်၊ သံဃနာယကအဖွဲ့က ခိုင်လုံ မခိုင်လုံ ဝိနည်းဓိုရ်ကို စစ်ဆေးဘို့တာဝန်ဖြစ်ပါသည်၊ တခြားစီပါ။

သို့ဖြစ်ပါ၍ (ဂ) အရကို ဖြေစရာမလိုတော့ပါ၊ စာကိုလည်း သေချာစွာ ဖတ်ကြပါ၊ ဝိနိစ္ဆယဖွဲ့၍ ဝိနည်းဓိုရ်ကို စစ်ဆေးမည်ဟု မပါပါ၊ မြို့နယ်သံဃနာယက အဖွဲ့ကသာ စုံစမ်းစစ်ဆေးမည် ဖြစ်ပါသည်။

ဝိနည်းဓိုရ်ကသာ မှန်မှန်ကန်ကန် တည်တည်ကြည်ကြည်နေပါ၊ ကြောက်မနေပါနှင့်ဟု ဖြေပါသည်။

# ပဲခူးမြို့၊ ဝိပဿနာကျောင်းတိုက်
# ဝိဝါဒါ ဝိကရုဏ်းမှု စစ်ဆေးပုံ နမူနာ

## အမှုတွဲ ပြန်လည် ရောက်လာသည့်အခါ မြို့နယ် သံဃနာယက အဖွဲ့၏ လုပ်ငန်းတာဝန်များ

၁။ ပြည်နယ်/တိုင်းက ပြန်လည် ပေးပို့လိုက်သော အမှုတွဲကို လက်ခံယူရမည်။ (၂၁)•

၂။ လက်ခံရရှိသည့်အခါ၊ ဥက္ကဋ္ဌ(သို့)အတွင်းရေးမှူးက မြို့နယ် သံဃနာယက အစည်းအဝေးကို ခေါ်ဆိုရမည်။

၃။ ယင်း အစည်းအဝေးသို့ ရွေးချယ်စဉ်အရ တည်ရှိသော ဝိနည်းဓိုရ် (၃)ပါး (သို့) (၅)ပါးတို့ကိုလည်း ပင့်ထားရမည်။

၄။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်အခါ အစစ အဆင်ပြေရန် (၁၅)ရက် မကျော်လွန်အောင် ဝိနည်းဓိုရ် ဆရာတော်များနှင့် ညှိနှိုင်းပြီးမှ ဖွဲ့ပါ။

၅။ လက်ခံ ရရှိပြီးနောက် (၁၅) ရက်အတွင်း သံဃဝိနိစ္ဆယကို ဖွဲ့ပါ။ (၂၄)

၆။ ဖွဲ့စည်းသည့်အခါ၊ ရွေးချယ်စဉ်အရ တည်ရှိသော (၃)ပါး (သို့) (၅)ပါးတို့ ပါဝင်စေလျက် ပုံစံ(၄)ဖြင့် ဖွဲ့စည်းပါ။ (၂၄)

၇။ ဖွဲ့စည်းသည့်အခါ၊ မြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က လက်မှတ်ရေးထိုးပါ။ (၂၄)

၈။ သံဃဝိနိစ္ဆယ အဖွဲ့ဝင်ထဲမှ ခေါင်းဆောင်တပါး ရွေးပို့၊ ယင်း ခေါင်းဆောင်သည် အနုဝိဇ္ဇက သဘာပတိအဖြစ် ဆောင်ရွက်ရမည်ကို လျှောက်ထားပါ။

ဆက်ကပ်ရန်

ပဲခူးမြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များ

ပဲခူးမြို့၊ ပဲခူးတိုင်း။

နေ့စွဲ.... ...............

ရိုသေစွာ ပင့်လျှောက်ပါသည် ဘုရား၊

ပဲခူးမြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ အမိန့်အရ အောက်ဖော်ပြပါ သံဃနာယက အဖွဲ့ဝင် ဆရာတော်များအား ပဲခူးမြို့၊ ဝိပဿနာကျောင်းတိုက် ဝိဝါဒါဓိကရဏ်းမှုနှင့် ပတ်သက်၍ ပဲခူးမြို့နယ် ဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းရေးကိစ္စကို တိုင်ပင် ဆွေးနွေးတော်မူကြရန် ပဲခူးမြို့နယ်၊ သံဃနာယက အဖွဲ့၏ တည်ရာဌာန မြို့မကျောင်းသို့ ကြွရောက်တော် မူကြပါရန် ရိုသေစွာ ပင့်လျှောက်ပါသည် ဘုရား။

| | ဆရာတော် | ကျောင်း | လက်မှတ် |
|---|---|---|---|
| ၁။ | ဦးသုဇာတ | အနောက်ရွှေနံ့သာ | |
| ၂။ | ဦးနာဂဝံသ | ကြေးနီကန်ကျောင်း | |
| ၃။ | ဦးဂန္ဓမာ | မြို့မစာသင်တိုက်၊ ပဲခူး | |
| ၄။ | ဦးဝါသဝ | သုခေလိတာရာမ | |
| ၅။ | ဦးကောသလ္လ | မဟ္ဂုဏ်ရည်ကျောင်း | |
| ၆။ | ဦးတေဇိန္ဒ | ကြေးနီကန်တိုက်အုပ်ကျောင်း | |
| ၇။ | ဦးဥယျောမ္မ | ဟံသာဝတီ ကမ္ဘဋ္ဌာန်းတိုက် | |
| ၈။ | ဦးဝိစိတ္တ | ရွှေတောင်ကျောင်း | |
| ၉။ | ဦးနာဂိန္ဒ | သာသနဗိမာန် | |

.......................... ............

(ဂန္ဓမာ)

အကျိုးဆောင်ဆရာတော်

ပဲခူးမြို့နယ်၊ သံဃနာယကအဖွဲ့၊

ပဲခူးမြို့၊ ပဲခူးတိုင်း။

ဆက်ကပ်ရန်

ပခုက္ကူမြို့နယ် ဝိနည်းဓိုရ်ဆရာတော်များ

ပခုက္ကူမြို့၊

နေ့စွဲ ........... ....... .......

ရိုသေစွာ လျှောက်ထားပါသည်ဘုရား၊ ပခုက္ကူမြို့နယ်၊ သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ အမိန့်အရ အောက်ဖော်ပြပါ ဝိနည်းဓိုရ် ဆရာတော်များအား ပခုက္ကူမြို့၊ ဝိပဿနာ ကျောင်းတိုက် ဝိဝါဒါဓိက ရုဏ်းမှုနှင့်ပတ်သက်၍ ဝိနိစ္ဆယဖွဲ့စည်းခြင်းကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးရန် သံဃနာယကအဖွဲ့၏ တည်ရာဌာနဖြစ်သော မြို့မစာသင်တိုက်သို့ကြွရောက် တော်မူကြပါရန် ရိုသေစွာပင့်လျှောက်ပါသည်ဘုရား။

| ဆရာတော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|
| ၁–ဦးဇဝန | လက်ပန်ဝင်းကျောင်း | |
| ၂–ဦးစန္ဒန | မြို့မစာသင်တိုက်၊ပခုက္ကူမြို့ | |
| ၃–ဦးစန္ဒောဘာသ | ၎င်း | |
| ၄–ဦးဝေပုလ္လ | ၎င်း | |
| ၅–ဦးဝိလာသ | ဝင်းတော်ဒွါကျောင်း | |

........ ......... .. ..... . .........

(ဂန္ဓမာ)

အကျိုးဆောင်ဆရာတော်

ပခုက္ကူမြို့နယ် သံဃနာယကအဖွဲ့၊ ပခုက္ကူမြို့

ပခုက္ကူတိုင်း

## မြို့နယ်သံဃ နာယကအဖွဲ့က ရွေးချယ်သည့် ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယ အဖွဲ့ကို ဖွဲ့စည်းခြင်း အမိန့်

[ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၂၄ ]

ပဲခူးမြို့နယ် သံဃ နာယက အဖွဲ့သည် ပဲခူးတိုင်း ပဲခူးမြို့နယ် ပန်းခြံကုန်းရပ်ကွက် ဝိပဿနာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စေဒက ရှင်ဝိမလနှင့် ပဲခူးတိုင်း ပဲခူးမြို့နယ် ပန်းခြံကုန်း ရပ်ကွက် ဝိပဿနာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော စုဒိတက ရှင်သုန္ဒရတို့၏ ဝိပဿနာကျောင်းတိုက်၌ ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ပေး ရန်အတွက် အောက်ဖော်ပြပါ ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင် သော သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်းတိုက် | သက်တော် | သိက္ခာ |
|---|---|---|---|---|
| ၁။ | ဦးဇဝန | လက်ပန်ဝင်းကျောင်း | | ၃၆ |
| ၂။ | ဦးစန္ဒန | မြို့မစာသင်တိုက် | | ၁၉ |
| ၃။ | ဦးစန္ဒောဘာသ | ။ | | ၁၉ |
| ၄။ | ဦးဝေပုလ္လ | ။ | | ၂၆ |
| ၅။ | ဦးဝိလာသ | ဝင်းတော်ဒါကျောင်း | | ၄၃ |

(သာယာကုန်း)

အထက်ပါ သံဃဝိနိစ္ဆယအဖွဲ့တွင် သင့်လျော်ရာ တပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်များ အဖြစ် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

ဦးသုဇာတ
ဥက္ကဋ္ဌ
မြို့နယ်သံဃနာယကအဖွဲ့
ပဲခူးမြို့၊ ပဲခူးတိုင်း

စာအမှတ် (က/၁)
ရက်စွဲ ၅-၂-၀၁
၁၃၄၂-ခု၊ တပို့တွဲလဆန်း (၁)ရက်၊

## သံဃဝိနိစ္ဆယအဖွဲ့၏ တရားစစ်ဆေးခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ပုံ

၁။ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့သည် မိမိတို့ ဝိနိစ္ဆယ ကိစ္စ စတင်ဆောင်ရွက်မည့်အကြောင်း မြို့နယ်ပြည်သူ့ကောင်စီသို့ တရားဝင် အကြောင်းကြားပါ။ (၂၇)

၂။ မြို့နယ်ပြည်သူ့ကောင်စီနှင့် တိုင်ပင်၍ ဝိနိစ္ဆယအဖွဲ့၏ တည်ရာဌာနကို သတ်မှတ်ပါ။ (၂၇)

၃။ သံဃဝိနိစ္ဆယ အဖွဲ့ ဖွဲ့စည်းပြီးသည့်နေ့မှ စတင်၍ (၁၅)ရက်အတွင်း စစ်ဆေးပါ။ (၂၆)

၄။ သဘာပတိ ဆရာတော်က စောဒက၊ စုဒိတက- တို့ကို ပုံစံ (၅)ဖြင့်ခေါ်ပါ။ (၃၅)

၅။ စောဒက၊ စုဒိတကတို့ စုံညီသည့်အခါ သဘာပတိဆရာတော်က သံဃဝိနိစ္ဆယရုံး- စတင်ဖွင့်လှစ်ကြောင်း ကြေငြာပါ။

၆။ သဘာပတိဆရာတော်က သံဃဝိနိစ္ဆယဖွဲ့စည်းခြင်း အမိန့်ကိုဖတ်ပြပါ အမိန့်စာ၏ ညာဘက် ဒေါင့်မှာ (က)ဟု ရေးမှတ်ပါ၊ သဘာပတိ ဆရာတော်၏ လက်မှတ်ထိုးပါ၊ ယင်းအမိန့်စာကို ပုံစံ(ဂ)၏ နောက်၌ ကပ်ထားပါ။

၇။ သဘာပတိဆရာတော်က- စောဒက၊ စုဒိတကတို့အား ကန့်ကွက်ရန် ရှိ - မရှိ မေးမြန်းပါ။ (၂၆)

၈။ စောဒက၏ မူလမှုခင်း ပြဿနာ တင်ပြလွှာကို ဖတ်ကြား၍ ဟုတ်-မဟုတ် မေးမြန်းပါ၊ ညာဘက်ဒေါင့်၌ (ခ)အဖြစ် မှတ်သားပြီး လက်မှတ်ထိုးပါ၊ နောက်တွဲပါ။

၉။ ယခု စစ်ဆေးမည့် မှုခင်းနှင့်ပတ်သက်၍ သက်သေများ တင်သွင်းရန် ရှိ – မရှိ မေးပါ၊ (၃၅)ရှိလျှင် တင်သွင်းပါဟု ပြောပါ။

၁၀။ တင်ပြလာသော စောဒကမှ သက်သေစာချင်းကို (က)အဖြစ် မှတ်သားပြီး၊ လက်မှတ်တို့ ထိုးပါ။

၁၁။ တင်ပြလာသော စုဒိတကမှ သက်သေစာချင်းကို (ခ)အဖြစ် မှတ်သားပြီး၊ လက်မှတ်တို့ ထိုးပါ။

၁၂။ နှစ်ဘက်သော အမှုသည်တို့က တင်ပြလာသော သက်သေများကို ပုံစံ(၆)ဖြင့် ခေါ်ပါ။ (၃၅)

၁၃။ မစစ်ဆေးမီ လူဖြစ်ပါက မုသာဝါဒ– သိက္ခာပုဒ်ကို ဆောက်တည်စေပါ၊ ရဟန်း သာမဏေဖြစ်ပါက မိမိသီလကို ဆင်ခြင်ခိုင်းပါ၊ဘာသာခြားဖြစ်ပါက “မှန်ရာကိုထွက်ဆိုပါမည်” ဟု ကတိခံယူချက်ကို ယူပါ။ (၃၆)

၁၄။ ဝိနည်းဓမ္မကံ အဓိက ရုံးမှုခင်းကို ပုံစံ(ဂ)ဖြင့် စတင်စစ်ဆေးပါ၊ (၄၄)

၁၅။ စောဒကနှင့် သူ၏ သက်သေကို ဦးစွာစစ်ဆေးပါ။ (၃၅)

၁၆။ စောဒကဆိုင်ရာ စစ်ပြီးမှ စုဒိတကနှင့် သူ၏ သက်သေကို စစ်ပါ။ (၃၅)

၁၇။ စစ်ဆေးပြီးတိုင်း အမှုနှင့် သက်ဆိုင်သူများအား သဘာပတိ ဆရာတော်မှ တဆင့် အပြန်–အလှန် မေးမြန်းနိုင်ကြောင်း ပြောကြားရမည်။ (၃၅)

၁၈။ စစ်ဆေးပြီးနောက် စောဒကပုဂ္ဂိုလ်က နောက်ဆုံးတင်သွင်းလွှာကို တင်သွင်းသည်ကို လက်ခံပါ။

၁၉။ စုဒိတက ပုဂ္ဂိုလ်၏ နောက်ဆုံး ချေလွှာကို တင်သွင်းသည်ကို လက်ခံပါ။

၂၀။ စစ်ဆေးပြီးနောက် ရက်ချိန်းပေးပြီး ထွက်ဆိုချက်များကို သုံးသပ်ဆင်ခြင်ပါ။ (၄၂)

၂၁။ ဝိနည်းတော်နှင့်အညီ ပုံစံ (၇) ဖြင့် ဆုံးဖြတ်ချက်ကို ချပါ။ (၄၂)

၂၂။ ဝိနိစ္ဆယအဖွဲ့ဝင်တိုင်း သဘောတူညီပါက ဆုံးဖြတ်ချက်ကို လက်မှတ်ရေးထိုးပါ။ (၄၂)

၂၃။ ဆုံးဖြတ်ချက်ကို (၂) ဘက် အမှုသည်များအား ဖတ်ပြပါ။ (၄၃)

၂၄။ ဆုံးဖြတ်ချက် ချပြီးပါက အမှုတွဲကို မြို့နယ်ဖြစ်ပါက မြို့နယ် သာသနာရေးမှူးက စစ်ဆေးပြီး မြို့နယ်သံဃနာယကအဖွဲ့သို့ ပို့ပါ။

၂၅။ ပြည်နယ်/တိုင်းဖြစ်ပါက ပြည်နယ်/တိုင်းသာသနာရေးမှူးက စစ်ဆေးပြီး တဆင့် ပြည်နယ်/တိုင်းသံဃနာယက အဖွဲ့သို့ ပို့ပါ။

## တရားဝင် အကြောင်းကြားစာ

သို့

ဥက္ကဋ္ဌ
မြို့နယ်ပြည်သူ့ကောင်စီ
ပဲခူးမြို့၊ ပဲခူးတိုင်း

နေ့စွဲ ၅-၂-၈၁

အကြောင်းအရာ။ ။ဝိနိစ္ဆယဌာနသတ်မှတ်ခြင်းနှင့် လိုအပ်သည်တို့ကို စီစဉ်ပေးရန်ကိစ္စ-

စာရေး မေတ္တာရပ်ခံပါသည်။

ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ ဝိပဿနာကျောင်းတိုက်နေ ရှင်ဝိမလနှင့် ရှင်သုန္ဒရတို့ ဝိပဿနာကျောင်းတိုက် ဝိဝါဒါဓိကရုဏ်းမှုကို ၁၃၄၂-ခု၊ တပို့တွဲလဆန်း (၆) ရက်၊ နံနက် (၈) နာရီအချိန် (၁၀-၂-၈၁) နေ့တွင် စတင်စစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းကြားသိစေပါသည်။

ဦးဝိလာသ
သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်
ပဲခူးမြို့၊ ပဲခူးတိုင်း၊

**သံဃဝိနိစ္ဆယဌာနသို့ စောဒက စုဒိတက ကြွ/လာ ရောက်ရန် ပင့်လျှောက်/ဆင့်ခေါ် စာ**

[လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅]

**သံဃဝိနိစ္ဆယအဖွဲ့**

၁၃၄၂ ခုနှစ် ဝိနည်းဓမ္မကံမှုခင်း အမှတ် (က/၁)

**စောဒကအမည်** ရှင်ဝိမလ နေရပ် ဝိပဿနာကျောင်းတိုက်၊ ပဲခူးမြို့

နှင့်

စုဒိတကအမည် ရှင်သုန္ဒရ နေရပ် ဝိပဿနာကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူး ပြည်နယ်/တိုင်း ပဲခူးမြို့ နယ် ပန်းခြံကုန်း ရပ်ကွက်/ကျေးရွာအုပ်စု ဝိပဿနာကျောင်းတိုက်

၌ ဖြစ်ပွါးသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းတွင် စောဒက/စုဒိတက သည် ၁၃၄၂ ခုနှစ် တပို့တွဲလဆန်း ၆ ရက်နေ့ နံနက် အချိန်တွင် ဤ သံဃဝိနိစ္ဆယ ဌာနသို့ကိုယ်တိုင်ဖြစ်စေ, ကိုယ်စားလှယ် စေလွှတ်၍ဖြစ်စေ ကြွ/လာ ရောက်ရမည်။ မိမိ အထောက်အထားအဖြစ် တင်ပြလိုသည့် စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း တပါတည်း ယူဆောင်လာရမည်။

၁၃၄၂ ခုနှစ် တပို့တွဲ လဆန်း ၂ ရက်နေ့တွင် ဤ သံဃဝိနိစ္ဆယ အဖွဲ့တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

ဦးဝိလာသ
သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်
ပဲခူး မြို့
ပဲခူး ပြည်နယ်/တိုင်း

ရက်စွဲ။ ၆-၂-၈၁
၁၃၄၂-တပို့တွဲလဆန်း (၂)ရက်

စစ်ဆေးပုံနမူနာ-၂

သံဃဝိနိစ္ဆယဌာနသို့ စောဒက စုဒိတက ကြွ/လာ ရောက်ရန် ပင့်လျှောက်/ထင့်ခေါ် စာ

[လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅]

## သံဃဝိနိစ္ဆယအဖွဲ့

၁၃၄၂ ခုနှစ် ဝိနည်းဓမ္မကံမှုခင်း အမှတ် (က/၁)

စောဒကအမည် ရှင်ဝိမလ နေရပ် ဝိပဿနာကျောင်းတိုက်၊ ပဲခူးမြို့

နှင့်

စုဒိတကအမည် ရှင်သုန္ဒရ နေရပ် ဝိပဿနာကျောင်းတိုက်၊ ပဲခူးမြို့

ပဲခူး ပြည်နယ်/တိုင်း ၊ ပဲခူး မြို့နယ် ပန်းခြံကုန်း ..................ရပ်ကွက်/ကျေးရွာအုပ်စု ဝိပဿနာကျောင်းတိုက်

၌ ဖြစ်ပွါးသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းတွင် စောဒက/စုဒိတက သည် ၁၃၄၂ ခုနှစ် တပို့တွဲလဆန်း ၆ ရက်နေ့ နံနက် အချိန်တွင် ဤ သံဃဝိနိစ္ဆယဌာနသို့ ကိုယ်တိုင်ဖြစ်စေ, ကိုယ်စားလှယ် စေလွှတ်၍ဖြစ်စေ ကြွ/လာ ရောက်ရမည်။ မိမိအထောက်အထားအဖြစ် တင်ပြလိုသည့် စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း တပါတည်း ယူဆောင်လာရမည်။

၁၃၄၂ ခုနှစ် တပို့တွဲ လဆန်း ၂ ရက်နေ့တွင် ဤ သံဃဝိနိစ္ဆယ အဖွဲ့တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

ဦးဝိလာသ

သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်

ပဲခူး မြို့

ပဲခူး ပြည်နယ်/တိုင်း

ရက်စွဲ။ ၆-၂-၈၁

၁၃၄၂-တပို့တွဲလဆန်း (၂)ရက်

မြို့နယ် သံဃနာယက အဖွဲ့က ရွေးချယ်သည့် ဝိနည်းဓိုရ် ဆရာတော်များ
ပါဝင်သော သံဃဝိနိစ္ဆယ အဖွဲ့ကို
ဖွဲ့စည်းခြင်း အမိန့်　　　　ပုံစံ(၄)
[လုပ်ထုံး လုပ်နည်းများ အပိုဒ်-၂၄]

၁။ ပဲခူး　　မြို့နယ် သံဃနာယက အဖွဲ့သည်　　ပဲခူး
ပြည်နယ်/တိုင်း　　ပဲခူး　　မြို့နယ်　　ပန်းခြံကုန်း
ရပ်ကွက်/ကျေးရွာအုပ်စု　ဝိပဿနာကျောင်းတိုက်　　ကွင်
သီတင်းသုံးနေထိုင်သော စောဒက　ရှင်ဝိမလ
နှင့်　　ပဲခူး　　ပြည်နယ်/တိုင်း　　ပဲခူး
မြို့နယ် ပန်းခြံကုန်း ရပ်ကွက်/ကျေးရွာအုပ်စု ဝိပဿနာကျောင်း
တိုက်တွင် သီတင်းသုံးနေတိုင်သော စုဒိတက　ရှင်သုန္ဒရ　　တို့၏
ဝိပဿနာကျောင်းတိုက် ၌ ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်း
မှုခင်းကို ဝိနည်း တရားတော်နှင့်အညီ စစ်ဆေး ဆုံးဖြတ်ပေးရန်အတွက်
အောက်ဖော်ပြပါ ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင်သော သံဃ
ဝိနိစ္ဆယ အဖွဲ့ကို　ဖွဲ့စည်းလိုက်ပါသည်။

| အမှတ်စဉ် | ဘွဲ့တော် | ကျောင်းတိုက် | သက်တော် | သိက္ခာ |
|---|---|---|---|---|
| ၁။ | ဦးဇဝန | လက်ပန်ဝင်းကျောင်း | | ၃၆ |
| ၂။ | ဦးစန္ဒန | မြို့မ စာသင်တိုက် | | ၁၉ |
| ၃။ | ဦးစန္ဒောဘာသ | ။ | | ၁၉ |
| ၄။ | ဦးဝေပုလ္လ | ။ | | ၂၆ |
| ၅။ | ဦးဝိလာသ | ဝင်းဘော်ဒါကျောင်း | | ၄၃ |

(သာယာကုန်း)

၂။ အထက်ပါ သံဃဝိနိစ္ဆယအဖွဲ့တွင် သင့်လျော်ရာ တပါးကို သဘာ
ပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်များအဖြစ်
ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

ဦးသုဇာတ
ဥက္ကဋ္ဌ
မြို့နယ်သံဃနာယကအဖွဲ့
ပဲခူး　　မြို့နယ်
ပဲခူး　ပြည်နယ်/တိုင်း

စာအမှတ်　(က/၁)
ရက်စွဲ ၅-၂-၈၁
၁၃၄၂-ခု၊ တပို့တွဲလဆန်း (၁) ရက်၊

ဥက္ကဋ္ဌ
ရပ်ကွက် သံဃနာယက
ပန်းခြံကုန်းရပ်ကွက်၊
ပဲခူးမြို့၊ ပဲခူးတိုင်း

နေ့စွဲ။ ၁၃၄၂–ခု၊ ပြာသိုလဆန်း ၁ ရက်။

ရှိသေစွာ လျှောက်ထားပါသည် ဘုရား—

ပဲခူးတိုင်း၊ပဲခူးမြို့ ရွှေမော်ဓော ဘုရားကြီး အရှေ့မြောက်၊ ပန်းခြံကုန်း ရပ်ကွက်အတွင်း၌ တည်ရှိသော မြေချိန်ကေ ၁၂.၀၀ ကေရှိသော မြေပေါ်၌ ဆောက်လုပ်ထားသော ကျောင်းကြီး တဆောင်၊ သိမ်ကျောင်း၊ ဆွမ်းစားကျောင်း၊ ဓမ္မာရုံတို့ အဆောက်အဦ ပါဝင်သော ဝိပဿနာကျောင်းတိုက်ကြီးကို ဘုရင်မကြီး ရှင်စောပု လက်ထက်၌ မုတ္တမမြို့စားကြီးက သက္ကရာဇ် ၁၂၇၇–ခုနှစ်က မင်ဖိုလ် နိဗ္ဗာန်ကို ရည်သန် တောင့်တ၍ ငွေဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးငှာ အာဂတ နာဂတ စတုဒိသာ သံဃာတော်အား ရေစက်သွန်းချ လှူဒါန်းခဲ့ရာ ဆရာတော်ကြီး ဦးပဏ္ဍိတသည် ဓုဝေါသ အဖြစ်ဖြင့် သီတင်းသုံး နေထိုင်လျက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါသည်။

ယင်း ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသောအခါ အရှင် နန္ဒိယ၊ အရှင် ဥတ္တမသာရ မထေရ်နှစ်ပါး ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ကြရာ မကြာမီ အရှင်နန္ဒိယ မထေရ် ပျံလွန်တော်မူသွားပါသည်။ ကျန်သော အရှင် ဥတ္တမသာရ တပါးတည်းပင် ဆက်လက်၍ ယင်း ကျောင်းတိုက်ကြီးကို ထိန်းသိမ်း စောင့်ရှောက် နေထိုင်ပါသည်။

၁၂၈၁–ခုနှစ် ရောက်သောအခါ ရွှေတံဆိပ်ရ အရေးပိုင်မင်း ဦးဖိုးအမှူးရှိသော ဒါယကာများက ပျက်စီး ယိုယွင်းနေသည်တို့ကို မိမိအိတ်ထဲမှ စိုက်ထုတ်ကာ ပြုပြင်ပြီးပါသဖြင့် ပရိသတ်များကို ဖိတ်ကြား၍ သံဃာတော်များအား ဆွမ်းကပ်ကာ သံဃိက ရေစက်သွန်းချ လှူဒါန်းပါသည်။ ယင်း သံဃိက ဝိပဿနာကျောင်း၌ အရှင် ဥတ္တမသာရမထေရ်ပင်လျှင် အစောင့်အရှောက်အဖြစ် နေထိုင်ပါသည်။

(၁၃) နှစ်တိုင်တိုင် ဝိပဿနာကျောင်းသစ်၌ သီတင်းသုံးနေသော အရှင်ဥတ္တမသာရ မထေရ်ကြီးသည် တစုံတယောက်သော ပုဂ္ဂိုလ်ကိုမျှ ကျောင်းအရာမ် စသည်၌ ထိန်းသိမ်း စောင့်ရှောက် စီမံခန့်ခွဲမှုကို ပြုလုပ် ပြောဆိုခြင်း မရှိပဲ ၁၂၉၄–ခုနှစ်၊ ဝါဆိုလဆန်း ၁၂–ရက်နေ့၌ ပျံလွန်တော်မူသွားပါသည်။

ပျံလွန်တော်မူစဉ် အနီးနေ တပည့်များကား—

(၁) ရှင်ပညာဇောတ (ပျံလွန်)
(၂) ရှင်ဝိမလ
(၃) ရှင်ဇာဂရ (ကြွ)
(၄) အရှင်ဣန္ဒဝံသ
(၅) ရှင်အာသဘ
(၆) ရှင်ဇင္ဃိလ ပေါင်း (၆) ပါး ရှိကြပါသည်။

ဖော်ပြပါ (၆) ပါးတို့တွင် အငယ်ဆုံး ရှင်ဇင္ဃိလသည် လျင်မြန်ဖြတ်လတ် ပါးနားမှုရှိသည့်အလျောက် အကြီး (၅) ပါးကို ထိန်းသိမ်း၍ ကျောင်းကြီးနှင့်တကွ မြေအရာမ်ကို မိမိပိုင် ပုဂ္ဂလိကပစ္စည်းကဲ့သို့ လွှမ်းမိုး အုပ်ချုပ် စီမံခန့်ခွဲလျက်နေသည်ကို အကြီး (၅) ပါးတို့က တုဏှိဘာဝေ ဆိတ်ဆိတ်သာ နေထိုင် သီတင်းသုံးကြသည်။

ထို အကြီး (၅) ပါးတို့တွင် မကြာမီပင် ရှင်ပညာဇောတ ပျံလွန်တော်မူသွားပါသည် ဘုရား။ ရှင်ဇာဂရလည်း သနပ်ပင်နယ်သို့ ကြွသွားပါသည် ဘုရား။ ရှင်ဣန္ဒဝံသ၊ ရှင်အာသဘတို့သည် အရပ်တပါးသို့ ကြွသွားပါသည် ဘုရား။

တပည့်တော် ဝိမလနှင့် ရှင်ဇင္ဃိလတို့ (၂) ပါးသာ အာဝါသိကအဖြစ်ဖြင့် ဝိပဿနာ တိုက်သစ်ကြီး၌ နေထိုင်ကြပါသည် ဘုရား။ ယင်းသို့ နေတိုင်ကြရာ အရှင် ဇင္ဃိလသည် ဆရာတော်စပ်ခဲ့ဖူးသော စက္ခုအလင်း ကောင်းစွာမရသည့် မန္တလေးကျောင်းနေ ရှင်ပညာသာမိ မထေရ်ကို ဒွမ်း ကွမ်း ဝတ်ကြီး ဝတ်ငယ်တို့ဖြင့် ပြုစု လုပ်ကျွေးလို၍ ဝိပဿနာ တိုက်သစ်ကြီးသို့ ပင့်ဆောင်ခဲ့ပါသည် ဘုရား။

၁၃၀၀—ခုနှစ် ရောက်သောအခါ ဇင်္ဂိလ ပရိသုဒ္ဓပြု၍ လူထွက်သွားပါသည် ဘုရား။ ထိုအခါ ရှင်ပညာသာမိနှင့် ရှင်ဝိမလတို့ နှစ်ပါးသာ ရှိပါသည်။ နောက်တဖန် ကျောက်ပန်းတောင်းကျောင်းနေ ရှင်သုန္ဒရကို ရှင်ဇင်္ဂိလ လူထွက် မောင်သန့်စင်က ပင့်၍ ဝိပဿနာ တိုက်သစ်မှာ နေထိုင်ကြပါသည်။ ရှင်သုန္ဒရ ရောက်ပြီးနောက် မကြာမီ ရှင်ပညာသာမိသည် ဂိုဏ်းထောက်ကျောင်း၌ ပြောင်းရွှေ့ သီတင်းသုံးနေပါသည်။

၁၃၀၂—ခုနှစ် ရောက်သည့်အခါ ရှင်ဇင်္ဂိလ လူထွက် မောင်သန့်စင်ကပင် ကျောင်းအပ်ပွဲ ကျင်းပ၍ ဂိုဏ်းထောက်ကျောင်းနေ ရှင်ပညာသာမိက မိမိ ဂိုဏ်းထောက်ကျောင်းကပင် နေ၍ စာရေးသား ပြီးလျှင် ရှင်သုန္ဒရအား ဝိပဿနာ တိုက်သစ်ကြီးကို ဒိဋ္ဌသန္တက အဖြစ်ဖြင့် စောင့်ရှောက်ရန် လွှဲအပ်ပါသည် ဘုရား။

တပည့်တော် ဝိမလသည် ဆရာ ဖြစ်တော်မူသော အရှင်ဥတ္တမသာရ ပျံလွန်တော်မူသောအခါ ကျန်ရစ်သော အနီးနေ တပည့် (၆) ပါး အနက် မိမိ တပါးတည်းသာ ယခု ဝိပဿနာကျောင်းတိုက်၌ ရှိရင်းပုဂ္ဂိုလ် ဖြစ်ခြင်းကြောင့် ၎င်းဝိပဿနာကျောင်းတိုက်နှင့် အရာမ်ကို မိမိသာ အုပ်ချုပ် စီမံခန့်ခွဲထိုက်ပါသည် ဘုရား။

ကျောက်ပန်းတောင်းကျောင်းမှ လာရောက် နေထိုင်သော ရှင်သုန္ဒရသည် ဥပစာရ သိမ်ပသားဖြစ်ခြင်း၊ အုပ်ချုပ် စီမံခန့်ခွဲခြင်း အမှု မပြုထိုက်သောသူ ဖြစ်ပါသည် ဘုရား။

သို့ဖြစ်ပါ၍ အရှင်သုန္ဒရအား အုပ်ချုပ် စီမံခန့်ခွဲမှု ပြုထိုက်သူ မဟုတ်ကြောင်း သတ်မှတ်ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

ရှင်ဝိမလ
ဝိပဿနာကျောင်းတိုက်၊
ပန်းခြံကုန်း ရပ်ကွက်၊
ပဲခူးမြို့၊ ပဲခူးတိုင်း

ဆက်ကပ်ရန်

သဘာပတိ ဆရာတော်
မြို့နယ် သံဃာ့ဝိနိစ္ဆယ အဖွဲ့
ပဲခူးမြို့၊ ပဲခူးတိုင်း။

နေ့စွဲ။ ၁၀-၂-၈၁

ရိုသေစွာ လျှောက်ထားပါသည် ဘုရား—

အကြောင်းအရာ။ ။စာဒကအတွက် သက်သေဝင်ရင်းတင်သွင်းခြင်း

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ ဝိပဿနာ ကျောင်းတိုက်၌ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုခင်းကို စွဲဆို ထား သော စာဒက ရှင်ဝိမလအတွက် စာဒကပြ သက်သေအဖြစ် ဖော်ပြပါ ပုဂ္ဂိုလ်ကို တင်သွင်းပါသည်။

(၁) ဦးဇာဂရ၊ မင်္ဂလာဇေယျုကျောင်း၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။

(ရှင်ဝိမလ)
ဝိပဿနာကျောင်းတိုက်၊
ပဲခူးမြို့၊ ပဲခူးတိုင်း။

ဆက်ကပ်ရန်

သဘာပတိ ဆရာတော်
မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့
ပဲခူးမြို့၊ ပဲခူးတိုင်း။

နေ့စွဲ။ ၁၀-၂-၈၁

အကြောင်းအရာ။ ။စုဒိတကအဘွက် သက်သေစာရင်း တင်သွင်းခြင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား—

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ ဝိပဿနာ ကျောင်းတိုက်၌ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်း မှုခင်းကို ခုခံ ချေပသော စုဒိတက ရှင်သုန္ဒရ အတွက် စုဒိတကပြ မူလ သက်သေနှင့် တွဲဖက် သက်သေအဖြစ် ဖော်ပြပါ ပုဂ္ဂိုလ်တို့ကို တင်သွင်းပါသည်။

မူလသက်သေ (၁) မောင်သန့်စင်၊ အမျိုးသား မှတ်ပုံတင် နံပါတ် .... ........ ........ .. ....၊ အုန်းပင်တန်းရပ်ကွက်၊ ပဲခူးမြို့။

တွဲဖက်သက်သေ (၂) မောင်ဘလှိုင်၊ အမျိုးသား မှတ်ပုံတင် နံပါတ် ......................၊ လိပ်ပြာကန် ရပ်ကွက်၊ ပဲခူးမြို့။

(၃) မောင်အုန်းခိုင်၊

(ရှင်သုန္ဒရ)
ဝိပဿနာကျောင်းတိုက်
ပဲခူးမြို့၊ ပဲခူးတိုင်း။

ပုံစံ (၆)

# သံဃဝိနိစ္ဆယဌာနသို့ သက်သေခံ ကြွ/လာ ရောက်ရန် ပင့်လျှောက်/ဆင့်ခေါ် စာ

[လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅]

## သံဃဝိနိစ္ဆယအဖွဲ့

၁၃၄၂... ခုနှစ် ဝိနည်းဝမ္မကံ မှုခင်းအမှတ်(က/၁)

........ပဲခူး ........ပြည်နယ်/တိုင်း........ ပဲခူးမြို့နယ် ........... **ပန်းခြံကုန်း** .... ရပ်ကွက်/ကျေးရွာအုပ်စု **ဝိပဿနာကျောင်း**....၌ ဖြစ်ပွားသော ဝိနည်း ဝမ္မကံမှုခင်းတွင် စောဒက/စုဒိတက အတွက် သက်သေခံရန် ၁၃၄၂ ... ခုနှစ် ... **တပို့တွဲ**....လဆန်း... ၆ ... ရက်နေ့ ... နံနက်....နာရီအချိန် ၌ သံဃဝိနိစ္ဆယဌာနသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ကိုယ်တိုင် ကြွ/လာ ရောက်ရမည်။ ထို့ပြင် တင်ပြရန်ရှိသော စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း အတူတကွ ယူဆောင်လာရမည်။

၁၃၄၂........ခုနှစ် တပို့တွဲ....လဆန်း (၂)... ရက်နေ့တွင် ၌ သံဃဝိနိစ္ဆယ အဖွဲ့တံဆိပ်ရိုက်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

... ....**ဦးဝိလာသ**.... ..
သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိဆရာတော်
.... ... ပဲခူး ........မြို့
........ပဲခူး ......ပြည်နယ်/တိုင်း

ရက်စွဲ........၆-၂-၈၁........
**၁၃၄၂-ခု တပို့တွဲလဆန်း(၂)ရက်**

| အမည် | နေရပ် |
|---|---|
| (၁)........**ဦးဇာဂရ**............ | ... **မင်္ဂလာဇေယျကျောင်း၊** |
| (၂)................ ................ | ... **သနပ်ပင်မြို့**။........................ |

**စစ်ဆေးပုံနမူနာ ၃**

ပုံစံ(၆)

## သံဃဝိနိစ္ဆယဌာနသို့ သက်သေခံ ကြွ/လာ ရောက်ရန် ပင့်လျှောက်/ဆင့်ခေါ် စာ

## သံဃဝိနိစ္ဆယအဖွဲ့

[လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၅]

၁၃၄၂........ခုနှစ် ဝိနည်းဓမ္မကံ မှုခင်းအမှတ်(က/၁)

........ပဲခူး .......ပြည်နယ်/တိုင်း .......ပဲခူး........မြို့နယ်.... ပန်းခြံကုန်း.... ရပ်ကွက်/ကျေးရွာအုပ်စု....ဝေပဿနာကျောင်း....၌ ဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းတွင် စောဒက/စုဒိတက အတွက် သက်သေခံရန် ၁၃၄၂...... ခုနှစ် ... ....တပို့တွဲ....လဆန်း....၆....ရက်နေ့ ...နံနက်... နာရီအချိန် ၌ သံဃဝိနိစ္ဆယဌာနသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ကိုယ်တိုင် ကြွ/လာ ရောက်ရမည်။ ထို့ပြင် တင်ပြရန်ရှိသော စာချုပ်စာတမ်း အရပ်ရပ်ကိုလည်း အတူတကွ ယူဆောင်လာရမည်။

၁၃၄၂........ခုနှစ်.... ပို့တွဲ....လဆန်း....(၂)....ရက်နေ့တွင်၌သံဃဝိနိစ္ဆယ အဖွဲ့တံဆိပ်ရိုက်နှိပ်၍ ကိုယ်တိုင်လက်မှတ်ရေးထိုးလိုက်သည်။

........ဦးဝိလာသ........
သံဃဝိနိစ္ဆယအဖွဲ့သဘာပတိဆရာတော်
........ပဲခူး.......... မြို့
........ပဲခူး...........ပြည်နယ်/တိုင်း

ရက်စွဲ........၆-၂-၈၁
၁၃၄၂-ခု၊ တပို့တွဲလဆန်း(၂)ရက်

| အမည် | နေရပ် |
|---|---|
| (၁)....မောင်သန့်စင်........ | ....အနောက်ပင်တန်းရပ်ကွက်.... |
| (၂)... မောင်ဘလှိုင်........ | ....လိပ်ပြာကန်ရပ်ကွက်.... |
| (၃)....မောင်အုံးခိုင်........ | ........................................ |

## စောဒကပုဂ္ဂိုလ် စစ်ဆေးခြင်း

(မိုရ်-မေး) ဘွဲ့အမည် မည်သို့ခေါ်ပါသလဲ၊

(စော-ဖြေ) ဝိမလဟု ခေါ်ပါသည် ဘုရား။

(မိုရ်-မေး) အသက်၊ သိက္ခာဝါ မည်မျှရှိပြီလဲ၊

(စော-ဖြေ) အသက်-၆၀၊ သိက္ခာဝါ-၄၀ ဖြစ်ပါသည်။

(မိုရ်-မေး) အဖေအမည်ကို မည်သို့ခေါ်ပါသလဲ၊

(စော-ဖြေ) အဖေ ဦးတင်မောင်ဖြစ်ပါသည်။

(မိုရ်-မေး) အရှင်၏ သာသနာဝင် မှတ်တမ်း အစဉ်ဘယ်လောက်ပါလဲ၊

(စော-ဖြေ) (ပ/၂၆) ဖြစ်ပါသည်။

(မိုရ်-မေး) ဆရာတော်ဦးဥတ္တမသာရမှာ တပည့်(၆)ယောက်ရှိတယ်ဆိုတာ မှန်ပါသလား၊

(စော-ဖြေ) မှန်ပါသည်။

(မိုရ်-မေး) တပည့်(၆)ယောက်ကို ရေတွက်ပြနိုင်ပါမည်လား၊

(စော-ဖြေ) ရေတွက်ပြနိုင်ပါသည် ဘုရား။

(မိုရ်-မေး) ရေတွက်ပြပါ၊

(စော-ဖြေ) (၁) အရှင်ပညာဇောတ ပျံလွန်ပါသည်။
(၂) အရှင်ဝိမလ တပည့်တော် ဖြစ်ပါသည်။
(၃) အရှင်ဇာဂရ သန်ပ်ပင်သို့ကြွသွားပါသည်။
(၄) အရှင်ဇွန္ဒဝံသ
(၅) အရှင်အာသဘတို့သည် အရပ်တပါးသို့ ကြွသွားပါသည်။ နေရာဒေသမသိပါ။

(၆) အရှင်စင်္ဂိလ ယခုပရိသုဒ္ဓပြုပြီးသူ မောင်သန့်စင်ဖြစ်ပါသည်။

(ဓိုရ်-မေး) ရှင်စင်္ဂိလသည် ပရိသုဒ္ဓမပြုခင် မန္တလေး ကျောင်းက ရှင်ပညာသာမိကို ပင့်လာတာ သိပါသလား၊ ကန့်ကွက်သေးသလား၊

(စော-ဖြေ) သိပါသည်၊ မကန့်ကွက်ပါ။

(ဓိုရ်-မေး) ရှင်စင်္ဂိလမည်သည့်နှစ်က ပရိသုဒ္ဓပြုသွားပါသလဲ၊

(စော-ဖြေ) ၁၃၀၀ ခုနှစ်က ဖြစ်ပါသည်။

(ဓိုရ်-မေး) ရှင်စင်္ဂိလလူထွက် မောင်သန့်စင်က ကျောက်ပန်းတောင်းကျောင်းက အရှင်သုဒ္ဓရကို ဝိပဿနာကျောင်းတိုက်သို့ ပင့်လာတာ သိပါသလား၊ ပင့်စဉ်က ကန့်ကွက်သေးသလား၊

(စော-ဖြေ) သိပါသည်၊ မကန့်ကွက်ပါ။

(ဓိုရ်-မေး) ဂိုဏ်းထောက်ကျောင်းသို့ အရှင်ပညာသာမိ ပြောင်းရွှေ့သွားတာ သိပါသလား၊

(စော-ဖြေ) သိပါသည် ဘုရား။

(ဓိုရ်-မေး) ဂိုဏ်းထောက်ကျောင်းနေ အရှင်ပညာသာမိက စာဖြင့်ရေးသား၍ ရှင်သုဒ္ဓရအား ဝိပဿနာကျောင်းတိုက်ကြီးကို ဒွိသင်္ဃက ပြုလုပ်သည့်ကိစ္စကို သိပါသလား၊ သိရင်ကန့်ကွက်ခဲ့သေးသလား။

(စော-ဖြေ) သိပါသည်၊ တရားနည်းမကျဟု ထင်၍ မကန့်ကွက်ခဲ့ပါ။

(ဓိုရ်-မေး) ဤဝိပဿနာကျောင်းတိုက်ကြီးသည် မတသင်္ဃကသံဃိကကျောင်းဖြစ်သည်ကို သိပါသလား။

(စော-ဖြေ) ဆရာအစဉ်အဆက်ပြော၍ ကြားသိရပါသည်ဘုရား။

## စောဒကသက်သေ ဦး‌ဇာဂရကို စစ်ဆေးခြင်း

(ဓိုရ်-မေး) ဘွဲ့အမည် မည်သို့ခေါ်ပါသလဲ၊

(ဖြေ) ဇာဂရဟု ခေါ်ပါသည်။

(မေး) အသက်၊ သိက္ခာမည်မျှရှိပြီလဲ၊

(ဖြေ) အသက်-၅၅ နှစ်၊ သိက္ခာ-၃၅ ဝါရှိပါပြီ။

(မေး) ဖခင်အမည် မည်သို့ခေါ်ပါသလဲ၊

(ဖြေ) ဦးစံဘ-ဟု ခေါ်ပါသည်။

(မေး) သာသနာဝင်မှတ်တမ်း အမှတ်စဉ်ကို သိပါသလား။

(ဖြေ) (စ-ဝဝ၂) ဖြစ်ပါသည်။

(ဓိုရ်-မေး) ဆရာတော် ဦးဥတ္တမသာရမှာ တပည့် (၆) ယောက် ကျန်ခဲ့တယ်ဆိုတာ မှန်ပါသလား၊

(ဖြေ) မှန်ပါသည်။

(မေး) ငါ့ရှင်ကော ဦးဥတ္တမသာရ တပည့် (၆) ပါးထဲ ပါဝင်ပါသလား၊

(ဖြေ) ပါဝင်ပါသည်။ တတိယမြောက် တပည့် ဖြစ်ပါသည်။

(မေး) ယခု ပရိသုဒ္ဓပြုသွားသူ ရှင်စဋ္ဌိလခေါ် မောင်သန့်စင်ကို သိပါသလား၊

(ဖြေ) သိပါသည်။ တပည့် (၆) ယောက် မြောက် ဖြစ်၍ သိပါသည်။

(မေး) ဆရာတော်ဦးဥတ္တမသာမှ မပုံ၊လွှန်တော်မူစဉ်ကကျောင်းကို မည်သူ့အား လွှဲအပ်ခဲ့ပါသလဲ၊

(ဖြေ) မည်သူ့ကိုမျှ မလွှဲအပ်ခဲ့ပါ။

(မေး) တပည့် (၆) ပါးထဲက မည်သူက ဝိသာသဂ္ဂါဟ အဖြစ် ယူသည်ဟု ကြားသိပါသလား၊

(ဖြေ) မည်သူကမျှ ဝိသာသဂ္ဂါဟအဖြစ် ယူသည်ဟု မကြားဘူးပါ။

(မေး) ယခု စုဒိတက-ရှင်သုန္ဒရကို သိပါသလား၊

(ဖြေ) တပည့်တော်တို့ အတူနေစဉ်က မရှိ၍၊ မသိပါဘုရား။

## စုဒိတကကို စစ်ဆေးခြင်း

(ဓိုရ်-မေး) ဘွဲ့အမည်-မည်သို့ခေါ်ပါသလဲ၊

(ဖြေ) သုန္ဒရ-ဟု ခေါ်ပါသည်ဘုရား၊

(မေး) ဖခင်အမည်ကို ပြောပါ၊

(ဖြေ) ဦးဘထွန်း ဖြစ်ပါသည်။

(မေး) အသက်၊ သိက္ခာ မည်မျှ ရပါပြီလဲ၊

(ဖြေ) အသက်-၄၀ ဖြစ်၍၊ သိက္ခာ-၂၀ ဖြစ်ပါသည်။

(မေး) ဆရာတော် ဦးဥတ္တမသာရပုံ့လွန်တော်မူစဉ် ဤဝိပဿနာ ကျောင်းတိုက်မှာ ရှိပါသလား၊

(ဖြေ) မရှိပါဘုရား။

(မေး) တပည့် ခြောက်ပါးထဲမှာ ပါဝင်သလား၊

(ဖြေ) မပါဝင်ပါဘုရား။

(မေး) ဝိပဿနာကျောင်းတိုက်သို့ မည်သည့်ခုနှစ်က ရောက်ပါ သလဲ၊

(ဖြေ) ၁၃၁၀ ခုနှစ်က ဖြစ်ပါသည်။

(မေး) အရှင်ပညာသာမိနှင့် မောင်သန့်စင်တို့ကို သိပါသလား။

(ဖြေ) သိပါသည်။

(မေး) အရှင်ပညာသာမိ ဂိုဏ်းထောက် ကျောင်းသို့ ပြောင်း သွားတာ မှန်ပါသလား၊

(ဖြေ) မှန်ပါသည်။

(မေး) ဘာကြောင့် ပြောင်းသွားတာလဲ၊

(ဖြေ) ဒါတော့ မသိပါဘုရား။

(မေး) အရှင် ပညာသာမိက-အရှင် ဘုရားနှင့် စာရေးသား၍ ဒွိသန္တက ပြုလုပ်တယ်ဆိုတာ မှန်ပါသလား၊

(ဖြေ) မှန်ပါသည်။

(မေး) ဤဝိပဿနာ ကျောင်းတိုက်သည်၊ သံဃိက ကျောင်းလား၊ ပုဂ္ဂလိက ကျောင်းလား၊

(ဖြေ) ပုဂ္ဂလိကကျောင်းဟု ထင်ပါသည်။

(မေး) အကယ်၍ သံဃိက ကျောင်းကို ဒွိသန္တက ပြုလုပ်ခဲ့လျှင် ဝိနည်းတော်နှင့် ညီပါမည်လား၊

(ဖြေ) ဒါတော့ မသိပါဘုရား။

(မေး) ၁၃၁၂ ခုနှစ်က၊ ရဟန်းလူထွက် မောင်သန့်စင်က ဂိုဏ်းထောက်ကျောင်းနေ အရှင်ပညာသာမိနှင့် အရှင်ဘုရားတို့ ဒွိသန္တကကို လူပုံအလယ်မှာ ပြုလုပ်ပြီး ကျောင်းအပ်စဉ်က ဝိနည်းဓမ္မကံနှင့် ညီညွတ်သည်ဟု ထင်ပါသလား။

(ဖြေ) ထင်ပါသည်။

(မေး) အရှင်သည် ကျောက်ပန်းတောင်းကျောင်းက မောင်သန့်စင် ခေါ်လို့ ဤဝိပဿနာ ကျောင်းတိုက်သို့ ရောက်လာတာ မှန်ပါသလား၊

(ဖြေ) မှန်ပါသည်။

(မေး) အရှင်ဘုရားအား၊ မောင်သန့်စင်က ဆရာတောင် ဦးဥတ္တမသာရ ပျံလွန်တော်မူစဉ်က ဝိဿာသဂ္ဂါဟအဖြစ် ယူထားသည်ဟု ပြောဘူးပါသလား၊

(ဖြေ) ပြောဘူးပါသည်။

စုဒိတက သက်သေ မောင်သန့်စင်ကို စစ်ဆေးခြင်း

(ဓိုရ်-မေး) နာမည် မည်သို့ ခေါ်ပါသလဲ၊
(ဖြေ) သန့်စင်ဟု ခေါ်ပါသည်။
(မေး) ယခု အသက် မည်မျှရှိပြီလဲ၊
(ဖြေ) အသက် ၃၈ နှစ် ရှိပါပြီ။
(မေး) ဘခင်နာမည် မည်သို့ ခေါ်ပါသလဲ၊
(ဖြေ) ဦးဘစိန် ဖြစ်ပါသည်။
(မေး) အမျိုးသားမှတ်ပုံတင်အမှတ်ကော—
(ဖြေ) အကစ်အာရ်အမ်-၀၀၀၅၅၁ ဖြစ်ပါသည်။
(မေး) ယခု စုဒိတက ရှင်သုန္ဒရကို သိပါသလား၊
(ဖြေ) သိပါသည်။
(မေး) ဘယ်တုန်းက သိပါသလဲ၊
(ဖြေ) ကျောက်ပန်းတောင်းကျောင်းမှာ ငယ်စဉ်ကပင် သိပါသည်။
(မေး) ဆရာတော် ဦးဥတ္တမသာရမှာ တပည့် (၆) ယောက် ရှိတယ်ဆိုတာ အမှန်ဖြစ်ပါသလား၊
(ဖြေ) မှန်ပါသည်။
(မေး) မောင်သန့်စင်ရော ဦးဥတ္တမသာရ၏တပည့်အရင်းလော၊
(ဖြေ) တပည့်ရင်း နံပါတ်(၆) ဖြစ်ပါသည်။
(မေး) ပရိသုဒ္ဓ မပြုခင်က မည်သို့ ခေါ်ပါသလဲ၊
(ဖြေ) ဇဋိလဟု ခေါ်ပါသည်။

(မေး) မည်သည့်ခုနှစ်က ပရိသုဒ္ဓ ပြုပါသလဲ၊

(ဖြေ) ၁၃၀၀ ခုနှစ်က ဖြစ်ပါသည်။

(မေး) ဆရာတော် ဦးဥတ္တမသာရ ပို့ချလွှန်ဆဲမှာ မောင်သန့်စင်က ဝိသာသဂ္ဂါဟအဖြစ် ယူသည်ကို ကြားရပါသည်ဟု ထွက်ဆိုသွားပါသည်၊ ဒါမှန်ပါသလား၊

(ဖြေ) တပည့်တော်တို့ ဆရာ ပို့ချလွှန် မူခါနီးမှာ တပည့်တော် မောင်သန့်စင်က ရဟန်းဘဝ ဇဋိလအဖြစ် ရှိနေပါ၍ ဝိသာသဂ္ဂါဟအဖြစ် ယူတာ မှန်ပါသည်။

(မေး) မောင်သန့်စင် ရဟန်း ရှင်ဇဋိလ ဘဝတုန်းက ဆရာတော် ဦးဥတ္တမသာရ ပို့ချလွှန်တော်မူခါနီးမှာ ဝိသာသဂ္ဂါဟ ယူပုံယူနည်းကို ပြောပြပါ၊

(ဖြေ) တပည့်တော်က (ဘုန်းကြီး၏ ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်းများကို သိမ်းဆည်းထားပါသည်)ဟု အသံကျယ်ကျယ်ဆို၍ ယူထားပါသည်ဘုရား။

(မေး) ညှိုသို့ ဆိုပြီး ယူသည်ကို မည်သူ ကြားပါသနည်း၊

(ဖြေ) ဒန်းခြိုတုန်းရပ်ကွက်မှ မောင်ဘလှိုင်နှင့် မောင်အုန်းခိုင်တို့ ကြားသိပါသည်ဘုရား။

## စုဒိတက သက်သေ မောင်သန့်စင်ပြ
## သက်သေကို စစ်ဆေးခြင်း

(ဓိုရ်-မေး) နာမည် မည်သို့ ခေါ်ပါသလဲ၊ အသက် မည်မျှရှိပါပြီလဲ၊
(ဖြေ) ဘလှိုင်ဟု ခေါ်ပါသည်။ ၃၀ နှစ် ရှိပါပြီ။
(မေး) အမျိုးသား မှတ်ပုံတင်အမှတ်ကို သိပါသလား၊
(ဖြေ) သိပါသည်။ ဗိဂျီ-၀၅၀၀၄၂ ဖြစ်ပါသည်။
(မေး) ဘခင်နာမည် မည်သို့ ခေါ်ပါသလဲ၊
(ဖြေ) ဦးချစ်သိန်း ဖြစ်ပါသည်။
(မေး) ယခု ရုံးတော်မှာရှိသည့် မောင်သန့်စင်ကို သိပါသလား၊
(ဖြေ) သိပါသည်။
(မေး) ဆရာတော်ဦးဥတ္တမသာရ ပျံလွန်တော်မူစဉ်က အနားမှာ (၂) ယောက်လုံး ရှိကြပါသလား၊
(ဖြေ) တပည့်တို့ ညီအစ်ကို (၂)ယောက်လုံး ရှိကြပါသည်။
(မေး) အဲဒီတုန်းက မောင်သန့်စင်ဟာ အရှင်ဇဋိလ မဟုတ်လား၊
(ဖြေ) မှန်ပါသည်။
(မေး) ရှင်ဇဋိလ (ဘုန်းကြီး၏ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများကို သိမ်းဆည်း ထားပါသည်) ဟု ကျယ်ကျယ် ဘိုတာ မကြားမိဘူးလား၊
(ဖြေ) ညီအစ်ကို (၂)ယောက်လုံး ဘာမျှ မကြားမိပါဘုရား။

* မောင်အုန်းခိုင်ကို စစ်စရာ မလိုတော့ပါ။

သံဃဝိနိစ္ဆယအဖွဲ့က
ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းစစ်ဆေးရန်
ပုံစံ
[လုပ်ထုံးလုပ်နည်း အပိုဒ်-၄၄]

ပဲခူး ပြည်နယ်/တိုင်း

ပဲခူး မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့

သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (၁)
( ၁၃၄၂ ခုနှစ်၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းအမှု အမှတ် ( က/၁ )

ဓောဒက ဝိပဿနာကျောင်းနေ ဦးဝိမလ

စုဒိတက ဝိပဿနာကျောင်းနေ ဦးသုန္ဒရ

အမှုအကြောင်းအရာ

ဝိပဿနာကျောင်း၊ ကျောင်းတိုက် အရာမ် စီမံအုပ်ချုပ်မှုနှင့်

စပ်သော ဝိဝါဒါဓိကရုဏ်းမှု။

သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်နေ့ ၁၃၄၂-ခု၊ တပို့တွဲလဆန်း ၁ ရက်။

(၅-၂-၈၁)နေ့

သံဃဝိနိစ္ဆယအဖွဲ့ဝင်များ (၁) ဦးဇဝန

(၂) ဦးစန္ဒန

(၃) ..................

# မှုခင်းမှတ်တမ်း

ဤမှတ်တမ်းကို သံဃဝိနိစ္ဆယအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဆရာတော်က မှုခင်း စတင်စစ်ဆေးသည်မှ ပြီးဆုံးသည့်နေ့အထိ ဖြစ်စဉ်များကို ဖြည့်သွင်းရန် ဖြစ်ပါသည်။ စာရွက်မလောက်ပါက သီးခြား စာရွက်တွင် ဖြည့်သွင်း၍ ပူးတွဲပါ—

| အမှတ်စဉ် | နေ့စွဲ | အကြောင်းအရာ | လက်မှတ် |
|---|---|---|---|
| | | | |

၁။ သံဃဝိနိစ္ဆယအဖွဲ့ တည်ရာဌာန မြို့မစာသင်တိုက်၊ ပဲခူးမြို့

၂။ ဖွင့်လှစ်သည့်နေ့၊ သာသနာနှစ် ၂၅၂၄ နှစ်

ကောဇာသက္ကရာဇ် ၁၃၄၂ နှစ်၊ တပို့တွဲ လဆန်း ၆ ရက်

ခရစ်သက္ကရာဇ် ၁၉၈၁ နှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၃။ ဖွင့်လှစ်သည့်အချိန် မွန်းလွဲ ၁ နာရီ မိနစ်

၄။ တက်ရောက်သည့်ပုဂ္ဂိုလ်များ

(က) သံဃဝိနိစ္ဆယအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဝိလာသ

အဖွဲ့ဝင် (၁) ဦးဇဝန

အဖွဲ့ဝင် (၂) ဦးစန္ဒန

အဖွဲ့ဝင် (၃) ဦးစန္ဒောဘာသ

အဖွဲ့ဝင် (၄) ဦးဝေပုလ္လ

(ခ) စာချက ရှင်ဝိမလ၊ ဝိပဿနာကျောင်း

(ဂ) စုဒိတာ ရှင်သုန္ဒရ၊ ဝိပဿနာကျောင်း

၅။ သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ခေါင်းဆောင် ဆရာတော်က ဖတ်ကြား၍ အမှတ်"က"အဖြစ် ရေးမှတ်ပြီး လက်မှတ်တို ထိုး၍ တွဲထားရပါမည်။

အပိုဒ်
(၂၄)

၆။ (က) စောဒကနှင့် စုဒိတကတို့အား ဤ သံဃဝိနိစ္ဆယအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်အားလုံးကို ဖြစ်စေ၊ တပါးပါးကို ဖြစ်စေ ကန့်ကွက်ရန် ရှိ-မရှိ မေးမြန်းရမည်။

အပိုဒ်
(၂၀)

ကန့်ကွက်ရန် မရှိပါ၊
(သို့မဟုတ်)
ကန့်ကွက်ပါသည်၊
မသက်ဆိုင်သည်ကို ဖျက်၍ လက်မှတ်တို ထိုးပါ)။

(ခ) ကန့်ကွက်ပါက ကန့်ကွက်ခြင်းခံရသော သံဃဝိနိစ္ဆယအဖွဲ့၊ (သို့မဟုတ်) အဖွဲ့ဝင်အမည်ကို ရေးပါ–

.............................................................................

.............................................................................

.............................................................................

(ဂ) တဖွဲ့လုံးကို ကန့်ကွက်ပါက ခေါင်းဆောင် ဆရာတော်သည် ကန့်ကွက်သော ပုဂ္ဂိုလ်ကို ချက်ချင်း စာဖြင့် ရေးသား တင်သွင်းစေ၍ လက်ခံပြီးနောက် သံဃဝိနိစ္ဆယမှုခင်း စစ်ဆေးခြင်းကို ရပ်စဲကြောင်း ကြေငြာပါ။

(ဃ) သံဃဝိနိစ္ဆယ အဖွဲ့ဝင် တဦးဦးကို ကန့်ကွက်ပါက အရံ ပုဂ္ဂိုလ်ရှိလျှင် ဖြည့်စွက်ပြီး စစ်ဆေးရမည်–

ဖြည့်စွက်သည့် သံဃဝိနိစ္ဆယအဖွဲ့ဝင် (၁) ..............................

..........................

(၂)..............................

..........................

၇။ စာဒကာ၏ မူလမှုခင်းပြဿနာ တင်ပြလွှာကို ဖတ်ကြား၍ တင်ပြချက် ဟုတ်-မဟုတ် မေးမြန်းပြီး အမှတ် ''ခ'' အဖြစ် မှတ်သား၍ လက်မှတ်ထိုးပြီး ဤအမှုတွဲတွင် တွဲထားရမည်။

၈။ စာဒကာ၊ စုဒိတကာ နှစ်ဦးလုံးအား ဤမှုခင်းနှင့် ပတ်သက်၍ သက်သေများ တင်သွင်းရန် ရှိ-မရှိ မေးမြန်းပြီး မရှိက မရှိကြောင်း မှတ်သားပါ၊..............................

ရှိပါက သက်သေစာရင်းကို တင်သွင်းစေရန်နှင့် အမှတ် ''ဂ'' ''ဃ'' အဖြစ် မှတ်သား၍ လက်မှတ်ထိုးပြီး အမှုတွဲတွင် တွဲထားရမည်။

အပိုဒ်
(၁၅)

**စစ်ဆေးခြင်း**

၉။ စောဒကဖြစ်သူ ဘွဲ့အမည် ဦးဝိမလအား မိမိသိလာကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စောဒကပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ–

အပိုဒ် ဝိမလဟု ခေါ်ပါသည်၊ အသက် ၆၀၊ သိက္ခာဝါ ၄၀ဖြစ်ပါသည်၊

(၃၅) ဖခင်အမည် – ဦးတင်မောင်ဖြစ်ပါသည်၊ သာသနာဝင်မှတ်

(၃၆) တမ်း၊ (ပ/ ၂၆ ) ဖြစ်ပါသည်။

ဆရာတော် ဦးဥတ္တမသာရမှာ• တပည့် ၆ ယောက်ရှိဒါ မှန်ပါသည်၊ တပည့် ၆ ယောက်ကို အစဉ်အတိုင်း ပြနိုင်ပါသည်၊ ဒုတိယမြောက် တပည့်ရှင် ဝိမလသည်။ ဤအမှု၌ စောဒကဂ္ဂိုလ်ဖြစ်ပါသည်။

နံပါတ် ( ၆ ) တပည့် ရဟန်းဘွဲ့ ရှင်စင္ကိလ၊ ယခု လူအမည် ဓ ာင်သ နို့စင်ဖြစ်ပ သည်၊ ရှင်စင္ကိလပရိသုဒ္ဓိပြုသော နှစ် ၁၃၀ဂ ခုနှစ်ဖြစ်ပါသည်။

ရှင်စင္ကိလ ပရိသုဒ္ဓိပြုခင် မန္တလေးကျောင်းက ရှင်ပညာသာမိပင့်လာဒါ သိပါသည်၊ မကန့်ကွက်ပါ။

လူထွက် မောင်သန့်စင်က ကျောက်ပန်းတောင်းကျောင်းမှ ရှင်သုန္ဒရကို ဝိပဿနာကျောင်းသို့ ပင့်လာဒါ သိပါသည်၊ ပင့်စဉ်က မကန့်ကွက်ခဲ့ပါ။ ။

ဂိုဏ်းထောက်ကျောင်းသို့ ရှင်ပညာသ ာမိ ပြောင်းရွှေ့သွားဒါသိပါသည်။ ။

ဂိုဏ်းထောက်ကျောင်းနေ ရှင်ပညာသာမိက စာဖြင့်ရေးသား၍ ရှင်သုန္ဒရနှင့် ဝိပဿနာကျောင်းတိုက်ကို ဒွိသန္တကပြုဒါကို သိပါသည်၊

တရားနည်းအကျဟု ထင်၍ မကန့်ကွက်ခဲ့ပါ။

ဆရာစဉ်ဆက် ပြောကြားချက်အရ ဤဝိပဿနာကျောင်းတိုက်သည် မတသန္တက သံဃိကဟု ကြားသိရပါသည်။

**ဖတ်ပြ၊ မှန်ကန် ဝန်ခံပါသည်။ စောဒကလက်မှတ်.......................**

**မှတ်ချက်။** (၁) လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် ၃၆ အရ လိုက်နာ ဆောင်ရွက်စေပြီးနောက် ထွက်ဆိုချက်ကို ရယူမည်။

(၂) နေ့စဉ် အမှုစစ်ဆေးပြီးတိုင်း သံဃဝိနိစ္ဆယ မှုခင်း စစ်ဆေးမှုကို ရပ်ဆိုင်းကြောင်းနှင့် မည်သည့်နေ့သို့ ချိန်းဆိုကြောင်း ကြေငြာပြီးလျှင် စစ်ဆေးချက်၏အဆုံး၌ ရေးမှတ်ထားရမည်။

(၃) စစ်ဆေးချက်များ စာရွက်မလောက်ပါက သီးခြား စာရွက်တွင် ဖြည့်သွင်း၍ ပူးတွဲပါ။

**စစ်ဆေးခြင်း**

၁၀။ စုဒိတကဖြစ်သူ ဘွဲ့အမည် ဦးသုန္ဒရအား မိမိသီလကို ဆင်ခြင် အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတကပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ–

အပိုဒ်

(၃၅) သုန္ဒရဟုခေါ်ပါသည်၊ အသက် ၄၀၊ သိက္ခာ ၂၀ဖြစ်ပါသည်၊

(၃၆) ဖခင်အမည် ဦးဘထွန်းဖြစ်ပါသည်၊ ဆရာတော်ဦးဥတ္တမသာရ ပျံလွန်စဉ်က ဤဝိပဿနာကျောင်းတိုက်မှာ မရှိပါ၊ တပည့် (၆)ပါးထဲမှာ မပါဝင်ပါ၊ ၁၃၁၀ခုနှစ်က ဝိပဿနာကျောင်းသို့ရောက် လာပါသည်၊ ရှင်ပညာသာမိနှင့် မောင်သန့်စင်ကို သိပါသည်၊ရှင်ပညာသာမိ ဂိုဏ်းထောက် ကျောင်း ဘာ့ကြောင့် ပြောင်းသွားဒါ မသိပါ၊ ဝိပဿနာကျောင်းတိုက်ကို ပုဂ္ဂလိကကျောင်းဟု ထင်ပါသည်။

သံဃိကကျောင်းကို ဒွိသန္တက ပြုလုပ်လျှင် ဝိနည်းတော်နှင့်ညီ မညီ မသိပါ၊ ၁၃၁၂ခုနှစ်က ရှင်ပညာသာမိနှင့် ဒွိသန္တကကို လူပုံ အလယ်မှာ ပြုလုပ်ပြီး ကျောင်းအပ်စဉ်က ဝိနည်းမမှန်နှင့် ညီသည်ဟု ထင်ပါသည်။

**ဖတ်ပြ၊ မှန်ကန်ဝန်ခံပါသည်။** စုဒိတက၏ လက်မှတ် ......................

**မှတ်ချက်။** (၁) လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်း အပိုဒ် ၃၆အရ လိုက်နာဆောင်ရွက်စေပြီးနောက် ထွက်ဆိုစေရမည်။
(၂) စစ်ဆေးချက်များ စာရွက်မလောက်ပါက သီးခြား စာရွက်တွင် ဖြည့်သွင်း၍ ပူးတွဲပါ။

**စစ်ဆေးခြင်း**

၁၁။ နှစ်ဘက်သက်သေများကို စစ်ဆေးပြီးနောက် သံဃဝိနိစ္ဆယ အဖွဲ့က ပြန်ခေါ်၍ ထပ်မံစစ်လိုသော ( သို့မဟုတ်)အဖွဲ့က အသစ်စစ်လို သော သက်သေများရှိပါက စစ်ဆေးရန်ဖြစ်သည်။

အပိုဒ်

(၄၂) စေဒကပြသက်သေ– ဦးဇာဂရ ထွက်ဆိုချက်၊

ဇာဂရဟုခေါ်ပါသည်၊ အသက် ၅၅၊ သိက္ခာ ၃၅ ဝါရှိပါပြီ၊ ဖခင်အမည် ဦးစံဘ ဟုခေါ်ပါသည်၊ သာသနာဝင် မှတ်တမ်း အမှတ် (စ – ၀၀၂) ဖြစ်ပါသည်။

ဆရာတော် ဦးဥတ္တမသာရမှာ တပည့် ၆ ယောက်ရှိဒါ မှန်ပါသည်၊ မိမိသည် တတိယမြောက်တပည့်ဖြစ်ပါသည်၊ ပရိသဒ္ဓပြုသူ ရှင်စဋ္ဌိလခေါ် မောင်သန့်စင်ကို ၆ ယောက်မြောက် တပည့်အဖြစ် သိပါသည်။

ဆရာတော် ဦးဥတ္တမသာရ ပျံလွန်စဉ်က ဤကျောင်း တိုက် ကို မည်သူ့မျှ မလွှဲခဲ့ပါ၊

တပည့် ၆ ပါးထဲက မည်သူကမျှ ဝိဿာသဂ္ဂါဟအဖြစ်ယူသည်ဟု မကြားဘူးပါ။

စုဒိတက ရှင်သုဒ္ဓရကို အတူနေ တပည့်မဟုတ်၍ မသိပါ။

**ဖတ်ပြ မှန်ကန်ပါသည် ဝန်ခံပါသည် လက်မှတ်...........................**

**စုဒိတကသက်သေ- မောင်သန့်စင်ကို စစ်ဆေးခြင်း။**

လူအမည် သန့်စင်၊ အသက် ၃၀ နှစ်၊ ဖခင် ဦးဘစိန်ဖြစ်ပါသည် အမျိုးသားမှတ်ပုံတင် အမှတ် **SRM** - ၀၀၀၅၅၁ ဖြစ်ပါသည်။

စုဒိတက ရှင်သုန္ဒရကို ကျောက်ပန်းတောင်းမှာ ယော်စဉ်ကပင်သိပါသည်၊ အရှင်ဥတ္တမသာရမှာ တပည့် ၆ ယောက်ရှိရာ မိမိမှာ နံပါတ် (၆)တပည့် ရဟန်းဘွဲ့ စင္ဒိလဟု ခေါ်ပါသည်၊ ၁၃၀၈ ခုနှစ်က ပရိသုဒ္ဓပြုပါသည်။ ရှင်စင္ဒိလဘဝတုံးက မိမိဆရာ ပျံလွန်တော်မူဆဲမှာ ဝိသာသဂ္ဂါဟ အဖြစ်ယူသည်ဟု ကြားရဒါမှန်ပါသည်။

(ဘုန်းကြီး၏ ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်းများကို သိမ်းဆည်းထားပါသည်)ဟု ယူနည်းပြောပြပါသည်။

ထိုပြုံးယူသည်ကို ပန်းခြံကုန်းရပ်ကွက်နေ မောင်ဘလှိုင်၊ မောင်အုံးခိုင်တို့ ညီအကို ကြားပါသည်ဟု တွက်ဆို၏။

ပတ်ပြ၊ မှန်ကန်ဝန်ခံပါသည် လက်မှတ်..........................

မှတ်ချက်။ (၁) လူပုဂ္ဂိုလ်ဖြစ်ပါက လုပ်ထုံးလုပ်နည်းအပိုဒ် ၃၆ အရ လိုက်နာ ဆောင်ရွက်စေပြီးနောက် ထွက်ဆိုချက်များ ရယူရန်ဖြစ်သည်။

(၂) စစ်ဆေးချက်များ စာရွက်မလောက်ပါက သီးခြားစာရွက်တွင် ဖြည့်သွင်း၍ ပူးတွဲပါ။

**စုဒိတကပြ- နံပါတ် ၂ သက်သေ မောင်ဘလှိုင်၏ ထွက်ဆိုချက်**

စစ်ဆေးခြင်း။ ဘလှိုင်ဟု ခေါ်ပါသည်၊ အသက် ၃၀ ဖြစ်ပါသည်။

၁၁။ ဖခင်အမည် ဦးချစ်သိန်းဖြစ်ပါသည်။

အပိုဒ် (၄၂) အမျိုးသားမှတ်ပုံတင်အမှတ် (ပိဂျိ-၀၅၀၀၄၂) ဖြစ်ပါသည်၊ ယခုရုံးတော်ရှိ စုဒိတကပြ သက်သေ မောင်သန့်စင်ကိုသိပါသည်။

ဆရာတော် ဦးဥတ္တမသာရ ပျံလွန်တော်မူစဉ် ညီအစ်ကို(၂)ယောက်လုံးရှိကြပါသည်။

ယခု မောင်သန့်စင် ဟိုတုံးက ရှင်စင္ဒိလ မှန်ပါသည်။

(ဘုန်းကြီး၏ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်းများကို သိမ်းဆည်းထား ပါသည်)ဟု မောင်သန့်စင်ခေါ် ရှင်စင္ကိုလ ပြောဒါ မကြားသိပါ။

**ဖတ်ပြမှန်ကန်ဝန်ခံပါသည်။** **လက်မှတ်** ..........................

**စစ်ဆေးခြင်း**

၁၂။ စောဒကာ၏ နောက်ဆုံးတင်သွင်းခြင်း....

စုဒိတက ရှင်သုန္ဒရသည် ဒွိန္နံ သန္တကာနံ ဝိဘတ္တံ ဟူသော ဒေသနာကို ဂရုမပြု နားမလည်ဘဲ ရှင်ပညာသာမိန့်ပို့ ဒွိသန္တကာရဲဝန့်စွာ ပြုမူခဲ့ပါသည်။

ဆရာစဉ်ဆက်က သံဃိကကျောင်း ဖြစ်ကြောင်း ထင်ရှားပါလျက် ပုဂ္ဂလိကကျောင်းထင်ပါသည်ဟု ပြောင်လိမ်၍ ထွက်ဆိုပါသည်။

ရှင်စင္ကိုလဘဝက မိမိဆရာ ဦးဥတ္တမသာရ ပျံလွန်တော်မူကာနီး ဆဲဆဲမှာ ဝိဿသဂ္ဂါဟအဖြစ် ယူသည်ကို မပြောဘူးဘဲလျက် ပြော ဘည်ဟု လိမ်လည်ထွက်ဆိုပါသည်။

ရှင်သုန္ဒရသည် ဆရာတော်ဦးဥတ္တမသာရတပည့် [၆] ယောက်ထဲတွင် ပါဝင်သောကြောင့် ဤဝိပဿနာကျောင်းတိုက် စီမံခန့်ခွဲအုပ်ချုပ်ရေး မှာ အကြီးအကဲဖြစ်ထိုက်သူမဟုတ်ပါ။

ဤတိုက်တာမှ အပသို့သွားနေသင့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

**စစ်ဆေးခြင်း**

၁၃။ စုဒိတက၏ နောက်ဆုံးတင်သွင်းခြင်း....

တပည့်တော်သည် တပည့် ၆-ယောက်ထဲ၌ မပါဝင်သော်လည်း မိမိဘာသာ ဝိပဿနာကျောင်းတိုက်သို့ ရောက်လာသူမဟုတ်ပါ။

ဆရာတော် ဦးဥတ္တမသာရ တပည့် ၆ ပါးထဲမှာပါဝင်ပြီး ဆရာတော် ၏ပစ္စည်းများနှင့် သက်ဆိုင်ခွင့်ရှိသော ရှင်စင္ကိုလကခေါ်၍ ရောက်လာ ခြင်းဖြစ်ပါသည်။ ပေးနိုင်သော လူထွက် မောင်သန့်စင်က ပရိသတ် အလယ်မှာ တပည့်တော်ကို ကျောင်းအပ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်သာ ဤဝိပဿနာကျောင်းတိုက်ကို အကြီးအကဲအဖြစ် စီမံအုပ်ချုပ်သင့်ပါသည်။

**စစ်ဆေးခြင်း**

၁၄။ သံဃဝိနိစ္ဆယအဖွဲ့၏ ပေါင်းရုံး သုံးသပ်ချက်[ကောက်ချက်]-

မူလစောဒက ရှင်ဝိမလက ဆရာ-ဦးဥတ္တမသာရ ပျံလွန်တော်မူသောအခါ၊ ကျန်ရစ်သော အနီးနေ တပည့် (၆)ပါးအနက် မိမိတပါးထည်းသာ ယခု ဝိပဿနာကျောင်း၌ ရှိရင်း စွဲ ဖြစ်သောကြောင့်၊ ဝိပဿနာကျောင်းတိုက်ကို မိမိသာ စီမံခန့်ခွဲထိုက်သည်။

ကျောက်ပန်းတောင်းမှလာရောက်နေထိုင်သော ရှင်သုန္ဒရသည် ဥပစာရသိမ်ပသာဖြစ်သောကြောင့် စီမံအုပ်ချုပ်ခွင့်မပြုထိုက်ဟု စောဒကတင်သည်။

မူလစုဒိတက ရှင်သုန္ဒရကလည်း ၁၃၁၀-ခုနှစ်က ဝိပဿနာကျောင်းသို့ ရောက်လာခဲ့သည်၊ ၁၃၁၂-ခုနှစ်မှာ အရှင်ပညာသာမိနှင့် ရှင်စဋ္ဌိလ လူထွက် မောင်သန့်စင်တို့က ဝိပဿနာကျောင်းတိုက်ကို အုပ်ချုပ်ရန် လှူအပ်ခြင်းခံယူရသဖြင့် မိမိသာ အုပ်ချုပ်စီမံခွင့်ကို ရထိုက်ပါသည်ဟု ချေပလွှာတင်သွင်းသည်။

စောဒကပြု သက်သေ – ဦးဇာဂရက ဆရာဦးဥတ္တမသာရ ပျံလွန်တော်မူစဉ် မည်သူ့ကမျှမပေးခဲ့၊ ဝိဿာသဂ္ဂါဟက အဖြစ်ယူသည်ကိုလည်း မကြားခဲ့ပါ ထွက်ဆိုခဲ့သည်။

စုဒိတကပြု သက်သေ စဋ္ဌိလ လူထွက်မောင်သန့်စင်က ဦးဥတ္တမသာရ ပျံလွန်ကာနီး မည်သူ့အားမျှမလှူခဲ့သည်ကိုထွက်ဆိုခဲ့ပါသည်၊ သူ-ဝိဿာသဂ္ဂါဟက အဖြစ်ယူခဲ့ကြောင်း၊ မောင်ဘလှိုင်တို့ ညီအစ်ကို နှစ်ယောက် ထွက်ဆိုသည်၊ ဝိဿာသဂ္ဂါဟကယူနည်းဆိုခိုင်းရာ နည်းလမ်းမကျဆိုပြ၍ မမှန်ကြောင်းသိရသည်၊ မောင်သန့်စင်ပြု သက်သေ မောင်ဘလှိုင်ကိုမေး ကြည့်ရာ၊ ဝိဿာသဂ္ဂါဟ ယူသည်ကို လုံးဝမကြားပါဟု ထွက်ဆိုသွားပါသည်။

မူလက သံဃိကကျောင်း၊ အရာမ်၊ ဂရုဘဏ်တို့ကို ဝိဿာသဂ္ဂါဟ အဖြစ် ယူခွင့်အရ ပုံကိုငင်း၊ ယူခွင့်မရသော သံဃိကဝိပဿနာကျောင်း

အရာမ်၊ ဂရုဘဏ်တို့ကို လူထွက်မည့် ရှင်စင့်လက မိမိပိုင် ပုဂ္ဂလိကပစ္စည်းကဲ့သို့ အရှင်ပညာသာမိနှင့် ရှင်သုန္ဒရအား စာတမ်းဖြင့် ပေးခဲ့ပုံ**သည်**ငှင်း၊

တဒါ သံဃော ဝ တဿ ဝိဟာရဿ သာမိကော ဟောတိ၊ န ဒါယကော ဝါ၊ ပုဂ္ဂလော ဝါ၊ သံဃာနုမတိ ယာဝေ ပုဂ္ဂလော၊ ပရိဘုဥ္စိတုံ လဘတိ၊ န အတ္တနော၊ ကုဿရဝတာ ယာတိ ဒဠ္ဌဗ္ဗော။**ဝိနယာလင်္ကာရဋီ** [ဒု-၆၇] ဟူသော ဋီကာနှင့် မညီပါ။

ဆရာ အရှင်ဥတ္တမသာရ ပျံလွန်တော်မူလျှင် အနီးနေ တပည့် ရှင်ဝိပုလသာ ဝိပဿနာကျောင်းတိုက်၊ အရာမ်ကို အုပ်ချုပ်စီမံနိုင်ခွင့် ရှိရမည်ဟူသော သဘောသည်လည်း မိဘသေလျှင် သားသမီး အမွေရ) ဟူသော လူလောကဥပဒေယူဆချက်သာဖြစ်သည်။ ယင်းယူဆချက်သည် ကေစိ ကဿစိအဒတွာ မရန္တိ၊ တဒါ သော ဝိဟာရော သံဃိကော ဟောတိ- [**ဝိနယာလင်္ကာရဋီ**-၅၆] နှင့် ကိုက်ညီဖွယ် မရှိပါ။

သံဃိက ဝိဟာရေ တာဝ "အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ဒမ္မိ" တိ ဒိန္နတ္တာ ပဋိဂ္ဂါဟကေန ကာလင်္ကတေသုပိ တဒသော စာတုဒ္ဒိသသံဃောစ အနာဂတသံဃောစ ဣဿရော၊ တေန ဝိစာရေ တဗ္ဗော။ **ဝိနယာလင်္ကာရဋီ** (-၆၄) အရ ဝိပဿနာကျောင်းတိုက်ကို သံဃာအားလှူဒါန်းထားသောကြောင့် အလှူခံဖြစ်သော အရှင်ဥတ္တမသာရ ပျံလွန်တော်မူသည်ရှိသော် စတုဒ္ဒိသာသံဃာတော်သည်ငှင်း၊ အနာဂတ သံဃာတော်သည်ငှင်း စိုးပိုင်၏၊ သံဃာတော်၏ ဥစ္စာဖြစ်၏၊ သံဃာတော်ကသာ စီမံနိုင် ခန့်ခွဲနိုင်ခွင့်ရှိ၏။

ဓုဝဝါသ ခေါ် အမြဲ နေထိုင်ဘို့ရန် ကျောင်းပေးခြင်းသည် သမဂ္ဂေန သံဃေန အပလောကန ကမ္မဝသေန ဒုဝင်္ဂသမန္နာဂတဿ ဘိက္ခုဿ အနုဋ္ဌာပနီယံ ကတွာ ဒါနမေဝ- ဟူသော အရ စည်းလုံးညီညွတ်သော ဥပစာရ သိမ်အတွင်းရှိ သံဃာတော်သည် အပလောကနကံ၏အစွမ်းဖြင့် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလုံလောက်သော ရဟန်းအား မထစေအပ်-မဖယ်ရှားအပ်သော (အနုဋ္ဌာပနီယ)ပုဂ္ဂိုလ်ပြု၍ ကျောင်းပေးနိုင်၏။

အထက်ပါစကားများအရ အနုဋ္ဌာပနီယ၊ ဝုဍ္ဎစာရဂုဏ်နှင့် ပြည့်

စုံသော ရှင်ဝိမလက ဝိပဿနာ ကျောင်းတိုက်ကြီးကို အရာမ်နှင့်တကွ အုပ်ချုပ်ထိန်းသိမ်း စောင့်ရှောက်ခွင့်ရတော့သည်။

**စစ်ဆေးခြင်း**

၁၅။ ဆုံးဖြတ်ချက်-

အပိုဒ် (၄၂)

(၁) ဝိပဿနာကျောင်းသည် သံဃိကကျောင်းဖြစ်သည့်အတွက် ရှင်ဝိမလ ရှင်သုန္ဒရ အမှုးရှိသော ရဟန်းအပေါင်းတို့သည်၊ ဝိနည်းတရား လိုမှာကျမ်းကျင်မှုနည်းကြသေးသည်အဖြစ်ကြောင့်ရင်း၊ ဗဟုပကာရဂုဏ်၊ ဂုဏာတိသိဋ္ဌဂုဏ်နှင့်ပြည့်စုံသော ပရိယတ္တိသာသနဟိတ ဂဏဝါစက ပုဂ္ဂိုလ်တပါးပါးကို သို့မဟုတ် စေတီယင်္ဂဏ မဟာစရိယနှင့် အစိုးရမဟာစရိယ တပါးပါးကို ဝိပဿနာ ကျောင်းတိုက်သို့ ပင့်၍ ဓုဝဝါသ အကျိုးငှာ အပလောကနကံဖြင့် တင်ထားကြရမည်။

(၂) ဂဏဝါစက ပုဂ္ဂိုလ်မရသေးမီ ဝုဍ္ဎတရဂုဏ်နှင့်ပြည်စုံသော ရှင်ဝိမလက ဝိပဿနာကျောင်းတိုက်နှင့်တကွ အရာမ်မြေကို အုပ်ချုပ်ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

(၃) ရှင်သုန္ဒရ အမှူးရှိသော ရဟန်းတော်များသည် ဝိနည်းသိက္ခာပုဒ်အရ ရှင်ဝိမလက ဆိုဆုံးမသည်ကို နာခံ၍ ရိုသေစွာ ကျင့်ရမည်။

( ၁ )................................ ................................

အဖွဲ့ဝင် အဖွဲ့ခေါင်းဆောင်ဆရာတော်

( ၂ )................................

အဖွဲ့ဝင်

( ၃ )................................

အဖွဲ့ဝင်

( ၄ )................................

အဖွဲ့ဝင်

# မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်း ပေးအပ်သော သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်

[ လုပ်ထုံးလုပ်နည်းများ အပိုဒ်-၄၂ ]

## သံဃဝိနိစ္ဆယအဖွဲ့

၁၃၄၂-ခုနှစ် ဝိနည်းဓမ္မကံ မှုခင်း အမှတ်(က/ခ)

စောဒက ရှင်ဝိမလ နှင့် စုဒိတက ရှင်သုန္ဒရ ပဲခူးတိုင်း....ပဲခူးမြို့နယ် ပန်းခြံကုန်းရပ်ကွက်........ ဝိပဿနာကျောင်းတိုက်၌ ဖြစ်ပွါးသော............ ဝိပဿနာကျောင်းတိုက် စီမံခန့်ခွဲမှုနှင့် ပတ်သက်သော ဝိဝါဒါဓိကရုဏ်း ဝိနည်းဓမ္မကံမှုခင်းကို.... ပဲခူးတိုင်း၊ ပဲခူးမြို့၊ ပဲခူးမြို့နယ် သံဃာ့နာယက.... အဖွဲ့က ရွေးချယ်ဖွဲ့စည်းအပ်သည့် ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သော သံဃဝိနိစ္ဆယအဖွဲ့က ကိုယ်တိုင် လက်မှတ် ရေးထိုး၍ ဝိနည်းတရားတော်နှင့်အညီ အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်သည်။

## ဆုံးဖြတ်ချက်

သံဃိကဝိပဿနာကျောင်းတိုက်၌ စောဒက၊ စုဒိတကတို့ထက် တော်သော ဂဏဝါစကဆရာတော်များကို အပလောကနကံဖြင့် တင်ရမည်၊ မရဆေးမီ ဝုဍ္ဍတရ ရှင်ဝိမလက အကြီးအဖြစ် အုပ်ချုပ်ထိန်းသိမ်းရမည်၊ ရှင်သုန္ဒရအမှူးရှိသော ရဟန်းငယ်တို့က အကြီး ရှင်ဝိမလ၏ အဆုံးအမ ဩဝါဒနှင့်အညီ ကျိုးနွံစွာနေရမည်။

စစ်ဆေးပုံ ၆—ပ-မ-သ-စ

## ဝိနည်းဓိုရ် ဆရာတော်ကြီးများ

| | ဘွဲ့တော် | ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|
| (၁) | ဦးဇဝန.... | လက်ပန်ဝင်းကျောင်း | ........................................ |
| (၂) | ဦးစန္ဒန ... | မြို့မစာသင်တိုက်.... | ........................................ |
| (၃) | ဦးစန္ဒောဘာသ...........॥................ | | ........................................ |
| (၄) | ဦးဝေပုလ္လ.... | ..........॥................ | ........................................ |
| (၅) | ဦးဝိလာသ | ဝင်းဘော်ဒါကျောင်း<br>သာယာကုန်းကျေးရွာ | ........................................ |

ရက်စွဲ။ (၁၁-၂-ဂ၁)

အသိသက်သေများ

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ............................

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က
တာဝန်ပေးအပ်သူများ ..........................................................................

## ၂-၂-၈၁ နေ့မှ ၁၄-၂-၈၁ နေ့အထိ၊ ဝို့ချမည့်ဝိနည်း ဓိုရ်သင်တန်းသို့

## တက်ရောက်သည့် သံဃာတော်များစာရင်း

| အမှတ်စဉ် | ပြည်နယ်/တိုင်း ဂိုဏ်း | အခြေခံဒေသ | ဘွဲ့တော် | ကျောင်းတိုက် |
|---|---|---|---|---|
| ၁ | ကချင် | မြစ်ကြီးနား | ဦးကဿပဝံသ | ခေမာသိဝံစာသင်တိုက် |
| ၂ | ကချင် | ။ | ဦး ဇဝန | ခရုကျောင်း ၊ နတ်မီးမင်း |
| ၃ | ကချင် | ဗန်းမော် | ဦး သဒ္ဓမ္မ | တဝိက လေးကျောင်း၊ ဗန်းမော် |
| ၄ | ကချင် | ဗန်းမော် | ဦး ဝိစေတ | ဆင်ကုန်းကျောင်း၊ ဗန်းမော် |
| ၅ | ကယား | လွိုင်ကော် | ဦး ပဏ္ဍိတ | မင်းကျောင်းတိုက် |
| ၆ | ကယား | လွိုင်ကော် | ဦး ပညာဝံသ | ဥတ္တရာရုံပရိယတ္တိစာသင်တိုက် |
| ၇ | ကရင် | ဘားအံ | ဦး သုမန | မြတ်ပြည်ကျောင်းကြီး |
| ၈ | ကရင် | ဘားအံ | ဦး ပညာဝံသ | ကော့ကျိုက်ကျောင်း ၊ ဘားအံ |
| ၉ | ကရင် | ကော့ကရိတ် | [illegible] နိပုဏ | တိုက်ဦး တောင်ပေါ်ကျောင်း ၊ |
| ၁၀ | ကရင် | ကော့ကရိတ် | ဦးပညာဘာသ | ဇေယျာသိဒ္ဓိခရင်းကျောင်း ၊ ကော့ကရိတ် |
| ၁၁ | ချင်း | မင်းတပ်<br>( ပလက်ဝ ) | ဦး အာလောက | မှန်တောင်ကျောင်း |
| ၁၂ | စစ်ကိုင်း | စစ်ကိုင်း | ဦးဥက္ကံသာဘိဝံသ | ဓမ္မနာဒကျောင်း၊ မင်းကွန်း |
| ၁၃ | စစ်ကိုင်း | စစ်ကိုင်း | ဦး ကလျာဏ | ရွှေခင်းသာကျောင်း ၊စစ်ကိုင်း |
| ၁၄ | စစ်ကိုင်း | ရွှေဘို | ဦး နန္ဒိယသာရ | ချမ်းသာကြီးကျောင်း၊ ရေဦး |
| ၁၅ | စစ်ကိုင်း | ရွှေဘို | ဦး လာသန | မဟာဘုံစံကျောင်း ၊ ရွှေဘို |
| ၁၆ | စစ်ကိုင်း | ကသာ | ဦး ပဏ္ဍိတ | သာသနာ့ပဋ္ဌာတာရုံကျောင်း ကသာ |
| ၁၇ | စစ်ကိုင်း | ကသာ | ဦး အဂ္ဂဓမ္မ | ဓမ္မပါလမြောက်ကျောင်း ၊ ကသာ |
| ၁၈ | စစ်ကိုင်း | မုံရွာ | ဦးနိဂြောဓာဘိ မဏ္ဍလ | နိဂြောဓာရုံတိုက်၊ မုံရွာမြို့ |
| ၁၉ | စစ်ကိုင်း | မုံရွာ | ဦး အရိယ | ဓမ္မပါရဂူတိုက်၊ မုံရွာ |
| ၂၀ | စစ်ကိုင်း | မော်လိုက် | ဦး ပရမ | မြို့မကျောင်း ၊ မော်လိုက် |
| ၂၁ | စစ်ကိုင်း | မော်လိုက် | ဦး ရေဝတ | ရွာပင်ကျောင်း ၊ မော်လိုက် |
| ၂၂ | စစ်ကိုင်း | ဟုမ္မလင်း | ဦး စန္ဒဝံသ | ။ |
| ၂၃ | တနင်္သာရီ | ထားဝယ် | ဦး ဥက္ကဋ္ဌရိယ | အောင်ချမ်းသာကျောင်း ၊ ထားဝယ် |

| အမှတ်စဉ် | ပြည်နယ်/တိုင်းကြီး | အခြေခံဒေသ | ဘွဲ့တော် | ကျောင်းတိုက် |
|---|---|---|---|---|
| ၂၄ | ဟန်သာဝတီ | ထားဝယ် | ဦးသီလဝံသ | ယောသိတာရာမကျောင်း၊ ထားဝယ် |
| ၂၅ | ဟန်သာဝတီ | မြိတ် | ဦးဥစ္စယ | ဇမ္ဗူရတနာကျောင်း၊ ရွာသစ်ရွာ |
| ၂၆ | တန်သာဝတီ | မြိတ် | ဦးကုသလ | သဗ္ဗညုကျောင်း၊ ကျေးနန်းတိုင်ရွာ |
| ၂၇ | ပဲခူး | ပဲခူး | ဦးနိပုဏ | ပန်းလှိုင်ကျောင်းကြီး၊ ပဲခူး |
| ၂၈ | ပဲခူး | ပဲခူး | ဦးတေဇိန္ဒ | ပါဠိသိပ္ပံကျောင်း၊ ညောင်လေးပင် |
| ၂၉ | ပဲခူး | တောင်ငူ | ဦးပဏ္ဍိတ | ဒက္ခိဏာရုံတိုက်သစ်ကျောင်း၊ မြို့ |
| ၃၀ | ပဲခူး | တောင်ငူ | ဦးအာစိဏ္ဏ | မဟာဝိသုတာရာမကျောင်း၊ ထန်းတပင် |
| ၃၁ | ပဲခူး | သာယာဝတီ | ဦး[illegible] | တုကြီးရွာကျောင်း၊ ကြို့ပင်ကောက် |
| ၃၂ | ပဲခူး | သာယာဝတီ | ဦးသောဘဏ | အသရေဝ်ရွာကျောင်း၊ သာယာဝတီ |
| ၃၃ | ပဲခူး | ပြည် | ဦးဝေပုလ္လာစာရ | ဇောတိကာရုံကျောင်းတိုက်၊ ပြည်မြို့ |
| ၃၄ | ပဲခူး | ပြည် | ဦးဝေပုလ္လ | မဟာသုဒဿနာရာမတိုက်၊ ပြည် |
| ၃၅ | မကွေး | မကွေး | ဦးနာဂသေနာဘိဝံသ | ဗုဒ္ဓသာသနသိပ္ပံတိုက်၊ မကွေး |
| ၃၆ | မကွေး | မကွေး | ဦးစိတ္တရ | လေးထပ်တိုက်၊ မကွေး |
| ၃၇ | မကွေး | ပခုက္ကူ | ဦးပညိန္ဒ | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ |
| ၃၈ | မကွေး | ပခုက္ကူ | ဦးအဂ္ဂဿရိယ | မဟာဝိဇယာရာမတိုက်၊ ပခုက္ကူ |
| ၃၉ | မကွေး | မင်းဘူး | ဦးသာဂရ | မဟာဝိသုတာရာမတိုက်၊ မင်းဘူး |
| ၄၀ | မကွေး | မင်းဘူး | ဦးဝိမလ | ။ |
| ၄၁ | မကွေး | သရက် | ဦးသာဂရ | ရန်ကုန်ကျောင်းသစ်၊ ဆောင်လိ |
| ၄၂ | မကွေး | သရက် | ဦးစန္ဒိမာ | ကံသာကျောင်း၊ သရက် |
| ၄၃ | မန္တလေး | မန္တလေး | ဦးပုညာနန္ဒ | သာသနာလင်္ကာရကျောင်း၊ မန္တလေး |
| ၄၄ | မန္တလေး | မန္တလေး | ဦးဩဘာသာဘိဝံသ | ရေနံချောင်းကျောင်း၊ မန္တလေး |

| အမှတ်စဉ် | ပြည်နယ်/တိုင်း ဂိုဏ်း | အခြေခံဒေသ | ဘွဲ့တော် | ကျောင်းတိုက် |
|---|---|---|---|---|
| ၄၅ | မန္တလေး | ရမည်းသင်း | ဦးပညာသီရိ (၂) | ရတနာတိုက်ကျောင်း ရမည်းသင်း |
| ၄၆ | မန္တလေး | ရမည်းသင်း | ဦးပညာသီရိ (၁) | ငွေတောင်ကျောင်း၊ တဝ်ကုန်း |
| ၄၇ | မန္တလေး | ကျောက်ဆည် | ဦးကုသလ | တံတားဦးကုန်းကျောင်း |
| ၄၈ | မန္တလေး | ကျောက်ဆည် | ဦးဝိမလ | မယ်ဆယ်ခြံကျောင်း |
| ၄၉ | မန္တလေး | မိတ္ထီလာ | ဦးဝိသုဒ္ဓ | ရွှေတောင်ရွာဦးကျောင်း ဝမ်းတွင်း |
| ၅၀ | မန္တလေး | မိတ္ထီလာ | ဦးပဏ္ဍဝ | စန္ဒာရုံရတနာကျောင်း ဆမုံကန်ရွာ |
| ၅၁ | မန္တလေး | မြင်းခြံ | ဦးဝိသုဒ္ဓ | ရွှေဘုံသာကျောင်း၊ မြင်းခြံ |
| ၅၂ | မန္တလေး | မြင်းခြံ | ဦးကောဝိဒါဘိဝံသ | သာသနာ့ဇောတိကာရုံကျောင်း မြင်းခြံ |
| ၅၃ | မွန် | သထုံ | ဦးပညာသာမိ | ဟိတကာရီကျောင်း၊ သထုံ |
| ၅၄ | မွန် | သထုံ | ဦးဆီရိန္ဒ | လယ်ဝန်ကျောင်း၊ သထုံ |
| ၅၅ | မွန် | မော်လမြိုင် | ဦးတေဇနိယ | မျှော်လင့်ကျောင်း၊ ချောင်ပင်ဘိဝ် |
| ၅၆ | မွန် | မော်လမြိုင် | ဦးသုမန | နတ်မော်ကျောင်း၊ မော်လမြိုင် |
| ၅၇ | ရခိုင် | စစ်တွေ | ဦးသဒ္ဓမ္မ | သရက်တောကျောင်း၊ စစ်တွေ |
| ၅၈ | ရခိုင် | စစ်တွေ | ဦးသောဘဏ | ကံဇော်ကျောင်း၊ စစ်တွေ |
| ၅၉ | ရခိုင် | သံတွဲ | ဦးဉာဏက | ပေါဇကုန်းကျောင်း |
| ၆၀ | ရခိုင် | သံတွဲ | ဦးစန္ဒိမာဘိဝံသ | ဘုရားကြီးဝသင်တိုက် |
| ၆၁ | ရခိုင် | ကျောက်ဖြူ | ဦးစက္ကိန္ဒ | ဆင်ပုတ်အလယ်ကျောင်း၊ ကျောက်ဖြူ |
| ၆၂ | ရခိုင် | ကျောက်ဖြူ | ဦးပဏ္ဍဝ | ဘုရားကြီးတိုက်၊ ကျောက်ဖြူ |
| ၆၃ | ရန်ကုန် | ရန်ကုန် | ဦးကောဏ္ဍညာဘိဝံသ | သာသနာလင်္ကာရကျောင်း |
| ၆၄ | ရန်ကုန် | ရန်ကုန် | ဦးတိလောက | မဟာဘိလောကာရုံကျောင်း |
| ၆၅ | ရန်ကုန် | သန်လျင် | ဦးဝဏ္ဏသာရ | ဘုရားသုံးဆူကျောင်း၊ သန်လျင် |
| ၆၆ | ရန်ကုန် | သန်လျင် | ဦးခေမာနန္ဒ | ကျွန်းကလေးကျောင်း၊ ကော့မှူး |

| အမှတ်စဉ် | ပြည်နယ်/ တိုင်းကြီး | အခြေခံဒေသ | ဘွဲ့တော် | ကျောင်းတိုက် |
|---|---|---|---|---|
| ၆၇ | ရန်ကုန် | မှော်ဘီ | ဦးဇနိန္ဒ | ရွှေမော်တင်ဘုရားကြီး ကျောင်း ၊ မှော်ဘီ |
| ၆၈ | ရန်ကုန် | မှော်ဘီ | ဦးမေဓာလင်္ကာရ | နိဗ္ဗာန်ဆိပ်ဦး ကျောင်း ၊ လှည်းကူး |
| ၆၉ | ရှမ်း | တောင်ကြီး | အရှင်အဂ္ဂဝံသ | ရွာကြီး ကျောင်း ၊ အင်းလေး |
| ၇၀ | ရှမ်း | တောင်ကြီး | အရှင်ဝါသဝ | မွေ့သုခ ကျောင်း ၊ တောင်ကြီး |
| ၇၁ | ရှမ်း | လွိုင်လင် | ဦးအဂ္ဂဝံသ | ပင်လုံ |
| ၇၂ | ရှမ်း | လွိုင်လင် | ဦးဥတ္တမ | မိုင်းပွန် |
| ၇၃ | ရှမ်း | ကျိုင်းတုံ | ဦးပုညသာမိ | သိဂ္ဂိနော် ကျောင်း |
| ၇၄ | ရှမ်း | ကျိုင်းတုံ | ဦး[illegible] | ကျိုင်းခုံ ကျောင်း |
| ၇၅ | ရှမ်း | လားရှိုး | ဦးသိရိန္ဒ | မဟာဗောဓိရုံ ကျောင်း ၊ လားရှိုး |
| ၇၆ | ရှမ်း | လားရှိုး | ဦးကုဏ္ဍလ | မြို့လယ် ကျောင်း ၊ လားရှိုး |
| ၇၇ | ရှမ်း | ကျောက်မဲ | ဦးဣန္ဒက | ကမ္ဘောဇရှမ်း ကျောင်းကြီး |
| ၇၈ | ရှမ်း | ကျောက်မဲ | ဦးဝိဇယ | မန်ကန် ကျောင်း ၊ ကျောက်မဲ |
| ၇၉ | ရှမ်း | ကွမ်းလုံ | ဦးဂန္ဓမာ | စယ်လန်အနောက် ကျောင်း |
| ၈၀ | ရှမ်း | ကွမ်းလုံ | ဦးနရနာထ | မူဆယ်မဟာဝန် ကျောင်း |
| ၈၁ | ဧရာဝတီ | ပုသိမ် | ဦးကေသဝ | ဟံသာဝတီ ကျောင်းတိုက်၊ ပုသိမ် |
| ၈၂ | ဧရာဝတီ | ပုသိမ် | ဦးခေမိန္ဒ | ပဋ္ဌိမာရုံ ကျောင်းတိုက်၊ ပုသိမ် |
| ၈၃ | ဧရာဝတီ | မြောင်းမြ | ဦးနန္ဒမာလာ | ရှမ်းရေကျော် ကျောင်း |
| ၈၄ | ဧရာဝတီ | မြောင်းမြ | ဦးသုမင်္ဂလ | ဟံသာဝတီကမ္မဋ္ဌာန်း ကျောင်း ဝါးခယ်မ |
| ၈၅ | ဧရာဝတီ | မအူပင် | ဦးစန္ဒိမာသိရိ | ပရိယတ္တိမင်း ကျောင်း၊ မအူပင် |
| ၈၆ | ဧရာဝတီ | မအူပင် | ဦးပဏ္ဍိတဝရ | ပြည်လုံးချမ်းသာ ကျောင်း ၊ မအူပင် |
| ၈၇ | ဧရာဝတီ | ဟင်္သာတ | ဦးမေဓာလောက | ရွှေကျောင်းတိုက်၊ ဟင်္သာတ |
| ၈၈ | ဧရာဝတီ | ဟင်္သာတ | ဦးဝါယမိန္ဒ | ဘန့်ကွေးကုန်း ကျောင်း ၊ မြန်အောင် |

| အမှတ်စဉ် | ပြည်နယ်/ တိုင်းဂိုဏ်း | အခြေခံဒေသ | ဘွဲ့တော် | ကျောင်းတိုက် |
|---|---|---|---|---|
| ၈၉ | ဓရာဝတီ | ဖျာပုံ | ဦး ဥတ္တမ | ရွာမကျောင်းတိုက်၊ ဖျာပုံ |
| ၉၀ | ဓရာဝတီ | ဖျာပုံ | ဦး ဣန္ဒောဘာသ | တိုက်ကျောင်း သမိန့်ရွာ ကိုင်းတန်း ကျောင်းကြီး၊ဖျာပုံ |
| ၉၁ | ရွှေကျင် | မန္တလေး | ဦး၊ ဓါရိန္ဒာဘိဝံသ | ဝိဇိတာရုံ ကျောင်းတိုက် |
| ၉၂ | ရွှေကျင် | မန္တလေး | ဦးပြည်မာဝိရာဘိဝံသ | မဟာဝိသုဒ္ဓါရုံတိုက်သစ် |
| ၉၃ | ရွှေကျင် | မန္တလေး | ဦးအဂ္ဂဥာဏာဘိဝံသ | မဟာဝိသုဒ္ဓါရုံတိုက်သစ် |
| ၉၄ | ရွှေကျင် | မစ်ကိုင်း | ဦး လက္ခဏ | ကျွဲချောင်း၊ စစ်ကိုင်း |
| ၉၅ | ရွှေကျင် | ရန်ကုန် | ဦးသုစိဏ္ဏာဘိဝံသ | ရွှေဟင်္သာတိုက်သစ် |
| ၉၆ | ရွှေကျင် | ရန်ကုန် | ဦး ကောဏ္ဍည | မဟာဝိသုဒ္ဓါရုံတိုက် |
| ၉၇ | ရွှေကျင် | သနပ္ပင် | ဦးအဂ္ဂဝံသာဘိဝံသ | မြေမေဒိနီ ကျောင်း |
| ၉၈ | ရွှေကျင် | ဝဲခူး | ဦး[redacted]သာဘာ | ရွှေအဝ်ထုဝ် ကျောင်း |
| ၉၉ | မဟာဒွါရ | မြောက်ဦး | ဦး ဥတ္တမ | မဟာထီး ဘုရားကြီး ကျောင်း |
| ၁၀၀ | မဟာဒွါရ | ဟင်္သာတ | ဦး သုဒဿ | ရေတံခွန် ကျောင်း တိုက် |
| ၁၀၁ | မဟာဒွါရ | ဝဲခူး | ဦး နာရဒ | ကမ္ဘဇာန်း ကျောင်း စာသင် တိုက် |
| ၁၀၂ | မူလဒွါရ | မင်းပြား | ဦး သုဇာတ | ဇီး ပင်ကြီး ကျောင်း |
| ၁၀၃ | မူလဒွါရ | အင်္ဂပူ | ဦး သုစိဏ္ဏက | အင်္ဂပူ ကျောင်း |
| ၁၀၄ | အနောက်ချောင်း ဒွါရ | ရေကြည် | ဦး ဇနက | မြို့ရိုး ဒွါရ ကျောင်း |
| ၁၀၅ | ဝေဠုဝန် | ပြည် | ဦး ဝိသုလက္ခာရ | ကန်ဦး ကျောင်းတိုက်၊ ဝဲခူး |
| ၁၀၆ | ဝေဠုဝန် | ဟင်္သာတ | ဦး သုမင်္ဂလ | ကြာကန်တိုက် ကျောင်း |
| ၁၀၇ | ဝေဠုဝန် | ကျိုက်ထို | ဦး ဣန္ဒာစာရ | ဘုရားကြီး ကျောင်း တိုက် |
| ၁၀၈ | မဟာရင် | ကော့ကရိတ် | ဦး ကောသိတ | တောရ ကျောင်း |
| ၁၀၉ | ကူး ဘို | ထားဝယ် | ဦး စန္ဒဝံသ | ဇေယျဝတီ ကျောင်း တိုက် |
| ၁၁၀ | ငှက်တွင်း | သထုံ | ဦး ပဏ္ဍိတဓုဇ္ဇ | စတုဘုမ္မိက ကျောင်း |

## ရှေ့ဆောင် အကြီးအမှူးများ ကျင့်ရမည့်

## နာယကဂုဏ် ၆-ပါး

၁။ ခမာ = သည်းခံခြင်း၊

၂။ ဇာဂရိယ = နိုးကြားခြင်း၊

၃။ ဥဋ္ဌာန = ထကြွလုံ့လ ရှိခြင်း၊

၄။ သံဝိဘာဂ = ခွဲခြမ်းဝေဖန်မှု ရှိခြင်း၊

၅။ ဒယာ = ချစ်ခင်ကြင်နာ မေတ္တာထားခြင်း၊

၆။ ဣက္ခဏာ = အမြော်အမြင် ဉာဏ်ပညာ ရှိခြင်း၊

လောကနီတိ။

❖❖❖❖❖❖❖❖❖❖❖❖

## ဝိနည်းဓိုရ် ပုဂ္ဂိုလ်များ ရှောင်ကြဉ်ရမည့်

## အဂတိတရား ၄-ပါး

၁။ ဆန္ဒာဂတိ = ချစ်၍ ဘက်လိုက်ခြင်း

၂။ ဒေါသာဂတိ = မုန်း၍ ဘက်လိုက်ခြင်

၃။ ဘယာဂတိ = ကြောက်၍ ဘက်လိုက်

၄။ မောဟာဂတိ = တွေဝေ၍ ဘက်လိုက်

မရိဝါပါဠိတော်။